The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 36 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 21 , 2015



## ရွှေ့ပြောင်းလုပ်သားများနှင့် တရားဝင်ငွေလွှဲပြောင်းမှု တိုးတက်လာရေး

|ဒေါက်တာမောင်အောင်|

၂၀

## သုတ ရသများနှင့် ခရီးသွားခြင်း



၁၄

ပြည်ပဈေးကွက်များတွင် မြန်မာ့ဆန်ဈေးကွက် ပျောက်ဆုံးမသွားရေးအတွက် ပြည်ပသို့ ဆန်ပြန်လည်တင်ပို့ခွင့်ပြု ၄

ထားဝယ်စီမံကိန်းတွင် ငွေကြေးထောက်ပံ့ရန် SCB ဘဏ် စိတ်အားထက်သန်လျက်ရှိ ၁၃

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးတက်စေမည့် Manufacturing Myanmar 2015 ပြပွဲပြသမည် ၂၆




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်

jrefrmEdkifiHpm;aomufukefxkwfvkyfa&;EdkifiHjcm;ukefoG,fa&;vkyfief;&Sifrsm;toif;(MAMDA) WdkY

ပူးပေါင်းဖွင့်လှစ်မည့် သင်တန်းများ

CRD INSTITUTE @ TRADE TRAINING CENTER

၂၀၁၅-၂၀၁၆ မှာ ပြောင်းလဲလာတဲ့ Marketing Trend များအရ ဈေးနှုန်းအပြောင်းအလဲအပေါ် စဉ်းစားနေရခြင်းမှ နောက်တစ်ဆင့်တန်ဖိုးအခြေပြုဈေးကွက် စနစ်ကို သိရှိနိုင်ဖို့ New Updates on Marketing Strategies များကို သင်ကြားပေးမယ့် Contemporary Value based Marketing Management (Batch 1)

- ကိုယ်ပိုင်ငွေစာရင်းအတွက်/အဖွဲ့အစည်းအတွက်/ကုမ္ပဏီငွေစာရင်းအတွက် ၂၀၁၅-၂၀၁၆ မှာ လုပ်ငန်းခွင်အသုံးချ ငွေကြေးစီမံခန့်ခွဲမှုကို စနစ်တကျသင်ကြားပေးမည့် Work-day Financial Management (Batch 1)
- PMP လက်မှတ်ကိုင်ထားတဲ့သူက လက်မှတ်မရှိတဲ့သူထက် ဝင်ငွေ ၁၇ ရာခိုင်နှုန်းပိုရှာနိုင်တယ် (Project Management Salary Survey-8th edition) / လုပ်ငန်းရှင်များဘက်ကလည်း သူတို့လုပ်ငန်းမှာ PMP လက်မှတ်ကိုင်ထားသူဝန်ထမ်းက သုံးပုံတစ်ပုံရှိရင် လုပ်ငန်းရည်မှန်းချက်ကို အချိန်မီစနစ်တကျငွေကြေးကုန်ကျမှုနည်းစွာနဲ့ ရရှိနိုင်တယ် (Pulse of the Profession (R) Study PMI,2015)

**သင် PMP လက်မှတ်ကိုင်ထားနိုင်ဖို့ ဖွင့်လှစ်မယ့်သင်တန်း Project Management Professional Course (Batch 1)**

**သင်တန်းကာလ**
45 hours (wpfv c)

**သင်တန်းချိန်**
(pae!we*aE) eH-u f9em&D S2 em&DxdS

**လျှောက်လွှာစတင်လက်ခံမည့်ရက်**
2015 ckESpf pufwifbmv 19 &uf (paeae)Y

**သင်တန်းဖွင့်လှစ်မည့်ရက်**
2015 ckESpf pufwifbmv 26 &uf (paeae)Y

t ao;pdwfpHkpHkrf qufoG,f&ef

ဖုန်း -၀၉-၇၉၉၆၃၀၂၀၀၊ ၀၁-၅၇၈၅၀၅၊ ၀၉-၂၅၃၂၆၃၆၃၄၊ ၀၉-၅၀၉၆၁၃၁

(၁) TRADE TRAINING INSTITUTE စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။

(၂) မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ရုံးချုပ်၊ No.(3), SH (B) 3, မလိခဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် Trade Sector Working Group (TSWG) တတိယအကြိမ်အစည်းအဝေး အောင်မြင်စွာကျင်းပ

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ (Sectoral Working Group-SWGs) များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့(Trade Sector Working Group - TSWG) အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက နာယကအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။




ယင်းသို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် တတိယအကြိမ် Trade Sector Working Group (TSWG) အစည်းအဝေးကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ Hilton Hotel တွင် TSWG ၏ Co-chair ဖြစ်သော ကမ္ဘာ့ဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ရာ ကုန်သွယ်မှု ကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (TSWG) ၏ နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့ပါ သည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ Trade Sector Working Group ၏ Co-Chair နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရဌာနများမှ ကိုယ်စားလှယ်များအား မင်္ဂလာပါဟု နှုတ်ခွန်းဆက်သလိုပါကြောင်း၊ ယနေ့ တွေ့ဆုံသည့် အစည်းအဝေးသည် အလွန်အရေးပါသည့် တွေ့ဆုံဆွေးနွေးမှု ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးပွဲကို တက်ရောက်သည့် တာဝန်ရှိပုဂ္ဂိုလ်များ ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အခိုင်အမာ အထောက်အပံ့ဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိ အနေဖြင့် ဒုတိယဝန်ကြီးနှင့်တကွ Trade Sector Working Group ၏ Co-Chair များဖြစ်သောအီးယူးနှင့် ကမ္ဘာ့ဘဏ်တို့မှ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ခံအရာရှိများ၏ အကောင်းဆုံး ဆောင်ရွက်မှုများကို အမြဲတစေ ဂုဏ်ယူမှုရှိနေပါကြောင်း၊ (TSWG) လုပ်ငန်းများ၏ လက်ရှိအခြေအနေအရ တိုးတက်မှု များစွာရှိနေပြီးစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန Aid for Trade Coordination Unit မှ တာဝန်ရှိ အရာထမ်းများအားအထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ နိဂုံးချုပ်အားဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက် တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ Trade Sector Working Group မှာ အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေမှုများမှာ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိနေသည်ကို မိမိအနေဖြင့် ယုံကြည်မှုအပြည့်အဝ ရှိနေပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကုန်သွယ်မှု ကဏ္ဍဆိုင်ရာလုပ်ငန်း(TSWG) အဖွဲ့ဝင်များ၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များအား လှိုက်လှဲ စွာကြိုဆိုပါကြောင်း၊ ဒုတိယအကြိမ်(Trade Sector Working Group- TSWG) အစည်းအဝေးအား ဇန်နဝါရီလ ၂၀ ရက်တွင် နေပြည်တော်ရှိ Lake Garden Hotel တွင် ကျင်းပခဲ့ပြီး (TSWG) အဖွဲ့ဝင် ၄၉ ဦးနှင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၂ ဦး တက်ရောက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် (TSWG) အစည်းအဝေးပွဲတွင် (Trade Sector Working Group) အဖွဲ့ဝင်များ စနစ်တကျ ဖွဲ့စည်းခြင်း၊ အစိုးရ လုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပိုမိုကျစ်လျစ်ခိုင်မာသောဆောင်ရွက်ရန် အချက်များအား ဆွေးနွေးခြင်း၊ လက်ရှိကာလတွင် ဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှုနှင့်ဆက်စပ်နေသော ဆောင်ရွက်ချက်များ၊ ကုန်သွယ်မှု အကူအညီပေးရေးလုပ်ငန်းစဉ်များတွင် Stakeholder များပါဝင်နိုင်ရန်အတွက် ဆွေးနွေးခဲ့ပြီး ယခု ကျင်းပပြုလုပ်သည့် တတိယအကြိမ် အစည်းအဝေးတွင် ထပ်မံ၍ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် ယခုအစည်းအဝေးတွင် လုပ်ငန်းစဉ်များချ မှတ်သွားရန်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လက်ရှိကာလတွင် ဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှုနှင့်ဆက်စပ်နေသော လုပ်ငန်း များနှင့် ကုန်သွယ်မှု အကူအညီပေးရေးလုပ်ငန်းစဉ်များတွင် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာနမှ လက်ရှိတွင်

စာမျက်နှာ ၂၁ သို့ ➲




Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.36 Monday September 21 2015

# ပြည်ပစျေးကွက်များတွင် မြန်မာ့ဆန်စျေးကွက် ပျောက်ဆုံးမသွားရေးအတွက်ပြည်ပသို့ဆန်ပြန်လည်တင်ပို့ခွင့်ပြု

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနဲ့ ဩဂုတ်လများအတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးမှုများရှိခဲ့တဲ့အတွက် ပြည်တွင်းစားသုံးမှု လုံလောက်စေရန် ဩဂုတ်လ ၇ ရက်နေ့မှစတင်ကာ ပြည်ပသို့ဆန်တင်ပို့မှုအား ခေတ္တဆိုင်းငံ့ထားခဲ့ပါတယ်။

ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆန်စပါးစိုက်ပျိုးထွက်ရှိမှု၊ လက်ကျန်အခြေအနေအရ စားသုံးရန် လုံလောက်မှုရှိခြင်း၊ မကြာတော့တဲ့ရက်ပိုင်းအတွင်းမှာ စပါးသစ်ပေါ်တော့မှာဖြစ်တဲ့အတွက် စပါးစိုက်တောင်သူများ ဝင်ငွေ မထိခိုက်စေရန်နဲ့ ပြည်ပစျေးကွက်များမှာ မြန်မာ့ဆန်စျေးကွက်ပျောက်ဆုံး မသွားစေရန်အတွက် စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ပြည်ပသို့ ဆန်တင်ပို့ခွင့်ပြုပေးသွားတော့မယ်လို့ သတင်းရရှိပါတယ်။

ယခုနှစ်ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်လယ်မြေ ၁၅ သန်းကျော်ရှိတဲ့အနက် စက်တင်ဘာလ ၉ ရက်နေ့အထိ မိုးစပါးစိုက်ဧက ၁၃၂၆၉၆ ဧက ရေလွှမ်းမိုးခံခဲ့ရပါတယ်။

ပျက်စီးခဲ့တဲ့ စိုက်ခင်း ၇၃၆၁၄၄ ဧကပေါ်မှာ ၄၁၃၉၉၂ ဧကပြန်လည်အစားထိုးစိုက်ပျိုးပြီးဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်ပျက်စီးသွားတဲ့ လယ်မြေများအား မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးထားရှိမှု အခြေအနေများမှာ ၄၅၈၄၁ ဧကမှာ အရန်ပျိုးပင်များကိုလည်းကောင်း၊ ၄၀၉၄၈ ဧကမှာ သားတက်ခွဲပွားများ စိုက်ပျိုးခြင်းကိုလည်းကောင်း၊ ဧက ၃၈၈၆၉ မှာ သက်လျှင်စပါးမျိုး ပျိုးထောင်ခြင်းနဲ့ ဧက ၂၈၈၃၃၄ မှ တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းကို လည်းကောင်း လုပ်ဆောင်ထားပြီးဖြစ်ပါတယ်။

၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဇွန်လကုန်ထိ ပြည်ပသို့ ဆန်တင်ပို့နိုင်မှုကို ဖော်ပြပေးလိုက်ရပါတယ်။ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၅၃၆၄၁၃၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ဆန် ၆၅၆၆၈၅ တန်၊ ဆန်ကွဲ ၅၀၃၉၉ တန်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ဆန် ၅၇၆၇၉၇ တန်၊ ဆန်ကွဲ ၃၂၀၂၇ တန်၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မှာ ဆန် ၃၀၁၇၇၅ တန်၊ ဆန်ကွဲ ၈၉၀၄၁ တန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆန် ၂၈၉၂၄၇ တန်၊ ဆန်နဲ့ ဆန်ကွဲ ၁၇၁၈၇၇ တန်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလ ၁၅ ရက်ထိ ဆန် ၈၇၄၁၄ တန်နဲ့ ဆန်ကွဲ ၇၀၄၃၃ တန် အသီးသီး တင်ပို့ထားပြီးဖြစ်ပါတယ်။

MIRT

# ပြည်မြို့တွင် ဒေသတွင်းစားသုံးမှုအတွက်သာ ဆန်ကို အရောင်းအဝယ်ရှိ

မိုးများဆက်တိုက်ရွာသွန်းမှုကြောင့် အရောင်းအဝယ်တွေ စျေးငြိမ်ပြီး ဒေသတွင်းမှာသာ ရောင်းချနေကြောင်း သိရပါတယ်။ လက်ကျန်စပါး (မိုး) ဟောင်းကလည်း နည်းလာပြီဖြစ်လို့ စပါး၊ ဆန်စျေးဟာ စျေးငြိမ်လိုက်၊ အနည်းငယ် သာတက်လိုက်နဲ့ရှိနေခဲ့ရာမှ ယခုစက်တင်ဘာလရဲ့ တတိယပတ်မှာတော့ တောင်ပျံမွှေးစပါး၊ ဆန်စျေး ဆက်လက်ငြိမ်နေပြီး၊ ဧည့်မထ(မိုး) ဟောင်းစပါးဆန်စျေး အနည်းငယ်သာတက်လာခဲ့ပါတယ်။ ဆန်စက်၊ ပွဲရုံစျေး ဧည့်မထစပါး တင်း ၁၀၀ (၄၆ ပေါင်ကိုက်) စျေး ၅၆၀၀၀၀ ကျပ်ရှိပြီး ဆန်အိတ် တစ်အိတ်စျေး ကတော့ ၂၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ နယ်သို့တင်ပို့မှု လုံးဝမရှိဘဲ ဒေသတွင်းစားသုံးသူများသာ အဓိကထား ရောင်းဝယ်မှုသာ ရှိပါတယ်။ ဒေသတွင်းပုံမှန်စားသုံးမှု အများဆုံး စပါး၊ ဆန်စျေး ကတော့ စပါးစျေး ၄၈၇၆၀၀ ကျပ်နဲ့ ဆန်တစ်အိတ်စျေး ၂၄၀၀၀ ကျပ်တို့ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

# ပြည်ပသို့ ဆန်ပြန်လည်တင်ပို့ရာတွင် သိရှိထားရမည့် အကြောင်းအရာများ

ပြည်ပသို့ဆန်ပြန်လည်တင်ပို့ခွင့်ကို စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ခွင့်ပြုပေးလိုက်ပြီဖြစ်ပါတယ်။ ပို့ကုန်လိုင်စင်ကို ရုံးချုပ် နေပြည်တော်ကသာ ခွင့်ပြုပေးမှာဖြစ်ပြီး ရန်ကုန်၊ မန္တလေးနဲ့ ကုန်သွယ်ရေးစခန်းအသီးသီးမှ ခွင့်ပြုပေးမှာ မဟုတ်ဘူးလို့ သိရပါတယ်။



ပင်လယ်ရေကြောင်းမှ တင်ပို့ရာ၌ သယ်ဆောင်မယ့်သင်္ဘောတွင် တင်ဆောင်မယ့် ပမာဏအတိုင်း ပို့ကုန်လိုင်စင်ခွင့်ပြုပေးသွားမှာဖြစ်ပြီး နယ်စပ်မှ တင်ပို့မှုအတွက် ပို့ကုန်လိုင်စင် တစ်စောင်လျှင် အများဆုံး တန် ၅၀၀ သာ ခွင့်ပြုသွားမှာဖြစ်ပါတယ်။

အမျိုးအစားတူ ပို့ကုန်လိုင်စင် ထပ်မံလျှောက်ထားရာမှာ ယခင်ခွင့်ပြုပြီးတဲ့ ပို့ကုန်လိုင်စင်ကို တင်ပို့ပြီးကြောင်း ပို့ကုန်ကြေညာလွှာ (Export Declaration ED)နဲ့အတူ တင်ပြလျှောက်ထားရမယ်လို့ သိရပါတယ်။

ပို့ကုန်လိုင်စင် သက်တမ်းကို နယ်စပ်မှ ပေးပို့ခြင်းအတွက် ရက် ၃၀ နဲ့ပင်လယ်ရေကြောင်းမှ တင်ပို့မှု အတွက် ၄၅ ရက်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ လိုင်စင်သက်တမ်းတိုးခြင်းကို ခွင့်မပြုဘဲ သတ်မှတ်ကာလအတွင်း တင်ပို့နိုင်ခြင်းမရှိတဲ့ လိုင်စင်သက်တမ်းကုန်ဆုံးသွားတဲ့ လိုင်စင်များကို ပို့ကုန်လိုင်စင် ထပ်မံလျှောက်ထားလာပါက ပြန်လည်စိစစ်ပြီးမှသာ ခွင့်ပြုဆောင်ရွက် ပေးသွားမယ်လို့ သိရပါတယ်။

ပို့ကုန်လိုင်စင် လျှောက်ထားတဲ့ ကုမ္ပဏီဟာ တင်ပို့မယ့်ဆန်နဲ့ ဆန်ထွက်ပစ္စည်း မည်သည့်အမျိုးအစားကို တင်ပို့စေကာမူ တင်ပိုမယ့်ပမာဏရဲ့ နှစ်ရာခိုင်နှုန်းနဲ့ ညီမျှသောဧည့်မထဆန် အမျိုးအစားကို သဘာဝဘေးအန္တရာယ်အတွက် အရန်ဆန်အဖြစ် ကုမ္ပဏီအစီအစဉ်နဲ့ ထားရှိရမှာဖြစ်ပါတယ်။ထားရှိမယ့် နေရာဖော်ပြချက်ကို ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ပို့ကုန်လိုင်စင်လျှောက်လွှာနဲ့အတူ သီးခြားရေးသား ဖော်ပြပြီး ပူးတွဲတင်ပြပေးရမှာ ဖြစ်ပါတယ်။

ပြည်ပသို့ ဆန်ပို့ကုန်လိုင်စင် ထုတ်ပေးရန်အတွက် နေ့စဉ်ကျင်းပပြုလုပ်တဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။

MIRT

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၇-၉-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၆၈ | ၃၆၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၀ | ၃၅၄ | ▽ | ၃၂၀ | ၃၂၅ | △ | ၃၆၅ | ၃၅၅ | ▽ | ၃၁၅ | ၃၁၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၈ | ၃၄၄ | ▽ | ၃၁၅ | ၃၁၅ | □ | ၃၄၀ | ၃၁၅ | ▽ | ၂၉၀ | ၂၉၀ | □ |
| ပေါင်းဆန် | ၃၅၀ | ၃၄၀ | ▽ | - | - | - | ၃၅၅ | ၃၄၀ | ▽ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၇-၉-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၃၀ | ၅၃၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၈-၉-၂၀၁၅) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၄၀၀၀ | □ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | △ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | △ | ၂၂၀၀၀ | △ | ၇၉၀၀ | △ | ၃၄၀၀၀ | □ |
| ရွှေဘို | ၅၃၀၀ | □ | ၂၁၀၀၀ | □ | ၁၃၄၀၀ | □ | ၄၅၅၀၀ | △ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၈၂၅၀ | □ | ၃၆၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၁၀၀ | △ | ၂၃၀၀၀ | □ | - | - | ၃၆၅၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၅၀၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၀၅၀၀ | □ | ၈၂၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၆၀၀၀ | △ | - | - | ၄၄၀၀၀ | △ |
| ဘားအံ | ၅၂၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

## တင်ပို့ရန်ကျန်တဲ့ ဆန်နဲ့ ဆန်ကွဲ ဆက်လက်တင်ပို့

စက်တင်ဘာလ ၆ ရက်မှ ၁၂ ရက်နေ့ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၃၉၉ သန်းဖိုးရှိပေါင်းဆန် ၉၇၅ တန်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံတွေ ကတော့ ဘူလ်ဂေးရီးယားနဲ့ စင်ကာပူနိုင်ငံတို့ဖြစ်ပြီး၊ ဘူလ်ဂေးရီးယားသို့ ၈၇၅ တန်နဲ့ စင်ကာပူသို့ တန် ၁၀၀ ဖြစ်ပါတယ်။

နယ်သာလန်၊ ဘူလ်ဂေးရီးယား၊ ပြင်သစ်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတို့ကို ကန်ဒေါ်လာ သုည ဒသမ ၂၉၉ သန်းဖိုးရှိ ဆန်ကွဲ တန် ၁၁၂၀ ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ဆန်နဲ့ ဆန်ကွဲများဟာ ယခင်လိုင်စင် လက်ကျန်များသာ ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၉-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၁/၉ | ၁၈/၉ | ပြောင်းလဲမှု | ၁၁/၉ | ၁၈/၉ | ပြောင်းလဲမှု | ၁၁/၉ | ၁၈/၉ | ပြောင်းလဲမှု | ၁၁/၉ | ၁၈/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၄၅၆ | ၂၄၃၃ | ▼ | - | ၂၅၆၇ | - | ၂၅၅၀ | ၂၆၀၀ | ▲ | - | - | - |
| ၂ | ပဲစင်းငုံ | - | - | - | ၂၆၆၇ | ၂၆၆၇ | ■ | ၂၅၅၀ | - | - | - | - | - |
| ၃ | ပဲတီစိမ်း | ၂၃၁၅ | ၂၂၆၅ | ▼ | ၁၉၅၆ | ၂၀၆၂ | ▲ | ၁၉၄၇ | ၂၀၂၆ | ▲ | ၁၈၄၅ | ၁၈၉၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၉၂၀ | ၂၁၀၀ | ▲ | - | - | - | - | - | - | ၁၅၅၀ | ၁၆၆၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၈၀ | ၁၃၃၀ | ▲ | ၁၁၆၇ | - | - | - | - | - | ၁၁၆၀ | ၁၁၀၅ | ▼ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၂၀ | ■ | ၉၇၈ | ၉၇၈ | ■ | - | ၈၈၄ | - | ၇၉၀ | ၈၀၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၈-၉-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၀/၉ | ၁၇/၉ | ပြောင်းလဲမှု | ၁၀/၉ | ၁၇/၉ | ပြောင်းလဲမှု | ၁၀/၉ | ၁၇/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၁၄၀ | ▼ | ၁၂၀၂ | ၁၀၇၅ | ▼ | ၁၂၀၂ | ၁၁၄၃ | ▼ |
| ၂ | ပဲစင်းငုံ | ၁၄၀၀ | ၁၃၇၀ | ▼ | ၁၄၂၇ | ၁၃၉၈ | ▼ | ၁၄၂၇ | ၁၃၉၈ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | ၁၀၂၁ | ၁၀၂၃ | ▲ | ၁၀၅၁ | ၁၁၂၈ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၅၁ | ၇၂၂ | ▼ | ၆၈၅ | ၆၇၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၅.၉.၁၅)ထိ | (၁၂.၉.၁၅)ထိ | (၁၂.၉.၁၅) ထိ |
| မတ်ပဲ | ၂၈၀၅ | ၄၆၃၄ | ၃၆၁၇၀၀ |
| ပဲတီစိမ်း | ၉၈၃ | ၉၇၉ | ၉၁၁၇၉ |
| ပဲစင်းငုံ | ၃၂၈၆ | ၁၁၉၇ | ၁၁၀၆၁၂ |
| ကုလားပဲ | ၂၇ | ၄၈ | ၂၃၁၀၂ |
| ပဲလွန်းဖြူ | ၂၄ | ၄၁၅ | ၁၁၀၆၈ |
| မြေထောက်ပဲ | ၇၅ | ၄၀ | ၁၀၅၆၆ |

# စက်တင်ဘာလလယ်ပတ် မုံရွာဆီထွက်သီးနှံဈေးကွက် အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလလယ်ပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲနဲ့ နှမ်းမျိုးစုံတို့ နယ်အသီးသီးက ဝင်ရောက်မှုများလာခဲ့သလို ဝယ်လက်အစုံနဲ့ အရောင်းအဝယ် သွက်လာခဲ့တယ်လို့သိရပါတယ်။

ယခုတစ်ပတ်အတွင်း ရေလွှတ်ဒေသ ကျည်းတောစိုက် မြေပဲနဲ့နှမ်းမျိုးစုံ မုံရွာကုန်စည်ဒိုင်ကိုဝင်ရောက်မှုအနေနဲ့ မြောင်နယ်ကမြေပဲ (ဆီဆန်) အဝင်များခဲ့သလို ကနီ၊ ဘုတလင်ဘက်က မြေပဲဆီဆန်နဲ့လုံးဆန်တွေဝင်လာ ခဲ့ကာ ဆီဆန်တစ်ပိဿာ ၂၇၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၈၀၀ ကျပ် အမြင့်ဆုံးဈေးပေါက်ခဲ့ပြီး မန္တလေး ဝယ်လက်နဲ့ ဒေသတွင်းအဝယ်ရှိခဲ့လို့ တစ်ရက်ပိဿာ ၁၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

နှမ်းဈေးကွက်မှာလည်း နယ်စုံက နှမ်းညို၊ နှမ်းဖြူတို့အပြင် ယခုတစ်ပတ်မှာ ဂန့်ဂေါ၊ ယောဘက်က နှမ်းဝါတွေ ဈေးကွက်ထဲဝင်လာပြီး အရောင်းအဝယ်သွက်လာတယ်လို့ဆိုပါတယ်။ ပေါက်ဈေးအနေနဲ့ နှမ်းညိုဟာ တစ်တင်း ၃၁၅၀၀ ကျပ်၊ နှမ်းဖြူတစ်တင်း ၃၆၅၀၀ ကျပ်နဲ့ နှမ်းဝါတစ်တင်း ၃၃၀၀၀ ကျပ် အသီးသီးအမြင့်ဈေးပေါက်ခဲ့ပြီး အရောင်းအဝယ်အနေနဲ့ တစ်ရက်ကို နှမ်းညိုအိတ် ၂၀၀၊ နှမ်းဖြူအိတ် ၁၀၀နဲ့ နှမ်းဝါအိတ် ၂၀၀ ခန့်ဖြစ်ခဲ့တယ်လို့ ဈေးကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ယခင်နှစ်ထက်ဈေးလျော့နေသလို လက်လီပဲဈေးကွက်မှာလည်း ပြည်ပဲပုပ်ဈေးနိမ့်ကျလျက်ရှိ

စက်တင်ဘာလလယ် ပြည်ပဲဈေးကွက်မှာ လက်လီသာအရောင်းအဝယ်ဖြစ်နေတဲ့ ပဲပုပ်သီးနှံဟာ ယခုပတ်မှာလည်း အိတ်အနည်းငယ်သာ ဈေးငြိမ်ငြိမ်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က စက်တင်ဘာလအတွင်း ပဲပုပ် သီးနှံဈေးမှာ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ်ဈေးမှာ ဇူလိုင်၊ ဩဂုတ်လဈေးထက် ဈေးပိုလာတယ်ဆိုသော်လည်း ယခင်နှစ်က ဈေးကိုမမီဘဲ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲဈေးကွက်အတွင်းမှာလည်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့ကာ အခြားလက်လီ အရောင်းအဝယ်ဖြစ်သော ထောပတ်ပဲ၊ ပဲလွန်းဖြူ ဘိုကိတ်သီးနှံများထက်ပါ လျော့နည်းနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲဈေးကွက်မှာ စက်တင်ဘာလလယ်အတွင်း ပြည်ပဝယ်လက်ပဲများ ဈေးငြိမ်ပေမယ့် ပြည်တွင်းဝယ်လက်ရှိတဲ့ ကုလားပဲဈေးမြင့်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ စက်တင်ဘာလလယ်အတွင်း ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲနှင့်ပဲစင်းငုံဈေးမှာ ဈေးလျော့နေပြီး ပဲတီစိမ်းဈေးကတော့ ဈေးငြိမ်နေခဲ့တာတွေ့ရပါတယ်။ ပြည်တွင်းဝယ်လက်သာရှိတဲ့ ပဲများထဲမှာတော့ ကုလားပဲသီးနှံ ဈေးဆက်မြင့်ကာ ပဲကြီးသီးနှံဈေးငြိမ်နေခဲ့ပါတယ်။ လက်လီသာ အရောင်းအဝယ်ဖြစ်တဲ့ ပဲများကတော့ ဈေးအနည်းငယ်စီပိုလာခဲ့ကြောင်း သိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိဘဲ လှောင်လက်ကျန်များရှိခဲ့လို့ ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူမှုရှိကာ အိတ် ၂၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာတော့ လဆန်းရက်က ဈေးအတိုင်းပြန်လည်အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ပြန်လျော့ခဲ့ကာ တစ်တင်း ၄၇၀၀၀ ကျပ်သာ ရရှိခဲ့ပါတယ်။

ယခင်နှစ်က စက်တင်ဘာလအတွင်းမှာလည်း ပဲဈေးနှုန်းမှာ လဆန်းရက်မှာ တစ်တင်း ၂၇၀၀၀ ကျပ်ကျော်ရရှိပြီး၊ လလယ်မှာ ဈေးလျော့နည်းခဲ့လို့ တစ်တင်း ၂၅၀၀၀ ကျပ်ခန့်သာ ရရှိခဲ့ကြတဲ့အတွက် ယခုနှစ်လည်း လလယ်မှစလို့ ဈေးပြန်လျော့လာခဲ့တာကိုတွေ့ရပါတယ်။ သို့သော်လည်း ယခင်နှစ်ထက် ယခုနှစ်မတ်ပဲဈေးမှာ ၂ဆနီးပါး မြင့်တက်လာခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ပဲဈေး ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့်ပြန်လျော့သွားပြီး မတ်ပဲကဲ့သို့ နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘဲ အရောင်းအဝယ်အေးခဲ့ကာ ရက်ခြားလောက်သာ အိတ်အနည်းငယ် ရောင်းချခဲ့ကြရပါတယ်။ ပဲဈေးမှာ ယခုနှစ်အတွင်း ဧပြီ၊ မေမှစလို့ တရိပ်ရိပ်မြင့်တက်လာခဲ့ရာ ဇွန်လမှစပြီး တစ်တင်းကို ကျပ်လေးသောင်းကျော်အထိ ရရှိလာခဲ့ပါတယ်။ ဩဂုတ်လလယ်မှာ ထပ်ပြီးဈေးမြင့်လာတဲ့အတွက် ကျပ် ငါးသောင်းကျော်ထိ ရရှိလာကာ ယခုလလယ်ထိ ၎င်းတက်ဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်သော်လည်း လက်ကျန်ကတော့ နည်းသွားခဲ့ပြီဖြစ်ပါတယ်။

ကုလားပဲသီးနှံမှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်သော်လည်း ပဲဈေးကတော့ တစ်တင်း ၃၂၅၀၀ ကျပ်ထိရရှိလာသလို ခွဲစက်သမားများမှလည်း နေ့စဉ်ဝယ်ယူလျက်ရှိကာ အိတ် ၃၀၀ မှ ၄၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့တာကြောင့် အဝယ်ရှိသလောက် အရောင်း အဝယ်ဖြစ်ခဲ့ကြပါတယ်။ ကုလားပဲသီးနှံဈေးနှုန်းမှာ ယခုနှစ်အတွင်း ဈေးကောင်းရနေကာ ဩဂုတ်လလယ်မှစလို့ ပြည်ပဝယ်လက်ရှိတဲ့ ပဲများနဲ့အပြိုင် ဈေးမြင့်တက်လာခဲ့ပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံဈေးမှာ စက်တင်ဘာလအတွင်း တစ်တင်း ၁၄၅၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ်ကတော့ မတ်ပဲ၊ ပဲစင်းငုံတို့ကဲ့သို့ ၂ဆခန့် ဈေးမြင့်လာတဲ့ ပဲဖြစ်ခဲ့ပါတယ်။ ပဲကြီးသီးနှံများမှာလည်း ပြည်တွင်းဝယ်လက်သာရှိပေမယ့် ဈေးကောင်းရနေတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ယခုလအတွင်းမှာတော့ ဈေးအမြင့်နဲ့သာ ဈေးဆက်ငြိမ်ပြီး ယခုတစ်ပတ်အတွင်း (ရွှေကျွန်း) ထက်(ကမ်းနား) ပဲက ပိုအရောင်းသွက်ခဲ့ကြောင်း သိရပါတယ်။ ပဲကြီး (ရွှေကျွန်း)မှာ တစ်ခါတစ်ရံ အိတ် ၁၅၀ ကျော်ခန့်သာ အရောင်းအဝယ် ဖြစ်ပေမယ့်(ကမ်းနား) ပဲကတော့ ပဲကြော်လုပ်ငန်းသမားများ အဝယ်လိုက်လို့ နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာဈေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်း ၃၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၅၀၀ ကျပ် ရရှိခဲ့ကြပါတယ်။

ထောပတ်သီးနှံမှာ လက်လီသာ အရောင်းအဝယ်ဖြစ်ပေမယ့် တချို့ရက်တွေမှာ အိတ် ၅၀ ကျော်ထိ အဝယ်လိုက်လာလို့ တစ်တင်း ၁၈၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ရရှိနေသလို စားတော်ပဲသီးနှံကတော့ လက်လီပုံမှန်အဝယ်ရှိကာ တစ်တင်း ၃၆၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲတီစိမ်း ဈေးငြိမ်အရောင်းအဝယ် အေးပေမယ့် မျိုးပဲအဝယ်လိုက်

ပြည်ပဲဈေးကွက်မှာ ယခုတစ်ပတ် ပဲတီစိမ်းဝင်ရောက်မှုနည်းပေမယ့် လက်ကျန်ပဲများလည်း ရှိခဲ့တာကြောင့် မန္တလေးလိုင်းသမားအဝယ်ရှိကာ နေ့စဉ်အဝယ်မရှိဘဲ ရက်ခြားသာအိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဩဂုတ်လအတွင်းက ပဲတီစိမ်းသီးနှံမှာ အိတ်အရေအတွက် ၄၀၀ ကျော် ၅၀၀ အထိ မန္တလေးလိုင်းသမားအဝယ်လိုက်ခဲ့ပြီး စက်တင်ဘာလဆန်းမှစ၍ ပဲဝင်ရောက်မှုလည်း နည်းသလို အရောင်းအဝယ်လည်း အေးသွားခဲ့ပါတယ်။ မျိုးပဲကတော့ လဆန်းရက်မှစ၍ ပန်းတောင်း၊ ပေါက်ခေါင်းဘက်မှ လာရောက်ဝယ်ယူကြလို့ မျိုးပဲဈေးတစ်တင်း ၄၀၀၀၀ ကျပ်အထိရရှိခဲ့ကာ လက်ကားဝယ်လက် ဈေးကတော့ တစ်တင်း ၃၇၅၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်ဖြင့်ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# လက်ကျန်ရှားလာလို့ ပြည်ဘိုကိတ်ဈေးပို

ပြည်ပဲဈေးကွက်ရဲ့ ဒေသတွင်း လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ပဲထဲမှာ ဘိုကိတ်ပဲသီးနှံဟာ ပဲအဝင်လည်း မရှိတော့သလို လက်ကျန်ပဲ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး စက်တင်ဘာလဆန်းမှာ လက်လီလည်း အဝယ်ပါးသွားလို့ အရောင်းအဝယ် အေးသွားခဲ့ရာမှ ယခုလလယ်မှာ လက်လီသမားအချို့ ပြန်လည်ဝယ်ယူမှုရှိလာလို့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ဈေးနှုန်းမှာ ယခင်လက တစ်တင်း ၁၈၀၀၀ကျပ်မှ တဖြည်းဖြည်း ဈေးမြင့်တက်လာခဲ့ရာ လကုန်ပတ်မှာတော့ တစ်တင်း ၂၄၀၀၀ ကျပ်ထိ ရရှိခဲ့ပါတယ်။ ယခုလဈေးနှုန်းမှာတော့ ပစ္စည်းလည်းရှားလာတာကြောင့် တစ်တင်း ၂၆၅၀၀ ကျပ်ထိ ယခင်လကုန် ဈေးထက်လည်း ၂၅၀၀ ကျပ်ခန့် ဈေးပိုရလာမယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ၂၀၁၆ ပဲဈေးကွက်ဝင်မယ့် ငုံနီအပင်တို့ အခြေအနေကောင်း

မုံရွာခရိုင်အတွင်း ပြီးခဲ့တဲ့ မိုးဦးကာလက ငုံနီစိုက်ပျိုးမှုမှာ လျာထားဧက တစ်သိန်းလေးသောင်းနီးပါး ပြည့်မီအောင် စိုက်ပျိုးခဲ့ကြတယ်လို့ သိရပါတယ်။ ၂၀၁၅ ငုံနီအသစ်ပေါ်ချိန်က တစ်တင်း ၂၄၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်ကြား အဖွင့်ဈေးကောင်းရခဲ့တဲ့ငုံနီဟာ ယခုပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်မှာ တစ်တင်း ၅၀၀၀၀ ကျပ်အထိ ဈေးဖွင့်ခဲ့ပေမယ့် ဝယ်လက်သာရှိပြီး၊ ပစ္စည်းမရှိလို့ အရောင်းအဝယ်မဖြစ်တဲ့အထိ ပဲလက်ကျန်ကုန်ခဲ့တာ တွေ့ရပါတယ်။

ငုံနီကို နှစ်စဉ်မပျက် စိုက်ပျိုးလျက်ရှိတဲ့ မုံရွာမြို့နယ်၊ သာစည်ကျေးရွာက တောင်သူဦးစိန်လှရဲ့အဆိုအရ ပြီးခဲ့တဲ့ရာသီက ငုံနီ သုံးဧကစိုက်ခဲ့ရာ တင်း ၄၀ ရရှိတယ်လို့သိရပါတယ်။ မိသားစုပိုင်မြေ၊ ထွန်နဲ့လုပ်အားကြောင့် တစ်ဧက စိုက်ပျိုးစရိတ် ငါးသောင်းခန့်သာကုန်ကျပြီး၊ သုံးဧကအတွက် ခြောက်သိန်းကျော် အကျိုးအမြတ်ရခဲ့တယ်လို့ ဆိုပါတယ်။

ယခုအခါ စိုက်ပျိုးသက် သုံးလကျော်ရပြီးဖြစ်တဲ့ ငုံနီပင်တွေဟာ မုံရွာဒေသတစ်ဝိုက် မိုးအသင့်အတင့်ရွာသွန်းမှု ရှိလို့ ရေရရှိပြီး၊ အပင်ရှင်သန်ဖွံ့ဖြိုးမှုကောင်းမွန်နေတဲ့အတွက် ၂၀၁၆ ပဲဈေးကွက်ကို မျှော်လင့်ရင်း တောင်သူတွေ ယာထဲဆင်းလျက်ရှိတယ်လို့ ကွင်းဆင်းလေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲလွန်းဖြူ အဝယ်ရှိသလို ဈေးလည်းမြင့်လာခဲ့

ပြည်ဈေးကွက်မှာ လက်ကျန်လည်းနည်းသွားကာ အရောင်းအဝယ်လည်းအေးနေပြီဖြစ်တဲ့ ပြည်ပဲလွန်းဖြူ သီးနှံဟာ ယခုစက်တင်ဘာလလယ်မှာ ပြန်လည်အရောင်းအဝယ်ဖြစ်လာခဲ့တာကို တွေ့ရပါတယ်။ ဈေးနှုန်းမှာတော့ တစ်တင်း ၂၈၀၀၀ ကျပ်ဖြင့် ဈေးကောင်းလာပြီး ယခင်တစ်ပတ်ဈေးမှာ တစ်တင်း ၂၆၅၀၀ ကျပ်သာ ဈေးဖွင့်ထားပေမယ့် အရောင်းအဝယ်သိပ်မဖြစ်ဘဲ ဒီတစ်ပတ်မှာသာ လက်လီသမားအချို့ အဝယ်ရှိလာခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ် ပဲလွန်းဖြူသီးနှံဈေးမှာ ပဲသစ်ပေါ်စအချိန် တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လာပြီး တဖြည်းဖြည်းဈေးမြင့်လာခဲ့ရာ မေ၊ ဇွန်လများမှစ၍ တစ်တင်း ကျပ် ၂ သောင်းကျော်ထိ ဈေးပိုရလာခဲ့ပါတယ်။ ပဲလက်ကျန်နည်းလာချိန်တွင်တော့ ဈေးနှုန်းဟာ ကျပ် ၃ သောင်းနီးပါးထိရရှိလာကာ ယခင်နှစ်က စက်တင်ဘာလလယ် ပဲဈေးမှာတစ်တင်း ၁၇၀၀၀ ကျပ်ခန့်သာရရှိလို့ ယခုနှစ်မှာ ယခင်နှစ် ဈေးထက်လည်း ကျပ် ၁ သောင်းကျော်ပိုရလာခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုလားပဲဈေးကွက် စံချိန်တင် တက်ဈေးဖြစ်ခဲ့ပေမယ့် ရောင်းအားကျလာ

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလလယ် ကုလားပဲဈေးကွက်မှာ ဝယ်လိုအားမြင့်မားလို့ စံချိန်တင် ဈေးတက်ခဲ့ပေမယ့် ပဲလက်ကျန်အခြေအနေအရ ရောင်းအားကျသွားခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကုလားပဲ (ထိုင်ဝမ်) တစ်တင်း ၃၂၅၀၀ ကျပ်၊ ကုလားပဲ V2 နဲ့ 929 တစ်တင်း ၃၃၀၀၀ ကျပ် အသီးသီး အမြင့်ဈေးပေါက်ခဲ့ပြီး ကုလားပဲမျိုးစုံ တစ်ရက် အိတ် ၂၀၀၊ ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

မနှစ်က ကုလားပဲရာသီမှာ ပဲစိုက်ဧကအထွက်အနည်းငယ်လျော့ခဲ့သလို ယခုကဲ့သို့မမျှော်လင့်ဘဲ ဈေးရချိန်မှာ တောင်သူအများစုက ထုတ်ရောင်းလာကြတဲ့အတွက် လာမယ့်စိုက်ပျိုးကာလမှာ မျိုးအတွက် အခက်အခဲရှိနိုင်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။ တောင်သူတွေရဲ့ မျိုးလိုအပ်ချက်ကို ယခုကတည်းက ဝိုင်းဝန်းအဖြေရှာဖို့ လိုအပ်သလို အကယ်၍ ပြည်ပမှ မျိုးဝယ်ယူရမယ်ဆိုရင် ဒေသစိုက် ကုလားပဲများနဲ့ မျိုးတူ စိုက်ပျိုးမြေတူနိုင်တဲ့ အိန္ဒိယဘက်ကမျိုးကောင်းများ ဝယ်ယူနိုင်ရေး ကြိုတင်ချိတ်ဆက်ဖို့ လိုအပ်တယ်လို့ မုံရွာပွဲရုံရပ်ကွက်က လေ့လာကြားသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## စက်တင်ဘာလ တတိယပတ်အတွင်း မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှု

မန္တလေးမြို့ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ကုန်သည်၊ ပွဲစားနှင့် စက်ပိုင်များ လာရောက်အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ စက်တင်ဘာလ တတိယအပတ်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ ဈေးနှုန်းနဲ့ ယခင်ကာလတူ ဩဂုတ်လတွင် အရောင်းအဝယ်ပြုလုပ်တဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၁၅. ၈. ၁၅ | | ၁၅. ၉. ၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | ၁၂၄၄ | ၁၉၅၆ | ၁၀၆၇ | ၂၀၄၄ |
| ပဲကြီး | - | ၁၈၁၀ | ၁၇၁၉ | ၁၉၀၀ |
| ပဲပုပ် (ရှမ်း) | ၉၃၉ | ၁၀၈၉ | ၈၆၄ | ၉၃၉ |
| ပဲပုပ် (ဗမာ) | - | ၁၁၈၃ | ၉၉၅ | ၁၀၃၃ |
| ပဲယင်း | ၈၆၇ | ၈၈၃ | - | ၈၀၀ |
| ထောပတ်ပဲ | - | ၁၀၆၇ | ၉၇၈ | ၁၀၄၉ |
| နိုင်လွန်ပဲ | - | ၁၀၆၃ | ၁၀၁၃ | ၁၀၆၃ |
| မတ်ပဲ | - | ၂၂၁၇ | ၂၅၀၀ | ၂၅၅၀ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၆၁၁ | - | ၅၅၆ |
| ပြောင်းဖူးစေ့ (စီပီ) | ၆၂၀ | ၆၃၀ | - | ၅၅၆ |
| အထွက်တိုးပြောင်း | ၆၀၄ | ၆၂၃ | ၆၀၄ | ၆၁၃ |
| ဆန်ပြောင်း | ၄၈၉ | ၄၉၈ | ၅၄၀ | ၅၅၇ |
| ကုလားပဲဖြူကြီး | - | ၁၅၂၀ | - | ၁၆၂၄ |
| ကုလားပဲထိုင်ဝမ် | - | ၁၆၀၀ | - | ၁၆၀၀ |
| ပဲစင်းငုံအနီ | ၂၃၃၃ | ၂၃၈၃ | - | ၂၆၆၇ |
| နှမ်းဖြူ | ၂၂၂၂ | ၂၄၈၉ | ၂၃၃၃ | ၂၆၂၂ |
| နှမ်းညို | ၁၉၅၆ | ၂၀၄၄ | ၂၀၄၄ | ၂၁၀၀ |
| နှမ်းနက် | ၂၆၆၇ | ၃၅၅၆ | ၃၂၂၂ | ၃၆၆၇ |
| နှမ်းနက် (စမုံ) | ၄၂၂၂ | ၄၇၇၈ | ၄၇၇၈ | ၅၀၀၀ |
| ပန်းနှမ်း | - | ၂၈၈၉ | - | ၂၆၆၇ |
| မြေပဲဆန် (S 1 လုံးဆန်) | - | ၃၆၀၀ | - | ၂၈၇၅ |

မြန်မာ့ပဲတီစိမ်းရဲ့ အဓိကဝယ်လက်ကြီးတစ်ခုဖြစ်တဲ့ တရုတ်ဝယ်လက်မှ ပဲတီစိမ်းကို ဝယ်လိုအား သွက်လက်သလို ဈေးနှုန်းလည်း ယခင်လထက် မြင့်တက်လျက်ရှိပါတယ်။ မန္တလေးကုန်စည်ဒိုင်ကို ပဲတီစိမ်းအသစ် များဝင်ရောက်မှုရှိပေမယ့်ဈေးအေးသွားခြင်းမရှိကြောင်း၊ စက်တင်ဘာ တတိယပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန် ၁၂၅၁၇၁၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူနဲ့ နှိုင်းယှဉ်ပါက တစ်ပိဿာ ၈၈ ကျပ် (တစ်တန် ၅၃၈၉၀ ကျပ်) ဈေးမြင့်ပြီး နေ့စဉ် သုံးတင်းအိတ် ၁၂၀၀ မှ ၁၈၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြည်တွင်းဈေးကွက်အတွင်းမှာပဲ အရောင်းအဝယ်ရှိတဲ့ ပဲကြီးဈေးဟာ တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလ တူဈေးနှုန်းထက် တစ်ပိဿာ ၉၀ ကျပ် (တစ်တန် ၅၅၁၁၅ ကျပ်)ဈေးမာပြီး နေ့စဉ် သုံးတင်းအိတ် ၁၀၀ မှ ၂၅၀ အထိ လည်းကောင်း၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၃၉ ကျပ်(တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလ တူဈေးနှုန်းအောက် တစ်ပိဿာ ၁၅၀ ကျပ် (တစ်တန် ၉၁၈၅၉ ကျပ်) ဈေးအေးသလို ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်)နဲ့ ယခုတစ်ပတ်မှာ အရောင်းအဝယ် ဖြစ်လို့ ယခင်လ ကာလတူ ဈေးအောက်တစ်ပိဿာ ၁၅၀ ကျပ် (တစ်တန် ၉၁၈၅၉ ကျပ်) ဈေးအေးပြီး နေ့စဉ် ပဲပုပ်နှစ်မျိုးပေါင်း သုံးတင်းအိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ (တရုတ်) ဝယ်လိုအား ပုံမှန်ရှိနေတဲ့ ပဲယင်းကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၀၀ ကျပ် (တစ်တန် ၄၈၉၉၁၂ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၁၀၄၉ ကျပ် (တစ်တန် ၆၄၂၃၉၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ နိုင်လွန်ပဲ တစ်ပိဿာ ၁၀၆၃ ကျပ် (တစ်တန် ၆၅၀၉၇၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့်



အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ ပြည်ပ (အိန္ဒိယ) ဝယ်လက်ဝယ်ယူမှုအားကောင်းတဲ့ မတ်ပဲနဲ့ ပဲစင်းငုံနီများ မန္တလေးကုန်စည်ဒိုင်ကို ပစ္စည်းအဝင်နည်းလို့ အရောင်းအဝယ်အေးလျက်ရှိပေမယ့် ဈေးမာလျက်ရှိကြောင်း လှောင်လက်ကုန်သည်ကြီးများသာ အရောင်းအဝယ် အနည်းငယ်ရှိကြောင်း ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန် ၁၅၆၁၅၉၅ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀ မှ ၁၅၀ ကြား၊ ပဲစင်းငုံနီ တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၄ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြောင်းဖူးစေ့များကို တရုတ်ဝယ်လက်မှ ပုံမှန်ဝယ်ယူမှုရှိသလို ဈေးကလည်း ယခင်လ ကာလတူဈေးနှုန်းနဲ့ ကွာဟမှုမရှိပေမယ့် အရောင်းအဝယ် အနည်းငယ်အေးပါတယ်။ ယခုစက်တင်ဘာလ တတိယပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၅၅၆ ကျပ် (တစ်တန် ၃၄၀၄၈၉ ကျပ်)၊ ပြောင်းဖူး စေ့ (စီပီ) တစ်ပိဿာ ၅၅၆ ကျပ် (တစ်တန် ၃၄၀၄၈၉ ကျပ်) အထွက်တိုးပြောင်း တစ်ပိဿာ ၆၁၃ ကျပ် (တစ်တန် ၃၇၅၃၉၅ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၅၇ ကျပ် (တစ်တန် ၃၄၁၁၀၁ ကျပ်)ဖြင့် နေ့စဉ် ပြောင်းမျိုးစုံ သုံးတင်းအိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံများကို တရုတ်က ပုံမှန်ဝယ်ယူမှုရှိပေမယ့်မန္တလေးဈေးကွက် အတွင်းမှာ ပစ္စည်းရှားပါးနေတာကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၆၂၂ ကျပ် (တစ်တန် ၁၆၀၅၆၈၇ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၂၁၀၀ ကျပ် (တစ်တန် ၁၂၈၆၀၁၉ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၅၀၀၀ ကျပ် (တစ်တန် ၃၀၆၁၉၅၀ ကျပ်) နဲ့ နှမ်းရောင်စုံ နေ့စဉ် သုံးတင်းအိတ် ၄၀၀ မှ ၇၀၀ ကြား အရောင်းအဝယ်ဖြစ်ပြီး ပြည်တွင်းနဲ့ ရန်ကုန်ဝယ်လက်အဆွဲရှိတဲ့ ပန်းနှမ်း တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၄ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

မြေပဲဆန် (S1 လုံးဆန်) ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၇၅ ကျပ် (တစ်တန် ၁၇၆၀၆၂၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက တစ်ပိဿာ ၇၂၅ ကျပ် (တစ်တန် ၄၄၃၉၈၃ ကျပ်) ဈေးအေးသွားပေမယ့် နေ့စဉ်သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

အရင်လနဲ့နှိုင်းယှဉ်ရင် မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်အေးပါကြောင်း၊ ပဲတီစိမ်းကြီး၊ ပဲကြီး၊ မတ်ပဲ၊ ကုလားပဲဖြူကြီးတို့ ဈေးမာလျက်ရှိပြီး ကျန်ပဲအများစုမှာ ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ထို့အတူ ပြောင်းဖူးစေ့များလည်း ဈေးအေးလျက်ရှိပေမယ့် နှမ်းရောင်စုံမှာ ဈေးမာလျက်ရှိကြောင်း၊ နှမ်းရောင်စုံများဈေးမာပြီး အဝယ်လိုက်ပေမယ့် ပစ္စည်းလက်ကျန်နည်းတာကြောင့် အရောင်းအဝယ်အေးလျက်ရှိ ကြောင်း မတ်ပဲနဲ့ ပဲစင်းငုံနီများ လက်ကျန်နည်းလို့ အရောင်းအဝယ်အလွန်အေးကြောင်း ကုန်သည်လှောင်လက်ကြီး တစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ချင်း

### ဩစတြေးလျကိုသာ ချင်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ချင်း သုည ဒသမ ဝ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းချင်းလက်ကျန်အနည်းငယ်သာရှိပြီး အဝယ်နည်း

ဟိုပုံးဈေးကွက်မှာတော့ ချင်း(ဥမ)က ကုန်သလောက်ဖြစ်သွားပါပြီ၊ ချင်းအသစ်တွေကတော့ ၂၀၁၆ ခုနှစ် ၂လပိုင်းခန့်မှသာ ဈေးကွက်ဝင်လာတော့မှာဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်မှာတော့ လက်လီအနေနဲ့သာ အနည်းအကျဉ်း အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ ချင်းသစ်တွေလည်း ဒီနှစ်မှာ အထွက် နှုန်းနည်းရင်တော့ ဒီလိုပဲဈေးကွက်မှာ အဆက်ပြတ်သွားနိုင်တယ်လို့လည်း သိရပါတယ်။ ချင်းစိုက ဈေးကွက်မှာ ပြတ်သွားလို့ အရောင်းအဝယ်မရှိပေမယ့် ချင်းခြောက်ကတော့ ပစ္စည်းလက်ကျန် အနည်းငယ်သာရှိပြီး အရောင်းအဝယ်ကလည်း အေးနေပါတယ်။ ချင်း (ဥမ)က တစ်ပိဿာကို ၈၀၀ကျပ်နဲ့ ဈေးပိတ်သွားပြီး ချင်းခြောက်ကတော့ တစ်ပိဿာ ၂၈၀၀ကျပ် ဈေးပေါက်နေတယ်လို့သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းအဝယ်နည်းသွားပါတယ်။ (ဥမ)လက်ကျန်တွေရှိပြီး ချင်းသစ်တွေကတော့ အဝင်လည်း သိပ်မရှိသေးပါဘူး။ အရင်တစ်ပတ်တွေကတော့ အပင်ဝါ/သေ ထိပ်ပုပ်တဲ့ချင်းတွေ အဝင်ရှိပေမယ့် နုသေးတာကြောင့် ကြာကြာအထားမခံလို့ အရောင်းအဝယ်ကလည်း သိပ်ပြီးမဖြစ်လိုက်ပါဘူး။ မြန်မာနိုင်ငံအထက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ မိုးကြီး၍ ရေလွှမ်းမိုးပြီးချိန်ကစလို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသွားတာကြောင့် ဝယ်နေကျဖောက်သည်တွေလည်း အဝယ်မရှိတော့လို့ ရောင်းအားလည်း ကျသွားတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ နေပြည်တော်၊ ရန်ကုန်၊ ပြည်၊ မုံရွာစတဲ့မြို့တွေက ပြန်ပြီး အဝယ်ရှိလာလို့ တစ်ပတ်အတွင်းချင်းပိဿာချိန်ပေါင်း ရှစ်သောင်းလေးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်း(စို)ပေါက်ဈေးက ၆၀၀ကျပ်မှ ၇၀၀ ကျပ်၊ ချင်းခြောက်က ၂၈၀၀ ကျပ်မှ ၃၀၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### စစ်တွေမှ ချင်းစိုပုံမှန်တင်ပို့

စစ်တွေကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၆၈၄၀ တန်ဖိုးရှိ ချင်းစို ၉ တန်ကို စက်တင်ဘာလ ဒုတိယပတ်မှာ တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်ကလည်း စစ်တွေမှ ချင်းစို ၁၀ တန်တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်တွင် မူဆယ်မှ ချင်းစို/ချင်းခြောက် တင်ပို့မှုမရှိခဲ့ပါဘူး။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ချင်းတစ်တန်ရဲ့ ပေါက်ဈေးများမှာ မုံရွာ(အသစ်) ၉၁၈၅၀၀ ကျပ်၊ မန္တလေး(အသစ်)၇၃၄၈၀၀ ကျပ်၊ မကွေး(အသစ်) ၇၉၆၁၀၀ ကျပ်ဈေးအသီးသီးရှိကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**



## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၃၀ ကျော်တင်ပို့

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၁၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ဝ၂၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။ မူဆယ်နယ်စပ်မှ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တင်ပို့မှု အနည်းငယ်ပိုခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ ယခုအပတ်ရော ယခင်တစ်ပတ်ပါ သီဟိုဠ်စေ့တင်ပို့နိုင်ခြင်း မရှိဘူးလို့ သတင်းရရှိပါတယ်။

**ခင်မြနွယ်**

## နနွင်း

### စင်ကာပူ၊ မလေးနဲ့ ဘင်္ဂလားသို့ နနွင်းပိုမိုတင်ပို့

စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်သီတင်းပတ်အတွင်း နနွင်း ၁၀၁ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားကို ကန်ဒေါ်လာ ၁၀၆၅၀ တန်ဖိုးရှိ နနွင်း ၁၅ တန်၊ ဘင်္ဂလားဒေ့ရှ်ကို ကန်ဒေါ်လာ ၃၀၈၀၀ တန်ဖိုးရှိနနွင်း ၅၆ တန်နဲ့ စင်ကာပူကို ကန်ဒေါ်လာ ၂၂၂၂၀ တန်ဖိုးရှိ နနွင်း ၃၀ ဒသမ ၅တန်ကိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ ၅၁ တန်သာတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**သီတာဝင်း (DOT)**

### စစ်တွေမှ နနွင်းတက် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးမှစခန်းမှ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိနနွင်းတက် ၄ တန် တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ယခင်တစ်ပတ်က မူဆယ်မှ ၆၂ တန်ခွဲ၊ မြဝတီမှ ၁၂ တန်ခွဲနဲ့ စစ်တွေမှ ၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုသီတင်းပတ်မှာ နနွင်းတင်ပို့မှုလျော့ကျသွားခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မန္တလေး(ကျောက်ဆည်) ၁၂၄၇၀၀ ကျပ်နဲ့ တောင်ကြီး(အောင်ပန်း) ၁၀၄၁၀၀၀ ကျပ်ဈေး ရှိနေပါတယ်။

**မော်မော်အောင်**

### အောင်ပန်းနနွင်းကို ရန်ကုန်ဝယ်လက်ရှိနေသလို ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက် ကြိုက်နှစ်သက်

အောင်ပန်းဈေးကွက်မှာရှိတဲ့ နနွင်းကတော့ လက်လီ အရောင်းအဝယ်သာဖြစ်နေပါတယ်။ ပွဲရုံလက်ကျန်တွေကနေရောင်းနေရပြီး တောင်သူအချို့ထံမှာတော့ ကျန်နေသေးတယ်လို့လည်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တစ်ခုတည်းသာ အဝယ်ရှိနေပြီး တစ်ခါမှာရင်နည်းနည်းစီစုပြီး ကားတစ်စီးစာပြည့်မှသာ သယ်ယူကြတယ်လို့သိရပါတယ်။ ဒီတစ်ပတ်တော့ ရန်ကုန်ဝယ်လက်တွေက ပိဿာချိန် တစ်သောင်းငါးထောင်ခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ နနွင်းတစ်ပိဿာပေါက်ဈေးကတော့ တောင်ပို့လစဆိုရင် ၁၀၀၀ ကျပ်နဲ့ ဆင်တောင်က ၁၅၀၀ ကျပ်ဈေးရှိပါတယ်။

မူဆယ်ဝယ်လက်တွေက အောင်ပန်းစတွေထက် ဟိုပုံးနနွင်းကို ပိုပြီးကြိုက်နှစ်သက်ကြတဲ့အတွက် ဝယ်ယူကြပါတယ်။ စားသုံးဖို့ထက် ဆေးဝါးကုန်ကြမ်းအဖြစ်ပြုလုပ်ဖို့ ဝယ်ယူကြတယ်လို့လည်းသိရပါတယ်။ ဟိုပုံးနနွင်းလည်း အဝင်မရှိတော့ပါဘူး။ ဟိုပုံးနနွင်းက ချင်းထက်နောက်ကျပြီး နှစ်လပိုင်း၊ သုံးလပိုင်းမှသာ အသစ်တွေစပြီးဝင်လာတော့မှာဖြစ်ပါတယ်။ လတ်တလောမှာတော့ လက်ကျန်နနွင်းတွေကိုသာ အရောင်းအဝယ်လုပ်နေကြတယ်လို့သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နနွင်းပိဿာချိန်ပေါင်း တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာ ၁၆၅၀ ကျပ် ဈေးရှိတယ်လို့ ဈေးကွက်က သတင်းရရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

**၁၄-၉-၂၀၁၅ မှ ၁၈-၉-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 259 | 22,435,160.721 |
| 2 | Form D | 15 | 939,779.000 |
| 3 | Form E | 96 | 1,230,622.000 |
| 4 | Korea GSP | 7 | 166,260.980 |
| 5 | Form AK | 71 | 4,271,689.780 |
| 6 | Form AJ | 6 | 264,819.070 |
| 7 | Form AI | 42 | 2,188,967.660 |
| 8 | Form AANZ | 1 | 2,197.200 |
| 9 | Form DFTP | - | - |
| **Grand Total** | | **497** | **31,499,496.411** |

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီ အရောင်းအဝယ်သွက်နေ

စက်တင်ဘာ တတိယပတ်ရဲ့ ပြည်ကြက်သွန်နီပွဲရုံတွေမှာ အရောင်းအဝယ်သွက်နေတာ တွေ့ရပါတယ်။ အရောင်းအဝယ် ဖြစ်နေတာကြောင့် ကြက်သွန်နီဟာ ဈေးမြင့်တက်နေတာ တွေ့ရပါတယ်။

တစ်ပတ်ထက် တစ်ပတ် ဈေးအနည်းငယ်စီ မြင့်တက်နေတာ တွေ့ရပါတယ်။ ပွဲရုံဈေးတစ်ပိဿာကို (ကြီး) ၁၂၅၀ ကျပ်၊ (လတ်) ၁၁၅၀ကျပ်နဲ့(သေး) ၁၁၀၀ ကျပ်တို့ဖြစ်ပြီး လက်လီပေါက်ဈေး (ကြီး) ၁၄၅၀ ကျပ်၊(လတ်) ၁၄၀၀ ကျပ်နဲ့(သေး) ၁၂၀၀ ကျပ်တို့ဖြင့်ရောင်းဝယ်လျက်ရှိပါတယ်။

နယ်မှ ဝယ်လက်များကလည်း ပြည်ပွဲရုံများသာမက ကြက်သွန်ထွက်ရှိရာ အထက်ဘက်သို့ပါ ပွဲစားများကိုယ်တိုင် လာရောက်ဝယ်ယူနေကြောင်းလည်း သိရပါတယ်။ တစ်ရက်ကို ကြက်သွန်နီ အိတ် ၂၅၀ ခန့် အရောင်းအဝယ်ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။

**နီနီဝင်း-ပြည်**

### မူဆယ်မှ ကြက်သွန်နီတင်ပို့မှု သိသိသာသာလျော့ကျ

စက်တင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၃၇၅ တန်ဖိုးရှိ ကြက်သွန်နီ ၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်မှ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု သိသိသာသာလျော့ကျပေမယ့် မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၄၆၉၉၃ တန်ဖိုးရှိကြက်သွန်နီ ၃၀၆ တန်နဲ့ တာချီလိတ်ကုန်သွယ်ရေးကတော့ ကန်ဒေါ်လာ ၇၅၉၉၆ တန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် တာချီလိတ်မှ ကြက်သွန်ဖြူ တင်ပို့မှုမရှိခဲ့ပါဘူး။ အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ ၃၄၇၄၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၇၂ တန် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ တန် ၃၀၊ မြဝတီမှ ၇၁ တန်ခွဲနဲ့ စစ်တွေမှ ၁၀၃ တန်ထိ တင်ပို့နိုင်ခဲ့ပါတယ်။ နယ်မှ ကြက်သွန်နီတွေရသမျှ လိုက်ဝယ်နေတဲ့တွက် ပွဲရုံပိုင်ရှင်အချို့မှာ ထိန်းရောင်းပေးနေရကြောင်း၊ ပုံမှန် ကြက်သွန်နီဈေးဟာ တစ်ပိဿာလျှင် ၅၀၀-၇၀၀ ကျပ်ရှိကြောင်း၊ရခိုင်၊ တောင်ကုတ်၊ သံတွဲတို့မှ အဝယ်များကြောင်း ပြည်မြို့ရှိ ကြက်သွန်ပွဲရုံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# အသေးစား အလတ်စားလုပ်ငန်း

rsm;aMumiÑ

# စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသည့် အိန္ဒိယနိုင်ငံ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် စက်မှုလုပ်ငန်းဖွံ့ဖြိုးမှု၏ ကျောရိုးဖြစ်ပြီး၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အရေးပါသည်။ ဤလုပ်ငန်းများသည် ပြည်တွင်းထုတ်လုပ်မှုကို ကြီးမားစွာ အထောက်အကူပြုခြင်း၊ ပို့ကုန်ဝင်ငွေကို ထူးထူးခြားခြားရရှိစေခြင်း၊ ရင်းနှီးမြှုပ်နှံမှုအနည်းငယ်သာလိုအပ်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်း၊ သွင်းကုန်ကို မှီခိုအားထားနေရသည့် အဖြစ်မျိုးကို လျှော့ကျအောင်ဆောင်ရွက်ကာ နိုင်ငံခြားငွေရရှိအောင် ဆောင်ရွက်နိုင်ခြင်း စသည့် အရည်အသွေးပြည့်ဝသည့် စီးပွားရေးဖွံ့ဖြိုးမှု ပုံစံမျိုးအဖြစ်ကိုယ်စားပြုရပ်တည်ပေးနိုင်သော လုပ်ငန်းများဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုတွင် အသေးစားလုပ်ငန်းများ၏ ပါဝင်ဆောင်ရွက်မှုသည် ထူးခြားကောင်းမွန်ပြီး စက်မှုလုပ်ငန်းထုတ်လုပ်မှုတွင် ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။ စက်မှုလုပ်ငန်းအခန်းကဏ္ဍတွင် နိုင်ငံ၏ စုစုပေါင်းကုန်ထုတ်လုပ်မှုကဏ္ဍမှ ပို့ကုန်များ၏ ၃၅ ရာခိုင်နှုန်းရှိသည်။ အလုပ်အကိုင်ရရှိမှုအနေဖြင့် ကြည့်လျှင် ယင်းသည် စိုက်ပျိုးရေးကဏ္ဍပြီးလျှင် ဒုတိယအဆင့်တွင်ရှိပြီး လူဦးရေအားဖြင့် ၁၄သန်းကို အလုပ်အကိုင်ဖန်တီးပေးလျက်ရှိသည်။ ခြုံ၍ကြည့်လျှင် အသေးစားလုပ်ငန်းကဏ္ဍသည် သိသာထင်ရှားသော စက်မှုလုပ်ငန်းတိုးတက်မှုနှင့် အမျိုးအစားကွဲပြားမှုတွင် အောင်မြင်မှုများကို စွမ်းဆောင်ပေးခဲ့သည်။ အသေးစားလုပ်ငန်းများသည် အရင်းအနှီးနည်းပါးသည်။ ရှားပါးသော အရင်းအမြစ်များနှင့်များပြားသော လူဦးရေအခြေခံရှိသည့် အိန္ဒိယစီးပွားရေးပတ်ဝန်းကျင်နှင့်လိုက်ဖက်သင့်တော်သည်။ ထို့ပြင် သမားရိုးကျကျွမ်းကျင်မှုနှင့် အသိပညာတည်ဆောက်ထားခြင်းအတွက် လုပ်သားဆွဲဆောင်မှုနယ်ပယ်လည်းရှိသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းအဓိပ္ပာယ်သတ်မှတ်ချက်**

အိန္ဒိယနိုင်ငံ၏ ၂၀၀၆ ခုနှစ်၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (The Micro,Small and Medium Enterprises)(MSME) အက်ဥပဒေအသစ်တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့် ဆိုထားသည်။

မိုက်ခရိုစီးပွားရေးလုပ်ငန်း (Micro Enterprise) ဆိုသည်မှာ ရူပီးငွေသန်း ၂၅၀ ထက်မပိုသော စက်ရုံနှင့်စက်ပစ္စည်းများရှိသည့် ရင်းနှီးမြှုပ်နှံမှုသည် မိုက်ခရိုစီးပွားရေးလုပ်ငန်းဖြစ်သည်။

အသေးစားစီးပွားရေးလုပ်ငန်း (Small Enterprise) ဆိုသည်မှာ ရူပီးငွေ ၂၅ သန်း ထက်ကျော်ပြီး ရူပီး ၅ ဘီလီယံထက်မကျော်သော စက်ရုံနှင့်စက်ပစ္စည်းများရှိသည့် ရင်းနှီးမြှုပ်နှံမှုသည် အသေးစားစီးပွားရေးလုပ်ငန်းဖြစ်သည်။

အလတ်စားစီးပွားရေးလုပ်ငန်း (Medium Enterprise) ဆိုသည်မှာ ရူပီးငွေ ၅ ဘီလီယံ ထက်ကျော်ပြီး ရူပီးငွေ ၁၀ ဘီလီယံထက်မကျော်သော စက်ရုံနှင့်စက်ပစ္စည်းများရှိသည့် ရင်းနှီးမြှုပ်နှံမှုသည် အလတ်စားစီးပွားရေးလုပ်ငန်းဖြစ်သည်။

အမှန်စင်စစ် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပါယ်သည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားသည်။ ယေဘုယျအားဖြင့် ကမ္ဘာအနှံ့အပြားရှိ လုပ်ငန်းအားလုံးကိုဝန်ထမ်းအရေအတွက်ဖြင့်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏအရသော်လည်းကောင်း၊ နှစ်ခုစလုံးအရသော်လည်းကောင်း အဓိပ္ပါယ်သတ်မှတ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ အခန်းကဏ္ဍကို သက်ဆိုင်ရာအချက်များဖြင့် ရှင်းပြနိုင်သည်။ နိုင်ငံတစ်နိုင်ငံရှိ အသေးစားလုပ်ငန်းများက ဆောင်ရွက်ပေးသော အခန်းကဏ္ဍကို ဖော်ပြရာတွင် အချိန်ကာလတစ်ခုပေါ်ရှိ အရေအတွက်၊ ထုတ်လုပ်မှု၊ အလုပ်အကိုင်နှင့်ပို့ကုန်များမြင့်တက်လာခြင်းစသည့်အချက်တို့ကို လေ့လာ၍ ဖော်ပြလေ့ရှိသည်။

**အိန္ဒိယနိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက် မှုနှင့်စွမ်းဆောင်ရည်**

အသေးစားလုပ်ငန်းများက ဆောင်ရွက်သော ထွက်ကုန်အဆင့်သည် ၁၉၈၀-၈၁ ခုနှစ်တွင် ရူပီး ၂၈၀ ဒသမ ၆ ဘီလီယံရှိရာမှ ၁၉၉၉- ၂၀၀၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရူပီး ၅ ဒသမ ၇၈ ထရီလီယံရှိလာသည်။ ဤအချက်ကို ကြည့်ပါက နှစ် ၂၀ ကာလအတွင်း အဆ ၂၀ နီးပါးမြင့်တက်ခဲ့ခြင်းကို ပြသသည်။ ပို့ကုန်များသည် နှစ်၂၀ ကာလ အတွင်း အဆ ၄၀ နီးပါးမြင့်တက်ခဲ့သည်။ ပို့ကုန်များတွင် အသေး စားလုပ်ငန်းများပါဝင်မှုသည် ယင်းကာလအတွင်းမြင့်တက်ခဲ့ရာ ၁၉၉၅ ခုနှစ်တွင် အထူးမြင့်တက်ခဲ့သည်။ တိုးတက်မှုနှုန်းသည် ကျဆင်းသော လမ်းကြောင်းအဖြစ်ရှိခဲ့ရာ ၁၉၉၅-၂၀၀၀ ခုနှစ် ကာလအတွင်း လမ်းကြောင်းပြောင်းပြန်ဖြစ်ခဲ့ သည်။ လွတ်လပ်ရေး ရရှိပြီးကာလနှင့် ၁၉၈၀ နှောင်းပိုင်းကာလရှိ အသေးစားလုပ်ငန်း ကဏ္ဍတိုးတက်မှုကို နှိုင်းယှဉ်ကြည့်နိုင်သည်။ ပို့ကုန်များနှင့်ထုတ်လုပ်မှုတို့၏ တိုးတက်မှုသည် အလုပ်အကိုင် အရေအတွက်တို့ထက်ပို၍ များပြားနေသည်ကို တွေ့ရသည်။ ၁၉၉၅ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း စီးပွားရေးကဏ္ဍပေါင်း ၅၅၁ ခုတွင် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများ ကျဆင်းခဲ့သည်။ ၁၉၉၀ နှောင်းပိုင်းကာလအတွင်း တိုးတက်မှုခြေလှမ်းသည် လွတ်လပ်ရေး မရခင်ကာလနှင့် နှိုင်းစာလျှင် အတန်အသင့် နည်းပါးသည်။ အသေးစားလုပ်ငန်းများ၏ အခန်း ကဏ္ဍသည် အသားတင်ပြည်တွင်း ထုတ်ကုန်၊ စက်မှု လုပ်ငန်း ထုတ်လုပ်မှု၊ အလုပ်အကိုင်ရရှိမှုနှင့်ပို့ကုန်များတွင် ထူးခြားသောပါဝင်မှုနှင့်စီးပွားရေး၏ အရေးပါသော အခန်း ကဏ္ဍတွင် ဆက်လက် ရှိနေသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်အတွက် ကောက်ယူထားသောစာရင်းအရ မှတ်ပုံတင်ပြီးလုပ်ငန်းနှင့်မှတ်ပုံမတင်ရသေးသောလုပ်ငန်းများ၏ သန်းခေါင်စာရင်းအရ အိန္ဒိယ နိုင်ငံတွင် အသေးစားလုပ်ငန်းပေါင်း ၁ ဒသမ ၅ ဘီလီယံ ရှိသည်။ ယင်းတို့အနက် ၁၃၇ ဒသမ ၅ သန်းသည် မှတ်ပုံတင်ပြီး လုပ်ငန်း ယူနစ်များဖြစ်ကြပြီး ၉၁၄ ဒသမ ၆ ဘီလီယံသည် မှတ်ပုံမတင် ထားသောလုပ်ငန်းယူနစ်များဖြစ်ကြသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် အသေးစားလုပ်ငန်းယူနစ်အရေအတွက်သည် ၁ ဒသမ ၁ ဘီလီယံမှ ၁ ဒသမ ၁၅ ဘီလီယံသို့ ယခင်နှစ်က ထက်မြင့်တက်လာခဲ့သည်။ တိုးတက်မှုနှုန်းသည် ၄ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ တဖန် အသေး စားလုပ်ငန်းများ၏ လက်ရှိဈေးနှုန်းများအရ ထုတ်လုပ်မှု တန်ဖိုးသည် ၂၀၀၂-၂၀၀၃ ခုနှစ်ကာလအတွင်း ရူပီးငွေ ၃ ဒသမ ၁၂ ထရီလီယံမှ ရူပီးငွေ ၃ ဒသမ ၄၈ ထရီလီယံထိမြင့် တက်လာခဲ့သည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ စုစုပေါင်းထုတ်လုပ်မှုသည် ယခင်နှစ်နှင့်နှိုင်းစာလျှင် ၂၀၀၇ ခုနှစ်တွင် သာမန်ထက် ပိုသောတိုးတက်မှုကိုပြသခဲ့သည်။ လက်ရှိဈေးနှုန်းများအရ ထုတ်လုပ်မှု တိုးတက်မှုနှုန်းမှာ ယခင်နှစ်က ၁၅ ဒသမ ၈ ရရှိရာမှ ယခုနှစ်တွင် ၁၈ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ဤသို့အားဖြင့် အိန္ဒိယ၏ GDP တွင် ယင်း၏ရှယ်ယာမြင့်တက်မှုသည် ယင်းနှစ် ကာလအတွင်း ၁၅ ဒသမ ၅ ရာခိုင်နှုန်းထိမြင့်တက်ခဲ့သည်။

**အိန္ဒိယနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏အားသာချက်များနှင့်အားနည်းချက်များ**

**အားသာချက်များ**

အိန္ဒိယနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ အဓိကကျသော အားသာချက်များမှာ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု၊ ပိုင်ရှင်စီမံခန့်ခွဲမှု၊ လုပ်သားခသက်သာမှု၊ အပိုကုန်ကျစရိတ်နည်းပါးမှုနှင့် အရင်းအနှီးထွက်ကုန်အချိုးကောင်းမွန်မှုတို့ ဖြစ်သည်။

**ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု**

အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ဆန်းသစ်ဖန်တီးမှုအသစ်ကို လွယ်လင့်တကူရယူနိုင်ပြီး နည်းလမ်းသစ်ကိုလည်း ရယူနိုင်သည်။ လက်ရှိစနစ်ကို ပြောင်းလဲခြင်းစရိတ်သည်လည်း အတန်အသင့်နည်းပါးသည်။

**ပိုင်ရှင်စီမံခန့်ခွဲမှု**

အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် ပိုင်ရှင်စီမံခန့်ခွဲမှုသည် ဖြစ်နိုင်ချေရှိပြီး လျင်မြန်သောဆုံးဖြတ်ချက်ချခြင်းကို သေချာစေသည်။ ယင်းသည် လျင်မြန်မှုကို သေချာစေပြီး ကြိုးနီစနစ်ကို လျှော့ချပေးသည်။

**လုပ်သားခဈေးသက်သာခြင်းနှင့်အပိုကုန်ကျစရိတ်များနည်းပါးခြင်း**

အကြီးစားလုပ်ငန်း၏ အားနည်းချက်တွင် အဓိကအကြောင်းရင်းသည် ယင်း၏လုပ်သားပြဿနာဖြစ်ပြီး လုပ်ခစရိတ်ကြီးမားသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်း၏ အားသာချက်သည် ဈေးသက်သာသော လုပ်သားဖြစ်ပြီး အပိုကုန်ကျစရိတ်နည်းပါးသည်။

**အရင်းအနှီးနှင့်ထွက်ကုန်အချိုးကောင်းမွန်ခြင်း**

အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် လုပ်သားဆွဲဆောင်မှုမက်လုံးရှိသည်။ သင့်တင့်သော အရင်းအမြစ်များ အသုံးချခြင်းမှ တစ်ဆင့်အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ထွက်ကုန်တစ်ယူနစ်လျှင် အရင်းအနှီးရင်းနှီးမြှုပ်နှံမှု၏ နည်းပါးသောအဆင့်ကို ထိန်းထားသည်။

**အားနည်းချက်များ**

**အရည်အချင်းပေါ်တွင် အလေးထားမှုအားနည်းခြင်း**

ယင်းသည် အသေးစားလုပ်ငန်းများ၏ အဓိကကျသော အားနည်းချက်ဖြစ်သည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အလုံးစုံအရည်အသွေးပရိုဂရမ်ကို အာရုံစိုက်မှုနည်းပါးသည်။ ထို့ကြောင့် အရည်အသွေးဆိုင်ရာ ပြဿနာများဖြစ်စေသည်။ လေ့လာတွေ့ရှိသော အစီရင်ခံစာများက အသုံးချမှုစွမ်းရည်အောက်ရောက်ရှိနေခြင်းသည် အိန္ဒိယနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများရှိ ထုတ်လုပ်မှုစွမ်းအားအဆင့်တွင် လျော့နည်းခြင်းသို့ ဦးတည်သည်။

**ငွေရေးကြေးရေးအင်အားနည်းပါးခြင်း**

အသေးစားနှင့်အလတ်စားလုပ်ငန်း အမှတ်တံဆိပ်ပုံရိပ်သည် အခြားအရင်းအမြစ်များမှ တစ်ဆင့်အရင်းအနှီးကို သွက်လက်သော ဝန်ဆောင်မှုအတွက် စုစည်းပြင်ဆင်ပေးသည်။ ယင်းသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ငွေရေးကြေးရေးပေါ်တွင် ကြီးမားစွာအားထားနေရသည်။ ယင်းတို့တွင် ကော်ပိုရိတ်ပုံရိပ်မရှိချေ။

**လုပ်ငန်းဆိုင်ရာ အလုပ်ယဉ်ကျေးမှုအားနည်းခြင်း**

လုပ်သားများသည် သူတို့၏ကိုယ်ရေးကိုယ်တာကိစ္စတွင် ပိုမိုအာရုံစိုက်ကြသည်။ အချိန်မှန်အစီရင်ခံစာတင်ရမည့်စည်းကမ်းကို ပုံမှန်အားဖြင့် မထိန်းသိမ်းနိုင်ကြချေ။ လေ့ကျင့်ထားသောလုပ်သားများရရှိခြင်း၊ ဆက်လက်ဆောင်ရွက်ခြင်းနှင့်ယင်းတို့အပေါ် နှစ်သက်ကျေနပ်ခြင်းသည် ခက်ခဲလှသည်။ လေ့လာတွေ့ရှိချက်များအရ အိန္ဒိယနိုင်ငံတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အားနည်းကြပြီး အချို့သည်လုပ်ငန်းဆက်လက်ရပ်တည်နိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။ အဓိကအကြောင်းရင်းမှာ အရည်အသွေးနိမ့်ကျပြီး ယှဉ်ပြိုင်မှုတိုးပွားလာခြင်းဖြစ်သည်။ ထို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အကောင်းဆုံးဗျူဟာများရယူခြင်းဖြင့် စိန်ခေါ်မှုအသစ်များကို ရယူရန်လိုအပ်သည်။ သို့ဖြစ်ရာ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အရည်အသွေးသတိမူမှုကို ဖန်တီးရန်နှင့်စဉ်ဆက်မပြတ်တိုးတက်မှု နည်းလမ်းများကို ရယူဆောင်ရွက်ရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတိုင်းသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီးများသာမက အသေးစားလုပ်ငန်းများသည်လည်း ဂလိုဘယ်ဈေးကွက်တွင် လိုအပ်သောနည်းပညာကျွမ်းကျင်မှုများ၊ နည်းပညာအဆင့်မြှင့်ခြင်း၊ အရည်အသွေးများ၊ စံချိန်စံညွှန်းများရရှိရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကဗြိတိန်နိုင်ငံမှ စီးပွားရေးပညာရှင် Ernst Friedrich Schumacher ထုတ်ဝေခဲ့သော စာအုပ်မှာ “ငယ်သော်လှ၏” (Small is beautiful) ဖြစ်သည်။ ယင်းစာအုပ်တွင် စာရေးဆရာက အသေးစားလုပ်ငန်းများအနေဖြင့် ထိရောက်စွာ ထိန်းချုပ်အသုံးချနိုင်သော လူသားတို့ကို ချုပ်ကိုင်မှုဖြင့် သင့်တော် သော နည်းပညာများကို ဦးစားပေးရန် ဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ အိန္ဒိယနိုင်ငံရှိ နေရာတိုင်းတွင် ဆောင်ရွက်နေသော အသေးစားလုပ်ငန်း ယူနစ်ပင်လျှင် အိန္ဒိယတွင်လုပ်ငန်းဆောင်ရွက်နေသော ဂလိုဘယ်ကုမ္ပဏီကြီးများ၏ စံချိန်စံညွှန်းများကို ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စက်မှုလုပ်ငန်းထွန်း ကားရေးသည် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုဆိုင်ရာ ပြဿနာများဖြေရှင်းခြင်းအတွက် ထိရောက်သော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ အသေးစားနှင့် အလတ်စားလုပ်ငန်း များသည် စွန့်ဦးတီထွင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ■

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၁၄၀ ကျော်ဝင်

စက်တင်ဘာလ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၁၃၂၃၆၉ တန်ဖိုးရှိ ဒီဇယ် ၁၂၅ဒသမ ၆၁၁တန်နဲ့ ကန်ဒေါ်လာ ၁၂၃၉၉၀၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၅ ဒသမ ၇၇၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီနဲ့ ဒီဇယ်ကို စင်ကာပူနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဒီဇယ်အဝင်မှာ ၁၂၉တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃ တန် ကျော် အဝင်လျော့ခဲ့ပြီး ယခင်တစ်ပတ်ဓာတ်ဆီအဝင်မှာ ၂၁၁ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၉၅ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ စက်တင်ဘာ ၁၄ ရက်နေ့မှ စက်တင်ဘာ ၁၈ရက်နေ့ အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချ နေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး၁၀၀၀ ကျပ် ဝန်းကျင်အနည်းငယ် မြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ဒီဇယ်၊အောက်တိန်း(92)နဲ့ အောက်တိန်း(95) မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92) ၆၉၀၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာလ ၁၄ရက်နေ့ ဓာတ်ဆီ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၀၀၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ၁၇ ရက်နေ့တွင် ရက်နေ့မှာ ဝယ်ဈေး၁၀၀၀ ကျပ် ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ဒီဇယ်ဈေးမှာ စက်တင်ဘာလ ၁၄ ရက်မှာ ဝယ်ဈေး ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး၁၂၅၀၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာ ၁၇ ရက်တွင် ဝယ်ဈေး ၁၀၀၀ ကျပ်၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်း အဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၇၅၅ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပ လက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၁၆ ရက်တွင် ဝယ်ဈေး ၁၀၀၀ ကျပ် ဈေးမြင့်ပြီး ရောင်းဈေး ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဓာတ်ဆီဈေးမှာ စက်တင်ဘာလ ၁၄ ရက်နေ့ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ၁၅ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါ တယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီမှာ ဈေးအနည်းငယ် ကျခဲ့ပြီး ဒီဇယ်မှာ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ် နဲ့ အရောင်း အဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### Energy NYMEX 18-9-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.73 | -0.17 | -0.36 |
| Brent Crude Futr (USD/bbl) | 49.12 | 0.04 | 0.08 |
| Gasoline Rbob Fut (Cent/gal) | 138.20 | 0.60 | 0.44 |
| Natural Gas Futr (USD/MMBtu) | 2.65 | -0.01 | -0.23 |
| Heating Oil Futr (Cent/gal) | 152.89 | -0.08 | -0.05 |

## သွင်းကုန်များ ပိုမိုများပြားလာခြင်းကြောင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

မြန်မာနိုင်ငံတွင် သွင်းကုန်များ ပိုမိုများပြားလာခြင်းကြောင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်နေရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကတည်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။

"သွင်းကုန်တွေက အရင်ထက်ပို ပြီးများလာတယ်။ ရေဘေးကိုအကြောင်းပြုပြီးသွင်းကုန်တွေကို အများအပြား သွင်းလာတဲ့အခါကျတော့ ဈေးကွက်ထဲမှာ ဒေါ်လာက လိုငွေပြလာတယ်။ အဲဒါကြောင့် ပြည်တွင်းငွေလဲနှုန်းတွေ မြင့်တက်နေရတာပါ။ နိုင်ငံတကာမှာလည်း မြင့်တက်တယ်ဆိုပေမယ့် ဒီမှာက ဘတ် ဂျက်လိုငွေကလည်းရှိနေတယ်၊ သွင်းကုန်တွေကလည်း များလာတယ်ဆိုတော့ မြန်မာကျပ်ငွေတန်ဖိုးက ကျလာ တယ်။ လက်ရှိဖြစ်နေတဲ့ ဈေးထက်တက်လာရင်တော့ ကုန်ဈေးနှုန်းက ပိုပြီးတက်လာတော့မှာ။ အခုဟာက သိပ်မသိသာသေးဘူးလို့ ဆိုရမယ်။ သွင်းကုန်တွေကို ထိန်းချုပ်ဖို့အတွက် ဒေါ်လာဈေးကိုမြှင့်နေတဲ့စနစ်ကြောင့်လည်း ဖြစ်ရတယ်လို့ထင်ပါတယ်။ သွင်းကုန်ကို မထိန်းနိုင်တဲ့အပြင် ဒီလိုဈေးမြင့်တက်လာတာက ပြည်သူတွေကို ထိခိုက်နိုင်တာကိုပါ ထည့်သွင်းတွက်ချက်ဖို့ လိုပါတယ်"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ဗဟိုဘဏ်မှသတ်မှတ်ထားသည့် ရည်ညွှန်းငွေလဲနှုန်းမှာ စက်တင်ဘာလ ၁၄ ရက်က ၁၂၈၄ကျပ်ရှိခဲ့ပြီး စက် တင်ဘာလ ၁၅ ရက်နေ့တွင် ၁၂၈၆ ကျပ်၊ စက်တင်ဘာလ ၁၇ရက်နေ့တွင် ၁၂၉၂ကျပ်သို့ မြင့်တက်ခဲ့သည်။

ငွေလဲဈေးကွက်တွင် စက်တင်ဘာ လ ၁၄ရက်နေ့က ရောင်းဈေး ၁၂၉၃ ကျပ်၊ ဝယ်ဈေး ၁၂၈၉ကျပ်၊ စက်တင် ဘာလ ၁၇ရက်နေ့တွင် ရောင်းဈေး ၁၃၀၁ ကျပ်၊ ဝယ်ဈေး ၁၂၉၆ကျပ်သို့ မြင့်တက်ခဲ့ကာ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရောင်းဈေး ၁၃၀၀ ကျပ်၊ ဝယ်ဈေး ၁၂၉၅ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ရွှေဈေးများမြင့်တက်နေမှုကြောင့် ရွှေဈေးကွက်အတွင်း အရောင်းအဝယ်ပါး

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးများ မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးများပါ ပြန်လည်မြင့်တက်လာသဖြင့် ရွှေဈေးကွက်အတွင်း အရောင်းအဝယ်များပါးနေကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကမ္ဘာ့ရွှေဈေးများ အနည်းငယ်ကျဆင်းခဲ့သော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေမှုကြောင့် မြန်မာ့ရွှေဈေးများ အမြင့်ဈေးဖြင့် ဈေးငြိမ်ခဲ့သည်။

သို့သော် ယခုတစ်ပတ်အတွင်းတွင်မူ ကမ္ဘာ့ရွှေဈေးသည်လည်း မြင့်တက်လာခဲ့ရာ ပြည်တွင်းရွှေဈေးများပါ ဆက်လက် မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းငွေလဲနှုန်းများမှာလည်း မြင့်တက်လျက်ရှိသဖြင့် မြန်မာ့ရွှေဈေးများ မြင့်တက်နေရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက ရှင်းပြသည်။

"ဒီတစ်ပတ်ဆိုရင် ကမ္ဘာ့ရွှေဈေးကလည်း တက်လာတယ်။ ပြည်တွင်းငွေလဲနှုန်းကလည်း တက်လာတယ်။ အဲဒီနှစ်ခုဆုံသွားတော့ မြန်မာ့ရွှေဈေးက ဘယ်လိုမှ အကျမရှိဘူးဖြစ်သွားတယ်။ ရွှေဈေးတွေ မြင့်တက်လာတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်က ပါးသလောက်ကို ဖြစ်သွားတာ။ သီတင်းကျွတ်ကာလ နီးလာပြီဆိုပေမယ့်လည်း အခုလို ရွှေဈေးတွေ ဆက်တိုက်မြင့်နေမယ်ဆိုရင် ဈေးကွက်က ပျက်သလိုတောင်ဖြစ်သွားမှာ စိုးရတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးကွက်တွင်စက်တင်ဘာလ ၁၄ ရက်နေ့က ကျပ် ၇၆၄၀၀၀ ရှိခဲ့သော်လည်း စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျပ် ၇၇၀၀၀၀သို့ မြင့်တက်ခဲ့သည်။ စက်တင်ဘာလ ၁၈ရက်နေ့တွင်ကျပ် ၇၇၃၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် စက်တင်ဘာလ ၁၄ ရက်နေ့က ၁၁၀၈ဒေါ်လာရှိခဲ့ပြီး စက်တင်ဘာလ ၁၇ ရက်နေ့တွင် ၁၁၂၀ ဒေါ်လာသို့ ရုတ်ခြည်းမြင့်တက်ခဲ့သည်။ စက်တင်ဘာ ၁၈ ရက်နေ့တွင် ၁၁၃၁ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14-September | 14.49 | 1813.06 | 1630.05 | 5424.61 | 961.00 |
| 15-September | 14.34 | 1736.67 | 1603.84 | 5324.21 | 952.00 |
| 16-September | 14.46 | 1762.88 | 1621.09 | 5451.04 | 964.00 |
| 17-September | 14.93 | 1723.23 | 1614.59 | 5444.99 | 966.00 |
| 18-September | 15.10 | 1734.66 | 1626.91 | 5402.66 | 973.00 |

Source:kitco.com

### Currency Exchange Rate

September 18, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 77.12 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.36 |
| EUR | Euro | 0.87 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 65.96 |
| IDR | Indonesia Rupiahs | 14480.34 |
| JPY | Japan Yen | 119.66 |
| MYR | Malaysia | 4.23 |
| PKR | Pakistan Rupees | 104.36 |
| PHP | Philippines Pesos | 46.46 |
| RUB | Russia Rubles | 65.62 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1162.87 |
| LKR | Sri Lanka Rupe | 139.18 |
| THB | Thailand Baht | 35.63 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 22476.77 |

*Source : xe.com*

### World Gold Price

September, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 14 | 1106 | 1106 | 1106 |
| 15 | 1105 | 1104 | 1104 |
| 16 | 1105 | 1105 | 1105 |
| 17 | 1117 | 1117 | 1117 |
| 18 | 1108 | 1125 | 1125 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-9- 2015 | 764.00 | 762.90 |
| 15-9- 2015 | 764.00 | 764.30 |
| 16-9- 2015 | 766.00 | 766.00 |
| 17-9- 2015 | 770.00 | 770.20 |
| 18-9- 2015 | 773.00 | 773.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 6 .34 | 36.04 | 77.75 | 66.35 |
| 15 | 6. 37 | 35.97 | 77.82 | 66.43 |
| 16 | 6 37 | 35.98 | 77.94 | 66.43 |
| 17 | 6 .37 | 35.83 | 77.84 | 66.28 |
| 18 | 6.36 | 35.63 | 77.12 | 65.96 |

## ဘိလပ်မြေ



### ဒီတစ်ပတ်ဘိလပ်မြေအဝင်နည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၉၀၇၀၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၂၅၉၅ ဒသမ ၈၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံ မှသာ တင်သွင်းခဲ့ပါတယ်။ ဆင်၊ စိန်နဲ့ အခြားတံဆိပ်များ ဝင်လာပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန်ခြောက်သောင်းကျော်ထိဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ အဝင်တော်တော်လေးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေ ဈေးငြိမ်ပြီးအရောင်းအဝယ်အေး

စက်တင်ဘာ ၆ ရက် မှ ၁၂ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၂၂၉၅၉ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၀၃၀၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၃၇၃၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၄၆၂၀တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၄၆၇၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ ဘိလပ်မြေအရောင်း ဆိုင်မှတာဝန်ရှိသူ တစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၆၇၅၀၀ ကျပ်၊ အပါချီ ၅၈၀၀ ကျပ်၊ ဆင်မြန်မာ ၅၆၀၀ ကျပ်၊ မက်စ် (မြန်မာ)၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ မိုးကာလဆောက်လုပ်ရေးလုပ်ငန်းများနားနေတာကြောင့် အရောင်းပါးပြီငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၀၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**ဘိလပ်မြေ အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ စိန်(ယိုးဒယား) ၇၄၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ကျပ်၊ ကျားခေါင်း ၄၉၀၀ကျပ်၊နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ် ဆင်(ယိုးဒယား) ၇၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မြေသြဇာ တန်ချိန် ၆၇၆၀ ကျော်ဝင်

စက်တင်ဘာ ၆ ရက်မှ ၁၂ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၁၁၉၀၀ တန်ဖိုးရှိ မြေသြဇာ ၆၇၆၃ ဒသမ ၉၆၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ရုရှားနိုင်ငံမှ ကွန်ပေါင်းမြေသြဇာ ၂၅၅ တန်၊ ထိုင်းနိုင်ငံမှ ကွန်ပေါင်း (AGROPHATE)(OX) တန် ၇၂၀၊ တရုတ်နိုင်ငံမှ အမိုးနီးယမ်းဆာလဖိတ် ၄၁၆၄ ဒသမ ၉၆၆ တန်၊ ဂျပန်နိုင်ငံမှ ဩဂဲနစ် ၂၄ တန်၊ စင်ကာပူမှ ကွန်ပေါင်းမြေသြဇာတန် ၅၅၀ နဲ့ ပိုတက်ဆီယမ် တန် ၁၀၅၀ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်မြေသြဇာအဝင်မှာ တန်ချိန် ၆၃၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၉၀ ကျော်အဝင်ပိုခဲ့ပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်နေ

စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အတွင်း ပြည်တွင်းကို ရေလမ်း မှ မြေသြဇာ ၆၇၆၃ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၆၃၇၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၆ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၂၁၂၉၅ တန်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၉၉၀၀ တန်ကျော်ရှိခဲ့တာကြောင့် ၁၃၈၇ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးဈေးကွက်မှာ ဈေးငြိမ်ပြီး မော်လမြိုင်မှာ ဈေးအနည်းငယ်မြင့်ကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာ အရောင်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေးက ၅၀၀ ကျပ်ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ချောင်းဆုံနယ်ဘက်ကလည်း အဆွဲရှိခဲ့တာကြောင့် အရောင်းအဝယ်ကသွက်တယ်။ ဒီအချိန်က မြေသြဇာ အသုံးရှိနေတာကြောင့် အရောင်းအဝယ်ကကောင်းတယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၆၈၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၈၀၀ ကျပ်၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာကအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာမြားကမ္ဘာက ၂၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ က ၄၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၈၀၀ ကျပ်၊ အာမို၁၅ ပတ်လည်နဲ့ ယူရီးယား (ရွှေတောင်-တရုတ်) က ၁၀၀၀ ကျပ်၊တောင်သူမ က၃၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါ တယ်။ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)(အပြာ) ၁၇၂၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၆၄၀၀ ကျပ်၊ အာမို ၁၀း၁၀၅ ၁၇၃၀၀ ကျပ်၊အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်) ၂၅၃၀၀ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၀၀၀ ကျပ်၊ တီစူပါ ၂၂၄၀၀ ကျပ်၊ တောင်သူမ ၁၆၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာမြေသြဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယား(နေရွက်လှေ-တရုတ်) မြေသြဇာက ၅၀၀ ကျပ်၊တီစူပါ(သံကွင်း-တရုတ်) ၈၀၀ ကျပ် ဈေးကျလာပြီး ပိုတက်(အိန္ဒိယ) က ၅၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၄၀၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ၃၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဆီဈေးတွေ ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၅၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၅၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၃၀၀ကျပ်၊တီစူပါ၁၀း၁၀း၅(တရုတ်) ၁၇၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၇၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၆၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့်တန်ချိန် ၅၇၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ၆ ရက်မှ၁၂ရက်အတွင်း ကန်ဒေါ်လာ ၂၄၀၃၅၀ တန်ဖိုးရှိ ဒွန်းနို့ဆီ ၂၀၅ ဒသမ ၂၀ တန်၊ ကန်ဒေါ်လာ ၁၆၀၈၀၀ တန်ဖိုးရှိ မာရီဂိုးနို့ဆီ ၁၂၄ ဒသမ ၂၀ တန်နဲ့ ကန်ဒေါ်လာ ၃၁၈၀၀၀ တန်ဖိုးရှိ အိုကေနို့ဆီ ၂၄၈ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၂၆၀ ကျော်ဝင်ခဲ့တာကြောင့် ဒီ တစ်ပတ်မှာ တန်ချိန် ၃၁၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်ကို မလေးရှားမှ ၁၇ ဒသမ ၉၂၂ တန်၊ စင်ကာပူမှ ၂၁ ဒသမ ၄၀၂ တန်နဲ့ ဗီယက်နမ်မှ ၈ ဒသမ ၄၂၄ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၂၄၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့မှုန့် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၅/၉ မှ ၁၁/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၉/၈ မှ ၄/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၅၁.၀၀ | ၁၂၈၅.၀၀ | (-) | ၃၃၄.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၇၄.၀၀ | ၃၅၂.၀၀ | (+) | ၂၂.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၅၀.၀၀ | (-) | ၂၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၁၂၃.၅၀ | ၁၇၀၂.၀၀ | (+) | ၄၂၁.၅၀ |
| ၅။ | တာချီလိတ် | - | ၆၀.၀၀ | (-) | ၆၀.၀၀ |
| ၆။ | မြဝတီ | ၂၉၉၆.၅၀ | ၁၈၉၀.၂၅ | (+) | ၁၁၀၆.၂၅ |
| ၇။ | ကော့သောင်း | ၇၈၂၅.၀၀ | ၆၉၄၀.၀၀ | (+) | ၈၈၅.၀၀ |
| ၈။ | မြိတ် | ၃၅၀.၀၀ | ၂၁၉၅.၀၀ | (-) | ၁၈၄၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၄၆၂၀.၀၀ | ၁၄၆၇၄.၂၅ | (-) | ၅၄.၂၅ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၅/၉ မှ ၁၁/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၉/၈ မှ ၄/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၃၄၅.၉၀၀ | ၁၇၃၂၁.၇၅၀ | (+) | ၂၄.၁၅၀ |
| ၂။ | လွယ်ဂျယ် | ၃၁၄.၅၀၀ | ၁၇၇.၀၀၀ | (+) | ၁၃၇.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၁၂.၀၀၀ | ၁၅၆၆.၀၀၀ | (-) | ၄၅၄.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၁၀၆၅.၈၀၀ | ၄၁၆.၃၀၀ | (+) | ၆၄၉.၅၀၀ |
| ၆။ | ကော့သောင်း | ၂၃၂.၀၀၀ | ၉၆.၅၀၀ | (+) | ၁၃၅.၅၀၀ |
| ၇။ | မြိတ် | ၃၂၅.၀၀၀ | ၃၀.၀၀၀ | (+) | ၂၉၅.၀၀၀ |
| ၈။ | ရိဒ် | ၉၀၀.၀၀ | ၃၀၀.၀၀၀ | (+) | ၆၀၀.၀၀၀ |
| | စုစုပေါင်း | ၂၁၂၉၅.၂၀၀ | ၁၉၉၀၇.၅၅၀ | (+) | ၁၃၈၇.၆၅၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### မူဆယ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ နှမ်းလှော်ပါတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ သုညဒသမ ၂၂၀ သန်းတန်ဖိုးရှိ နှမ်းဖြူနဲ့ နှမ်းဖြူ(အခွံချွတ်)အပြင် ကန်ဒေါ်လာ ၄၀၀၀ တန်ဖိုးရှိတဲ့ နှမ်းလှော် ၂ တန်ခွဲကိုလည်း တင်ပို့ခဲ့ပါတယ်။မကွေးမြို့တွင် ဒေသတွင်း ရိုးရာခလေ့ဖြစ်တဲ့ လက်ဖက်၊ ပဲကြမ်းတို့နှင့်လည်းကောင်း၊ မုန့်ပဲသွားရည်စာမျိုးစုံတွင်လည်းကောင်း နှမ်းလှော်ကို အသုံးပြုမှုများလာကြောင်း သိရပါတယ်။ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းကတော့ ယခင်တစ်ပတ်က နှမ်းရောင်စုံ ၃၀၆၁ တန် တင်ပို့နိုင်ခဲ့ပြီး ယခုသီတင်းပတ်မှာတော့ ၁၉၈၁ တန်သာ တင်ပို့ခဲ့ပါတယ်။မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်က ယခုတစ်ပတ်တွင်လည်း ကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိတဲ့ နှမ်းနက် ၂၈ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။

နှမ်းစိုက်ခင်းများ ကောင်းမွန်ပြီး ထွက်နှုန်းကောင်းကြသလို တရုတ်ဈေးကွက်ရဲ့ ဝယ်လိုအားကြောင့် ဈေးနှုန်းများလည်း မြင့်တက်ကာ တောင်သူတွေ အဆင်ပြေနေကြတယ်လို့ မန္တလေးရှိ နှမ်းကုန်သည်တစ်ဦးက ပြောပါတယ်။ ယခုတစ်ပတ်ရဲ့ နယ်စပ်စခန်းအလိုက် နှမ်းရောင်စုံတင်ပို့မှုကတော့-

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | ၈၀. ၅ | ၆၂၃ | - |
| နှမ်းနက် | - | ၁၃၄၀ | ၂၈ |
| နှမ်းညို | - | ၁၈ | - |
| နှမ်းဖြူ(အခွံချွတ်) | ၆၈. ၀ | - | - |
| နှမ်းလှော် | ၂. ၅ | - | - |

မူဆယ်ကုန်စည်ဒိုင်နဲ့ ယခုတစ်ပတ် နှမ်းဖြူဈေးမှာ ၁၇၈၄၉၄၅ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၈၃၇၄၉ ကျပ်ဖြစ်ပါတယ်။

**မော်မော်အောင်**

### ပြည်ဆီထွက်သီးနှံဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်တွင် ယခုအချိန်၌ ဆီထွက်သီးနှံများ လှိုင်ချိန်တွင် နှမ်းဈေးအနည်းငယ်ပြန်မြင့်ပြီး မြေပဲဆန်ဈေး အနည်းငယ် ကျလာတာ တွေ့ရပါတယ်။ အဝင်အနည်းငယ် များလာသော်လည်း ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း နှမ်းနီ တစ်တင်းကို ၃၃၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၅၃၀၀၀ ကျပ်နဲ့ မြေပဲဆီဆန် တစ်ပိဿာ ကို ၂၄၀၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် ဈေးတန်းနေတာ တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်ကာလတူက နှမ်းဈေးမြင့်ပြီး မြေပဲဆန်ဈေး ကျနေတာ တွေ့ရပါတယ်။ သီးနှံဈေးအခြေအနေပေါ် လိုက်ပြီး ဆီဈေး အတက်အကျရှိနေတာတွေ့ရပါတယ်။ ယခင်နှစ် ကာလတူက နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၄၁၆၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၅၁၃၀၀ ကျပ်ရှိခဲ့ပြီး ယခုနှစ်တွင် နှမ်းနီ တစ်တင်း ၃၃၀၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်း ၅၃၀၀၀ ကျပ် ဈေးရှိခဲ့သဖြင့် မနှစ် ကထက်စာရင် ဒီနှစ်မှာ နှမ်းနီကို ဝယ်လိုအားသိပ်မရှိခဲ့တာ တွေ့ရပါတယ်။ နှမ်းနက်မှာ ဝယ်လိုအား ရှိသော်လည်း ရေဝင်သွားသလို နှမ်းခင်းများ ပျက်စီးသွားခဲ့ပါတယ်။ ဒါကြောင့် နှမ်းအထွက် နည်းသွားလို့ နှမ်းနက်ဈေးမြင့်ခဲ့ပေမယ့် နှမ်းနီဈေး အနည်း ငယ် ပြန်ကျလာတာ တွေ့ရပါတယ်။ ထို့အတူ မြေပဲဆန်ဈေးမှာ လည်း ယခင်နှစ် ကာလတူက ဆီဆန် တစ်ပိဿာကို ၁၆၀၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာကို ၁၉၀၀ ကျပ်ဈေးရှိခဲ့ပြီး ယခုနှစ် တွင် မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာကို ၂၄၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် ယခင်နှစ်ကထက် ဈေး မြင့်လာရခြင်းမှာ မြေပဲ ဆန်ကို ဝယ်လက်များက နှမ်းအစား ဝယ်ယူမှုများလာသဖြင့် ဈေးမြင့်လာခဲ့ခြင်းဖြစ်ပါတယ်။ ဆီ ဈေးမှာလည်း ယခင်နှစ် ကာလတူက နှမ်းဆီဈေးမှာ တစ် ပိဿာ ၅၄၀၀ ကျပ်ရှိခဲ့ပြီး ဒီနှစ်မှာတော့ ၄၇၀၀ ကျပ်ရှိခဲ့ တာကြောင့် ယခင်နှစ်က ထက်စာရင် ဈေးကျလာတာတွေ့ရ ပါတယ်။ မြေပဲဆီဈေးမှာ ယခင်နှစ်က တစ်ပိဿာ ၃၅၀၀ ကျပ်ရှိခဲ့ပေမယ့် ဒီနှစ်မှာတော့ ကျပ် ၆၀၀၀ အထိ ဈေးမြင့်နေ တာတွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### ရက်သတ္တပတ် နှစ်ပတ်ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပေမယ့် ရင်းဂစ်တန်ဖိုးခိုင်မာမှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

စားအုန်းဆီရဲ့စတော့ရှယ်ယာတွေဈေးကွက်မှာ ပြန်လည်ကျဆင်းမှုနဲ့ ရင်းဂစ်တန်ဖိုးခိုင်မာမှုကြောင့် မလေးရှား စားအုန်း ဆီကြိုရောင်းဈေးများ စက်တင်ဘာ ၁၇ ရက်နေ့မှာ ကျဆင်းခဲ့ ကြောင်း ဘီရီကော်ဒါ သတင်းမှာ ဖော်ပြထားပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange ) မှာ နိုဝင်ဘာလအတွက် အခြေခံစံထားဈေးက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး နေ့လယ်ပိုင်းဈေးကွဲချိန်မှာ စားအုန်းဆီတစ်တန်ကို ၂၁၃၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၀၁ ဒသမ ၈၈ )နှုန်းရှိခဲ့ပါတယ်။

ရောင်းချရတဲ့ပမာဏက ၂၅ တန်ရှိအတွဲ ၃၀၈၄၆ တွဲရှိတဲ့အတွက် နံနက်ပိုင်း ဈေးကွဲချိန်ရောင်းချရလေ့ရှိတဲ့ ပျမ်းမျှအတွဲ ၁၃၅၀၀ နဲ့နှိုင်းယှဉ်ရင် နှစ်ဆကျော်ရှိပါတယ်။

ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခြင်းက စားအုန်းဆီဈေးကျဆင်းရတဲ့ အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ၁၀ ရက်ခန့်အတွင်း ဈေးနှုန်းတွေမြင့်တက်ခဲ့တဲ့အတွက် ကုန်သည်တွေအတွက် အကျိုးအမြတ်ရှိခဲ့ပါတယ်။

"ဈေးကွက်မြင့်တက်မှုက လျင်မြန်လွန်းတဲ့အတွက် စတော့ဈေးတွေပြန်လည်ကျဆင်းလာတာက မမျှော်လင့်ဘဲ ရုတ်တရက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အနိမ့်ဆုံးဈေးက တစ်တန်ကို ရင်းဂစ် ၂၁၀၀ ဝန်းကျင် လောက်မှာ ရှိမယ်လို့ ခန့် မှန်းရပါတယ်"လို့ သူကပြောပါတယ်။

စက်တင်ဘာ ၁၄ ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး နေ့လယ်ပိုင်းဈေးကွက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၅၄၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက ယခုနှစ်အတွင်း ၁၈ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့တဲ့အတွက် အာရှဒေသတွင်းမှာ စွမ်းဆောင်ရည်အညံ့ဖျင်းဆုံး ငွေကြေးတစ်ခုအဖြစ် ရောက်ရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုး ကျတဲ့ အချိန်ဆိုရင်တော့ စားအုန်းဆီဈေးနှုန်းတွေ မြင့်တက်လေ့ရှိပါတယ်။

စားအုန်းဆီကတစ်တန်ကို ၂၁၃၂ ရင်းဂစ်အောက် ကျရာမှ ဆက်လက်ကျဆင်းသွားမယ်ဆိုရင်တော့ တစ်တန်ကို ၂၀၆၈ ရင်းဂစ်နှုန်းထိ ကျဆင်းနိုင်တယ်လို့ ရိုက်တာသတင်းဌာန ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။ တခြားဟင်းရွက်ဆီဈေးကွက်တွေကို ကြည့်မယ်ဆိုရင် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးက သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် ဈေးကွက်မှာ ဒီဇင်ဘာအတွက် စားအုန်းဆီဈေးက သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

အမေရိကန်စတော့ဈေးနှုန်းတွေတန့်နေပြီး နောက်ပိုင်း စက်တင်ဘာ ၁၆ ရက်မှာ ဈေးနှုန်းတွေ တစ်ဟုန်ထိုးမြင့်တက်ခဲ့တဲ့အတွက် ရေနံစိမ်းဈေးနှုန်းတွေ အတက်အကျ မရှိတန့်နေပေမယ့် အာရှနိုင်ငံတွေရဲ့ စီးပွားရေးအားနည်းတဲ့လက္ခဏာတွေကို ထပ်မံတွေ့ရှိရတဲ့အတွက် စက်တင်ဘာ ၁၇ ရက်နေ့မှာ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်တွေ ထုတ်လုပ်ရာမှာ ဟင်းရွက်ဆီကို တိုးချဲ့သုံးစွဲလာတဲ့အတွက် ဇီဝလောင်စာဆီ အဖြစ်ပြုပြင်ချက်လုပ်ရာမှာ အသုံးပြုတဲ့ စားအုန်းဆီဈေးနဲ့ ရေနံစိမ်းဈေးနှုန်းတွေက ဆက်စပ်မှုရှိနေတတ်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၉-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၄၅၀၀ | ၄၅၀၀ | □ | ၁၃၆၀ | ၁၃၆၀ | □ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၄၀ | ၁၄၅၀ | △ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၄၉၀၀ | ၅၁၀၀ | △ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၆၀၀၀ | ၅၅၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၆၀၀၀ | ၅၆၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၁၄-၉-၂၀၁၅ မှ ၁၈-၉-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၄-၉-၂၀၁၅ | ၅၈၅ |
| (၂) | ၁၅-၉-၂၀၁၅ | ၅၉၀ |
| (၃) | ၁၇-၉-၂၀၁၅ | ၅၈၀ |
| (၄) | ၁၈-၉-၂၀၁၅ | ၅၈၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၉-၂၀၁၅ US$/Ton

| အမျိုးအစား | စက်တင်ဘာလဒုတိယပတ် | စက်တင်ဘာလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၈၉.၀၀ | ၅၀၈.၀၀ | △ |
| RBD P.Olein | ၅၀၉.၀၀ | ၅၂၂.၀၀ | △ |
| RBD P.Strarin | ၄၀၀.၀၀ | ၃၉၇.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈- ၉ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၂၄.၄၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၀၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၀၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၃၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၆၅.၆၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၉-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၈၀ ဒေါ်လာ၊ FOB ၅၅၅ ဒေါ်လာနှင့် USD ဈေး ၁၂၉၂ ကျပ်)ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၈-၉-၂၀၁၅)နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၉၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူ၏ဝန်ဆောင်ကုန်သွယ်မှုလျင်မြန်စွာတိုးတက်

စင်ကာပူနိုင်ငံ၏ပြည်ပကုန် သွယ်မှု၌ ဝန်ဆောင်မှုဆိုင်ရာပို့ကုန် လုပ်ငန်းများမှာလွန်ခဲ့သော ၁၀ နှစ်တာ ကာလအတွင်းကုန်စည်တင်ပို့မှုထက် နှစ်ဆမျှ ပိုမိုလျင်မြန်စွာ တိုးတက်လာခဲ့ ကြောင်း စင်ကာပူအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း(IE Singapore) က ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

စက်တင်ဘာလ၈ရက်နေ့စင်ကာပူနိုင်ငံ၌ Global Trade Review သတင်းဌာနမှ စီစဉ်ကျင်းပသော အာရှဒေသကုန်သွယ်မှုနှင့် ပို့ကုန်ရန်ပုံငွေ ငွေကြေးဆိုင်ရာ ညီလာခံဆွေးနွေးပွဲတွင် IE Singapore ၏အမှုဆောင်အရာရှိချုပ် Mr. TeoEng Cheong ကအမှာစကားပြောကြားရာ၌စင်ကာပူ၏ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းသည်လွန်ခဲ့သည့်ဆယ်စုနှစ်တစ်ခုအတွင်း နှစ်စဉ်ထပ်တိုးတိုးတက်မှုနှုန်း(CAGR) ၁၀ရာခိုင်နှုန်းဖြင့် တိုး တက်ခဲ့ရာယခင်နှစ်က စင်ကာပူဒေါ်လာ၁၇၈ဘီလီယံအထိ ရောက်ရှိလာကြောင်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၌ ပို့ကုန်တိုးတက်မှုမှာ ပိုမိုလျင်မြန်ပြီး၁၀နှစ်တာကာလတွင် CAGR ၁၅ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ ဤလုပ်ငန်းသည်စင်ကာပူ၏ စုစုပေါင်းဝန်ဆောင်မှု ပို့ကုန်ကဏ္ဍ၌ ၁၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်းဖြင့် ပြောဆိုပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ၏ စာရင်းများအရ စင်ကာပူသည် ပို့ကုန်နှင့် သွင်းကုန်ကဏ္ဍ နှစ်ခုလုံး၌ ကမ္ဘာ့အဆင့် ၁၃ တွင်ရပ်တည်လျက်ရှိပြီးကုန်သွယ်မှုနှင့် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးအချိုး (Trade-to-GDP ratios) မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွက် စုစု ပေါင်းကုန်စည် ကုန်သွယ်မှုတန်ဖိုးမှာ စင်ကာပူဒေါ်လာ ၉၈၂ ဘီလီယံရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှု၌ ကုန်သေတ္တာများ၏ ၈၅ရာခိုင်နှုန်းခန့်မှာ ပြည်တွင်းသို့ ဝင်ရောက်ခြင်းမရှိဘဲ ၎င်း၏ဆိပ်ကမ်းများတွင် သင်္ဘောတစ်စီးမှအခြားတစ်စီးသို့ လွှဲပြောင်းတင်ပို့ခြင်းဖြစ်ပါသည်။ ထို့အပြင်နိုင်ငံပြင်ပရှိ စင်ကာပူကုမ္ပဏီများ၏ကုန်သွယ်မှုလုပ်ငန်းများသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာယခင်နှစ်က စင်ကာပူ၏ ကမ်းလွန်ကုန်သွယ်မှု (Offshore trade) ပမာဏသည် အမေရိကန်ဒေါ်လာ၁ ဒသမ ၃ ထရီလီယံ အထိ စံချိန်တင်မြင့်မားခဲ့ပြီး စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး၏ လေးရာခိုင်နှုန်း (စင်ကာပူဒေါ်လာ ၁ ဒသမ ၈၅ ထရီလီယံ) ခန့်ရှိကြောင်း၊ ယင်းလုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင် နေရာပေါင်း ၁၄၀၀၀ ကျော်ကိုခန့်အပ်ထားရှိကြောင်းသိရှိရပါသည်။ စင်ကာပူ၏လေဆိပ်နှင့် ဆိပ်ကမ်းတို့မှ တစ်ဆင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်နှင့်ပင် လယ်ဆိပ်ကမ်းပေါင်း ၆၀၀ကျော်သို့ ဆက်သွယ်မှုကွန်ရက်ကို ဖြန့်ကျက်ထားရှိသည့် အားလျော်စွာ စင်ကာပူနိုင်ငံသည် ကျွမ်းကျင်လုပ်သားအင်အားထုနှင့်အတူ ကမ္ဘာ့ကုန်သွယ်မှုနှင့် ငွေကြေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အချာနေရာတစ်ခုအဖြစ် ဆင့်ကဲတိုးတက်ဖြစ်ထွန်းလာမည်ဟုMr.Teo ကယူဆလျက်ရှိပါသည်။

စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုစာရင်းအင်းစနစ်၌ ကုန်စည်နှင့်ဝန်ဆောင်မှုဟူ၍ ကဏ္ဍနှစ်ခုခွဲခြားထားရှိရာတွင် ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ အာမခံဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ ကုန်အမှတ်တံဆိပ်နှင့်မူပိုင်ခွင့်ဆိုင်ရာအခကြေးငွေများ၊ လူမှုရေးဝန်ဆောင်မှုလုပ်ငန်းနှင့်အစိုးရ၏ဝန်ဆောင်မှုလုပ်ငန်းများသည်ဝန်ဆောင်ကုန်သွယ်မှုခေါင်းစဉ်အောက်၌ ပါဝင်လျက်ရှိပါသည်။ လက်ရှိကာလ၌ စင်ကာပူချန်ဂီလေဆိပ်တွင် လေကြောင်းလိုင်း ၈၀ မှ ခရီးစဉ်ပေါင်း ၄၀၀၀ ကျော်ကိုပုံမှန်ပြေးဆွဲလျက်ရှိသကဲ့သို့ စင်ကာပူဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိဆိပ်ကမ်းများတွင်လည်း ပင်လယ်ရေကြောင်း ပို့ဆောင်ရေးလိုင်းပေါင်း ၂၀၀ ကျော်ကိုလက်ခံ၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

စင်ကာပူအစိုးရအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ၌ ပါဝင်လျက်ရှိသူများ၏ ကျွမ်းကျင်မှုအရည်အသွေးကို မြှင့်တင်ရန်အတွက် လေ့ကျင့်သင်ကြားမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ စင်ကာပူကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ IE Singaporeသည်နန်ယန်း နည်းပညာ တက္ကသိုလ်နှင့်ပူးပေါင်းလျက် International Trading Programme ခေါ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းအား ဩဂုတ်လအတွင်း ပထမ ဆုံးအကြိမ်အဖြစ်ဖွင့်လှစ်ပို့ချပေးလျက် ရှိကြောင်းသိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## SGP ကုမ္ပဏီက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် စဉ်းစားလျက်ရှိ

ထိုင်းနိုင်ငံ၌ ဒုတိယအကြီးဆုံး ဓာတ်ငွေ့ကုမ္ပဏီဖြစ်သည့် Siamgas and Petrochemicals Plc (SGP) သည် မြန်မာနိုင်ငံ၌ မကြာခင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားလျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၌ သိုလှောင်ရုံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရေးနှင့် ပတ်သက်၍ ယခုနှစ်ကုန်တွင် ဆုံးဖြတ်ချက်ချဖွယ် ရှိကြောင်း၊ SGP ကုမ္ပဏီအနေဖြင့် အာဆီယံ ၁၀ နိုင်ငံစလုံးတွင် ရင်းနှီးမြှုပ်နှံလိုကြောင်း၊ သို့ရာတွင် မည်သည့်ရင်းနှီးမြှုပ်နှံမှုအတွက်မဆို အရေးအကြီးဆုံးအချက်မှာ ပြည်တွင်းနိုင်ငံရေး အခြေ အနေဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကမ္ဘောဒီယားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော်လည်း နိုင်ငံရေးအရ စွန့်စားရမှု အတော်လေး မြင့်နေကြောင်း ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်သူ Ms.Jintana က ပြော ကြားခဲ့ပါသည်။

SGP ကုမ္ပဏီအနေဖြင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် လက်ရှိဈေးကွက်များနှင့်ဈေးကွက်သစ်များ တိုးချဲ့သွား မည်ဖြစ်ကြောင်း၊ SGP ကုမ္ပဏီ၏ ဖြစ်နိုင်ချေ လေ့လာဆန်းစစ်မှုအရ မြန်မာနိုင်ငံ၌ ဓာတ်ငွေ့ရည် (Liquefied petroleum gas-LPG) သိုလှောင်မှု အတွက် တန်ချိန် ၁၀၀၀-၂၀၀၀ ဆံ့ သိုလှောင်ရုံတည်ဆောက်နိုင်မည့် အလားအလာရှိကြောင်း၊ LPG သိုလှောင်ရုံ တည်ဆောက်မှုအတွက် ကုန်ကျစရိတ်သည် ဘတ်သန်း ၁၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ၊ သို့ရာတွင် SGP ကုမ္ပဏီအနေဖြင့် ပထမအဆင့်အဖြစ် မြန်မာနိုင်ငံသို့ (ဓာတ်ငွေ့ရည်) တင်ပို့ခြင်းဖြင့် စတင်မည်ဖြစ် ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ထိုင်းနိုင်ငံတွင် စားသုံးသူ သုံးစွဲမှုလျော့ကျ

ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ ကာလကြာရှည်စွာ အားပျော့နေသော သုံးစွဲမှုကြောင့် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု စုစုပေါင်း ၄၅၀ အပေါ် အခြေခံသော စားသုံးကုန်ပစ္စည်း ဈေးနှုန်းများသည် ဩဂုတ်လ၌ ရှစ်လမြောက်အဖြစ် ကျ ဆင်းခဲ့ကြောင်း သိရှိရပါသည်။

စားသုံးကုန်ပစ္စည်း ဈေးနှုန်းများသည် ဩဂုတ်၌ ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၁ ဒသမ ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့ ကြောင်း၊ အဓိကအားဖြင့် စားသောက်ကုန်မဟုတ်သော ပစ္စည်းများနှင့်အဖျော်ယမကာ ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ စားသောက်ကုန် ဈေးနှုန်းများသည် သုည ဒသမ ၀၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အထူးသဖြင့် ဟင်းသီးဟင်းရွက်များ၊ ငါး၊ ကြက်ဥများနှင့်နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်ပထမရှစ်လအတွင်း headline inflation သည်ပြီးခဲ့သည့်နှစ် အလားတူကာလကထက် သုည ဒသမ ၈၉ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ အဓိကအားဖြင့် စားသောက်ကုန်မဟုတ်သော ပစ္စည်းများနှင့်အဖျော်ယမကာ ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ဖြစ် ပါသည်။

ဩဂုတ်လ၌ ရေနံနှင့်စားသောက်ကုန်ဈေးနှုန်းများ ထည့်သွင်းတွက်ချက်ခြင်းမရှိသော core inflation သည် ပြီးခဲ့သည့် နှစ် အလားတူကာလကထက် သုည ဒသမ ၈၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇူလိုင်လနှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ယခုနှစ် ပထမရှစ်လ အနေဖြင့်မူ core inflation သည်ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၁ ဒသမ ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အဆိုပါနှုန်းသည် ဗဟိုဘဏ်မှ ရည်မှန်းထားသည့် သုည ဒသမ ၅ မှ ၃ ရာခိုင်နှုန်း အတွင်းမှာပင် ရှိကြောင်းသိရှိရပါသည်။

စားသုံးကုန်ဈေးနှုန်းညွှန်းကိန်းတိုင်းတာသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှု အမျိုးအစားပေါင်း ၄၅၀ အနက် ၁၄၈ မျိုး၏ ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ၁၁၁ မျိုး၏ ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း ၁၉၁ မျိုး၏ ဈေးနှုန်းများ ပြောင်းလဲခြင်း မရှိကြောင်း၊ ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် ထုတ်လုပ်မှုစရိတ်များ ကျဆင်းခဲ့ကာ အထွေထွေကုန်စည် ဈေးနှုန်းများ လျော့နည်းသက်သာသွားကြောင်း၊ သို့ရာတွင် စီးပွားရေး အခြေအနေအပေါ် ယုံကြည်မှုမရှိသောကြောင့် စားသုံးသူများ၏ သုံးစွဲမှုလျော့ကျလာခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ၅၂ လအတွင်း တစ်ဒေါ်လာလျှင် ဝမ် ၁,၂၀၀ သို့ ရောက်ရှိ

ကိုရီးယားသုံးငွေဝမ်နှင့်အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည်ခြောက်နှစ်နှင့်နှစ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်ဒေါ်လာလျှင်ဝမ် ၁,၂၀၀ ကျော်သွားခဲ့သည်။ စက်တင် ဘာလ ၇ ရက်နေ့ ဆိုးလ်နိုင်ငံခြားငွေ ဈေးကွက်တွင် တစ်ဒေါ်လာလျှင် ဝမ် ၁,၂၀၃ ဒသမ ၇၀ ထိရှိသွားခဲ့သည်။ ၂၀၁၀ ခုနှစ်ဇူလိုင်လ ၂၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁,၂၀၄ ဒသမ ၀၀ ဝမ်အထိ ငွေလဲနှုန်းရှိခဲ့ပြီး နောက်ယခုအကြိမ်သည် အများဆုံးသော ငွေလဲနှုန်းဖြစ်ခဲ့သည်။

ကိုရီးယားဝမ်ငွေတန်ဖိုးကျဆင်းနေခြင်းမှာ အဓိကအားဖြင့် အမေရိကန်ငွေကြေးပေါ်လစီလားရာအား ခန့်မှန်းရခက်ခဲခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများက ခိုင်မာသည့် assets များကို ပိုမိုနှစ်သက်လာခြင်းတို့ကြောင့်ဖြစ်သည်။ ကိုရီးယားနိုင်ငံတွင်းရှိ ဗြိတိန်ကုမ္ပဏီ Tesco of Britain သည် Homeplus အားရောင်းချရန် ဈေးကွက်တွင်း ဒေါ်လာငွေများကို အများအပြားဝယ် ယူလိုက်ခြင်းသည် ငွေလဲနှုန်းတက်စေရန် အကြောင်းရင်းတစ်ခုလည်း ဖြစ်ခဲ့သည်။ ငွေကြေးအာဏာပိုင်များ၏ လုပ်ဆောင်ချက်များသည် ဝယ်လိုအားများလာပါက အလုပ်မဖြစ်တော့ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ဒေါ်လာငွေအရောင်း/အဝယ် လုပ်နေသည့်ကုန်သည်တစ်ဦးက မှတ်ချက်ပြုသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံဈေးကွက်တို့ မတည်ငြိမ်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများက ခိုင်မာသည့် assets များကို ပိုမိုကိုင်စွဲထားလိုကြခြင်းတို့ ကြောင့် ဒေါ်လာဈေးတက်နိုင်ကြောင်း၊ စက်တင်ဘာလ အလယ်ပိုင်းအထိ ဝမ်- ဒေါ်လာလဲနှုန်းသည် ဝမ် ၁,၂၃၀ အထိ ကျဆင်းနိုင်ကြောင်း KEB future က ခန့်မှန်းသုံးသပ်ထားသည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဒုတိယနှစ်ဝက်၌ ထိုင်းနိုင်ငံ၏ စီးပွားရေးအခြေအနေ တိုးတက်မည့်အလားအလာနည်းမည်ဟုဆို

ထိုင်းနိုင်ငံ၏ စီးပွားရေးနာလန်ထူ လာမှုကို ထိခိုက်စေသော ခြိမ်းခြောက်မှုများ ရှိနေဆဲဖြစ်ရာ ဒုတိယနှစ်ဝက် ၌ စီးပွားရေးအခြေအနေသည် ပထမနှစ်ဝက်အတိုင်း ပင် တိုးတက်မှုနှုန်းနည်းနိုင် သည်ဟု ထိုင်းနိုင်ငံဗဟိုဘဏ်မှ ပြောကြားသည်။

ဇူလိုင်လ၌ စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့ခြင်းသည် ယခုနှစ် ဒုတိယ နှစ်ဝက်တွင် စီးပွားရေးတိုးတက်မှု အားပျော့မည့် အရိပ်လက္ခဏာကို ပိုမို ထင်ရှားစေခဲ့ပါသည်။ ထိုင်းနိုင်ငံ၌ စီးပွားရေးအခြေခံကောင်းများ ရှိသော်လည်း ကမ္ဘာ့ စီးပွားရေးတိုးတက်မှု နှေးကွေးနေခြင်း၊ အထူးသဖြင့် ဒေသတွင်းနိုင်ငံများ၏ စီးပွား ရေးအပေါ် အကျိုးသက်ရောက်မှုရှိသော တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှု နှေးကွေးနေခြင်း အမေရိကန်ဗဟိုဘဏ် ၏ အတိုးနှုန်းမြှင့်တင်မည့်အချိန်သေ ချာမှု မရှိခြင်း စသည့် ပြင်ပအကြောင်းရာများသည် စီးပွားရေးကို ပိုမိုစောင့်ကြည့် လေ့လာစေရန် လုံလောက်သော အကြောင်းရာများ ဖြစ်ကြောင်းလည်း မစ္စတာပရာ ဆမ်က သုံးသပ်ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှု သည် ဒုတိယနှစ်ဝက်တွင် ဆက်လက် အားပျော့နေမည်ဖြစ်ကြောင်း၊ အစိုးရ အသုံးစရိတ်နှင့်ခရီးသွားလုပ်ငန်း မြင့်တက်မှု သည် ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပတင်ပို့မှု အားပျော့နေခြင်းကို ကာမိစေခြင်း မရှိသောကြောင့် ဖြစ် ကြောင်း၊ တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုး လျှော့ချခြင်း၏ ခြိမ်း ခြောက်မှုများ ကြောင့် ဖြစ်ကြောင်းသိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဩဂုတ်လအတွင်း ကိုရီးယားပြည်ပပို့ကုန်ပမာဏ ၁၅ ရာခိုင်နှုန်းကျဆင်း

ကိုရီးယားပြည်ပပို့ကုန်ပမာဏ သည် ယခင်လနှင့် နှိုင်းယှဉ်ပါက ဩဂုတ်လအတွင်း ၁၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ရာ ခြောက်နှစ်အတွင်း လအလိုက်အနိမ့်ဆုံးသော ကျဆင်းမှုဖြစ် သည်။ ကမ္ဘာ့ရေနံဈေးနှုန်းများမတည် ငြိမ်မှုနှင့်စီးပွားရေးကျ ဆင်းမှုများကြောင့် ကိုရီးယားပြည်ပပို့ ကုန်ပမာဏများ သည် ယခုနှစ်အတွင်း ရှစ်လဆက်တိုက် ကျဆင်းနေရာ ယခု နှစ်ကုန်အထိ ဆက် တိုက် ကျဆင်းသွားပါက စီးပွားရေး ကျဆင်းမှု (economic recession) ကို ဖြစ်ပေါ်နိုင်ကြောင်း ကျွမ်းကျင်သူများ က ဆိုသည်။

ယခင်လက ပြည်ပပို့ကုန် တန်ဖိုး သည် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃၃ ဘီလီယံရှိခဲ့ပြီး၊ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် စက်သုံးဆီနှင့်ရေနံ ဓာတုပစ္စည်းများ တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်းကျဆင်းခဲ့ သည်။ ရေယာဉ်များ၊ မော်တော်ကား၊ အထွေထွေစက်ပစ္စည်းများ၊ အိမ်သုံး ပစ္စည်းများ၊ သံမဏိပစ္စည်းများအပါ အဝင် ကိုရီးယား၏ အဓိက ပြည်ပပို့ ကုန် ၁၃ ခုအနက် ၁၁ ခု၏ တင်ပို့မှု သည် ဆက်တိုက်ကျဆင်းနေခဲ့သည်။

နိုင်ငံအလိုက်အနေဖြင့် ဂျပန် နိုင်ငံသို့ တင်ပို့မှုသည် ၂၄ ရာခိုင်နှုန်း ကျဆင်း၍ အီးယူနိုင်ငံများ သို့ ၂၁ ရာ ခိုင်နှုန်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့မှု သည် ကိုးရာခိုင်နှုန်း အသီးသီးကျဆင်း သွားခဲ့သည်။ သို့သော် ကိုရီးယားနိုင်ငံ အနေဖြင့် ဩဂုတ်လတွင် ကုန်သွယ်မှု ပိုငွေအမေရိကန် ဒေါ်လာ ၄ ဒသမ ၃၅ ဘီလီယံ ရရှိခဲ့ပြီး၊ ပြည်ပသွင်းကုန် သည်လည်း နှစ်အလိုက် ၁၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကုန်သွယ်မှုပိုငွေပြ ခြင်းသည် ၄၃ လ ဆက်တိုက်ဖြစ်နေခဲ့ သည်ကို တွေ့ရပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# ဂျာမနီနိုင်ငံသည် ထိုင်း အော်ဂဲနစ်ထုတ်ကုန်များအတွက် အလားအလာကောင်းသော ဈေးကွက်တစ်ခုအဖြစ် တည်ရှိ

ဂျာမနီနိုင်ငံသည် အော်ဂဲနစ်ထုတ်ကုန်များကို အများဆုံးသုံးစွဲသည့် နိုင်ငံဖြစ်ပြီး၊ ဂျာမန်ဈေးကွက်၏ ဝယ်လိုအားသည် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၉ ဘီလီယံခန့်ဖြစ်ကြောင်း သိရှိ ရပါသည်။

အီးယူ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီ လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ဂျာမန် ကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ရန် ထိုင်းလုပ်ငန်း ရှင်များအား ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ် မှုမြှင့်တင်ရေးဌာန (DITP) က တိုက်တွန်းလျက်ရှိပါ သည်။

မကြာသေးမီနှစ်များအတွင်း ဂျာမနီနိုင်ငံ၌ ဆန်ဖြူ ဆန်လုံးညို၊ ပေါင်းဆန်များကို ပိုမိုလူသိများလာကြောင်း ဂျာမနီ၌ စားသုံးလျက်ရှိသည့် နာမည်ကျော် ဆန်အမျိုး အစားများတွင် ထိုင်းစံပယ်ဆန်မွှေး၊ အိန္ဒိယ၏ ဘာစမာ တီဆန်၊ အမေရိကန်၏ပေါင်း ဆန်၊ ဂျပန်ဆန်(ဆန်လုံးပု) တို့ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်း ဂျာမနီနိုင်ငံသို့ ထိုင်းဆန်တင်ပို့ မှုစုစုပေါင်းတန်ဖိုးသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၈ သန်း ရှိခဲ့ပါသည်။ သို့သော် ၂၀၁၄ ခုနှစ်၌ ဂျာမနီနိုင်ငံသို့ ထိုင်း ဆန် တင်ပို့မှုသည် ၂၁ ဒသမ ၈၆ ရာခိုင်နှုန်း (အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၉ သန်း) လျော့နည်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ပထမငါးလအတွင်း ဂျာမနီနိုင်ငံသို့ ထိုင်းဆန်တင်သွင်းမှု သည် ပြီးခဲ့သည့်နှစ် ကာလတူက ထက် ၁၄ ဒသမ ဂ၂ ရာခိုင်နှုန်း(အမေရိကန် ဒေါ်လာ ၈ ဒသမ ၄၅သန်း) မြင့်တက်ခဲ့ကြောင်း၊ ဂျာမနီသို့ တင်ပို့ သောထိုင်းဆန် အများစုသည် ဆန်ဖြူ ၁၀၀ ရာခိုင်နှုန်း (တစ်ဝက်/အပြည့်အဝကြိတ်ခွဲပြီးဆန် များ) ဖြစ်ကြောင်း၊ ဆန်လုံးညိုနှင့်ဆန်ကွဲ တင်ပို့မှုလည်းများကြောင်း သိရှိရ ပါသည်။

လောလောဆယ်တွင် အီးယူနှင့် ဂျာမနီနိုင်ငံ တို့သည် အရှေ့ဥရောပ နိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် ဆန်အထူးရောင်းဝယ်ခွင့်ပြုမည့် ခွဲတမ်းသတ်မှတ် ချက် (Special rice quota) နှင့်ပတ်သက်၍ ဆောင်ရွက် လျက်ရှိပါသည်။ ဂျာမနီသည် စားသုံးသူအန္တရာယ်ကင်း ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး၊ သဘာဝအရင်း အမြစ်များ ထိန်းသိမ်းရေးစသည့် အချက်များ အတွက် စိတ်ချရမှုရှိစေရန် ဆန်ရောင်းဝယ်ခြင်းဆိုင်ရာ အထူး ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲလျက် ရှိပါသည်။

ဂျာမနီသို့ တင်ပို့လိုပါက စားသောက်ကုန်များ ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များသည် ခေတ်မီ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်ရန် လိုအပ် ကြောင်း၊ အန္တရာယ်ကင်းသော စားသောက်ကုန်များ ဖြစ်ရန်လို ကြောင်း၊ ဂျာမနီနိုင်ငံ၌ ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးထိန်းချုပ်သော ဌာနဖြစ်သည့် Lebensmit-telUberwachung-sbehOrde သည် အကောက်ခွန်စစ် ဆေး ရေးဂိတ်များနှင့်စတိုးဆိုင်များ၌ ဆန်အရည်အသွေး ကို အလျဉ်းသင့်သလို စစ်ဆေးကြောင်း သိရှိရပါသည်။

ဂျာမနီ၌ ဓာတုပစ္စည်းများ၊ မျိုးရိုးဗီဇပြုပြင်ထား သော ဇီဝပစ္စည်းများ (GMO)၊ ရေဒီယိုသတ္တိကြွမှု၊ သဘာဝ မြေဩဇာကို အသုံးပြု၍ စိုက်ပျိုးထုတ် လုပ်ထားသော ဆန် (Organic rice)စသည်တို့ကို ထိန်းချုပ်ထားသော သွင်းကုန်စည်းမျဉ်းစည်းကမ်းများ ရှိပါ သည်။

ပျမ်းမျှအားဖြင့် ဂျာမန်လူမျိုး တစ် ယောက်၏ ဆန် စားသုံးမှုသည် တစ်နှစ် လျှင် ၃-၅ ကီလိုဂရမ်ဖြစ်ပါသည်။ ဂျာမန် လူမျိုးများသည် ၎င်းတို့၏ ပြည်ပခရီးစဉ်များ တွင် စားသုံးခဲ့ရသော ဆန်နှင့်အခြားသော အာရှအစား အသောက်များ အထူးသဖြင့် ထိုင်းအစားအစာများကို ပိုမိုသိရှိလာကြသဖြင့် ဆန်စားသုံးမှု မြင့်တက်ဖွယ်ရှိ သည်ဟု ယူဆနိုင် ပါသည်။

ပြီးခဲ့သည့် ဆယ်နှစ်အတွင်း ဥရောပ၌ ပြုလုပ်ခဲ့ သော လေ့လာမှုများအရ ဆန်သည် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဖြစ်ပြီး ဓာတ်မတည့်၍ ဖြစ် ပေါ်သော တုံ့ပြန်မှုမတွေ့ရှိရ ကြောင်း၊ အဆိုပါလေ့လာမှု သည် ဂျာမန်လူမျိုးများအား ဆန်စားသုံးရန် အားပေး လျက်ရှိကြောင်း၊ ဂျာမနီသည် အော်ဂဲနစ်ထုတ်ကုန် များအတွက် အလားအလာကောင်းသော ဈေးကွက် ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထားဝယ်စီမံကိန်းတွင်ငွေကြေးထောက်ပံ့ရန် SCB ဘဏ်စိတ်အားထက်သန်လျက်ရှိ

ထိုင်းနိုင်ငံမှ Siam Commercial Bank (SCB) သည် မြန်မာနိုင်ငံ၏ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူး စီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမည့် Italian-Thai Development Plc(ITD)ကုမ္ပဏီ အား ငွေကြေးပံ့ပိုးပေးနိုင်ရန် ပြင်ဆင် လျက်ရှိကြောင်း သိရှိရပါသည်။

ထားဝယ်စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက် ၍ တိုးတက်မှုများတွေ့မြင်ပြီး နောက် SCB သည် ချေးငွေထုတ်ပေး ခြင်းကို ပြန်လည်စတင်မည်ဖြစ်ကြောင်း SCB ဘဏ်အနေဖြင့် စီးပွားရေးအရ အလား အလာရှိသော စီမံကိန်းများ၊ အထူးသဖြင့် ရေပေးဝေမှုနှင့် လျှပ်စစ် ဓာတ်အား ဆိုင်ရာ အခြေခံအဆောက် အအုံ ဖွံ့ဖြိုး ရေးစီမံကိန်းများ၊ စက်မှု နယ်မြေစသည် တို့ကို ဦးစားပေးစဉ်းစားမည်ဖြစ်ကြောင်း SCB ၏ ဒုတိယဥက္ကဋ္ဌ နှင့်အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr.Arthid က ပြော ကြားခဲ့ပါသည်။

SCBဘဏ်သည် ဒေါ်လာဘီလီ ယံပေါင်းများစွာ အသုံးပြုရမည့် စီမံ ကိန်းကြီးနှင့်ပတ်သက်၍ စီမံကိန်း စတင်သည့် အချိန်မှစ၍ ITD ကုမ္ပဏီ ၏ ငွေကြေးဆိုင်ရာအကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် စီမံကိန်းအကောင်အထည်ဖော်မှု ရပ် ဆိုင်းသွားသည့် ကာလအတွင်း သက် ဆိုင်ရာ အာဏာပိုင်များ၏ ပိုမိုရှင်း လင်းသော ဦးတည်ချက်ကို စောင့်မျှော် နေခဲ့ပါသည်။

ITDသည် လာမည့် သုံးလမှ ခြောက်လအတွင်း ထားဝယ်စီမံကိန်း အတွက် (စီမံကိန်းအကောင်အထည် ဖော်မှုအတွက် ငွေကြေးဖြည့်တင်းရန်) ငွေကြေးထောက်ပံ့မှုဆိုင်ရာ တင်ဒါ ခေါ်ယူလိမ့်မည်ဟု Mr.Arthid ကခန့် မှန်းထားပါသည်။

ထားဝယ်စီမံကိန်း၌ ရင်းနှီးမြှုပ်နှံ မှုနှင့်ပတ်သက်၍ ITDသည် လိုအပ် သော ရင်းနှီးငွေ၏ ၇၀ ရာခိုင်နှုန်းကို ချေးယူ ရန် စီစဉ်ထားကြောင်း ကျန် ၃၀ ရာခိုင်နှုန်းကို ၎င်း၏ကိုယ်ပိုင်နှင့်၎င်း၏ အုပ်စုရန်ပုံငွေမှ ရယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်ဒေါ်လာသန်း ၅၀၀ ကုန်ကျမည့် (၅၅၀) မဂ္ဂါဝပ် ဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အပါ အဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အသုံး စရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိမည်ဟု ITD မှ ခန့် မှန်းထားပါသည်။ ထို့ပြင် ITD သည် ထားဝယ် အထူးစီးပွားရေးဇုန် ကို အပြည့်အဝအကောင်အထည်ဖော်ပြီး ပါက ကျောက်မီးသွေးသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ထပ်မံရင်းနှီး မြှုပ်နှံရန် ရည်ရွယ်ထားပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**



# သုတရသများနှင့် ခရီးသွားခြင်း

|jrifÐyckuÍ

ခရီးတစ်ခုထွက်တယ်။ ဒေသတစ်ခုကို သွားတယ်ဆိုရင် ဘာပဲပြောပြော မိမိသွားခဲ့တဲ့ ဒေသပတ်ဝန်းကျင်ရဲ့ တွေ့ကြုံရတဲ့ နယ်မြေဗဟုသုတ၊ နယ်မြေမှာ တွေ့ကြုံခံစားရတဲ့ အရသာတစ်ခု ရသဆိုတာတွေ တွေ့ကြုံခံစားရတယ်ဆိုတာ ခရီးသွားသူတိုင်းတွေ့ကြုံခံစားရတာပါ။ ဗဟုသုတအနေနဲ့ကလည်း နယ်မြေဒေသရဲ့ စိုက်ပျိုးထုတ်လုပ်မှုမှသည် ဒေသန္တရဗဟုသုတဆိုတာအစုံပါ။ ရသဆိုတဲ့ နေရာမှာလည်း ချစ်ခင်နှစ်သက်ဖွယ်၊ ကြောက်လန့်ဖွယ်၊ ကြည်နူးဖွယ်၊ ရဲရင့်ဖွယ် စသည်ဖြင့် ရသကိုးပါးစလုံး အကုန်မခံစားရရင်တောင် တော်တော်များများတော့ တွေ့ကြုံခံစားရမှာပါ။ စာရှုသူကဲ စက်တင်ဘာ ၁၉ ရက်နေ့က ပခုက္ကူကနေ ၂၇ မိုင် ကွာဝေးတဲ့ မြန်မာပြည်အနှံ့အပြားက အမျိုးသမီးများ ကြိုက်နှစ်သက် တဲ့ မရောက်ဘူးရင်သာနေရမယ် မသုံးစွဲဘူးသူမရှိတဲ့၊ မကြားဘူးသူမရှိတဲ့ နံ့သာမြေ ရှင်မတောင်သနပ်ခါးထွက်ရှိရာ မြိုင်မြို့နယ်ကို ကျွန်တော်တို့နှင့် အတူ ခရီးတစ်ခုသွားရင်း သုတရသများ ခံစားကြည့်ကြရအောင်ပါလားဗျာ---

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက် အင်္ဂါနေ့မနက် ၇း၀၀ နာရီမှာ ပခုက္ကူက စတင်ခရီးထွက်ပါတယ်။ ဆိုင်ကယ်ကိုယ်စီနဲ့ပေါ့ဗျာ၊ ခုတစ်လော ကိုယ့်ဒေသအညာ (ပခုက္ကူမှာ)က မိုးဟာ သည်းသည်၊ လည်းမမည်၊ စဲသည်လည်းမဟုတ်ဘဲ ခဏခဏရွာနေပါတယ်။ ခရီးထွက်တဲ့မနက်ကတော့ မိုးလေဝသကင်းစင်တဲ့ ပုံသဏ္ဌာန် ပြနေသလို အရှေ့ဘက်ကထွက်ပေါ်လာတဲ့ နေမင်းရဲ့ အလင်းရောင်ဖြန့်ကျက်မှုဟာ “ နေခြည်ဖြာမှ နွေးတယ်” ဆိုတာလိုနွေးနွေးထွေးထွေးပါ။ ပခုက္ကူမြို့ကထွက်လို့ ပခုက္ကူတက္ကသိုလ်ကျော်တယ်ဆိုရင်ပဲ ချောက်ကန်ရွာ စိုက်ခင်းတွေကို တွေ့ရပါပြီ။ နေရောင်ဖြန့်ကြက်ထားတဲ့ စိုက်ခင်းတွေဟာ နေရောင်ခြည်ရဲ့အောက်မှာ လှလှပပတွေ့ရ ပါပြီ၊ မြေပဲခင်းများရဲ့ စိမ်းစိုလှပတဲ့ စိုက်ခင်းတွေ မြေပဲခင်းကြားမှာ သီးညှပ်စိုက်ထားတဲ့ ပဲစင်းငုံပင် များဟာ တောက်ပတဲ့နေရောင်ခြည်အောက်မှာ လေယူရာတိမ်းလို့ ယိမ်းနွဲ့နေပုံများ ခရီးသွားရတဲ့သူများကို အားရှိလာသလို ခံစားရပါတယ်။ ဝမ်းမြောက်မှုတစ်ခုပေါ့ဗျာ။ စိုက်ပျိုးထုတ်လုပ်သူတွေ မဆိုထားနဲ့ ကိုယ်နဲ့တိုက်ရိုက် မပတ်သက်တဲ့ ကျွန်တော်တို့တောင် ဘေးကစိုက်ခင်းတွေကို ကြည့်ရင်း စိတ်ထဲမှာ ပျော်လာပါတယ်။ ဆိုင်ကယ်ကိုရပ် လုပ်ငန်းခွင်ဝင်နေတဲ့ တောင်သူတွေကိုဆင်းမေးကြည့်ပါတယ်“ ဘယ်လိုအခြေအနေရှိသလဲ”“ အား. . ဆရာရေ မြေပဲက စွယ်ချပြီးပြီ ပဲစင်းငုံလည်း သေချာပါပြီဗျာ။ ကျွန်တော်တို့ထက် စောတဲ့လူတွေကတော့ နောက်လဆိုရင် မြေပဲဖော်လို့ရပြီဗျ ”“ အရင်နှစ်တွေမှာ ပဲတီစိမ်းတွေကော ဘယ်လိုလည်း ရခဲ့သလား” “ ဆရာရေ တောင်သူဆိုတာမျိုးက မိုးကိုမျှော်နေတာဆိုတော့ စိမ်းတို့နှမ်းတို့ မရလိုက်ပါဘူးဗျာ၊ ငုတ်တုတ်မေ့ပြီးသေမှာစိုးလို့ နွားစာ နှမ်းရိုး၊ နှမ်းမှော်၊ ပဲရိုး၊ ပဲမှော် ကလေးပဲရရ ခါးကွင်းတိုက်ပြစ်လိုက်ရတယ်။ ဒီနှစ်မြေပဲနဲ့ ပဲစင်းငုံကတော့ သေချာပါပြီဗျာ” လို့ပြောနေတဲ့ တောင်သူဆီမှာကို ရသနှစ်မျိုးပါ။ ယခင်စိုက်ခဲ့တဲ့ ပဲတီစိမ်းနှင့် နှမ်းအကြောင်း၊ ခါးကွင်းတိုက်ရတုန်းက အကြောင်း ပြောပြတော့ ဝမ်းနည်းနှမြောနေတဲ့ပုံစံ နောက်ပိုင်းမြေပဲနှင့် ပဲစင်းငုံအကြောင်း ပြောတော့ တက်ကြွရွှင်လန်း အားရတဲ့ပုံစံ ရသဆိုတာ ကူးစက်ခံစားတတ်နေတော့ ကျွန်တော်တို့ တစ်တွေ (ခရိုင်ဦးစီးမှူး အပါအဝင် ရှစ်ဦး) ဝမ်းနည်းရ ဝမ်းသာရနှင့် ရသနှစ်မျိုးကူးစက်ခံစားရပါတယ်။ တစ်ဆက်တည်း ခရီးဆက်ထွက်ဖြစ်ပါတယ်။ ချောက်ကန်ကွင်း ပြီးတော့ ကိုးပင်ကွင်း၊ အင်ပင်ကွင်း၊ မန်ကျည်းကန်ကွင်း၊ ကိုင်းကွင်း၊ ဆက်တိုက်ပါပဲ၊ မြေပဲ၊ ပဲစင်းငုံ၊ ဝါ၊ အကုန်လုံးကောင်းပါတယ်။ ကြားထဲမှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးရဲ့ နှစ်ရှည်စက်မှုသီးနှံ လျှော်ဖြူခေါ် ဆေးကုလားမ စိုက်ကွင်းကိုလည်း တွေ့ခဲ့ရပါတယ်။ အပင်များဟာ လူကြီး လက်ခုပ်တစ်ဖောင်ကောင်းကောင်း အောင်မြင်နေပါပြီ။ ဆိုင်ကယ်ပေါ်ကဆင်းပြီး မေးမြန်းလိုပေမယ့် လူသူ အရိပ်အယောင်မမြင်လို့ နောက်မှပေ့ါလို့ တေးမှတ်ခဲ့ရပါတယ်။ တစ်ဆက်တည်း မြိုင်နယ်နံ့သာမြေကို ဝင်လာခဲ့ပါပြီ။ ဝက်ကျရွာ၊ မန်ကျည်းစု (ဗလုံတော) ရွာ ဆက်တိုက်ဆိုသလိုပါပဲ၊ တစ်လျှောက်လုံး ပဲစင်းငုံမြေပဲခင်းများဟာ တစ်ပြန့်တစ်ပြောတစ်နံတစ်လျား လှပနေတာကိုတွေ့ရပါတယ်။ တောင်သူလည်း အကျိုးရှိ တိုင်းပြည်လည်းဝင်ငွေတိုးစေမယ့် ပြည့်ဘဏ္ဍာတွေ မဟုတ်ပါလား။ ကုန်သွယ်မှုမြင့်တင်ရေးရဲ့ အကြောင်းတရားတွေ မဟုတ်ပါလားဗျာ၊ တစ်ခုသတိထားမိတာက မြိုင်နယ်ထဲဝင်လာလေ ရာသီဥတုပူပြီး မိုးနည်းလာလေလို့ ခံစားရပါတယ်။ ဒါပေမဲ့ ကျောက်ဆောက်ရွာတောင်ဘက် လယ်ကွင်းတွေထဲမှာတော့ ရေဖွေးဖွေး စပါးပင်စိမ်းစိမ်းဗျိုင်းငှက်တစ်အုပ်ရဲ့ ဖြူဖြူဖွေးဖွေး ရောင်စုံရောစပ်ထားတဲ့ သဘာဝအလှတရားဟာ စုတ်ချက်ပိုင်တယ်ဆိုတဲ့ ပန်းချီဆရာတောင် လက်မှိုင်ချရမယ့် အလှတရားရဲ့ ကြည်နူးမှုရသကို ခံစားရပါတယ်။ ဆက်တိုက်ဆိုသလို မြိုင်နယ်ထဲက ထန်းပင်တော၊ စဘေ စတဲ့ ရွာကွင်းတွေမှာလည်း မြေပဲခင်း၊ ပဲစင်းငုံစိုက်ကွင်းတွေဟာ တစ်ပြန့်တစ်ပြောလှပနေတာကို တွေ့ကြုံခံစားရပါတယ်။ တစ်ခါတွေ့နေရတာက သနပ်ခါးစိုက်ခင်းတွေပါ။ ယခင်ကတော့ သနပ်ခါးကို သဘာဝ အပင်တွေရှာဖွေသုံးစွဲခဲ့ကြပေမယ့် တိုးတက်လာတဲ့ ပွားများလာတဲ့ လူဦးရေ၊ သုံးစွဲမှု များလာမှုဈေးကွက်ရဲ့ တောင်းဆိုချက်ဆိုတာတွေကြောင့်လူတို့ပြုပြင်စိုက်ပျိုးမွေးမြူထားတဲ့ သနပ်ခါးစိုက်ခင်းတွေ ခြံတွေဟာ များပြားလာနေတာ တွေ့ရပါတယ်။ စဉ်းစားမိတာက ဒီသနပ်ခါးခြံစိုက်ခင်း တွေဟာ မူလက ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်းဝါ၊ စိုက်တဲ့ယာမြေတွေပါ ဒီယာမြေမှာ သနပ်ခါးတွေစိုက်လာကြတော့ တိုင်းပြည်ရဲ့ နိုင်ငံခြားဝင်ငွေ ရရှိစေမယ့် သီးနှံတွေစိုက်နိုင်ပါဦးမည်လား။ ထွက်ပါဦးမည်လားဆိုတာပါ တစ်ဖက်ကမ်းပြိုတော့ တစ်ဖက်သောင်ထွန်းတယ် ဆိုတာလို သနပ်ခါးတော့ပေါ်လာမယ် နိုင်ငံခြားဝယ်လက်ရှိတဲ့ Export သီးနှံတွေ အထွက်များလျော့သွားလေမလားဆိုတာပါ။ သုတရော ရသပါ ပူးတွဲခံစားရမှု တစ်ခုပေါ့ဗျာ၊ ဒီလိုနဲ့ အညာဒေသရဲ့ သင်္ကေတတစ်ခုဖြစ်တဲ့ တမာပင်၊ ကုက္ကိုပင်၊ ထနောင်းပင်တွေ အုံ့အုံ့ဆိုင်းဆိုင်း လမ်းဘေးဝဲယာ သစ်ပင်တွေကြားက မြိုင်မြို့ကို ၈း၃၀ နာရီမှာ ရောက်ခဲ့ပါတယ်---

မြိုင်ကိုရောက်တယ်ဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ဝင်ရောက်သတင်းပို့ရင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့၁၅ ရက်တစ်ပတ် ရပ်ကျေးအစည်းအဝေးပွဲမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ အသိပညာ အကာအကွယ်ပေးရေးဆွေးနွေးပွဲ လုပ်မယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ ပထမအစည်းအဝေးပြုလုပ်ချိန်မှာ မြှင့်တင်စားသုံးခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများဟာ မြိုင်မြို့ အထကမှာ စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲ အရင်လုပ်ကြပါတယ်။ ကျောင်းဈေးဆိုင်တန်းကို ဝင်ရောက်လေ့လာ၊ သုံးစွဲရန်မသင့်သော အစားအစာများကို နမူနာပြဖို့ ဝယ်ယူ မြိုင် အထကရဲ့ ဟောပြောပွဲခန်းမမှာ စတင်ပါတယ်။ ပထမဦးဆုံး ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသန်းဦးနဲ့ စာရေးသူတို့က စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်လို့ စားသုံးသူဆိုတာဘာလဲ။ လူတွေမှာ ကံ၊ စိတ်၊ ဥတုအာဟာရကြောင့် ဖြစ်တတ်တဲ့ရောဂါ ဝိသမလောဘတက်ပြီး အမြတ်တစ်ခုကိုသာ အဓိကထားတဲ့ စီးပွားရေးလုပ်ငန်းရှင်များရဲ့ ထုတ်လုပ်ရောင်းချတဲ့ အစားအသောက်တွေကို သတိ၊ အသိနှင့် ယှဉ်ပြီး ဝယ်ယူစားသုံးဖို့ ဟောပြောရင်း လက်ကမ်းစာစောင်တွေ ဝေငှလို့ ဟောပြောခဲ့ကြပါတယ်။ မြိုင် အထက မှာ ဆရာ၊ ဆရာမ ၅၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၄၅၀ ဦးတက်ရောက်ခဲ့ကြပါတယ်။ မြိုင်အထက ကျောင်းပြီးတော့ မြိုင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမမှာ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဆက်လက်ဟောပြောပါတယ်။ ဟောပြောပွဲမှာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ၈၄ ဦး၊ စာရေးဝန်ထမ်း ၈၄ ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ၃၅ ဦး စုစုပေါင်း ၂၀၃ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး စားသူသုံးသူခွဲခြားပြီး အစားအသောက်တွေရဲ့ အန္တရာယ်၊ သုံးစွဲမှုပစ္စည်းတွေရဲ့ သတ်မှတ်စံချိန်စံညွှန်း အလေးချိန် စတာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဟောပြောစေပြီး အပြန်ပြန်အလှန်လှန်ဆွေးနွေးပွဲမှာ သိလိုတာ နားမလည်တာ ဥပဒေအကြောင်း စတာတွေကို မေးမြန်းဖြေကြားမှု လုပ်ကြပါတယ်။ မြိုင်ထွေအုပ်ဟောပြောပွဲအပြီးမှာ ၁၂း၄၅ နာရီရှိနေပါပြီ၊ အပြန်ကျောက်ဆောင် တွဲဖက်အထကမှာ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲ ၁၄း၀၀ နာရီမှာလုပ်ဖို့စီစဉ်ထားတော့ ပြန်မယ်ပေ့ါ၊ အဲဒီမှာ မြိုင်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတွေက သူတို့အဖွဲ့ဝင်တွေ နယ်ပေါင်းစုံကရောက်ရှိစုံနေပါပြီ။ တစ်ခေါက်ဆိုတစ်ခေါက် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်တွေကို တွေ့ဆုံမေးမြန်းလေ့လာလိုပါကြောင်း တင်ပြတောင်းဆိုလာပါတယ်။ ဒီတော့လည်း ဟုတ်ကဲ့ဆိုပြီး ဝိုင်းဖွဲ့ဆွေးနွေးဖြစ်ပါတယ်။ သနပ်ခါးစိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းရဲ့ အသင်းအဖွဲ့စည်းမျဉ်း ဥပဒေ အသင်းဝင်ရောက်မှုအင်အား၊ မူပိုင်ခွင့်၊ ရပိုင်ခွင့် သယ်ယူရောင်းချပိုင်ခွင့် စတာတွေဆွေးနွေးရင်း ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အမယ်သစ်ပို့ကုန် ကြယ်ပဲ (Star Beanu) (Sacha Inchi ) ရဲ့ စိုက်ပျိုးမှု (၇/၈) လ ကာလမှာ ထွက်ရှိမှု နှစ်ရှည်သီးနှံ အကျိုးရှိမှုဈေးကွက်အနေအထား အသုံးဝင်မှု စတာတွေတင်ပြဆွေးနွေးရင်း လက်ကမ်းစာစောင်များ ဝေငှခဲ့သလို စိတ်လည်းဝင်စားကြပါတယ်။ တစ်ခါ ကျွန်တော်တို့အဖွဲ့က ခွေးလှေးယားသီး (အယဉ်) ဈေးကွက်တစ်ခုဖြစ်ပေါ်နေကြောင်း၊ နိုင်ငံခြား ဈေးကွက်ရှိကြောင်း၊ ဘယဆေးအဖြစ် ဆီးချို၊ လေငန်း၊ အကြောနဲ့ ပတ်သက်တဲ့ ရောဂါတွေပျောက်ကြောင်း၊ အထောက်အထားခိုင်လုံပါက တိတိကျကျပြုစု၍ လက်ကမ်းစာစောင်ပြုလုပ်ဖြန့်ဝေပေးမယ့်အကြောင်း၊ ဆွေးနွေးတော့လည်း စိတ်ဝင်စားကြတာ တွေ့ရပါတယ်။ (အကျိုးဆက်အနေနဲ့ ပခုက္ကူပြန်ရောက်ပြီး နောက်နေ့မှာပဲ မြိုင်သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းအဖွဲ့ကပါဆိုပြီး ဖုန်းများဆက်တိုက်ဝင်ပါတယ်။ သနပ်ခါးစိုက်ခင်းထဲမှာ ကြယ်ပဲစိုက်ရ၊ မရ၊ ဘယ်လိုစိုက်ရမယ်၊ မျိုးစေ့ဘယ်မှာဝယ်ရမလဲ၊ လေ့လာလို့ရမလား စတာတွေဟာ ကျွန်တော်တို့ တိုင်းထဲမှာပဲ လေ့လာလို့ရကြောင်း၊ အနီးဆုံး ဆိပ်ဖြူမြို့နယ်မှာ စိုက်ပျိုးနေကြကြောင်း ဖြေရတာဟာလည်း မောနိုင်ပါဘူး၊ ပန်းနိုင်ပါဘူးပေ့ါဗျာ။ ကိုယ့်ရဲ့စည်းရုံးလှုံ့ဆော် ဟောပြောဖြန့်ဝေမှု အကျိုးဆက်တွေကိုးဗျ။

မြိုင်သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများနှင့် ဆွေးနွေးပွဲအပြီးမှာ နာရီကိုကြည့်တော့ ၁၄း၀၀ နာရီထိုးဖို့ ၁၅ မိနစ်ပဲလိုတော့တယ်။ ကျောက်ဆောင်ရွာ တွဲဖက်အထကကိုချိန်းထားတာ ၁၄း၀၀ နာရီဆိုတော့ ခရိုင်ဦးစီးမှူးနဲ့ ဆရာတပည့်တွေ ခပ်သွက်သွက် ဆိုင်ကယ်နဲ့ ခရီးဆက်ခဲ့ပါတယ်။ ကျောက်ဆောင်တွဲဖက် အထကကိုရောက်တော့ သတ်မှတ်ချိန်ထက် ၇ မိနစ်နောက်ကျနေပါပြီ၊ ခပ်သွက်သွက်ပဲ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောကြပါတယ်။ ဆရာ၊ ဆရာမ ၃၀ ဦး၊ ကျောင်းသား၊ သူ ၇၂၂ ဦး တက်ရောက်ပါတယ်။ စိတ်ဝင်စားစွာနားထောင်ကြပါတယ်။ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ပါတယ်။ ဟောပြောပွဲက ၁၅း၁၀ နာမှာပြီးပါတယ်။ ကျောင်းက ၁၅း၁၅ နာရီမှာဆင်းတာဆိုတော့ ကျောင်းသား၊ သူတွေလည်း ဖင်တကြွကြွနဲ့ပါ။ ကျောင်းဆင်းချိန်နီးတာကိုး ဓလေ့တစ်ခုက ဒီအထကနဲ့နီးတဲ့ (၄၊ ၅၊ ၆၊ ၇) မိုင်အကွာက ကျောင်းလာတက်သူ တွေရှိတော့ ရွာပြန်ဖို့ အရေးဦးစားပေးရတာကိုး။

➲စာမျက်နှာ ၂၈ သို့

Commodity Exchange News
Vol: 15, No.36 Monday September 21 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁–၉–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံနီ ပစ္စည်းလက်ကျန်နည်းသလို အရောင်းအဝယ်လည်းပါး

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်လိုသော ပဲကုန်သည်ကြီးများအနေဖြင့် ပဲလက်ကျန်နည်းနေတာကြောင့်ဈေးကွက်သို့လာရောက်မှုနည်းပါးသွားကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပဲလက်ကျန် အနည်းငယ်သာကျန်ရှိပြီး တချို့ပစ္စည်းကိုင်ထားတဲ့ ပဲကုန်သည်များက ဈေးကွက်အခြေအနေကို စောင့်ကြည့်နေကြောင်း Export ဝယ်လက်တွေကလည်း ဈေးပိုပေးပြီး မဝယ်တော့ကြောင်း၊ ဒါကြောင့် ဈေးကွက်မှာ မတ်ပဲအရောင်းအဝယ် အေးနေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ ဒ့ါအပြင် ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တချို့ထံမှာ ပစ္စည်းအနည်းငယ်ရှိပေမယ့် Export ဝယ်လက်ရဲ့ဈေးဖွင့်အဝယ်မရှိတာကြောင့် ဈေးကွက်က အေးတိအေးစက်ဖြစ်နေကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးဈေးစွာလာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအားပုံမှန်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်လျှင် ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၇၃၅ ကျပ် (တစ်တန်ကို ၁၀၆၂၄၉၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသေးကတော့ မန္တလေးဝယ်လက်က ဝယ်လိုအားခပ်ပါးပါးသာဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၀၈၀ ကျပ်(တစ်တန်ကို ၁၂၇၃၇၇၁ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်မှာ ပြောင်း(သစ်)တွေစတင်ဝင်ရောက်လာ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းတွေ ဝင်ရောက်လာသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် လက်ကျန်ပြောင်းက ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၉ ယွမ်မှ အမြင့်ဆုံး ၁၀၃ ယွမ်ကြား၊ ပြောင်း(သစ်)က ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၆ ယွမ်မှ အမြင့်ဆုံး ၁၀၀ ယွမ်ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး အရောင်းအဝယ်သွက်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၆၇ ကျပ်(တစ်တန်ကို ၁၆၃၃၂၄၄ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့သလို ပဲတီစိမ်းကြီး(ထိပ်စ)ကိုလည်း တရုတ်ဝယ်လက်က တစ်ပိဿာကို ၂၀၄၄ ကျပ်(တစ်တန်ကို ၁၂၅၁၇၂၅ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ မြို့ခံပဲခွဲစက်များနှင့် ရန်ကုန်ဘက်မှ ဈေးမြှင့်အဝယ်ရှိသလို ဝယ်လိုအားပါ များလာတာကြောင့် ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာ ကို ၁၇၄၇ ကျပ် (တစ်တန်ကို ၁၀၆၉၈၄၅ ကျပ်) ဈေးဖြင့် အရောင်း အဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ကုလားပဲ (ထိုင်ဝမ်)ကိုလည်း မြို့ခံပဲခွဲစက်နှင့် ပဲကုန်သည်များက တစ်ပိဿာ ကို ၁၆၅၃ ကျပ်(တစ်တန်ကို ၁၀၁၂၂၈၀ ကျပ်)ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက် ဈေးချအဝယ်ရှိနေ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး(ထိပ်စ)ကို တရုတ်အတွက်အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါနည်းသွားကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၇၄ ကျပ် (တစ်တန်ကို ၁၂၀၈၈၅၇ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲခွဲစက်လုပ်ငန်းရှင်များက ကုလားပဲဖြူလုံးကြီးကို ဈေးပေးအဝယ်ရှိတာကြောင့်ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၃၅ ကျပ် (တစ်တန်ကို ၁၀၆၃၇၂၁ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ် အနည်းငယ်ဖြစ်၊ နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားအနည်းငယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၆၀၀ ကျပ်(တစ်တန်ကို ၉၇၉၈၂၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေဖြင့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် မြို့ခံဆီစက်များက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် သိပ္ပံနှမ်းတစ်ပိဿာ ၄၅၅၆ ကျပ်၊ နှမ်းနီ(သစ်)တစ်ပိဿာ ၂၄၀၀ ကျပ်၊ နှမ်းနက်(သစ်)တစ်ပိဿာ ၃၁၅၆ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၁၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက် လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၁၆၅၀ ကျပ်(တစ်တန်ကို ၁၀၁၀၄၄၃ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲတီစိမ်းကြီးနဲ့ ကုလားပဲဖြူလုံးကြီး အရောင်းအဝယ် ခပ်ပါးပါးဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်ယူမှုတွေရှိခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၉၅ ကျပ်(တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက တစ်ပိဿာကို ၁၆၀၅ ကျပ်(တစ်တန်ကို ၉၈၂၈၈၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားအသင့်အတင့်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲလက်ကျန်နည်းနေ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်လျော့လာသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း အဝယ်ပြန်အေးသွားတာကြောင့် ဈေးကွက်မှာ ပဲအရောင်းအဝယ် မရှိသလောက်ဖြစ်နေကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၆၀၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်) အဝင်များလာပေမယ့် အစိုဓာတ်ကြောင့် ဈေးကောင်းမရ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်)တွေ ဝင်ရောက်မှုများလာပေမယ့် အစိုဓါတ်ကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ လက်ရှိအရောင်း အဝယ်ဖြစ်နေတဲ့ပေါက်ဈေးက တစ်ပိဿာကို ၅၅၀ ကျပ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအနည်းငယ်သာ အရောင်းအဝယ်ဖြစ်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၅၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များ ကဝယ်လိုအားများသလို ဈေးမြှင့်လည်းအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၆၂၅ ကျပ် (တစ်တန်ကို ၉၉၅၁၃၃ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုတော့ Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၅၀ ကျပ်(တစ်တန်ကို ၁၄၃၉၁၁၆ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## Export ဝယ်လက်ရှိလို့ စစ်ကိုင်းပဲတီစိမ်း အရောင်းအဝယ်ကောင်းနေ

စစ်ကိုင်းတိုင်းဒေသကြီးမှာ ပဲတီစိမ်းသီးနှံကို(မိုး+ဆောင်း)ဧက ၅သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအချိန်မှာ မိုးကြိုပဲတီစိမ်းထွက်ပေါ်ချိန်ဖြစ်၍ အရာတော်၊ ချောင်းဦး၊ ဘုတလင်မြို့နယ်များမှ မုံရွာကုန်စည်ဒိုင် သို့ ဝင်ရောက်လျက်ရှိရာ Export ဝယ်လက်ရှိ၍ မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်အကောင်းဆုံး သီးနှံမှာ ပဲတီစိမ်းဖြစ်ကြောင်း ကုန်သည်တစ်ဦးက ပြောပြပါတယ်။

တရုတ် Export ဝယ်လက်ရှိ၍ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်မှ လည်းကောင်း၊ ရန်ကုန် Export ဝယ်လက်မှ ပဲတီစိမ်းအသေးကိုလည်းကောင်း၊ ဒေသတွင်းသုံး စွဲမှုလည်းရှိခြင်းတို့ကြောင့် မုံရွာကုန်စည်ဒိုင်မှာ ယခုတစ်ပတ် တစ်ရက်လျှင် ပဲတီစိမ်းကြီး၊ သေး တင်း ၅၀၀မှ ၁၁၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ တစ်တင်းပေါက်ဈေး နိမ့်၊ မြင့်မှာ ပဲတီစိမ်းကြီး ၃၇၀၀၀ ကျပ်၊ ၃၈၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၃၈၅၀၀ ကျပ်၊ ၃၉၅၀၀ ကျပ်ဈေးပေါက်ပါတယ်။

သန်းသန်းတင်- မုံရွာ

ပြဟ္မာပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ်တစ်စင်းဆုံနိုင်ဖို့ထက် လူ့အဖြစ်ကိုရဖို့ ခဲယဉ်းလှတယ်လို့ ဆိုကြပါတယ်။ လူ့အဖြစ်ကိုရပြီဆိုပါတော့။ အဲဒီလူဟာ လူတန်းစေ့အောင်၊ သက်တမ်းစေ့အောင် မိမိကိုယ်ကို ထိန်းကျောင်းပဲ့ပြင်နိုင်ဖို့က ခုခေတ်မှာ အတော်ကြိုးစားနေထိုင်ရမှာဖြစ်ပါတယ်။လူရဲ့အသက်ကို ချက်ချင်းဒါမှမဟုတ်ရင် တဖြည်းဖြည်းဇီဝိန်ချွေမယ့် စိန်ခေါ်မှုတွေက အချိန်အခါမရွေး နေရာအနှံ့၊ အခုခေတ်မှာ ပေါပေါက်နေပါတယ်။

ဘယ်သူမပြု မိမိမှုပါပဲ။ ခေတ်မီတိုးတက်လှပါတယ်ဆိုတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေမှာ နေ့စဉ်နေ့တိုင်း စက်ရုံအလုပ်ရုံတွေလည်ပတ်ပြီး၊ ကောင်းကင်ကို မီးခိုးတွေ ထုတ်လွှတ်နေရာက တစ်မြို့လုံး မီးခိုးတွေလွှမ်းပြီး လူတိုင်းရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ အလကားရတဲ့လေတောင် မသန့်တော့ဘူး။ အဆိပ်ပါသတဲ့လေ၊ အညစ်အကြေး အမှုန်အမွှားတွေပါတဲ့လေဖြစ်ကုန်လို့ ဒီလိုခေတ်မီမြို့တွေမှာ အသက်တောင် ဘယ်လိုရှူရမယ်ဆိုတာ၊ ဘယ်နေရာ သွားရှူရမယ်ဆိုတာ စဉ်းစားနေကြရပါပြီ။ ဒါလည်း ဆူးတစ်ချောင်း။

လေတင်ပဲလား။ရေမှာရော၊ ရေအသက်တစ်မနက်ဆိုပြီး ရေတစ်ပိဿာရှိရင် သန့်တာပဲလို့ ရှေးက ယူဆခဲ့ကြပေမယ့် ခုခေတ်မှာတော့ သိပ်အကျုံးမဝင်လှတော့ပါဘူး။ စိုက်ခင်းအသီးသီးက ပိုလျှံတဲ့ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ၊ မွေးမြူရေးလုပ်ငန်းက အဆိပ်တွေ၊ စက်ရုံအလုပ်ရုံက စွန့်ပစ်ပစ္စည်းတွေ၊ ဟိုဟာတွေ ဒီဟာတွေ ရောနှောပျော်ဝင်နေတဲ့ စိမ့်ရေ စမ်းရေ၊ မြစ်ရေ၊ ချောင်းရေတွေဟာ ဒီခေတ်မှာ သောက်သုံးရန်မသင့်တာမို့ အန္တရာယ်အုပ်စုထဲမှာ ကျရောက်ကုန်ပါပြီ။ ဒါကြောင့်လည်း $PH_7$ ရေသန့်ဘူးလုပ်ငန်းရှင်များ မြို့နယ်တိုင်း ရေလျှံကုန်ကြတာပါပဲ။ ဒါလည်း ဆူးတစ်ချောင်း။

ကိုယ့်ခံတွင်းထဲ သွတ်သွင်းမယ့် အစားအသောက်များဘက် လှည့်ကြည့်ကြပါစို့။ ပိုးသတ်ဆေးကြွင်းကျန်နေတဲ့ ဟင်းသီးဟင်းရွက်တွေ၊ ခွင့်မပြုထားတဲ့ ဓာတုဗေဒဆိုးဆေးတွေ ဆိုးထားတဲ့ အစားအစာတွေ၊ တာရှည်ခံ ဆေးသုံးထားတဲ့အစာတွေ၊ မှိုတက်နေတဲ့ အစားအစာတွေ၊ ကန့်သတ်ရက်လွန်နေတဲ့ အစားအစာတွေ၊ ဆီလွန်၊ ဆားလွန်အစားအစာတွေ၊ အဝလွန်စေတဲ့ အချိုလွန် အစားအစာတွေ၊ မြောင်းဆီ၊ ကြော်ပြီးသားဆီတွေကို ပြန်ပြုပြင်အနံ့ထည့်ထားတဲ့ ဘူးထဲကဆီတွေ၊ ပသာဒကောင်းမွန်အောင် အမြင်အာရုံကို လှည့်စားထားတဲ့ စားရင်အကျိုးမရှိဘဲ အပြစ်ကိုပဲ ကျရောက်စေတဲ့ ပြည်တွင်းပြည်ပက ထုတ်လုပ်တဲ့ အစားအစာတွေ၊ ကိုယ်တိုင်အစွမ်း အစမရှိဘဲ နာမည်ရ ပစ္စည်းအမှတ်တံဆိပ်အတိုင်း ဖြစ်သလိုထုပ်ထားတဲ့ အတုအပအစားအစာတွေ ၊ အဲဒီဆူးတွေလည်း မနည်းမနောပါပဲ။

ကျန်းမာရေးဘက်မှာလည်း ကြည့်ပါဦး။လူဆိုတာ သွေးနဲ့ကိုယ်သားနဲ့ကိုယ် သဘာဝတရား ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာပဲ။ နေကောင်းတဲ့အချိန်ရှိသလို မတိုက်ဆိုင်ခဲ့ရင် နေမကောင်းတဲ့အခါလည်းရှိမယ်။ အဲဒီအချိန်မှာ ဆေးဝါးကောင်းများနဲ့ ကုသရမယ်။ အဲဒီလို ဆေးဝါးများမှာလည်း တန်ဖိုးအလိုက် အတော်ကောင်းတာရှိမယ်၊ အသင့်အတင့်ကောင်းတာရှိမယ်၊ နည်းနည်းလေးပဲ ကောင်းတာရှိမယ်၊ အဲ. . . . လုံးဝမကောင်းတာကတော့ ဆေးဝါးအတုအပများပါပဲ၊ ပြီး. . . . အန္တရာယ်ရှိတာကတော့ ရက်လွန်သက်တမ်းကုန်ဆေးဝါးများပါပဲ။ ဒါကြောင့် ဆေးဝါးထုတ်လုပ်တဲ့ တရားဝင်လုပ်ငန်းရှင်၊ တရားမဝင်လုပ်ငန်းရှင်များ၊ ဆေးဝါးရောင်းချသူများအနေနဲ့ ဆေးဝါးများ ဟာ ပြည်သူ့ကျန်းမာရေးအတွက် အရေးကြီးလှပါတယ်။ ဆေးဝါးအတုအပများကို ရှောင်ရှားပြီး၊ ရက်လွန်ဆေးဝါး သက်တမ်းကုန် ဆေးဝါးများကိုလည်း မျက်စေ့မှိတ်ပြီး မထုတ်လုပ်၊ မရောင်းချကြဖို့ ကြပ်မတ်သင့်ကြပါတယ်၊ ဒါကလည်း ဆူးတစ်ချောင်းပါပဲ။

အခြားဆူးတွေလည်း အများအပြားပါပဲ။နေ့စဉ် လူသုံးကုန်၊ အလှကုန်များမှာ မပါသင့်တဲ့ အန္တရာယ်ရှိမယ့် ဓာတ်သတ္တုတွေနဲ့ ရောနှောထုတ်လုပ်တာတွေ၊ နေ့စဉ် မွေးရာပါလို မသုံးမဖြစ်သုံးဖြစ်နေတဲ့ ကျွပ်ကျွပ်အိတ်၊ ပလပ်စတစ်ရဲ့ အန္တရာယ်တွေ၊ ခေတ်မီပစ္စည်း မိုဘိုင်းဖုန်း၊ ကွန်ပျူတာ စတာတွေရဲ့ ရေဒီယိုလှိုင်းတွေ၊ ပြီးတော့ အန္တရာယ်ရှိမှန်းသိပေမယ့် အကျိုးမဖြစ်မှန်းသိပေမယ့် အချို့သောက်ဖြစ်နေတဲ့ အရက်မျိုးစုံ၊ အချို့ဝါးဖြစ်နေတဲ့ ကွမ်းယာ နဲ့ဆေးရွက်ကြီး၊ အချို့စွဲလမ်းနေတဲ့ မူးယစ်နဲ့ စိတ်ကြွဆေးများ၊ ဒါတွေဟာ ဆူးတွေမက ဓားသွားများ၊ လှံသွားများလို အချိန်နဲ့အမျှ လူတွေကို ထိုးဆွနေကြတာ တွေ့ရပါတယ်။ ဒါတွေဟာ ဆူးကြားမှာ ရောက်နေတဲ့ ဘူးခါးသီးနုနုလို မလူးသာမလွန့်သာ ဘဝရယ်ပါ။

ယနေ့ အိုင်တီခေတ်ကြီးမှာ ခေတ်မီအိုင်တီပစ္စည်းကိရိယာတွေ တီထွင်လိုက်ကြတာ ကျွန်တော်လည်း ထွင်ချင်တယ်၊ ဟုတ်ပေါင်. . မေ့လို့ ဘာမျှမှမတတ်ဘဲ၊ ဒါပေမယ့် တီထွင်စေချင်တဲ့ အိုင်တီစက်ကလေးအကြောင်းတော့ ပြောပြချင်တယ်။ ဒီလောက်ကလေးတော့ စိတ်ကူးယဉ်ခွင့်ပြုပါ။



# ဆူးကြားကဘူးခါးနဲ့ လူသားစက်ရုပ်

|armifarmifat ;- vGaum|f

လက်ဝါးလောက်၊ မိုဘိုင်းဖုန်းအရွယ်လောက်၊ ကိုယ့်ရဲ့ကိုယ်ပိုင်အချက်အလက်တွေကို ထည့်သွင်းထားမယ်၊ မျိုးရိုးဗီဇ သွေးအမျိုးအစား၊ ကိုယ်တွင်းအင်္ဂါတွေ အနေအထား၊ လက်ဗွေနဲ့ အခြေခံကျန်းမာရေးမှတ်တမ်းတွေ ဒါတွေကို install လုပ်ထားမယ်၊ မနက်အိပ်ရာထရင် ဖွင့်ကြည့်ရမယ်၊ အိပ်ရာထ ဆီးသွားပြီးရင် အဖြေကြည့်မယ်။ ဆီးကောင်းရင် ကောင်းတယ်၊ ဆီးပူနေရင် အပူအစပ် ခုရက်မစားပါနဲ့ ဆိုတာပြမယ်၊ ဒီမနက် ရေတစ်လီတာ ကုန်အောင်သောက်ပါလို့ စက်ကပြောမယ်၊ မနက်စာ စားရင် စားမည့်အစာကိုကြည့်ပြီး ဆားလျှော့ပါ၊ ဆီမစားပါနဲ့၊ အသားတစ်တုံးပဲစားပါ၊ အစာကိုကြေညက်အောင် ဝါးပါ၊ ကော်ဖီ၊ ရေနွေး ၁၀၀ ဒီဂရီကျော်နေပြီး အပူဘယ်ဒီဂရီ ရောက်မှ သောက်ပါလို့ စက်ကပြောပေးနေမယ်။

မနက်စာ စားပြီးရင် စက်ကို ကိုင်ပြီး စျေးသွားမယ်ဆိုပါတော့။ မုန်လာပန်းပွင့်ကို တို့ကြည့်လိုက်တာနဲ့ ဘာပိုးသတ်ဆေးဓာတ်ကြွင်းတွေပါနေတယ်၊ ငါးပိဝယ်မယ်ဆိုရင် ဓာတ်မြေဩဇာတွေ ပါနေတယ်လို့ စက်ကပြမယ်၊ ဆေးဝါးအတုတွေ့ရင်လည်း 'အတုကြီး'လို့ စက်က အော်မယ်၊ သားငါးဝယ်ရင်လည်း 'မလတ်ဘူး၊ မနေ့က အကျန်ကြီးရေခဲရိုက်ထားတာ'လို့ စီကာပတ်ကုန်းအော်မယ်၊ ညနေပိုင်းနေညိုချိန်မှာ လေမပြိုရအောင် ယမကာကလေး ဘာလေးဝယ်မယ်ဆိုရင် 'အင်ကြီး' လို့ စက်ကအော်မယ်၊ ခံတွင်းချဉ်လိုက်တာ ဆေးလိပ်ကလေးတော့မှာလိုက်ဦးမှ ဆိုပြီး စီးကရက်ဝယ်မိရင် စက်က 'သေချင်လို့လား' လို့ သာသာယာယာတွန်ကျူးမယ်၊ ဝါးပြီး ထွေးတာပဲ၊ ဝမ်းထဲ ဝင်တာမှတ်လို့ ဆိုပြီး ကွမ်းယာစားမယ်ကြံလိုက်ရင် 'ခံတွင်းကင်ဆာဖြစ်တော့မယ်' ဆိုတဲ့ သံစဉ်နဲ့နောက်ခံတေးသွား ထွက်လာမယ်၊ ဒီလိုဖြစ်နေတုန်း screen ကို သွားဖွင့်မကြည့်လိုက်နဲ့၊ 'ကျန်ရစ်သူမိသားစုများအသင်း'မှ 'မုဆိုးမများ ယိမ်း ' ဆိုတာ ကပြနေလိမ့်မယ်၊

ညအိပ်ရာဝင်မှာတော့ ကိုယ့်ရဲ့ ကျန်းမာရေးအနှစ်ချုပ်၊ နေ့စဉ်အချုပ်ကို စက်ကဖော်ပြပါလိမ့်မယ်။တစ်နေ့တာ ကယ်လိုရီ လိုအပ်ချက်ဘယ်လောက်၊ စားမိတာက ဘယ်လောက် အပိုအလို၊ အဆီဘယ်လောက် ပိုသွားလို့ ပေါင်ချိန်ဘယ်လောက်တက်လာမယ်၊ နှလုံးခုန်နှုန်းမှန်မမှန်၊ သွေးခုန်နှုန်း၊ အသည်း၊ အဆုတ်၊ ကျောက်ကပ် အခြေအနေတွေကို သုံးသပ်ပြီး မနက်ဖြန်ဘယ်လိုစားသင့်တယ်၊ ဘယ်လောက်စားသင့်တယ်ဆိုတာ ပြပါလိမ့်မယ်။

ဒါပေမယ့် လူဆိုတာ အခက်သား၊ စိတ်ဆိုတာကြီးကရှိနေတော့ စိတ်အလိုကိုပဲ လိုက်ကြတာများပါတယ်။စိတ်ကစိတ်၊ စက်ကစက်ပဲ။ 'လူ့အလို နတ်မလိုက်နိုင် ' ဆိုတဲ့ စကားပုံအစား 'လူ့အလို စက်မလိုက်နိုင်' လို့ ပြောင်းလဲသွားနိုင်တယ်။ ဒါပေမယ့် အိုင်တီသမားများကိုတော့ ထွင်စရာရှိတာ ထွင်ကြဖို့ အကြံပြုလိုပါတယ်။

ဒီဆောင်းပါးကို သူငယ်ချင်းတစ်ယောက်က ဖတ်ပြီး ခင်ဗျားဟာ မစွံပါဘူးဗျာ လူကိုစက်က ထိန်းချုပ်သလို ဖြစ်နေပြီး စက်ခိုင်းတာလူက လုပ်နေရတယ်၊ လူတွေ စက်ရုပ်ဆန်ကုန်ကြမလားလို့ ဆိုပြီး စောဒကတက်ပါတယ်။သူ့ကို မေးခွန်းနည်းနည်းမေးရတယ်။

'ခင်ဗျားမနက်ဘယ်အချိန်ထလဲ'

'မနက် ၆း၀၀ နာရီ နှိုးစက်မြည်တာနဲ့ထတယ်'

'ထမင်းဘာနဲ့ချက်လဲ'

'လျှပ်စစ်ထမင်းပေါင်းအိုးနဲ့'

'ရုံးဘာနဲ့လာလဲ'

'ဖယ်ရီကားနဲ့'

'ရုံးမှာ သတင်းအချက်အလက်၊ နယ်သတင်းတွေ ဘယ်လိုယူလဲ'

'တယ်လီဖုန်းနဲ့၊ ဖက်(စ်)နဲ့၊ ကွန်ပျူတာ အင်တာနက်နဲ့'

'ဂဏန်းတွက်စရာရှိရင် ဘာနဲ့တွက်လဲ'

'ဂဏန်းပေါင်းစက်နဲ့'

'ဘယ်အချိန်ရုံးဆင်းလဲ'

'ညနေ ၄း၃၀ - ၅း၀၀ နာရီ'

ဒါတောင် စက်တွေနဲ့ ကင်းကွာချင်ပါတယ်လို့ ပြောချင်သေးလား . . . ။

## Myanmar Water ၂၀၁၅ ပြပွဲကျင်းပ

Myanmar Water 2015 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၇ ရက် နံနက် ၉ နာရီ တွင် ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP)တွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ လျှပ်စစ်/စွမ်းအင် ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်မြတ်၊ မွေးမြူရေးနှင့်ငါးလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုတိယဝန်ကြီး ဦးတင်ငွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင် နှင့် UBM Asia ၏ အာဆီယံစီးပွားရေးမန်နေဂျင်းဒါရိုက်တာ Mr.M.Gandhi တို့ တက်ရောက်ကြပြီး အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပါသည်။ ပြပွဲ၌ ထိုင်း၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ ကိုရီးယား၊ စင်ကာပူ၊ တရုတ်၊ အစ္စရေး၊ ထိုင်ဝမ်၊ အင်္ဂလန် စသည့် နိုင်ငံ ၁၄ နိုင်ငံ၊ ကုမ္ပဏီ ၁၁ ခုတို့မှ ပြခန်းပေါင်း ၆၀ ကျော် ပါဝင်ပြသခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ရေနှင့်ရေဆိုး သန့်စင်ရေး၊ စွမ်းအင်သစ်ထုတ်လုပ်သည့် နောက်ဆုံးပေါ် နည်းပညာ၊ လေအေးပေးစနစ်နှင့် လေဝင်/လေထွက် စနစ်ဆိုင်ရာ အနာဂတ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြသခဲ့ပါသည်။ ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)၊ မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) အမျိုးသား ရေးအရင်းအမြစ်ကော်မတီ (MWRC)၊ အစ္စရေးသံရုံး(ရန်ကုန်)တို့မှ ကူညီပံ့ပိုးပေးခဲ့ကြပါသည်။

အဆိုပါ ကုန်စည်ပြပွဲအား စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် ခင်းကျင်းပြသခဲ့ပြီး စက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ ချင်းတွင်းကောလိပ်မှ မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် အများပြည်သူများ နေ့စဉ်ပျမ်းမျှ ၂၀၀ ဦးခန့် လာရောက်ကြည့်ရှုကြကြောင်း သိရှိရပါသည်။

KMT

# မြိတ်ကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၅ ခုနှစ် ၊စက်တင်ဘာလ ၅ ရက်မှ ၁၁ရက်တာကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၃၈၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၄၅၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၅၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန် ၇၀ ကျော်၊ကဏန်း တန် ၃၀ ကျော်နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၃၈၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၃၈၆ တန်ကျော် ၊ပုစွန် ၃ တန်ခန့်၊ကင်းမွန် ၁၀ တန်ခန့်၊ ငါးရှဉ့် ၁ တန်ကျော် ၊ရေဘဝဲ ၅၇၀ ကီလိုဂရမ်နဲ့ ကဏန်း ၃၀၀ ကီလိုဂရမ်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၂၃၀ ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၈၅၁ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၁၈ တန်ကျော်၊ ငါးမှုန့် ၆၀၅ တန်၊ ပုစွန် ၁၈ တန်ကျော်၊ ကင်းမွန် ၂ တန်ကျော် ၊ ကဏန်းသေး (အသေ) ၃ တန်ကျော်နဲ့ သဲကဏန်း ၄၃၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၅၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# မောင်တောစခန်းမှ ကျပ်ငွေဖြင့် ဝါးကြီးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောစခန်းမှ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာလ ၅ ရက်မှ ၁၁ ရက်တာကာလအတွင်းမှာ ကျပ် ၃၈၄၆၀၀၀ တန်ဖိုးရှိ ဝါးကြီး ၃၇၅၀၀ ကီလို တင်ပို့ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဇွန်လမှစတင်၍ မောင်တောစခန်းမှ မြန်မာကျပ်ငွေဖြင့် ဝါး၊ ခနို၊ ကြိမ်၊ သစ်ခေါက်တို့ကို တင်ပို့ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ယခုအခါ ဝါးကို ဒေါ်လာအပြင် ကျပ်ငွေဖြင့်လည်း တင်ပို့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မောင်တောစခန်းမှ တင်ပို့တဲ့ ဝါးကြီးမှာ မြောက်ဦးဒေသထွက်ဖြစ်ပါတယ်။ မောင်တောမှ ဖောင်ဖွဲ့ပြီး တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ကြတယ်လို့ မောင်တောစခန်းမှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# မူဆယ်နဲ့စစ်တွေနယ်စပ်များမှ ဆီးသီးခြောက် တန် ၇၇၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၅ ရက်မှ စက်တင်ဘာလ ၁၁ ရက်ထိကာလအတွင်း ကန်ဒေါ်လာ ၈၇၀၀၀ ဖိုးရှိဆီးသီးခြောက် တန် ၇၀၀ တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးခန်းမှလည်း ကန်ဒေါ်လာ ၁၂၀၇၀ တန်ဖိုးရှိ ဆီးသီးခြောက် ၇၁ တန် တင်ပို့ နိုင်ခဲ့တယ်လို့သိရပါ တယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက်တန် ၉၀၀ တင်ပို့နိုင်ခဲ့တာကြောင့် ယခုသီတင်းပတ်ရဲ့ ဆီးသီးခြောက်တင်ပို့မှု တန် ၂၀၀ လျော့နည်းတယ်လို့ ဆိုရပါမယ်။ စစ်တွေစခန်းကတော့ ယခင်သီတင်းပတ်က ၁၂၆ တန်တင်ပို့နိုင်ခဲ့ရာ ယခုသီတင်းပတ်မှာတော့ ၅၅ တန် လျော့နည်းတင်ပို့လာတာ တွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် ဆီးသီးခြောက်အပြင် ကန်ဒေါ်လာ ၈၇၀၀၀ ဖိုးရှိ ဆီးဆံ ၂၂ ဒသမ ၃ တန် လည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# ဝဥခြောက် ပုံမှန်တင်ပို့

ဝဥကို ပြည်တွင်းမှာ စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံများမှာ တန်ဖိုးကြီး အစားအစာအဖြစ် ပြုလုပ်စားသောက်လေ့ရှိရာ ဂျပန်နဲ့ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး စင်ကာပူနဲ့ မလေးရှားနိုင်ငံသို့လည်း အနည်းငယ် တင်ပို့ကြကြောင်း သိရပါ တယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် စက်တင်ဘာလ ဒုတိယပတ်တွင် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ သုည ဒသမ ၀၆၉ သန်းတန်ဖိုးရှိ ဝဥခြောက် ၃၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တန် ၃၀ ခွဲ တင်ပို့ခဲ့တာမို့ ဝဥခြောက်ပုံမှန်တင်ပို့မှု ရှိနေတယ်လို့ ဆိုရပါမယ်။

ဝဥကို မုန့်များထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍သုပ်စားခြင်း၊ အသားတုပြုလုပ်ခြင်းများအပြင် ဝဥခြောက်မှာ အဆီကျစေတဲ့ အာနိသင်ရှိခြင်း၊ ကိုလက်စထရောကျစေခြင်း တို့ကြောင့် ပရဆေးဖော်စပ်ရာမှာလည်း အသုံးပြုကြပါတယ်။

**မော်မော်အောင်**

# မျှစ်စို၊ မျှစ်ခြောက် တင်ပို့မှုအရှိန်ရ

မြန်မာနိုင်ငံမှ မျှစ်စို၊ မျှစ်ခြောက်နဲ့ မှိုခြောက်များကို တရုတ်နိုင်ငံက ဝယ်ယူလျက်ရှိရာ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၁၀၀၀၇ တန်ဖိုးရှိ မျှစ်စို ၉၈ တန်ခွဲ၊ ကန်ဒေါ်လာ ၁၀၆၄ တန်ဖိုးရှိ မျှစ်ခြောက် ၄ တန်နဲ့ ကန်ဒေါ်လာ ၄၀၈ တန်ဖိုးရှိ မှိုခြောက် ၂ တန်ခွဲတို့ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မျှစ်စို ၆၈ တန်ကိုသာ ကန်ဒေါ်လာ ၆၉၂၅ ဖိုးတင်ပို့ခဲ့တာတွေ့ရပါတယ်။ ဩဂုတ်လ တစ်လလုံးမှာတော့ မျှစ်စိုတန် ၁၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မောင်တောစခန်းမှ ငါးခြောက်တင်ပို့

မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဘက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေတဲ့ ငါးခြောက်များကတော့ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်များဖြစ်ပါတယ်။ စက်တင်ဘာလ ၅ ရက်မှ ၁၁ ရက်တာကာလအတွင်းမှာ ဒေါ်လာ ၂၆၀၀၀ တန်ဖိုးရှိ ငါးနီတူခြောက် ကီလို ၂၀၀၀၀ နဲ့ ဒေါ်လာ ၃၃၈၇၉ တန်ဖိုးရှိ ငါးစုံလေးခြောက် ၇၃၆၅၂ ကီလို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှု မရှိဘူးလို့ သိရပါတယ်။ ငါးစုံလေးခြောက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်လိုအားများတယ်လို့သိရပါတယ်။

**မြင့်မြင့်မာ**

# ၂၀၁၅-၁၆ ဘဏ္ဍာနှစ်စမှ ဩဂုတ်လကုန်အထိ ကုန်သွယ်ရေးစခန်းများမှ ITC နဲ့ ကျပ်သန်းပေါင်း ၃၀၀၀ ကျော်ကုန်သွယ်ခဲ့

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်နဲ့ အသေးစား၊အလတ်စားကုန်သည်ငယ်များ တစ်နိုင်တစ်ပိုင် ကုန်သွယ်မှုပြုနိုင်ရန်ရည်ရွယ်ပြီး ကုန်သွယ်ရေးစခန်းများတွင် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ITC ဖြင့်ကုန်သွယ်မှုဆောင်ရွက်ခြင်းအား ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး ခွင့်ပြုဆောင်ရွက်နေပြီဖြစ်ပါတယ်။ နယ်စပ်ဒေသများတွင် ကုန်သွယ်မှုပြုလျက်ရှိတဲ့ စခန်း ၂၀ ခုဖွင့်လှစ်ထားပြီး ITC နဲ့ ကုန်သွယ်မှုပြုလျက်ရှိတဲ့ စခန်း ၁၀ ခုရှိကာ ယင်းစခန်းများမှ ယခုဘဏ္ဍာနှစ်စဧပြီလမှဩဂုတ်လကုန် အထိ ပို့ကုန်ကျပ်သန်းပေါင်း ၁၅၇၅ ဒသမ ၀၈၉၊ သွင်းကုန် ကျပ်သန်းပေါင်း ၁၅၃၁ ဒသမ ၁၄၅ နဲ့ ကုန်သွယ်မှုပမာဏ ၃၁၀၆ ဒသမ ၂၃၄ သန်း ကုန်သွယ်ပြီးဖြစ်တယ်လို့ စခန်းများမှ သိရပါတယ်။ ဩဂုတ်လအတွင်း အိန္ဒိယနယ်စပ်ဖြစ်တဲ့ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်တင်ပို့မှု မရှိသော်လည်း သွင်းကုန် ချည်ခင်နဲ့ နိုင်လွန်ချည်များကို ITC နဲ့ ကျပ်သန်း ပေါင်း ၄၁ ဒသမ ၀၂၈ ခန့် တင်သွင်းနိုင်ခဲ့ပါတယ်။ ထိုင်းနယ်စပ်ဖြစ်တဲ့ မောတောင်ကုန်သွယ်ရေးစခန်းမှ ITC နဲ့ ပို့ကုန်အဖြစ်ငါးမျိုးစုံ၊တံမြက် စည်းနဲ့ သွင်းကုန်အဖြစ် လိမ္မော်သီး၊ပန်းသီးနဲ့ စပျစ်သီးများကို ကျပ်သန်းပေါင်း ၁၂ ဒသမ ၀၃၂ ခန့် ကုန်သွယ်မှု ပြုနိုင်ခဲ့ပါတယ်။

**ခင်မိုးသူ**

# ယခုသီတင်းပတ်အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန် အများဆုံးတင်ပို့

စက်တင်ဘာလ ၅ ရက်မှ ၁၁ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၀၈၄ သန်းတန်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၁၉၇ သန်းဖိုး တင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၁၁၃ သန်းဖိုး လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုသီတင်းပတ်မှာ ကြက်သွန်နီ ၇၂ တန်၊ ဆီးသီးခြောက် ၇၁ တန်၊ မန်ကျည်းစေ့ ၁၈၉ တန်၊၊ ချင်း (အစို) သုည ဒသမ ၉ တန်၊ နနွင်းတက် ၄ တန်နဲ့ ဆီးယိုထုပ် ၄၂ တန် တို့ကို ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည် စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင် ဖွင့်လှစ်ကာ နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/ လက်တွေ့ ဘာသာရပ်များ ကျယ်ကျယ်ပြန့်ပြန့်သင်ကြား ပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ်(၇) ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်း များ လုပ်ကိုင်ဆောင်ရွက်ခြင်း ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန အသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည် ဖြစ်ပါသည်။ အဆိုပါသင်တန်းတွင် စီးပွားရေးဆိုင်ရာဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ သင်တန်းကို အမှတ် ၂၂၈-၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် ၃ ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉း၃၀ နာရီမှ ၁၂း၃၀ နာရီထိ) ဖြင့် လေးလကြာမြင့်မည် ဖြစ်ပါသည်။

သင်တန်းဝင်ခွင့် လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်လက်ခံပြီး သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## နှစ်လထက်ကျော်လွန်သော သွင်းကုန်ကြေညာလွှာ(ID)များနဲ့ ပစ္စည်းများ သယ်ယူခွင့်မပြု

တာချီလိတ် ကုန်သွယ်ရေးစခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးမှုများပြုလုပ်ရာ၌ ၂၀၁၄ ခုနှစ်ကတည်းက ထုတ်ပေးထားသော သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာများအသုံးပြု၍ Mobile Team စစ်ဆေးရေးဂိတ်များသို့ ဖြတ်သန်းခွင့်ပြုရန် တင်ပြလျက်ရှိတာကို တွေ့ရပါတယ်။ ထိုကိစ္စနဲ့စပ်လျဉ်းပြီး အထက်ဌာနသို့တင်ပြ လမ်းညွှန်မှုခံယူရာမှာ လွန်ခဲ့သော နှစ်လအတွင်းက ID များကိုသာ လက်ခံစစ်ဆေး ပေးသွားရန်နဲ့ နှစ်လထက်ကျော်လွန်သော ID များကို လက်ခံစစ်ဆေးခြင်းမပြုရန် ညွှန်ကြားထားတယ်လို့ သိရပါတယ်။သို့ပါ၍ နှစ်လထက်ကျော်လွန်သော သွင်းကုန်ကြေညာလွှာများကို အသုံးပြု၍ ကုန်ပစ္စည်းများဖြတ်သန်းခြင်းမပြုကြရန် အသိပေးလိုက်ရပါတယ်။

## ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ စားသောက်ကုန်နဲ့ ကြက်စာအိတ်များ ဖမ်းဆီးရမိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းမှာ ဖမ်းဆီးနေသော Mobile Team လရ-၂ အဖွဲ့သည် စက်တင်ဘာလ ၄ ရက်မှ ၁၁ ရက်ထိ (၈) ရက်တာကာလအတွင်းမှာ Deedo အချိုရည်တာ ၉၀ ၊ Milo ၅၆ တာ၊ Sprite တာ ၃၀ ၊ နို့စိမ်း ၁၀ တာ၊ ခရမ်းချဉ်သီးဆော့စ် ၅၀ တာ၊ ဆီပုံး၀ါ ၄၈ ပုံး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၅၂ သိန်း ၄ သောင်းကျော်နဲ့ ခန့်မှန်းတန်ဖိုး ကျပ် ၄ သိန်း တန်ဖိုးရှိ ကြက်စာ အိတ် ၂၀ ကို သိမ်းဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲများ ဖွင့်လှစ်ထားပြီး ဖျက်ဆီးရေးအဖွဲ့ဖွဲ့စည်းပြီး FDA ထောက်ခံချက်မပါတဲ့အတွက် ဖျက်ဆီးသွားမယ်လို့ သတင်းရရှိပါတယ်။

## အလှပြင်ပစ္စည်း၊ ကလေးအ၀တ်အထည်များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများအား သိမ်းဆည်းရမိ

စက်တင်ဘာလ ၂ ရက်နဲ့ ၃ ရက်နေ့များမှာ မူဆယ်(၁၀၅)မိုင် ထုတ်နုတ်အင်အား Mobile Team အဖွဲ့က အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းမှာ တရားမ၀င်စုပုံထားတဲ့ ခန့်မှန်းတန်ဖိုးကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ အလှပြင်လုပ်ငန်းသုံးပစ္စည်းကိရိယာ ၃ ခု၊ Beauty Star ၄ ခု၊ ဆံပင်ဖြောင့် ပစ္စည်း ၁ ဖာ၊ အားသစ် Expresss ယာဉ်ပေါ်မှ ကျပ် ၉၉၀၀၀ တန်ဖိုးရှိ ဆံပင်ဆိုးဆေး ၉၉ ဘူးနဲ့ ကျပ် ၉၃၀၀၀ တန်ဖိုးရှိ ကလေး၀တ်အ၀တ်အထည် ၄ ထုပ်၊ မီးသီး ၂ ဖာနဲ့ ပေါင်းအိုး ၁ ဖာတို့ကိုလည်းကောင်း သိမ်းဆည်းရမိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ထားတယ်လို့ သတင်းရရှိပါတယ်။

## ဟိုင်းလပ်ယာဉ်ငယ်များနဲ့ ခွဲသယ်ဆောင်ရန် စုပုံထားတဲ့ ဘီယာချန်းများဖမ်းဆီးရမိ

အမာခံသတင်းပေးထံမှ သတင်းရရှိတဲ့သတင်းအရ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေစိုက်တာ၀န်ထမ်းဆောင်နေသော Mobile Team လရ-၂ အဖွဲ့ဟာ စက်တင်ဘာလ ၆ ရက်က ဆတ်သွားခြံရွာအထွက် လမ်းဘေးမှာစုပုံထားပြီး သိမ်ဇရပ်-ဝေါ-ပဲခူး ဟိုင်းလပ်ယာဉ်ငယ်များနဲ့ ခွဲသယ်ဆောင်ရန် စီစဉ်ထားတဲ့ ဘီယာချန်းများ စုပုံထားတာကို တွေ့ရှိသိမ်းဆည်းခဲ့ကြတယ်လို့ သတင်း ရရှိပါတယ်။

ရွာအထွက်လမ်းဘေးခြံနားမှာ ဘီယာချန်း(၁ x ၃၃၀ မီလီမီတာ x ၂၄ဘူး)ပါ ၁၀၀ ပါကင် ခန့်မှန်းကျပ် ၁၀ သိန်းတန်ဖိုးကို တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။သိမ်းဆည်းရမိဘီယာများအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အဖွဲ့စုံနဲ့ ဖျက်ဆီးမှုများလုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

## ID မဲ့နဲ့သိုဝှက်တင်ဆောင်လာတဲ့ မိတ္တူကူးစက်အပိုပစ္စည်းများ၊ Phone Screen နဲ့ ကားအပိုပစ္စည်းများကို စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုတဲ့ Mobile Team လရ-၁ အဖွဲ့သည် စက်တင်ဘာလ ၇၊ ၈၊ ၁၃ ရက်နဲ့ ၁၅ ရက်နေ့များတွင် တရားမ၀င် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ISUZU ခြောက်ဘီး 9J/xxxx ပေါ်မှ ID တွင် ကြေညာထားခြင်းမရှိတဲ့ မိတ္တူစက်အပိုပစ္စည်းများဖြစ်တဲ့ Cleaning Drum , Canon Printer Film များကိုလည်းကောင်း 5J/xxxx , Van 7D, Hiace ၈ည /xxxx/xxxx ယာဉ်များပေါ်မှ အကောက်ခွန်မဲ့သိုဝှက်တင်ဆောင်လာတဲ့ ကားလေးအကြီး ၈ ချောင်း၊ ကားလေးအသေး ၄ ချောင်းနဲ့ Phone Screen ၂ ဖာ၊ လျှပ်စစ်ခြင်ရိုက်တံ ၃ ဖာနဲ့ Radio ၃ ဖာကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင် တယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိတရားမ၀င် အကောက်ခွန်မဲ့ ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်တယ်လို့သိရပါတယ်။

## ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်အတုံးအခဲ/အိတ်များနဲ့ တင်ဆောင်လာတဲ့ ယာဉ်များအား Mobile Team မှ သိမ်းဆည်း

စက်တင်ဘာလ ၆ ရက်နဲ့ ၉ ရက်နေ့များမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ရှောင်ကွင်းလမ်းပေါ်မှာ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်သုံးအိတ်ကို Toyota Vista ယာဉ် 4C/xxxx ပေါ်မှလည်းကောင်း၊ ကျောက်စိမ်းလို့ ယူဆရတဲ့ အတုံးအခဲ နှစ်ခုကို Nissan Tida Latio ယာဉ်ပေါ်မှလည်းကောင်း၊မူဆယ်(၁၀၅)မိုင် ထုတ်နုတ်အင်အားMobile Team အဖွဲ့က စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထားပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားပြီးဖြစ်ပါတယ်။သိမ်းဆည်းရမိကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်အိတ်များ၊ ကျောက်အတုံးအခဲများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၄၀ ဖြစ်ပြီး သိမ်းဆည်းရမိကျောက်ထုပ်များ တင်ဆောင်လာတဲ့ ယာဉ်နှစ်စီးရဲ့တန်ဖိုးမှာ ၁ စီးလျှင် ကျပ်သိန်း ၆၀ နဲ့ ကျပ်သိန်း ၁၂၀ တန်ဖိုးရှိတယ်လို့သိရပါတယ်။ဒါ့အပြင် ဩဂုတ်လ ၂၇ ရက်နေ့ ၀၇း၀၀ အချိန်ခန့်ကလည်း ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၄၀ တန်ဖိုးရှိ တွင်းထွက်ကျောက်မှုန့်သို့မဟုတ် သတ္တုမှုန့်လို့ယူဆရတဲ့ အမှုန့်အိတ် ၂၅ လုံးကိုလည်း ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့အတွက် သိမ်းဆည်းရခဲ့တယ်လို့ သိရပါတယ်။

## တာချီလိတ်-ကျိုင်းတုံလမ်း ၀မ်ကောင်းမွန်ကျေးရွာအနီး ယာဉ် ၁၃စီးပေါ်မှ အထောက်အထားမဲ့ စားသောက်ကုန်၊ လူသုံးကုန်၊ တိရစ္ဆာန်အစားအစာများ သိမ်းဆည်းရမိ

စက်တင်ဘာလ ၂ ရက်နေ့တွင် တာချီလိတ်-ကျိုင်းတုံလမ်း-၀မ်ကောင်းမွန်ကျေးရွာအနီး၌ တာချီလိတ်ကုန်သွယ်ရေးစခန်း ထုတ်နုတ် Mobile Team က တာ၀န်ထမ်းဆောင်နေစဉ်ယာဉ် ၁၃ စီးပေါ်မှ ပိုးသတ်ဆေး ၁၀ ပုံး၊ အင်ဂျင်ဝိုင် ၇ ပုံးနဲ့ ၁ ဖာ၊ ထီးမျိုးစုံ ၁၂ ဖာ၊ တိုင်းရင်းဆေးဖာ ၇ ဖာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး မျိုးစေ့ ၃ ဖာ၊ ပလတ်စတစ်အကြည်ပြား၊ သံပုရာပင်၊ ၀က်စာ ၁၀ အိတ်၊ စားသောက်ကုန်စုံ ၄၇မျိုးကို ဟိုင်လတ်ယာဉ်များ၊ ဗင်န်၊ ယာဉ်လိုင်း(တက်နေ၀န်း၊ ရွှေမင်းသား၊ ဆမ်ဆောင်း)ဟိုက်အေ့စ်၊ သုံးဘီးယာဉ်နဲ့ လိုက်ထရပ်ယာဉ်များပေါ်မှ သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

## အကောက်ခွန်မဲ့တင်သွင်းနေတဲ့ စားသောက်ကုန်၊ လူသုံးကုန်၊ စားဆီများဖမ်းဆီး

တာချီလိတ် Mobile Team က စားဆီ ၂၁ ဖာနဲ့ ၄ ပုံး၊ ဆားအိတ် ၅၀၊ မုန့်ပွ ၃၈ တွဲ၊ ဂေါ်ဖီလာမုန့် ၃ ဖာ၊ စားသောက်ကုန်မျိုးစုံ ၄၅ ဖာ၊ ကြက်ဥ ၄၆ ဆွဲ၊ အေးခဲကြက်သား၊ ခေါက်ဆွဲခြောက် ၁၂ ဖာ၊ J-mix ၄ ဖာ၊ အ၀တ်အထည်များ၊ ဖိုက်ဘာပန်းကန်ပြား၊ မျက်နှာသုတ်ပု၀ါများ၊ ပလပ်စတစ်ဖျာများကို တာချီလိတ်-ကျိုင်းတုံ၊ တာချီလိတ်-မိုင်းဆတ်သွားယာဉ်များပေါ်မှ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၁၀ ရက်အတွင်းမှာ စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်လုပ်ဆောင်နေတယ်လို့ ရှေ့ပြေးသတင်းအရသိရပါတယ်။

## ယာဉ်ခြောက်စီးပေါ်မှ အကောက်ခွန်မဲ့အထည်ထုပ်များကို စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁အဖွဲ့သည် စက်တင်ဘာလ ၈၊၉ နဲ့ ၁၀ ရက်နေ့များတွင် မူဆယ်မှ မန္တလေးသို့ဝင်ရောက်လာတဲ့ ယာဉ်များကို စစ်ဆေးရာ ယာဉ်ခြောက်စီးပေါ်မှ သိုဝှက်တင်ဆောင်လာတဲ့ အထည်ထုပ် ၁၅ ထုပ်ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။တရားမ၀င်အကောက်ခွန်မဲ့ တင်သွင်းလာတဲ့ အထည်ထုပ်များအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲ ဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမယ်လို့ သိရပါတယ်။

## တာချီလိတ် Mobile Team က မော်တော်ယာဉ်သုံးပစ္စည်းများ သိမ်းဆည်းရမိ

တာချီလိတ် Mobile Team အဖွဲ့ဟာ ဩဂုတ်လ ၃၁ ရက်နေ့ ၁၂း၁၀ ချိန်မှာ ၀မ်ကောင်းမွန်ကျေးရွာအနီး၌ စစ်ဆေးရေးတာ၀န်ထမ်းဆောင်စဉ် လက်ဇပ်ယာဉ်ပေါ်မှ ဘရိတ်ရှူး ၃ ဖာ၊ အမဲဆီ ဘူး ၂၃ ဘူး၊ Mobilewire တစ်ခွေ၊ Beqsug ကိုးစုံ၊ ဟိုင်ဂျက် ယာဉ်ပေါ်မှ မော်တော်ယာဉ်သုံး ပတ်တီး ၁ ဖာ၊ ဆိုင်ကယ် တာယာ ၁၀ လုံးတို့ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

## တာချီလိတ် Mobile Team က ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိ

ဩဂုတ်လ ၃၁ ရက်နဲ့ စက်တင်ဘာလ ၃ ရက်နေ့များမှာ တာချီလိတ် ကုန်သွယ်ရေးစခန်း ထုတ်နုတ်လှုပ်ရှားအဖွဲ့မှ တာချီလိတ်-ကျိုင်းတုံသွား ကားလမ်းပေါ်ရှိ ၀မ်ကောင်းမွန်ကျေးရွာအနီးမှာ ဂျူတီပစ္စည်းများနဲ့ ခြောက်ဘီးယာဉ်ပေါ်၌ ရောနှောသယ်ဆောင်လာတဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း White Cement ၁၀ အိတ်၊ ၁၂ ဘီးယာဉ်ပေါ်မှ Iron Square ၂၂ ချောင်း၊ ဒိုင်နာယာဉ်ပေါ်မှ အကောက်ခွန်မဲ့ အပူခံသွပ်ပြား ၂၅ ချပ်နဲ့ G-၁၀ သွပ်ပြား ၁၂ ချပ်တို့ကို စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် ယာဉ်မောင်းများအား နောက်နောင် တရားမ၀င် သယ်ယူမှုများ ကျူးလွန်ပါက တရားဥပဒေအရ အရေးယူခြင်းကို ခံယူမည်ဖြစ်ကြောင်း ၀န်ခံကတိ လက်မှတ်ရေးထိုးစေပြီး ယာဉ်များအား ဆက်လက်ထွက်ခွာစေခဲ့တယ်လို့ သတင်းရရှိပါတယ်။

MIRT - စုစည်းတင်ပြသည်




ရွှေ့ပြောင်းလုပ်သားဆိုသည်မှာ လုပ်ခမြင့်မားသည့် နိုင်ငံတကာသို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်ခြင်းဖြင့် နိုင်ငံခြားငွေရှာဖွေနေသူများဖြစ်သောကြောင့် ဝန်ဆောင်မှုပို့ကုန် (Service export) လုပ်ဆောင်နေသူများပင်ဖြစ်သည်။ စီးပွားရေးသဘောအရ တည်ရှိသည့် ထုတ်လုပ်မှုအင်အားစုများအပေါ် မူတည်၍ နှိုင်းယှဉ်အခွင့်အရေးသာမှုအရလည်း ထုတ်လုပ်မှုအင်အားစုများ၏ ဈေးနှုန်းများ ကွာဟမှုရှိနေမည်ဖြစ်ရာ ဈေးနှုန်းမြင့်သည့်နေရာများသို့ ပြောင်းရွှေ့လုပ်ဆောင်မှုသည် ပြောင်းရွှေ့သူရော လက်ခံသူ အတွက်ပါ အကျိုးရှိစေသည်။ လုပ်သားပေါသည့်အတွက် လုပ်ခ ဈေးချိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံမှ လုပ်သားများအနေဖြင့် လုပ်သားရှား သောကြောင့် လုပ်ခမြင့်သည့်ဖွံ့ဖြိုးပြီးနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ခြင်းသည် ဓမ္မတာပင်ဖြစ်သည်။ ထို့အတွက်လည်း ရွှေ့ ပြောင်းလုပ်သားများ၏ လွှဲပြောင်းပေးငွေသည် ဆင်းရဲသော နိုင်ငံများအတွက် အရေးပါသည့် နိုင်ငံခြားငွေ ဇာစ်မြစ်တစ်ခုဖြစ်သလို ရွှေ့ပြောင်းလုပ်သားမိသားစုများ အတွက်လည်း ထိရောက်သည့် ဆင်းရဲမှုလျှော့ချရေးနည်းလမ်းပင် ဖြစ်သည်။ ယခု ဆယ်စုနှစ်များအတွင်း ဆင်းရဲမှုနှုန်းသိသိသာသာ လျှော့ချလာနိုင်ခဲ့သည့် အာရှနိုင်ငံများအနက် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည်တို့အနေဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ အခန်းကဏ္ဍကြီးမားသလိုနိုင်ငံ၏ အရေးပါသည့် နိုင်ငံခြားဝင်ငွေ ဖြစ်သောကြောင့်လည်း လိုအပ်သည့်ပံ့ပိုးမှုများ စီမံပေးသည့်အပြင် အသိအမှတ်ပြုမှုများ၊ ဂုဏ်ပြုမှုများအပြင်လက်တွေ့ကျသည့် အားပေးမှုများ၊ ဥပဒေကြောင်းအရ အကာအကွယ်ပေးမှုများကြောင့်လည်း နိုင်ငံတကာတွင် အောင်မြင်သည့် ဆင်းရဲမှု လျှော့ချရေးနည်းလမ်းဖြစ်လာပေသည်။

## မြန်မာနိုင်ငံအတွက် ထိရောက်မှုရှိသည့်နည်းလမ်း

မြန်မာနိုင်ငံအတွက် ဆင်းရဲမှုလျှော့ချရေးတွင် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေသည်အရေးပါကြောင်း ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (UNDP နှင့် MNPED) တို့ ပူးတွဲဆောင်ရွက်ခဲ့သည့် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့၏ Poverty profile ဆင်းရဲမှုစစ်တမ်းများအရဖော်ပြနေသည်။ ဥပမာအားဖြင့် ၂၀၀၅ ခုနှစ်၏ ဆင်းရဲမှုစစ်တမ်း (Poverty profile) အရ ဆင်းရဲမှုနှုန်းအနည်းဆုံး တစ်နည်းအားဖြင့် အိမ်ထောင်စု ဝင်ငွေအရ အကောင်းဆုံးဒေသမှာ ကရင်ပြည်နယ်ဖြစ်ခဲ့သလို ၂၀၁၀ ခုနှစ်၏ ဆင်းရဲမှုစစ်တမ်းတွင်လည်း ဆင်းရဲမှုနှုန်းအနည်းဆုံးမှာ ကယားပြည်နယ်ဖြစ်ကြောင်း တွေ့ရသည်။ လက်တွေ့တွင် အဆိုပါပြည်နယ်များ၌ စီးပွားရေးလုပ်ငန်းများ၊ လယ်ယာအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှာ အခြားပြည်နယ်နှင့် တိုင်းများထက် နိမ့်ကျနေဆဲ ဖြစ်သည်။

အဆိုပါ ဒေသများရှိ အိမ်ထောင်စုများ၏ အဓိကဝင်ငွေမှာ ရွှေ့ပြောင်း လုပ်သားများ၏ လွှဲပြောင်းပေးငွေသာဖြစ်ပြီး အထူးသဖြင့် အိမ်နီးချင်းတစ်ဖက် ထိုင်းနိုင်ငံသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ သွားရောက် အလုပ်လုပ်ကိုင်ပြီး ရရှိသောဝင်ငွေကို ပြန်လည် လွှဲပြောင်းပေးနေခြင်းကြောင့်ဖြစ်သည်။ အများစုမှာ အထွေထွေလုပ်သားများ အနေဖြင့် ကဏ္ဍမျိုးစုံတွင် လုပ်ကိုင်နေရပြီး ငယ်ရွယ်သည့် ယောကျ်ားများ အများဆုံးနှင့် မိန်းကလေးများ ဗန်ကောက်မြို့တွင်လည်းကောင်း၊ နယ်စပ်ရှိစက်ရုံ၊ အလုပ်ရုံများတွင် သွား ရောက် လုပ်ကိုင်နေကြသည်။ ထို့အတွက်လည်း ကရင်၊ ကယား၊ မွန်၊ တနင်္သာရီစသည်တို့တွင် ကျေးရွာများ၌ အလုပ်လုပ်နိုင်သည့် ယောကျ်ားလေး ရှားပါးမှုရှိနေပြီး အဆိုပါ ဒေသလယ်ယာလုပ်ငန်းများကို အာဖရိကနိုင်ငံများကဲ့သို့ မိန်းမများက ဦးဆောင်နေရကြောင်းသိရသည်။

ခန့်မှန်းချက်များအရ ရွှေ့ပြောင်းလုပ်သားများ (၄ သန်းကျော်) အနက် အများစု (၃ သန်းဝန်းကျင်) မှာ ထိုင်းနိုင်ငံတွင်လည်းကောင်း၊ ဒုတိယအများဆုံးမှာ မလေးရှားနိုင်ငံတွင် (၄. ၅ သိန်းဝန်းကျင်) နှင့် စင်္ကာပူ၊ ဂျပန်၊ US၊ UAE နှင့် ဥရောပနိုင်ငံများတွင် ပျံ့နှံ့လုပ်ကိုင်နေကြပေသည်။ အထူးသဖြင့် ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများမှ မလေးရှားသို့ အများဆုံး သွားရောက်အလုပ်လုပ်ကြသည်။ ယေဘုယျအားဖြင့် ထိုင်းနိုင်ငံ တွင် အထွေထွေလုပ်သားအဆင့်အနေဖြင့် တစ်လလျှင် အနိမ့်ဆုံးဒေါ်လာ ၃၀၀ မှ ၄၅၀ ရရှိသောကြောင့် အဆိုပါလုပ်သားများအနေဖြင့် မိသားစုထံ လွှဲပြောင်းငွေ လစဉ် နှစ်သိန်းမှ သုံးသိန်း ပုံမှန်

**လွှဲပြောင်းပေးငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါသည့် ဆင်းရဲမှုလျှော့ချရေးနည်းလမ်းဖြစ်ကြောင်း အောင်မြင်သည့် သာဓကများစွာ ရှိသည်။**

လွှဲပြောင်းပေးနိုင်ပြီး မလေးရှားရောက် ရွှေ့ပြောင်းလုပ်သားများ အနေဖြင့် ထိုင်းထက်အနည်းငယ် လုပ်ခမြင့်သည့်အတွက်လည်း ပိုမိုဆွဲဆောင်နိုင်သည်။

စင်္ကာပူရွှေ့ပြောင်းလုပ်သားများအတွက်မူ လုပ်ငန်းအလိုက် ကျွမ်းကျင်မှု လိုအပ်သလို တရားဝင်သွားရောက် လုပ်ကိုင်ရသောကြောင့် ပိုခက်သလို ရရှိသောလုပ်ခနှင့် လစာမှာ လည်း သိသိသာသာများကြောင်းတွေ့ရသည်။ ဒေသအတွင်း နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးမှု အဆင့်ကွာဟနေသောကြောင့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားဆက်လက်တိုးပွားနေဦးမည်ဖြစ် သည်။ အရေးကြီးသည်မှာ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် လုပ်သားများ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးပင်ဖြစ်သည်။ ယခုအထိ ထိုင်းနိုင်ငံတွင်ရော မလေးရှားနိုင်ငံတွင်ပါ တရားမဝင်သွားရောက်လုပ်ကိုင်သူများအတွက် မလုံခြုံသလို လုပ်ငန်းခွင်မှာလည်း မျက်နှာငယ်ကြရသည်။ ထို့အတူ နိုင်ငံခြား သွားရောက်လုပ်ကိုင်မည့်သူတိုင်း အခြေခံအင်္ဂလိပ်စာကို တတ်ကျွမ်းအောင် လုပ်ဆောင်ပြီးမှသာ သွားရောက်သင့်ပေသည်။

စာရေးသူ မကြာခင်က မလေးရှားမှအပြန် မြန်မာရွှေ့ပြောင်းလူငယ်လုပ်သား နှစ်ဦးနှင့်ဆုံတွေ့ရာတွင် ၎င်းတို့မှာ ဧရာဝတီတိုင်းဒေသကြီးနယ်ဘက်မှဖြစ်ပြီး သစ်အခြေခံစက်ရုံတွင် အထွေထွေလုပ်သားအဖြစ်တစ်လလျှင် မြန်မာကျပ်ငွေ ၄သိန်းနှင့်ညီမျှသည့် မလေးရှားရင်းဂစ်ငွေကို ရရှိပြီး နေစရာစီစဉ်ပေးထားသောကြောင့် တစ်လလျှင် ၃ သိန်းမှ ၃ သိန်းခွဲအထိစုမိကြောင်းသိရသည်။ သို့သော် ပညာအရည်အချင်း မှာ စတုတ္ထတန်းအောင်ဖြစ်၍ လူဝင်မှုနှင့် အကောက်ခွန်ပုံစံများ (Immigration card နှင့် custom clearance form) မဖြည့်စွက်နိုင်သည့် အခက်အခဲ အကူအညီတောင်းမှသိလိုက်ရ၍ စိတ်မကောင်းဖြစ်မိသည်။ ကျွမ်းကျင်မှုနည်းပါးပြီး ပညာအရည်အချင်းနိမ့်ကျသည့် ရွှေ့ပြောင်းလုပ်သားများအတွက် 3D ဟုခေါ်သည့် (Danger, dirty and demeaning) အန္တရာယ်များသည့် အလုပ်များ၊ ညစ်ပတ်သည့် အလုပ်များနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အများမလုပ်လိုသည့် အလုပ်များကို လုပ်ရလေ့ရှိသည်။

အမှန်တကယ်မူ ရွှေ့ပြောင်း လုပ်သားများအတွက် နိုင်ငံခြားတွင်ရရှိနိုင်သည့် အလုပ်များအနေဖြင့် အောက်ဆုံးအဆင့် 3D အလုပ်များ၊ ကျွမ်းကျင်မှုမလိုသည့် အထွေထွေလုပ်သားအဆင့်၊ တစ်ဝက်တစ်ပျက် ကျွမ်းကျင်မှု၊ ကျွမ်းကျင်မှုအခြေခံလုပ်သားများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့်ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများစသည်ဖြင့် အဆင့်ဆင့် ရှိသော်လည်း မြန်မာရွှေ့ပြောင်းလုပ်သားအများစုမှာ ကျွမ်းကျင်မှု မရှိသည့် အထွေထွေလုပ်သား အဆင့်သာ အများဆုံး ဖြစ်နေသေးသည်။

## လွှဲပြောင်းပေးငွေနှင့် ဆင်းရဲမှုလျှော့ချရေးဆက်စပ်မှု

ကမ္ဘာ့တစ်ဝန်းလုံးရှိ ရွှေ့ပြောင်းလုပ်သားတို့၏ လွှဲပြောင်းပေးငွေနှင့် စီးပွားရေးတိုးတက်မှု (Economic growth) တို့ တိုက်ရိုက်ဆက်စပ်သလို လွှဲပြောင်းပေးငွေနှင့် ဆင်းရဲမှုလျှော့ချရေးသည်လည်း အပေါင်းလက္ခဏာဖြင့် နီးနီးကပ်ကပ်တွဲဘက်နေကြောင်း သုတေသနစာတမ်းများက ဖော်ပြသည်။ ဆိုလိုသည်မှာ လွှဲပြောင်းပေးငွေများလေ ၎င်းငွေလက်ခံရရှိသော နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသလို ဆင်းရဲမှုနှုန်းကိုလည်း သိသိ သာသာ လျှော့ချစေပါသည်။ ထို့အတွက် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာ

အဖွဲ့အစည်းများအနေ ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း ဆင်းရဲမှု လျှော့ချရေးအတွက်ရွှေ့ပြောင်း လုပ်သားများ အားပေးခြင်းနှင့် လွှဲပြောင်းငွေများ အမြန်ဆုံးနှင့် အထိရောက်ဆုံး အသုံးပြုခြင်းဖြင့် ထိရောက်မှုရှိသည့် ဆင်းရဲမှုလျှော့ချရေး နည်းလမ်း တစ်ရပ်အဖြစ် သတ်မှတ်လာခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့အစည်း WTO ၏ ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in service) နှင့်ပတ်သက်၍ နိုင်ငံတကာသဘောတူညီချက် (General agreement on trade in services - GAT) များအနက် နည်းလမ်း (၄) ဖြစ်သည့် လူများရွှေ့ပြောင်းမှု (Movement of natural persons) ကို ခွင့်ပြုထားမှုကြောင့်လည်း တရားဝင်ပြောင်းရွှေ့ လုပ်ကိုင်ခွင့်ရှိ ထားပြီးဖြစ်သည်။

ကမ္ဘာ့ဒေသကြီးများအလိုက် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေအများဆုံးပြုလုပ်နေသည့်ဒေသမှာ အာရှနှင့် ပစိဖိတ်ဒေသဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့စုစုပေါင်း လွှဲပြောင်းပေးငွေစုစုပေါင်း၏ ၅၅% ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၂၀၄ ဘီလီယံရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လွှဲပြောင်းငွေအမေရိကန်ဒေါ်လာ ၂၅၇ ဘီလီယံရှိလာသည်ဟုဆိုသည်။ ထို့အတွက်လည်း အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံအတော်များများ၌ လွှဲပြောင်းပေးငွေ သည် နိုင်ငံခြားငွေရရှိသည့် အဓိကဇာစ်မြစ်အဖြစ်တည်ရှိနေဆဲ ဖြစ်ပြီး တိုင်းပြည်ဝင်ငွေ (GDP) ၏ ၁၀% ကျော်အထိပါဝင်ကြောင်း တွေ့ရသည်။

ထို့အတွက် လွှဲပြောင်းပေးငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံ များအတွက် အရေးပါသည့် ဆင်းရဲမှုလျှော့ချရေး နည်းလမ်းဖြစ်ကြောင်း အောင်မြင်သည့် သာဓကများစွာရှိသည်။ ကမ္ဘာ့ဘဏ် ၏ ဖော်ပြချက်အရ နီပေါနိုင်ငံတွင် ၁၉၉၄/၉၅ ခုနှစ်မှ ၂၀၀၃/၀၄ ခုနှစ်အတွင်း ဆင်းရဲနှုန်း (Poverty head count rate) 42% မှ 31% သို့ သိသိသာသာ လျှော့ချနိုင်မှု၏ သုံးပုံတစ်ပုံမှ ထက်ဝက်နီးပါးသည် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းပေးငွေတိုးတက်လာမှု ကြောင့် ဖြစ်သည်။ ထို့အတူ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ သီရိလင်္ကာစသည့်နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးတွင်လည်း ရွှေ့ပြောင်းလုပ်သားများ၏ ရွှေ့ပြောင်းပေးငွေသည် အရေးပါသည့် ကဏ္ဍမှပါဝင်နေကြောင်း တွေ့ရသည်။ ထို့အပြင် လွှဲပြောင်းပေး ငွေသည် လက်ခံရရှိသော အိမ်ထောင်စုများ၏ ဝင်ငွေတိုးစေသလို ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများကိုလည်း ပေးနိုင် စေသည်။

အထူးသဖြင့် လွှဲပြောင်းငွေလက်ခံရရှိသော မိသားစုဝင် ကလေးများ၏ ကျောင်းနေနှုန်း (School enrollment) နှင့် မိန်းကလေးများ ကျောင်းတက်နှုန်းကို မြှင့်တင်ပေးနိုင်ကြောင်း တွေ့ရသည်။ ထို့အတူ အိမ်ထောင်စုများ၏ အရင်းအနှီးကို တိုးပွား စေပြီး အဆိုပါအရင်းအနှီးကို အသုံးပြုပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းများ စတင်မည်ဆိုလျှင်မူ မြောက်ဖော်ကိန်း အကျိုးသက်ရောက်မှုအရ လွှဲပြောင်းပေးငွေသည် ကျေးလက်ဆင်းရဲမှုကို ပိုမိုလျှော့ချ စေမည်ဖြစ်သည်။ နိုင်ငံအတွက် အခြားကောင်းကျိုး တစ်ခုမှာ နိုင်ငံခြားငွေကို အလုံးအရင်းဖြင့် ရရှိနိုင်သောကြောင့် Remittance သည် FDI ကဲ့သို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အသုံးပြုနိုင်သလို တိုင်းပြည်၏ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်းတွင် လိုငွေပြမှုကို လည်းကုစားနိုင်သည်။ လွှဲပြောင်းပေးငွေသည် တိုင်းပြည်၏ ဘဏ္ဍာရေးကဏ္ဍတိုးတက်မှုကို မြှင့်တင်ပေးနိုင်မှုကြောင့် စီးပွားရေး တိုးတက်မှုကိုအားပေးသည်။

တစ်ဖက်တွင်လည်း ဒွန်တွဲနေသည့်ဆိုးကျိုးများမှာ ပြည်တွင်းလုပ်သားကြိုးစားအားထုတ်မှု (Work effort) ကို လျော့ကျစေသလို စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။ အခြားအရေးကြီးသည့်အချက်မှာ တိုင်းပြည်အတွင်းရှိ အထူးကျွမ်း ကျင်မှုရှိသောသူများ ပြောင်းရွှေ့မှုများလျှင် အဆိုပါနိုင်ငံအနေဖြင့် ဦးနှောက်ယိုစီးမှု (Brain drain) ကို ရင်ဆိုင်ရမည်ဖြစ်ပြီး ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်စေသည်။ ထို့အတူ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ရေခြားမြေခြားတိုင်းပြည်များတွင် အချိန်ပြည့်သွားရောက်လုပ်ကိုင်ရ၍ မိသားစုနှင့်ကင်းကွာမှုကြောင့် ဆုံးရှုံးရသည့် လူမှုရေးဆိုင်ရာစရိတ်များ ဆုံးရှုံးနစ်နာမှု များပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့ရွာကြီး (Globalization) ဖြစ်နေ သည့် ယနေ့အချိန်အခါသည် နိုင်ငံသားတိုင်း (Global citizen) ဖြစ်လာသည့်အတွက် တည်ရှိသည့် ထုတ်လုပ်မှုအင်အားစုများပေါ် မူတည်၍ နိုင်းယှဉ်အကျိုးကျေးဇူးများကွာခြားမည်ဖြစ်ရာ ရွှေ့ ပြောင်းမှုများ ဆက်လက်တိုးပွားနေဦးမည်ဖြစ်သည်။ စီးပွားရေး သဘောအရလည်း ပေါများစွာရှိသည့်နေရာတွင် အသုံးပြုလျှင် ၎င်း၏ ပြန်ရချက်နိမ့်ပြီး ရှားပါးသည့်နေရာတွင် အသုံးပြုမှုသာ ပြန်ရချက် ပိုမိုမြင့်မည်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် လုပ်သားပေါများသည့်အတွက် လုပ်သား၏ ပြန်ရချက်ဖြစ်သည့် လုပ်ခ (Wage) နိမ့်ပြီး စင်ကာပူနိုင်ငံတွင်လုပ်သားရှားသည့်အတွက် လုပ်သား၏ ပြန်ရချက် (လုပ်ခ) မြင့်သလို စင်္ကာပူနိုင်ငံတွင် အရင်းအနှီးပေါသည့်အတွက် ပြန်ရချက် (အတိုးနှုန်း) နိမ့်သော်လည်း အရင်းအနှီးရှားသည့် မြန်မာနိုင်ငံတွင် ရင်းနှီးလျှင် ရှားပါးသည့်အတွက် ပြန်ရချက် (အတိုးနှုန်း) မြင့်ပေသည်။ ထို့အတွက် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုတွင်ရှားပါးနေသည့် အရင်းအနှီးများ ပိုမိုစီးဝင်လာရေးအတွက် FDI လုပ်ငန်းကြီးများကို နည်းမျိုး စုံဖြင့်ဖိတ်ခေါ်နေဆဲပင်ဖြစ်သည်။

လွှဲပြောင်းပေးငွေ (Remittance) သည် နိုင်ငံ၏ အရင်းအနှီးအင်အား (Capital formation) ကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းနိုင်ရေးအတွက် အခြားနိုင်ငံများကဲ့သို့ ဘဏ်များမှတစ်ဆင့် ပြည်တွင်းသို့ လွှဲပြောင်းပေးနိုင်ရေးပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် အစဉ်အလာအရ လွှဲပြောင်းငွေများပြန်လည်ပေးပို့ရာတွင် ဟွန်ဒီစနစ်ဖြင့် လွှဲပြောင်း နေမှုကြောင့် လက်ခံရရှိသော မိသားစု များအနေဖြင့် ဝင်ငွေပိုရသည် မှန်သော်လည်း နိုင်ငံအနေဖြင့် နိုင်ငံခြားငွေရယူနိုင်မှု အားနည်းနေ သေးသည်။ ယခုအခါ ဘဏ်စနစ်တိုးတက်လာသောကြောင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်များမှတစ်ဆင့် အမြန်ဆုံးနှင့် စရိတ်သက်သက်သာသာဖြင့် လွှဲပြောင်းပေးလာနိုင်ပြီဖြစ်သည်။ ကျေးလက်အရောက် အမြန်ဆုံးပျံ့နှံ့ရောက်ရှိစေရေးအတွက် နိုင်ငံတကာတွင် အသေးစားငွေချေးလုပ်ငန်း (Microfinance) များနှင့် ချိတ်ဆက်၍လည်းကောင်း၊ Mobile banking စနစ်ဖြင့်လည်းကောင်းဆောင်ရွက်လျှင် ဆက်သွယ်မှုကွန်ရက်ကောင်းမှုကြောင့် ဝန်ဆောင်မှု အကောင်းဆုံး ဖြစ်သလို လွှဲပြောင်းပေးငွေများသည် ကျေးလက်အတွက် စုဆောင်းငွေများ ဖြစ်လာနိုင်ပေသည်။ ၎င်းမှတစ်ဆင့် အခြားချေးငွေလိုအပ်သည့်သူများကိုပြန်လည်ချေးပေးခြင်းဖြင့် ကျေးလက်အတွင်း ဘဏ္ဍာငွေစီးဆင်းလည်ပတ်မှုကို အားပေးသလို ကျေးလက်ရှိလုပ်ငန်းများနှင့် လူအများတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မှုကြောင့် ဆင်းရဲမှုလျှော့ချပေးသည်သာမက ကျေးလက်ဖွံ့ဖြိုးမှုအတွက်ပါ အကျိုးပြုပေသည်။

ထို့ပြင် လွှဲပြောင်း ပေးငွေသည် လက်ခံရရှိသော မိသားစုများအတွက် ဝင်ငွေပိုမိုရရှိလာသောကြောင့် မိသားစုစားသုံးမှုအသုံးစရိတ်ပိုမိုသုံးစွဲနိုင်သလို နောင်စားသုံးမှုအတွက် ရင်းနှီးမြှုပ်နှံမှုကို အားပေးကြောင်းတွေ့ရ သည်။ ထို့အတွက် လွှဲပြောင်းပေးငွေသည် ဆင်းရဲမှုကို သိသိသာသာ လျှော့ချနိုင်သလို မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားငွေရရှိနိုင်သည့် အရေးပါသည့် ဇာစ်မြစ်ဖြစ်နေခြင်းပင်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်**

---

**➲စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး . . .မှ အဆက်**

ဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ ကုန်သွယ်မှုပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းများအား အဓိကထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အချက်များအား ရှာဖွေခြင်းနှင့် Action Matrix များရေးဆွဲလျက်ရှိနေပါကြောင်း၊ ၎င်းအပြင် EIF လုပ်ငန်းစဉ်များ၏ Medium Term Programme များ ရေးဆွဲလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍအတွက် မြန်မာ့စီးပွားရေးဖိုရမ်နှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင် များအသင်းမှ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ၎င်းအပြင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီ ချက်နှင့်အညီဆောင် ရွက်ရန်ရှိသည့် Gap Assessment များအတွက် Follow up လုပ်ငန်းစဉ်များ၊ NES အကောင်အထည်ဖော်ဆောင် ရွက်နေမှု လုပ်ငန်းစဉ်များအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့ အစည်းများမှ ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ပေးရန်အတွက် ဖိတ်ခေါ်ပါကြောင်း၊ မကြာမီအချိန်တွင် DTIS အတွက်ကနဦးရှာဖွေတွေ့ရှိချက်များတွင်ပါဝင်သည့် အချက်အလက်များအား ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် တွေ့ရှိရမည်ဖြစ်ပြီး တိုးတက် ကောင်းမွန်သော ဆောင်ရွက်မှုများ အတွက် ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ထောက်ပံ့ပေး မည်ဟုမျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် အစိုးရဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များမှ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော ဆောင်ရွက်ချက်များ၊ အနာဂတ်စီမံကိန်းများအား ရှင်းလင်းပြောကြားလိုပါကြောင်း၊ အားလုံးသိပြီးဖြစ်တဲ့အတိုင်း Trade Sector Working Group အဖွဲ့သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် MDCF ၏အောက်တွင် ဖွဲ့စည်းထားသည့် ၁၇ ခုမြောက်အဖွဲ့ဖြစ် ပါကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့များတွင် နောက်ဆုံးကျင်းပပြု လုပ်ခဲ့သည့် MDCF အစည်းအဝေးတွင် မိမိတို့ ဆောင်ရွက်ချက်များအား တင်ပြခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ပြုလုပ်ခဲ့သည့် TSWG အစည်းအဝေး မှတ်တမ်းအကျဉ်းချုပ်အား တက်ရောက်လာသူများနှင့် EIF အတွင်းရေးမှူးရုံးသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ထွက်ရှိလာမည့်အချက်များအားလည်း ဆက်လက်ဖြန့်ဝေထားမည်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အားဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ဆွေးနွေးဖက် အဖွဲ့အစည်းများအနေဖြင့် အတွေ့အကြုံသစ်များ၊ အကြံဉာဏ်သစ်များဖြင့် ပိုမို၍ ချိတ်ဆက်ဆောင်ရွက် နိုင်ရန်မျှော်လင့်ပြီး မြန်မာပြည်သူတို့၏ အကျိုးစီးပွားကိုပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နောက်ဆုံးအနေဖြင့် ကုန်သွယ်မှုနှင့်ဆက်စပ်နေသော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများမှ ကိုယ်စားလှယ်များအနေဖြင့် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် အခွင့်အလမ်းကောင်းများရရှိမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း၊ ၎င်းအပြင် မိမိတို့အတွင်း နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ပြီး ပိုမိုကောင်းမွန်သောနည်းလမ်းများဖြင့် ဆောင်ရွက် နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ ယနေ့အစည်း အဝေးအတွက် တက်ရောက်လာသူများ၏ ဗဟုသုတများ၊ အတွေ့အကြုံများနှင့် တန်ဖိုးရှိသောအချိန်များ အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းပြောကြား ခဲ့ပါသည်။

ဆက်လက်ပြီး TSWG ၏ Co-Chair အဖြစ် ဆောင်ရွက်သည့် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်ဖြစ်သူ Ms. Cecile Fruman နှင့် ဥရောပသမဂ္ဂ (EU) မှ ကိုယ်စားလှယ်ဖြစ်သူ Ms. Isabel Faria de Almeida တို့မှ အမှာစကားအသီးသီးပြောကြားခဲ့ပါသည်။

TSWG ၏တတိယအကြိမ်မြောက်အစည်း အဝေးပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုန်သွယ်မှုကဏ္ဍနှင့်ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက်လိုအပ်သော အဓိကဦးစားပေးအခန်းကဏ္ဍများဖြစ်သည့် နှစ်ရှည်စီမံကိန်းများ၊ ကဏ္ဍအလိုက် နည်းဗျူဟာများ Quick Win Initiatives နှင့် ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် နည်းဗျူဟာအကူအညီများကို ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် Trade Sector Working Group (TSWG) ၏အဖွဲ့ဝင် များအကြားချပြဆွေးနွေးပြီး ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းစဉ်များအပေါ် ၎င်းတို့ ကတိကဝတ်များ ချမှတ်သွားနိုင်ရန်ဖြစ်ပါသည်။

TSWG ၏ တတိယအကြိမ်အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က Recent Development on Trade Program and Trade Reform ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Existing Priorities Action Plans for Trade Sector Development: Actions of DTIS (from Interim Report) and Actions (from Gap Assessment on WTO TFA) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ Coordination & Implementation of the Myanmar Export Strategy ခေါင်းစဉ်ဖြင့်လည်းကောင်းဆွေးနွေးခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အဖွဲ့မှ Mr. Sjamsu Rahadja က Diagnostics Trade Integrated Study ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Aid for Trade Adviser Mr. Sven Callebout က Developing the Medium Term Program for Trade Related Reform (EIF Programme) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ IFC မှ Mr. Charles Schneider က Myanmar Business Forum ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့ပြင် အီးယူ၏ကိုယ်စားလှယ်ဖြစ်သူ Ms. Cecile မှ Views of Development Partners ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပါသည်။

တတိယအကြိမ် အစည်းအဝေးသို့ TSWG အဖွဲ့ဝင် ၅၁ ဦး၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင် ၂၈ ဦး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ၅ ဦး၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇာနည် ( WTO)**

## ပြောင်း

### မူဆယ်နယ်စပ်တွင် ပြောင်းဈေးနှုန်းများဆက်လက်မြင့်တက်

စက်တင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၁၆၈ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ တန်ချိန် ၁၀၅၆၀ ကိုတရုတ်ပြည်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၇၈၄၂ တန်ခွဲ၊ လွယ်ဂျယ်မှ တန်ချိန် ၁၅၀၀ နဲ့ ကန်ပိုက်တီးမှ ၈ တန်တင်ပို့ခဲ့ပေမယ့် ယခုတစ်ပတ်ပြောင်းတင်ပို့မှုမှာ ၁၂၀၉ တန်ခွဲ ပိုမိုခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၃၈၂၈၅၄ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၈၅၁၄၅ ကျပ်သို့ ဈေး ဆက်လက်မြင့်တက်လာခဲ့ပါတယ်။ ၁၀၀၀ ကီလိုကို တစ်ဖက်နိုင်ငံဈေး ၁၉၈၀ ယွမ် အရောင်းအဝယ် ရှိခဲ့ကြောင်း၊ တစ်ရက်လျှင် ပြောင်းကားစီးရေ ၆၀-၈၀ စီးခန့်ဝင်ရောက်မှုရှိကြောင်း ၊ ယခင်တစ်ပတ်က မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာ ပြောင်းတစ်ပိဿာကို ၂၄-၂၅ ကျပ်ရှိရာမှာ ယခုတစ်ပတ်တွင် ၂၆-၃၀ကျပ်သို့ ကုန်ပစ္စည်းသယ်ပို့ကားခများ ဈေးမြင့်တက်သွားကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**



### တောင်ကြီးဈေးကွက်ကို ရေသွင်းပြောင်းအဝင်များ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ရေသွင်းပြောင်းတွေလည်း ဈေးကွက်ကို အဝင်များလာပါတယ်။ အဟောင်းတွေကတော့ ကုန်သလောက်ဖြစ်သွားတာကြောင့် ဈေးကွက်မှာတော့ အသစ်တွေသာရှိပါတော့တယ်။ တောင်ကြီးဈေးကွက်ကို ဆီဆိုင်၊ လွိုင်ကော်စတဲ့မြို့တွေကထွက်တဲ့ ရေသွင်းပြောင်းအပြင် ရပ်စောက်က ထွက်တဲ့ပြောင်းအနည်းငယ်ပါဝင်လာပါတယ်။ အခုပြောင်းတွေက အစိုဓာတ်တွေရှိနေတာကြောင့် မြနဒီပြောင်းအခြောက်ခံစက်ရုံက အစိုတစ်ပိဿာကို ၃၈၀ကျပ်နဲ့ ဝယ်ယူနေပါတယ်။ တစ်ရက်နေပူလှန်းထားတဲ့ (တစ်နေကျန်)ပြောင်းတွေကိုတော့ ဒီ့ထက်ဈေးပိုရတယ်လို့ သိရပါတယ်။ အရင်တစ်ပတ်ကတော့ တစ်နေကျန် ပြောင်းကို တစ်ပိဿာ ၅၇၀ ကျပ်နဲ့ဝယ်ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ပြန်ကျလာပါတယ်။ တပ်ကုန်း၊ ပျဉ်းမနားဘက်က ပြောင်းသစ်တွေပေါ်လာတော့ ဝယ်ယူနေကျဖြစ်တဲ့ မန္တလေးဝယ်လက်တွေက ဈေးချပြီးဝယ်လာပါတယ်။ တရုတ်ပြည်ကို တင်ပို့တဲ့အခါ ကားခတွေဈေးတက်လာတာကို အကြောင်းပြပြီး ဝယ်ယူနေလို့ အရင်တစ်ပတ်ကထက် ဈေးကျလာတယ်လို့ တောင်ကြီးဈေးကွက်ကသိရပါတယ်။ တိရစ္ဆာန်အစာစက်ရုံတွေကတော့ အစိုဓာတ်တွေများနေသေးလို့ အဝယ်လည်းမရှိသေးပါဘူး။ ဒီထက်ခြောက်လာရင်တော့ စပြီးဝယ်ယူတော့မယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာပြောင်း တစ်ပိဿာ ၅၅၀ကျပ် ဈေးရှိတယ်လို့သိရတယ်။

**ဇေခိုင်-တောင်ကြီး**

## သကြား

### မူဆယ်နဲ့ လွယ်ဂျယ်စခန်းမှ သကြားဖြူ တန်ခြောက်ထောင်ကျော် တင်ပို့

စက်တင်ဘာလ ၅ ရက်မှ ၁၁ ရက်တာကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၃ ဒသမ ၇၂၈ သန်းတန်ဖိုးရှိ သကြားဖြူ ၆၂၁၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုထက် သကြားဖြူ ၁၃၁ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၅၄ သန်းတန်ဖိုးရှိ သကြားဖြူ တန် ၉၀ တင်ပို့ခဲ့ပါတယ်။ သကြားဖြူ (ရှယ်) တစ်ပိဿာလျှင် လက်လီ ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

## ရော်ဘာ

### စင်ကာပူ၊ ကိုရီးယားနဲ့ မလေးရှားသို့ ရော်ဘာတန် ၂၀၀ ကျော်တင်ပို့

စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်နေ့ထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၂၂၂ သန်းတန်ဖိုးရှိ ရော်ဘာ ၂၀၉ တန်ကို စင်ကာပူ၊ ကိုရီးယားနဲ့ မလေးရှားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။နိုင်ငံအလိုက် တင်ပို့တဲ့ တန်ချိန်များကတော့ စင်ကာပူနိုင်ငံကို MSR-20 ၈၈ တန်ကျော်၊ ကိုရီးယားနိုင်ငံကို MSR-20 ၁၀၁ တန်ခန့်နဲ့ မလေးရှားနိုင်ငံကို RSS-3 တန် ၂၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဂျပန်တစ်နိုင်ငံတည်းကို MSR-20 ၂၉၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၅ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေးတက်လာတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း တက်လာပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| **RSS 2** | **တစ်တန်လျှင်** | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| **RSS 3** | **တစ်တန်လျှင်** | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| **RSS 4** | **တစ်တန်လျှင်** | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| **RSS 5** | **တစ်တန်လျှင်** | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| **MSR 10** | **တစ်တန်လျှင်** | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| **MSR 20** | **တစ်တန်လျှင်** | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| **MSR 50** | **တစ်တန်လျှင်** | ဒေါ်လာ ၉၅၀ -၁၀၅၀ |
| **Crepe Rubber** | **တစ်တန်လျှင်** | ဒေါ်လာ ၉၀၀ -၁၀၀၀ |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | ဒေါ်လာ ၇၅၀ - ၈၅၀ |

**ယဉ်ယဉ်အေး**

### မူဆယ်(၁၀၅) မိုင်မှ ရော်ဘာတန် ၅၄၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ဒုတိယပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၆၂၈ သန်းဖိုးရှိ ရော်ဘာ ၅၄၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ရော်ဘာတွေကတော့ ရော်ဘာအဆင့် RSS-3 ၄၈၂ တန်ကျော်နဲ့ MSR-20 တန် ၆၀ ဖြစ်ပါတယ်။ ယခင်တစ် ပတ်တင်ပို့မှုထက် ၁၇၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ ဆက်လက်မြင့်တက်ခဲ့ပါတယ်။ RSS-3 တစ်တန်ကို ယခင်တစ်ပတ်က ၁၇၇၄၃၃၁ ကျပ်ရှိရာမှ ယခု တစ်ပတ်မှာ ၁၇၈၄၉၄၅ ကျပ်သို့ ဈေးမြင့်လာခဲ့ကြောင်းသိရှိရပါတယ်။ ယမန်နှစ်ကာလတူဈေးကတော့ ၁၅၉၂၂၄၀ ကျပ်ဖြစ်တဲ့အတွက် လက်ရှိကာလပေါက်ဈေးမှာ မြင့်နေတယ်လို့ဆိုရပါမယ်။ **ယဉ်ယဉ်အေး**

### နိုင်ငံတကာသုံးပွင့်ဆိုင်ရော်ဘာကောင်စီသို့ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားတို့ ဝင်ရောက်ရန်မျှော်လင့်

ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ ITRC (International Tripartite Rubber Council-ITRC) သို့ ဝင်ရောက်ရန် စိတ်ဝင်စားနေကြပါတယ်။ ITRC ရဲ့ လက်ရှိအဖွဲ့ဝင်နိုင်ငံတွေကတော့ ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့ဖြစ်ကြပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကုန်စည်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ သုံးပွင့်ဆိုင် ရော်ဘာကောင်စီကို ဝင်ရောက်နိုင်ဖို့အတွက် ITRC မှ တာဝန်ရှိသူတွေကို စက်တင်ဘာလ ၁၀ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ITRCအနေနဲ့ CLMV လေးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့ကို ပါဝင်ပူးပေါင်းလာစေရေးအတွက် ကြိုးပမ်းနေပြီး သဘာဝရော်ဘာအများဆုံး အသုံးပြုတဲ့ တရုတ်နိုင်ငံကိုလည်း ပူးပေါင်းစေလိုတယ်လို့ အဆိုပါ သတင်းမှာဖော်ပြထားပါတယ်။

ITRC နဲ့ CLMV နိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရော်ဘာထုတ်လုပ်မှုနဲ့ လိုအပ်ချက်ကိုက်ညီမှုရှိစေပြီး ရော်ဘာလုပ်ငန်းငယ်လေးများနဲ့ သူတို့ရဲ့လုပ်ငန်းအတွက် အကျိုးအမြတ်ရရှိနိုင်မယ့် တည်ငြိမ်တဲ့ ဈေးနှုန်းတစ်ခုကို ဖြစ်ပေါ်စေနိုင်တယ်လို့ ဆိုပါတယ်။

ITRC ကို ၂၀၀၁ ခုနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ရော်ဘာထုတ်လုပ်တဲ့ နိုင်ငံများအတူတကွ ပူးပေါင်းလုပ်ကိုင်မှုတိုးမြှင့်ရန်နဲ့ တည်ငြိမ်တဲ့ ဈေးနှုန်းတစ်ခုဖြစ်ပေါ်လာစေဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ ITRC နဲ့ CLMV နိုင်ငံများရဲ့ ရော်ဘာထုတ်လုပ်မှုဟာ ကမ္ဘာ့ရော်ဘာထုတ်လုပ်မှုရဲ့စုစုပေါင်း ၇၃ ရာခိုင်နှုန်းရှိနေပါတယ်။ **CMK**



### တောင်ကိုရီးယားမှ အိန္ဒိယသို့ တင်သွင်းတဲ့ Nitrile ရော်ဘာအပေါ် တန်ပြန်စုပုံခွန်စည်းကြပ်

အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်ကိုရီးယားနိုင်ငံမှ တင်သွင်းတဲ့ NBR ရော်ဘာများကို တန်ပြန်စုပုံခွန် စည်းကြပ်ကောက်ခံလျက်ရှိပါတယ်။ NBRကို Nitrile ရော်ဘာလို့ အသိများပြီး ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်၊ ဖိနပ်၊ အထည်အလိပ်၊ ပုံနှိပ်စက်များ၊ ဆီစက်လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရာမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါတယ်။

အခြေခံအားဖြင့် ဆီစိမ့်ခံရန်၊ ပွတ်တိုက်မှုဒဏ်ခံရန်နဲ့ အပူဒဏ်ခံနိုင်ရန်အတွက် အသုံးပြုကြတာဖြစ်ပါတယ်။ NBR ကို တာယာလုပ်ငန်းမဟုတ်သော ကဏ္ဍများမှာ အများဆုံး အသုံးပြုကြတာဖြစ်ပါတယ်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူရဲ့ ထောက်ခံပြောကြားချက်အရ တန်ပြန်စုပုံခွန် ကောက်ခံမှုနှုန်းထားများမှာ Kumbo Petrochemicals မှ NBR တင်သွင်းမှုအပေါ် တစ်တန်လျှင်၅၇ ဒေါ်လာနှုန်း၊ LG Chemicals မှ တင်သွင်းမှုအပေါ် တစ်တန်လျှင် ၆၁ ဒေါ်လာနှုန်းနဲ့ တောင်ကိုရီးယားမှ တင်သွင်းတဲ့အခြား NBR အားလုံးအပေါ် ၁ တန်လျှင် ၈၅ ဒေါ်လာနှုန်း စည်းကြပ်လျက်ရှိတယ်လို့ သိရပါတယ်။

**CMK**

# မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မန္တလေးမှ ပဲစင်းငုံအနီ [illegible] ပြီးခဲ့သည့်ကာလ

## ဈေးကွက်သတင်းအချက်အလက်များပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်း

| ကျော်မြင့်၊ ဇာခြည်ဖြိုးအောင် |

မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ၂၀၁၅ ခုနှစ် မေ၊ ဇွန်လတွင်စိုက်ပျိုးခဲ့သော ပဲစင်းငုံအနီများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်း၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မန္တလေး၊မုံရွာ၊ပခုက္ကူ၊ မြင်းခြံ ဈေးကွက်များသို့ ပဲစင်းငုံအနီအသစ် (New supplies) အဖြစ် စတင်ဝင်ရောက်လာမည်ဖြစ်သည်။ ယခုအချိန်အခါသည် ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံအနီ အဟောင်း (Old supplies) များကိုသာ အရောင်းအဝယ်ပြုလုပ်သည့်ကာလဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ်စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပဲစင်းငုံဧက ၁ ဒသမ ၅၇ သန်းကျော် စိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံး ပဲမျိုးစုံ စုစုပေါင်းစိုက်ဧကမှာ ၁၁ သန်းနီးပါးရှိသဖြင့် ပဲစင်းငုံစိုက်ဧကသည် တစ်နိုင်ငံလုံးပဲမျိုးစုံစုစုပေါင်းစိုက်ဧက၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲစင်းငုံကိုဧက ၅ ဒသမ ၆၃ သိန်း အများဆုံးစိုက်ပျိုးကြောင်း သိရှိရသည်။ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများသည် ဧက ၄ သိန်းကျော် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသစစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံစုစုပေါင်းဧက ၁ ဒသမ ၄၆ သန်း စိုက်ပျိုးသဖြင့် တစ်နိုင်ငံလုံးစိုက်ပျိုးသည့် ပဲစင်းငုံဧက၁ ဒသမ ၅၈ သန်းကျော်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ၉၂ ရာခိုင်နှုန်းကျော် ပါဝင်သည်။

ပဲစင်းငုံကိုအဓိကစိုက်ပျိုးထွက်ရှိသော မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများမှ ဝယ်ယူ၍ ရန်ကုန်သို့ သယ်ယူကြပြီး ပင်လယ်ရေကြောင်းဖြင့် ရန်ကုန်မှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြသည်။ ရန်ကုန်မှ ပဲစင်းငုံတင်ပို့ရောင်းချသူများသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင်နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့ပဲစင်းငုံဈေးအတက်အကျအပြောင်းအလဲပေါ် အခြေခံပြီး ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံအရောင်းအဝယ်ပြုလုပ်ကြသည်။ တစ်နည်းအားဖြင့် ပြည်တွင်းဈေးကွက်အထူးသဖြင့် ရန်ကုန်ပဲစင်းငုံဈေးသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင်ဖြစ်ပေါ်သော မြန်မာ့ပဲစင်းငုံဈေးကို တုံ့ပြန် (Reflect) သည့်အခြေအနေတွင်ရှိသည်။ နယ်ဈေးကွက်မှ ရောင်းဝယ်သူများသည် ရန်ကုန်ပဲစင်းငုံဈေးအပြောင်းအလဲကိုအားထား၍ အရောင်းအဝယ်ပြုလုပ်ကြသည်။ ယခုတင်ပြချက်သည် ပဲစင်းငုံစိုက်ပျိုး ထုတ်လုပ်သူအနေဖြင့် မိမိတို့ရိတ်သိမ်းပြီးသီးနှံကို မည်သည့်အချိန်တွင် ရောင်းချမည်နည်း (When to sell)၊ ပဲစင်းငုံရောင်းဝယ်သည့်ကုန်သည်များသည် မိမိလက်ဝယ်ရှိဝယ်ယူသိုလှောင်ထားသော ပဲစင်းငုံကို မည်သည့်အချိန်တွင် ပြန်လည်ရောင်းချမည်နည်း (When to sell ) ကို ဆုံးဖြတ်မှုအတွက် အထောက်အကူဖြစ်စေရန် ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက်အလက်များ (Historical Market Information) ကို အခြေခံ ၍စုစည်းသုံးသပ်တင်ပြ ထားပါသည်။ ရန်ကုန်၊ မန္တလေးတို့တွင် လအလိုက် ပဲစင်းငုံအနီဈေးပြောင်းလဲမှုကို ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ နှစ်အလိုက်ပေါ် အခြေခံထားပါသည်။ ပဲစင်းငုံအနီရောင်းချရမည့်အချိန်ကာလနှင့်ပတ်သက်၍ ပြီး ခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက်အလက်များပေါ် အခြေခံပြီးလေ့လာပါက အကြမ်းအားဖြင့် အောက်ပါအတိုင်းလေးအုပ်စုခွဲခြားနိုင်ပါသည်။

**(၁) အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။**

**(၂) အချိန်စော၍ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့်တွေ့ကြုံရခြင်း။ သို့သော် အမြင့်ဆုံးဈေးကိုမရရှိခြင်း။**

**(၃) အချိန်နောက်ကျ၍ရောင်းချပါက ပဲစင်းငုံ အနီဈေးအကျနှင့် တွေ့ကြုံရခြင်း။**

**(၄) ပဲစင်းငုံအနီရောင်းချချိန်တွင် ဈေးအတက်အကျများနှင့် တွေ့ကြုံရခြင်း။**

**(၁)အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။** ၂၀၀၉ ခုနှစ်၌ မန္တလေးနှင့်ရန်ကုန်တွင်ဖြစ်ပေါ်ခဲ့သော ပဲစင်းငုံအနီဈေးပြောင်းလဲမှု (Price movement)ကို လေ့လာပါက ပဲစင်းငုံအနီအသစ်ဒီဇင်ဘာတွင် ဈေးကွက်သို့စတင်ဝင်ပြီးနောက်ပိုင်း ဈေးမြင့်လာသည်။ နောက်ပိုင်းကာလတွင် ဈေးမြင့်လာသောကြောင့် ဈေးကျစဉ် ဝယ်ယူသိုလှောင်ပြီး နောက်ပိုင်းကာလဈေးမြင့်ချိန်တွင် ပြန်လည်ရောင်းချခြင်းဖြင့် စီးပွားရေးတွက်ခြေကိုက်မည့် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (Price movement) ပုံစံမျိုးဖြစ်ခဲ့သည်။ ပုံ-၁ တွင် ဖော်ပြထားသော မန္တလေး၊ ရန်ကုန်မှ ပဲစင်းငုံ အနီဈေးနှင့် မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံအနီဈေးပြောင်းလဲမှုကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ မွမ်ဘိုင်းမှ မြန်မာ့ပဲစင်းငုံအနီဈေးပြောင်းလဲမှုနှင့် ရန်ကုန်မှ ပဲစင်းငုံအနီဈေး ပြောင်းလဲမှုကို နှိုင်းယှဉ်လေ့လာနိုင်ရန် ဖော်ပြထားပါသည်။

**ပုံ-၁။ အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း**




ဇာစ်မြစ်၊ www.etrademyanmar.net

**အချိန်စော၍ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။ သို့သော်အမြင့်ဆုံးဈေးကိုမရရှိခြင်း။** ပဲစင်းငုံအနီအသစ် ဒီဇင်ဘာလတွင် ဈေးကွက်သို့ စတင်ဝင်သည်။ ၂၀၁၂ ခုနှစ်သင်္ကြန်ကာလနောက်ပိုင်းမေလတွင် ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရမည်ဖြစ်သော်လည်း ဩဂုတ်လတွင်ဖြစ်ပေါ်သော အမြင့်ဆုံးဈေးကိုမရရှိသည့်သဘောဖြစ်ပါသည်။ ပုံ-၂ တွင် ဖော်ပြထားသော မန္တလေး၊ ရန်ကုန်နှင့် မွမ်ဘိုင်းမှ ပဲစင်းငုံအနီဈေးပြောင်းလဲမှုကို လေ့လာကြည့်ရှု ရန်ဖြစ်ပါသည်။

**ပုံ-၂။ အချိန်စော၍ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။ သို့သော် အမြင့်ဆုံးဈေးကိုမရရှိခြင်း။**




**အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအကျနှင့် တွေ့ကြုံရခြင်း။** ပဲစင်းငုံအနီအသစ် ဒီဇင်ဘာလတွင်ဈေးကွက်သို့ စတင်ဝင်လာ သဖြင့် ဈေးကျစဉ် ဝယ်ယူသိုလှောင်ခြင်း၊ နောက်ပိုင်းကာလတွင် ပြန်လည်ရောင်းချမည်ဆိုပါက ဈေးအကျနှင့် မလွဲမသွေတွေ့ကြုံရမည်ဖြစ်ပါသည်။ ဇူလိုင်လနောက်ပိုင်းကာလများတွင် ပဲစင်းငုံအနီဈေးကျသွားသည်ကို ပုံ-၃ တွင်ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ အထူးသဖြင့် ၂၀၁၀ ခုနှစ်တွင် ဧပြီလသည် အမြင့်ဆုံးဖြစ်ခဲ့ပြီး နောက်ပိုင်းဈေးကျသွားသည်။ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၃ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သည့် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (Price movement) ပုံစံကို ပုံ-၃ တွင် ဖော်ပြထားသည်။

**ပုံ-၃။ အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအကျနှင့် တွေ့ကြုံရခြင်း။**

**ပုံ-(၃-၁)။ မန္တလေး**




**ပုံ-(၃-၂)။ ရန်ကုန်**




**ပုံ-(၃-၃)။ မွမ်ဘိုင်း**




**ဇာစ်မြစ်၊ www.etrademyanmar.net**

**ပဲစင်းငုံအနီရောင်းချချိန်တွင် ဈေးအတက်အကျများနှင့် တွေ့ကြုံရခြင်း။** ၂၀၁၄ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (Price movement) ပုံစံဖြစ်သည်။ ပဲစင်းငုံအနီရောင်းချချိန်တွင် ဈေးအတက်အကျများ ဖြစ်ပေါ်သောကြောင့် လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်း (Up-to-date market information)ကို သိရှိအသုံးချရန် လိုအပ်ပါသည်။ ပဲစင်းငုံအနီဈေးပြောင်းလဲမှု (Price movement) ပုံစံကို ပုံ-၄ တွင် ဖော်ပြထားသည်။

**ပုံ-၄။ ပဲစင်းငုံအနီရောင်းချချိန်တွင် ဈေးအတက်အကျများနှင့် တွေ့ကြုံရခြင်း။**




**ပုံ-၅။ ပဲစင်းငုံအနီအလိုက် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**




ဇာစ်မြစ်၊ www.etrademyanmar.net

၂၀၁၅ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်တွင် ပဲစင်းငုံ အနီဈေးသည် ဇူလိုင်လထိ ဈေးမြင့်ခဲ့သည်။ မွမ်ဘိုင်းတွင် ဩဂုတ်လထိ ဈေးမြင့်ဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံဈေးမြင့်လာသဖြင့် state-run MMTC မှ ပြည်ပမှ တန်ချိန် ငါးထောင်တင်သွင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

## ကသာခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ကသာခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်အတွင်းရှိ မြို့နယ်များသို့ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နေရာပေါင်း ၆၈ နေရာ၌ စုစုပေါင်း လုပ်သား၊ပြည်သူ ၄၁၄၂ ဦး သို့ အသိပညာပေး ဟောပြောဆောင်ရွက်ပြီးဖြစ်ပါသည်။ အဆိုပါ ဟောပြောပွဲများတွင် အန္တရာယ်ရှိ စားသောက်ကုန်၊ (စားဖိုဆောင်နှင့် ကလေးများ စားသုံးရန်မုန့်မျိုးစုံ) များအကြောင်း၊ အန္တရာယ်ရှိ ကုန်စည်များ၊ အန္တရာယ်ရှိ ဝန်ဆောင်မှုများနှင့် အန္တရာယ်ရှိ ဖျော်ဖြေမှုများ အကြောင်းကို ပရိုဂျက်တာ အသုံးပြု၍ ပါဝါပွိုင့်များဖြင့် အသေးစိတ်ရှင်းလင်းဟောပြောရာ ပြည်သူများ စိတ်ဝင်တစားရှိကြပြီး နေရာအနှံ့သို့ အကြိမ်ရေများများ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုချက်များရရှိ၍ အစားအသောက်များ၏ အန္တရာယ်များကို လူတိုင်းနှုတ်ဖျားသို့ ရောက်ရှိကာ အလေးထားလာကြကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အတွင်း အင်းတော်မြို့နယ်နှင့် ကသာမြို့နယ်များတွင်လည်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ **သန်းထွန်း (ကသာ)**

## သဲကုန်းမြို့နယ် ဆင်မြီးဆွဲ အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်နေ့တွင် သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲ အခြေခံပညာအထက်တန်းကျောင်း၊ အစည်းအဝေး ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော သဲကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



ဟောပြောပွဲတွင် ဆင်မြီးဆွဲ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစံရွှေက အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစိုးငြိမ်း၊ သဲကုန်းမြို့နယ်တာဝန်ခံ ဦးအောင်သိန်းတို့က စားသုံးသူကာကွယ်ရေး ဥပဒေပါ အကြောင်းအရာများ၊ နိုင်ငံပိုင်သတင်းစာများတွင်ပါရှိသော ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စားသုံးရန် သုံးစွဲရန်မသင့်သည့် တားမြစ်ဓာတုဆိုးဆေးများပါဝင်သော အစားအစာများအကြောင်းတို့အား အကျယ်တဝင့် ရှင်းလင်းဟောပြောခြင်းနှင့် ပူးပေါင်းအဖွဲ့အစည်းများဖြစ်သော သဲကုန်းမြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဆင်မြီးဆွဲစခန်းမှူး ရဲအုပ် ဦးဇော်ဆွေက လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြောခြင်း၊ သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ဦးစီးမှူး ဦးနိုင်လင်းက စာဖတ်ချိန် မြှင့်တင်ရေး အသိပညာပေး ဟောပြောခြင်းတို့အား ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ဆင်မြီးဆွဲ အ. ထ. က ကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ အင်အား ၂၁၅ ဦး တက်ရောက်ခဲ့ကြပါသည်။ ဟောပြောပွဲအပြီးတွင် စာသင်ကျောင်းမုန့် ဈေးတန်းအစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပူးပေါင်းအဖွဲ့များနှင့် ကျောင်းမုန့်ဈေးတန်း သို့သွားရောက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် မုန့်များ ရောင်းချမှု မရှိစေရေး၊ ရက်လွန်အစားအသောက်များ ရောင်းချမှုမရှိစေရေး ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရပါသည်။ **နိုင်လင်းထွန်း၊ စားသုံးသူရေးရာ (ပြည်)**

## တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အမှတ်(၄) အလယ်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ ကျောင်းသားကျောင်းသူတို့၏ မိဘများ၊ စားသုံးသူရေးရာဝန်ထမ်းများ၊ အေးမြကရုဏာလူမှုရေးအသင်း၊စားသုံးသူကြိုတင်ကာကွယ်ပေးရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာ အာဟာရအဖွဲ့မှ ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ယင်းဆွေးနွေးဟောပြောပွဲတွင် အမှတ်(၄)အလယ်တန်းကျောင်းအုပ် ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဌာန်းထားပြီး ဖြစ်ကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားခဲ့ပြီး မိမိတို့ဌာန၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများကို ပြောကြားခဲ့ပါသည်။ထို့နောက်စားသုံးသူရေးရာဌာနမှ ဦးအုန်းသိန်းက ကျောင်းဈေးတန်းများတွင် လက်ရှိရောင်းချလျက်ရှိသော သရက်ကင်၊ အချဉ်ပေါင်း၊ ဂျယ်လီ၊ အသားချောင်းများအနက် အချို့မှာဆိုးဆေးများ များစွာပါဝင်နေ၍ ကလေးများ စားသုံးရန်မသင့်ကြောင်း၊ အခြားနိုင်ငံများမှ ဝင်ရောက်လာသော စားသောက်ကုန်ပစ္စည်းများတွင် ဒေသခံပြည်သူများ နားလည်သည့် ဘာသာစကား အညွှန်းများ မပါဝင်သေးကြောင်း ၊ ထို့ကြောင့်အတော်များများမှာ ထုတ်လုပ်သူ၏ လိပ်စာ၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်သည့်ရက်စွဲ ၊ ကုန်ဆုံးသည့်ရက်စွဲကိုလည်း မသိနိုင်ကြောင်း၊ ထို့ကြောင့် စားသောက်ကုန်ပစ္စည်းများတွင် မြန်မာဘာသာ စကားဖြင့် ထည့်သွင်းဖော်ပြထားရန်လိုအပ်ကြောင်း၊ ထို့နောက် ဟင်းသီးဟင်းရွက်အချို့သည် မျိုးရိုးဗီဇပြုပြင်ထားခြင်း ၊ ကြီးထွားနှုန်းမြန်လာစေရန် ပိုးသတ်ဆေးဖြန်းထားခြင်းများကြောင့် ရေနှင့်သေချာစွာ ဆေးကြောပြီးမှသာ စားသုံးသင့်ပါကြောင်း၊ခေါက်ဆွဲခြောက်၊ အရောင်တင်မှုန့်၊ ငါးပိထောင်းဗူးများ၊ လက်ဖက်စသည့် စားသောက်ကုန် အချို့တွင် စားသုံးရန်မသင့်သော ဓါတုဆိုးဆေးများပါဝင်နေကြောင်း အသိပညာပေး ဟောပြောခဲ့ပါသည်။

ဆက်လက်၍ အာဟာရအဖွဲ့အစည်းမှ ဆရာမဒေါ်ယုကေခိုင်ကလည်း မိခင်များအား ၎င်းတို့၏ သားသမီးများသံဓါတ်နှင့် အာဟာရကြွယ်ဝစေရန် ကျန်းမာရေးဆိုင်ရာ အထွေထွေဗဟုသုတများကို ဟောပြော ဆွေးနွေးခဲ့ပါသည်။ထို့နောက် စားသုံးသူရေးရာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေမျှခဲ့ကြောင်း သတင်းရရှိပါသည်။

**သိန်းဌေး(တောင်ကြီး)**

## မြစ်ကြီးနားမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် စားသောက်ကုန်များကို စားသုံးရန်သင့်မသင့် လက်တွေ့ပြခန်းများဖြင့် ကွင်းဆင်းဆောင်ရွက်

ကချင်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ကျောင်းကျန်းမာရေးဌာန၊ စားသုံးသူအကာအကွယ်ပေးရေး NGO အဖွဲ့များ ပူးပေါင်းပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဌာန်းချက်များနှင့်အညီ စာသင်ကျောင်းများတွင် အရှိန်မပျက် ကွင်းဆင်းအသိပညာပေး ဟောပြောပေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊စားသောက်ကုန်များကို စားသုံးရန် သင့် မသင့်သိရှိနိုင်ရန် လက်တွေ့ခင်းကျင်း၍ရှင်းလင်းပြသမှုများကို စက်တင်ဘာလ ၁၁ ရက်တွင် ဧရာရပ်ကွက်ရှိ မူလွန်ကျောင်း၌လည်းကောင်း၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဧရာရပ်ကွက်ရှိ အထက(ခွဲ)လ(၆)ကျောင်း၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါကျောင်းများတွင် ကျောင်းအုပ်ဆရာမကြီးများက ကြိုဆိုမိတ်ဆက်စကား ပြောကြား၍ ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ၊ စားသုံးသူရေးရာဌာနခွဲ၊ တာဝန်ခံ ဒုတိယဦး ဦးစီးမှူး ဦးဘောမ်ဖုံး၊က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဌာန်းချက်ပါ ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းခဲ့ပြီး စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး ကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ရမည့် တာဝန်အဆင့်ဆင့်တို့ကို ရှင်းလင်းခြင်း၊စားသုံးသူနှင့်ထုတ်လုပ်ရောင်းချသူတို့ကြား အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်အဆင့်ဆင့်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ ဒုတိယဦးစီးမှူးဦးဝင်းသိန်းဦးက အေးခဲအသားများကိစ္စတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်များတွင် ပါဝင်နေသော ဆိုးဆေးကြောင့် ဘေးအန္တရာယ်ရရှိနိုင်ပုံများကို NGO စားသုံးသူကာကွယ်ရေးအဖွဲ့မှ ဆရာမ ဒေါ်တွမ့်ဖန်က ပရိုဂျက်တာများဖြင့် ရှင်းလင်းပြသခဲ့ပါသည်။ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနတို့မှ ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်းနှင့် နည်းစနစ်မှန် သွားတိုက်နည်းအကြောင်းတို့ကို ဗွီနိုင်းကားချပ်၊ပိုစတာကားချပ်များဖြင့် လက်တွေ့ရှင်းလင်းပြသ ဆွေးနွေးခဲ့ကြပါသည်။

အသိပညာပေး ဟောပြောပွဲအခမ်းအနားသို့ မြစ်ကြီးနားမြို့ မီဒီယာအဖွဲ့ပေါင်းစုံမှ တက်ရောက်ခဲ့ပြီး ကျောင်းတွင်း ရောင်းချနေသော ဈေးတန်း၊မုန့်ဆိုင်များသို့ အဖွဲ့ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်မှ ကြည့်ရှုစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ဟောပြောပွဲအခမ်းအနားများသို့ မြစ်ကြီးနားမူလွန်ကျောင်း၊ ဧရာရပ်ကွက်တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်ကြည်နှင့် ဆရာ၊ဆရာမများ ကျောင်းသားကျောင်းသူ ၆၅ ဦးနှင့် အထက(ခွဲ) လ(၆)ကျောင်း၊ ဧရာရပ်ကွက်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသန်း၊ ဆရာ ၊ ဆရာမများနှင့်ကျောင်းသားကျောင်းသူ ၂၃၀၀ ဦး၊ စုစုပေါင်း ၂၃၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မောင်မောင်ခိုင်၊မြစ်ကြီးနား**

# ကသာခရိုင်၊ ထီးချိုင့်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများကို သုံးနှစ်အတွင်း ပညာပေးပြီးဖြစ်ရမည် ဟူသော ရည်မှန်းချက်အတိုင်း အောင်မြင်စေရန် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများနှင့် စာသင်ကျောင်းမုန့်ဈေးတန်းရှိအစားအသောက်များ အန္တရာယ်ကင်းရှင်းရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ စစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

စက်တင်ဘာလ ဒုတိယပတ်တွင် ကသာခရိုင်အတွင်းရှိ ထီးချိုင့်မြို့နယ်၊ မုံရွာခရိုင်အတွင်း မုံရွာမြို့နယ်၊ ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်၊ စစ်ကိုင်းခရိုင်အတွင်းရှိစစ်ကိုင်း မြို့နယ်တို့တွင် ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမများ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များမှ စိတ်ဝင်တစားဖြင့် တက်ရောက်လေ့လာခဲ့ပါသည်။ ဟောပြောပွဲများတွင် စားသုံးသူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော မုန့်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအပြင် အချိုမှုန့်နှင့် ဆီတို့၏ အန္တရာယ်များ၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာများနှင့် ကွမ်းတို့၏ ဆိုးကျိုးများနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းများ ဆွေးနွေးခဲ့ပါသည်။

အန္တရာယ်ရှိ မုန့်မျိုးစုံများအနေဖြင့် အရောင်အသွေးစုံလင်စွာ ပြုလုပ်ရောင်းချလျက်ရှိသော အသင့်စားမုန့်အမျိုးပေါင်းများစွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် မုန့်များကို ကလေးငယ်များက နှစ်သက်စွာ ဝယ်ယူစားသုံးလျက်ရှိခြင်းကြောင့် ရောင်းချသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်မပြုဆိုးဆေး ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်ဟု ကြေညာထားသော အစားအသောက်များ သိရှိပြီး ရောင်းချခြင်းမပြုစေရေးအတွက် ပညာပေးခြင်း၊ ၎င်းမုန့်များအစား သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်မှုရှိသော အစားအစာများကိုသာ ဦးစားပေး ရောင်းချကြရန် ပညာပေး ဟောပြောခဲ့ကြပါသည်။

ဆက်လက်ပြီး ဆီ၊ အချိုမှုန့်တို့၏ အန္တရာယ်များ၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာများနှင့် ကွမ်းတို့၏ ဆိုးကျိုးများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပညာပေးဟောပြောပွဲများ ဆောင်ရွက်နိုင်မှုမှာ စက်တင်ဘာလ ၉ ရက် နေ့ထိနေရာပေါင်း ၂၀၃ နေရာ၊ တက်ရောက်နားထောင်သူ စုစုပေါင်း ၁၀၇၅၅၇ ဦးထိ ရှိပါသည်။

**နှင်းနှင်းခိုင်(မုံရွာ)**



# မော်လမြိုင်မြို့ရှိ ဈေးအချို့တွင် လုံခြုံစိတ်ချရမှုမရှိသောတားမြစ်ထားသည့်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်အတွင်းရှိစားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာလုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များဖြစ်သည့် တားမြစ်ထားသောကုန်စည်များ ဈေးကွက်အတွင်း ရောင်းချနေခြင်း ရှိ/မရှိ စက်တင်ဘာလ ၁၁ ရက်နေ့တွင်မော်လမြိုင်မြို့ ရေပေါ်ဈေး၊ နဲ့အမှတ်(၂) ဈေးများတွင် မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေး ရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဦးချို့ဝင်း၊ ဦးနေဇင်သက်၊ ဦးဝင်းမြတ်၊ ဦးသူရဇော်၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင် (ဆေးဝါးတာဝန်ခံ)၊ ဦးစီးအရာရှိ ဒေါက်တာဖြူဖြူခင် (အစားအသောက်တာဝန်ခံ)နဲ့ ဝန်ထမ်းများ၊ မော်လမြိုင်မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှဒေါက်တာမောင်မောင်လွင်၊ ကျန်းမာရေးမှူး-၁ ဦးထွန်းဝင်း၊ ကျန်းမာရေးကြီးကြပ်-၁ ဦးအောင်ဇော်ဝင်းနဲ့ မြို့မရဲစခန်းမှူး ဒု-ရဲအုပ်အေးမင်းထွန်းတို့ပူးပေါင်း၍ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။

ထိုကဲ့သို့ စစ်ဆေးရာတွင် မော်လမြိုင်မြို့ ရေပေါ်ဈေးမှတားမြစ်အလှကုန် POLLA – 17ဖာ ၊ Dr-Japan ၇ ဖာနှင့် ရက်လွန်ဆေးမျိုးစုံ ၃ ဖာ ၊ ၄၁ ကတ်၊ ၆၇ ပုလင်း၊ ထိုးဆေး ၃၉၀ ၊ ဆေးပြား ၅၂၃ ပြားတို့အား တွေ့ရှိခဲ့တဲ့အတွက် အသုံးပြုရန်မသင့်သောအဆိုပါပစ္စည်းများအားသိမ်းဆည်းခဲ့ပြီး မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှထိန်းသိမ်းထားပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများနဲ့ ဌာနဆိုင်ရာများမှ ဝန်ထမ်းများသည် စီးပွားရေးလုပ်ငန်းရှင်၊ ဈေးဆိုင်ပိုင်ရှင်များအား စားသုံးရန်၊ သုံးစွဲရန်မသင့်သောတားမြစ်ထားတဲ့ ကုန်စည်များမှာ ခွင့်မပြုဓာတုဆိုးဆေးများရဲ့ ဘေးဥပဒ်အန္တရာယ်၊ စံမညီ ဆေးဝါးအတုများကို အသုံးပြုခြင်းဖြင့် စားသုံးသူ များရဲ့ကျန်းမာရေးထိခိုက်လာနိုင်မယ့် အန္တရာယ်တို့ကို ကိုယ်တိုင်သိရှိပြီး ဈေးဝယ်သူများအား ထပ်ဆင့် ရှင်းလင်းပေးစေလိုပါကြောင်းနဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များအန္တရာယ်ကာကွယ်နိုင်ရန် ဌာနဆိုင်ရာများနဲ့ အတူစီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်လာနိုင်မှာဖြစ်ကြောင်းကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

Cho Win (Consumer Mon)

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေး

ကျောင်းသား/ကျောင်းသူများ အစားအသောက်နှင့်လူသုံးကုန်ပစ္စည်းများကို စားသုံး/သုံးစွဲရာတွင် ရွေးချယ်တတ်စေရန်နှင့် စားသုံးသူကာကွယ်ရေးအသိပညာ ဗဟုသုများရရှိစေရန် ရည်ရွယ်ချက်ဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာလ ၁၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ပတ္တမြားခန်းမ) တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား ကြည့်ရှုစစ်ဆေးအသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



ပထမဦးစွာ သန်လျင်မြို့နယ် အထက (၁) ကျောင်းအုပ်ဆရာကြီး၊ ကျောင်းကျန်းမာရေးတာဝန်ခံဆရာမတို့နှင့်အတူ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသည့် မုန့်များတွင် ကျောင်းသား/ကျောင်းသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် ဆိုးဆေးအရောင်လွန်ကဲစွာ ပြုလုပ်ထားသည့် မုန့်များရောင်းချခြင်းမပြုရန်၊ သန့်ရှင်းသပ်ရပ်စွာရောင်းချရန်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါပြဋ္ဌာန်းချက်တွင် ပါရှိသည့်အချက်များ အတိုင်း လိုက်နာ၍ ရောင်းချရန် အသိပညာပေးကြည့်ရှုစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲတွင် သန်လျင်မြို့နယ်ပညာရေးမှူး (ကိုယ်စား) သန်လျင်မြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက ကျောင်းသား/ကျောင်းသူများအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာ၊ ဗဟုသုတများကို မှတ်သားကြရန်နှင့် လက်ဆင့်ကမ်းပြောကြားရန်လိုအပ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ဇင်ဇင်နွယ်က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် နိုင်ငံပိုင်သတင်းစာတွင် အသိပေးကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် အစားအစာ၊ လူသုံးကုန်ပစ္စည်းများကို ရောင်းချသူနှင့်ဝယ်ယူ သုံးစွဲသူများ လိုက်နာရမည့် အခြေအနေများကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက အစားအသောက်နှင့်လူသုံးကုန် ပစ္စည်းများ စားသုံး/သုံးစွဲရာတွင် ရွေးချယ်တတ်စေရန် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန (ကိုယ်စား) သန်လျင်မြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာဝင်းက ကျောင်းသား/ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရတိုက်ကျွေးခြင်းနှင့် ကျောင်းကျန်းမာရေးမှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲခန်းမတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)က နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းကြေညာထားခဲ့သော စားသုံး/သုံးစွဲရန် မသင့်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ၏ နမူနာထုတ်များ၊ ဗီနိုင်းကြော်ငြာများကပ်၍ ကျောင်းသား/ကျောင်းသူများသိရှိစေရန် အသိပညာပေးမှုများ ပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် ဝန်ထမ်းများ၊ သန်လျင်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ဇင်ဇင်နွယ်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ ကျောင်းကျန်းမာရေးမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာဝင်းနှင့် ဝန်ထမ်းများ၊ သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ ၁၂၈ ဦး၊ စုစုပေါင်း ၃၁၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အိန္ဒြေအောင်**
**(စားသုံးသူ)ရန်ကုန်**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | (၁၃×၅၈)ပေ | (၇) လွှာ | ၂၈၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖဆပလရပ်ကွက် | (၁၂.၅×၅၀)ပေ | (ပ)လွှာ၊ လှေကားထိုးခင်း | ၇၅၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | RC (၁)ထပ် | ၂၃၇၅ သိန်း | မြေပို(၅၀၀)စ/ ပေနီးပါးသာရှိ | ၀၉/၅၁/၂၅၀၉၁ |
| ၄။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၇၅၀ သိန်း | | ၀၉/၅၁/၂၅၀၉၁ |
| ၅။ | အိမ်/မြေ | မင်္ဂလာဒုံမြို့နယ်၊ (၅)လမ်း | (၂၅×၅၀) ပေ | အုတ်သွပ် (၂)ထပ် | ၆၅၈ သိန်း | ရေ/မီးစုံပါသည် | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၆။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူ(၁၈)လမ်း | (၁၉×၅၄)ပေ | (ပ)ထပ် | ၆၈၀ သိန်း | | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၇။ | အိမ်/မြေ | အင်းစိန်မြို့နယ်၊ မြို့သစ်(၁)လမ်း | (၂၀×၆၀) | သစ်သား(၁)ထပ် | ၆၅၈ သိန်း | | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၈။ | အိမ်/မြေ | မန္တလေးမြို့ (၂၉)လမ်း၊ (၈၁×၈၂)လမ်းကြား | (၂၅×၅၈)ပေ | RC (၂)ထပ် | သိန်းတစ်သောင်း ရှစ်ထောင် | မြို့လယ်၊လူနေအိမ် ဆိုင်ဖွင့်နိုင် | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ(၆၄၀၀)စ/ပေ အိမ်(၂၄၀၀)စ/ပေ | RC (၂)ထပ် MB (၃)ခန်း | ၃၃ သိန်း | ၁လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |




# ရုပ်ရှင်သရုပ်ဆောင်ဖွေးဖွေးအား BeeTalk Chatting App မှ အမှတ်တံဆိပ် ကိုယ်စားလှယ်အဖြစ် တရားဝင်ခန့်အပ်

BeeTalk Chatting App သည် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဖွေးဖွေးအား အမှတ်တံဆိပ် ကိုယ်စားလှယ် (Brand Ambassador)အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Brand Ambassador အဖြစ် ခန့်အပ်ပွဲကို စက်တင်ဘာလ ၁၃ ရက်နေ့က ရန်ကုန်မြို့၊ ပြည်လမ်းရှိ Junction Square တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကိုယ်စားလှယ်ခန့်အပ်ပွဲတွင် တက်ရောက်လာကြသည့်ပရိသတ်များအား BeeTalk App များ အခမဲ့ ထည့်သွင်းပေးခြင်း၊ Upgrade ပြုလုပ်ပေးခြင်း၊ ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များအဖြစ် BeeTalk တံဆိပ်လေးခုစုဆောင်းပြီးသူတိုင်းကို ရေခဲမုန့်များကျွေးခြင်းနှင့် Samsung S6, Xiaomi Note Bamboo များပါဝင်သည့် ကံစမ်းမဲအစီအစဉ်များ ပြုလုပ်ပေးခြင်း၊ BeeTalk မှထုတ်လုပ်ထားသည့် Psycho Game ပြိုင်ပွဲတွင် အနိုင်ရရှိသူတစ်ဦးအား iPhone 6+ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် BeeTalk TV ကြော်ငြာသရုပ်ဆောင်ပြိုင်ပွဲကြီးကို BeeTalk Brand Ambassador ဖွေးဖွေးကိုယ်တိုင် ဆုရရှိသူ ငါးဦးအား ရွေးချယ်ပေးခဲ့ပြီး BeeTalk Chatting App မှ Samsung Note 5 တစ်လုံးစီ ချီးမြှင့်ပေးခဲ့ပါသည်။

"PhwayPhway" BeeTalk Public Account မှတစ်ဆင့် ဖွေးဖွေး၏ နေ့စဉ်လှုပ်ရှားမှုများ၊ အနုပညာသတင်းများနှင့် ဖွေးဖွေး၏ ခံစားမှုလေးများကို BeeTalk အသုံးပြုသူများသိရှိနိုင်တော့မည်ဖြစ်ပါသည်။

"Bee Talk ကနေ သူတို့ရဲ့ Brand Ambassador လုပ်ဖို့အတွက် ကမ်းလှမ်းလာတဲ့အခါမှ တကယ်ပဲ ပျော်ရွှင်မိပါတယ်။ Bee Talk &JU Brand Ambassador ဖြစ်ပြီး နောက်ပိုင်းမှ တကယ်ကိုချစ်ဖို့ကောင်းတဲ့ စတစ်ကာလေးတွေကို အမြဲတမ်းစဉ်းစားပြီး လုပ်ပေးမှာပါ"ဟုဖွေးဖွေးက Bee Talk ၏သံတမန်အဖြစ်ရွေးချယ်ခဲ့ရခြင်းနှင့်ပတ်သက်၍ ပြောကြားပါသည်။

ရုပ်ရှင်သရုပ်ဆောင် ဖွေးဖွေး၏ BeeTalk Public Account ကို follow ပြုလုပ်ရန်အတွက် contacts (အဆက်အသွယ်များ) အနက် public accounts (လူထုအကောင့်များ)သို့ ဝင်ရောက်ရပါမည်။ ထို့နောက် အပေါင်းလက္ခဏာတွင် "Phway Phway" ဟု ရိုက်ထည့်လိုက်ပါက Public Account ပေါ်လာမည်ဖြစ်ပြီး follow (လိုက်ကြည့်ရန်)ပြုလုပ်နိုင်ပြီဖြစ်ပါသည်။

**မယ်သီတာ**



# ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးတက်စေမည့် Manufacturing Myanmar 2015 ပြပွဲပြသမည်

ပြည်တွင်းစက်မှု ကုန်ထုတ်လုပ်ငန်းများကို တိုးတက်စေမည့် Manufacturing Myanmar 2015 ပြပွဲကို အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်အထိ Myanmar Event Park တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ၏ ထုတ်လုပ်ရေးကဏ္ဍကို နိုင်ငံတကာဈေးကွက်နှင့် ဆက်သွယ်နိုင်စေရန် အကူအညီရစေနိုင်မည့် စီးပွားရေးကွန်ရက်တစ် ပလက်ဖောင်းတစ်ခုထောက်ပံ့ပေးခြင်း၊ ကမ္ဘာအနှံ့မှ အဓိကလုပ်ငန်းရှင်များက ပြည်တွင်းဈေးကွက်၏ စွမ်းရည်ကို တိုးတက်စေမည့် နောက်ဆုံးပေါ် ထုတ်လုပ်ရေးနည်းပညာများနှင့် ဖြေရှင်းနည်းများကို တင်ဆက်ခြင်း၊ ထုတ်လုပ်နိုင်စွမ်းနှင့် ကောင်းမွန်စွာဆောင်ရွက်နိုင်စွမ်း တိုးတက်စေရန် မြန်မာနိုင်ငံအတွက်အသစ်အဆန်းဖြစ်သော ကမ္ဘာ့အရောင်းရဆုံး နည်းပညာ၊ နောက်ဆုံးပေါ် ကိရိယာများနှင့်ဖြေရှင်းနည်းများကိုပြသခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ပြသခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ ပါဝင်ပြသသူပေါင်း ၆၂ ဦးရှိမည်ဖြစ်ပြီး ယင်းပါဝင်ပြသသူများအနက် ဂျာမနီ၊ ကိုရီးယား၊စင်ကာပူနှင့်တရုတ်(တိုင်ပေ)တို့မှ စက်မှုလုပ်ငန်းရှင်များ ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲမှာ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့စက်မှုဇုန် ၃၄ခုမှာ လုပ်ငန်းရှင်ပေါင်း ၅၀၀၀ ကျော်ရှိပါတယ်။ အဲဒီလုပ်ငန်းရှင်တွေကိုလည်းပြည်တွင်း စက်မှုကုန်ထုတ်လုပ်ငန်းတွေမှာ ခေတ်မီစက်ကိရိယာပစ္စည်းတွေ အသုံးပြုနိုင်အောင် လာရောက်လေ့လာဖို့ ဖိတ်ကြားထားပါတယ်"ဟု မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ ဦးအေးထွန်းကပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ အခုလက်ရှိစက်မှုလုပ်ငန်းတွေမှာ လိုအပ်နေတာက Men နဲ့ Machine ပါ။ Men ဆိုတဲ့နေရာမှာလည်း ကျွမ်းကျင်တဲ့သူတွေမရှိလို့၊ Machine မရှိလို့ Men မရှိ၊ Men မရှိလို့ Machine မရှိဆိုတာမျိုးဖြစ်နေတယ်"မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဒေါက်တာဦးချာလီသန်းက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါပြပွဲကို Oil & Gas Myanmar 2015 နှင့်အတူ တစ်နေရာတည်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ Oil & Gas Myanmar 2015 ပြပွဲသည် လုပ်ငန်းနယ်ပယ်အတွင်းမှ ကျွမ်းကျင်သူများဆုံစည်းရန်နှင့် နိုင်ငံတကာမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထောက်ပံ့ပေးသူများနှင့်ဝန်ဆောင်မှုပေးသူများကို တွေ့ဆုံမှုပေးနိုင်မည့် အရင်းအမြစ်ဖြစ်သော အကြီးမားဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပြပွဲကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မာဇဒါဒီမီယို (၂၀၁၂) | ယာယီ | ၁၁၈ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | နီဆန်း/လာတီယို (၂၀၁၂) | ယာယီ | ၁၂၅ သိန်း | 1.2 ဓာတ်ဆီ |
| ၃။ | ဟိုင်းလက် (ဆဖ်) (၂၀၀၃) | ယာယီ | ၄၇၀ သိန်း | 2 .7 ဓာတ်ဆီ |
| ၄။ | အာအေဗီ(၄) (၂၀၀၄) | ယာယီ | ၂၁၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | အာဗီအာ (၂၀၁၁) | ယာယီ | ၂၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါအဲစေဗ့် (၂၀၁၀) | ယာယီ | ၁၄၈ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | မက်(ခ်)တူး (၂၀၀၁) | 6C | ၁၁၀ သိန်း | 2.5 ဓာတ်ဆီ |
| ၈။ | နီဆန်း/(အိပ်ထရေး)(X,TRIL) (၂၀၁၃) | 9C | ၁၁၀ သိန်း | 1 .8 ဓာတ်ဆီ |
| ၉။ | နီဆန်း(နတ်) (၂၀၀၈) | 3H | ၉၀ သိန်း | 1 .5 ဓာတ်ဆီ |

သင့်ကျန်းမာရေး

# လိပ်ခေါင်းရောဂါ

# (Hemorrhoid)

ဒေါက်တာလွင်သန့်

***မေး။*** *။လိပ်ခေါင်းရောဂါဟာ အညောင်းထိုင်လွန်းသူ၊ ဝမ်းချုပ်တတ်သူများမှာဖြစ်တတ်တယ်ဆိုတာမှန်ပါသလားဆရာ။ လိပ်ခေါင်းမဖြစ်အောင် ဘယ်လိုနေထိုင်ရမယ်။ လိပ်ခေါင်းကိုဘယ်လိုကုသရမယ်ဆိုတာညွှန်ကြားပေးပါခင်ဗျာ။*

*ဦးတင်ဖေ (ကျိုက်ထို)*

**ဖြေ။** လိပ်ခေါင်းရောဂါဆိုတာ အစာဟောင်းအိမ်အောက်ပိုင်းမှာ ဖြစ်ပေါ်တဲ့ " စအိုအသားနုစူထွက်ခြင်း" ဖြစ်ပါတယ်။

**ဖြစ်ရတဲ့အကြောင်းရင်းများ။** ဝမ်းချုပ်သူများ၊ စအိုနှင့်မစင်အိမ်ပုံမမှန်သူများ၊ စအိုထိန်းကြွက်သားအားနည်းသူများ၊ ရေဖျဉ်းစွဲသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သားအိမ်အလုံးအကျိတ်ရှိသူ၊ သားဥအိမ်အလုံးအကျိတ်၊ ဆီးအိမ်ကင်ဆာနဲ့အောက်ပိုင်းသေရောဂါသည်များမှာ လိပ်ခေါင်းဖြစ်လွယ်တယ်။

**ဖြစ်နိုင်ချေများသူများ။** ကိုယ်ဝန်ဆောင်၊ အဝလွန်သူ၊ ထိုင်ပြီးအလုပ်လုပ်သူ၊ ဝမ်းချုပ်တတ်သူ၊ ဝမ်းလျှောလွန်းသူ၊ အစားအသောက် ပုံစံမမှန်သူများ၊ အဆီနည်းတဲ့ စပ်တဲ့ အစာ၊ အရက်သောက်သူများဖြစ်တတ်တယ်။

**ရောဂါလက္ခဏာများ။** သွေးဝမ်းသွားခြင်း၊ အရိအချွဲများသွားခြင်း၊ ဝမ်းကိုက်ခြင်း၊ နာကျင်မှု မရှိခြင်း၊ တစ်စို့စို့ဖြစ်နေခြင်း၊ ညှစ်ရင်နာခြင်း၊ ဝမ်းသွား ချိန်မှာလိပ်ခေါင်းထွက်ခြင်း၊ လိပ်ခေါင်းဟာအပြင်မှာအမြဲရှိခြင်း၊ စအိုဝယားယံခြင်း၊ စအိုမလုံဘဲ အရည်များစိမ့်ထွက်ခြင်း၊ ဝမ်းသွားပြီးသန့်စင်ရခက်ခြင်း၊ သွေးအားနည်းခြင်းရောဂါများဖြစ်တယ်။

**လိပ်ခေါင်းအဆင့်ဆင့်။** စအိုကြည့်မှန်ပြောင်းနဲ့ကြည့်မှတွေ့ရတဲ့လိပ်ခေါင်း၊ ဝမ်းညှစ်လိုက်ရင်မြင်ရတဲ့လိပ်ခေါင်း၊ ဝမ်းညှစ်ညှစ်၊ မညှစ်ညှစ်မြင်ရတဲ့လိပ်ခေါင်းနဲ့လက်နဲ့ပြန်ထည့်မရလိပ်ခေါင်းဆိုပြီးလေးဆင့်ရှိတယ်။

**နောက်ဆက်တွဲဆိုးကျိုး။** လိပ်ခေါင်းအပြင်ထွက်ပြီး စအိုနဲ့ညှစ်မိကာမာခဲသွားခြင်း၊ လိပ်ခေါင်းမှာအနာများဖြစ်လာခြင်း၊ လိပ်ခေါင်းပုပ်သွားခြင်း၊ ရောဂါပိုးများ သွေးတွင်းဝင်ခြင်းတို့ဖြစ်နိုင်ပါတယ်။

**ကုသနိုင်တယ်။** နေထိုင်စားသောက်ပုံပြောင်းလဲခြင်း၊ အမျှင်ပါတဲ့ဟင်းသီးဟင်းရွက်စားခြင်း၊ ဖီးကြမ်းငှက်ပျောစသည်တို့စားခြင်း၊ ဆေးဝါးနဲ့ကုသခြင်း၊ လိပ်ခေါင်းအဆင့်(၁) မခွဲစိတ်ရတဲ့နည်းနဲ့ကုသခြင်း၊ လိပ်ခေါင်းအဆင့်(၂) လိပ်ခေါင်းထိပ်ရော်ဘာကွင်းချည်နည်း၊ အဆင့်(၃)နဲ့ ခွဲစိတ်ကုသနည်းနှင့်အဆင့်(၄) တို့ဖြစ်တယ်။

**နေထိုင်စားသောက်ပုံပြောင်းခြင်း။** ပုံမှန်အချိန်မှန် အိမ်သာထိုင်ရမယ်။ ဝမ်းအရမ်းညှစ်တာ၊ အောင့်ထားတာမလုပ်ရ၊ ဝမ်းပျော့စေတဲ့အစာ၊ အမျှင်ပါတဲ့ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးများများစားပေးရမယ်။

**ဆေးဝါးနည်း။** သွေးကြောကျုံ့စေတဲ့ဆေးဝါးသောက်ခြင်း၊ စအိုတွင်းထည့်တဲ့ဆေးဝါးသုံးခြင်းတို့ ဆောင်ရွက်နိုင်တယ်။

**ရောဂါရှာဖွေခြင်း။** ရောဂါရာဇဝင်နဲ့စမ်းသပ်စစ်ဆေးခြင်း၊ အခြားသွေးဝမ်းသွားစေတဲ့အကြောင်းများရှိမရှိစစ်ဆေးခြင်း၊ စအိုတွင်းလက်ထည့်စစ်ဆေးနည်းနဲ့စအိုတွင်းကြည့်ကိရိယာနဲ့စစ်ဆေးခြင်း၊ စအိုနဲ့အူမကြီးမှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်းတို့လိုအပ်ပါတယ်။

**မခွဲစိတ်တဲ့နည်း။** ဖောင်းနေတဲ့သွေးကြောထဲဆေးထိုးခြင်း၊ သားရေကွင်းပစ်ပြီးကုသခြင်း၊ အနီအောက်ရောင်ခြည်နဲ့ခဲအောင်ပြုလုပ်ပြီးကုသခြင်း၊ လေဆာရောင်ခြည်နဲ့ သရီးဒီတီဗီအကူအညီနဲ့ကုသခြင်းတို့ဖြစ်တယ်။

**ခွဲစိတ်ကုသခြင်း။** လိပ်ခေါင်းအဆင့်(၃)နဲ့(၄)ကို ခွဲစိတ်ဖယ်ရှားကုသပေးပါတယ်။

**အဓိကအချက်များ။** အစာဟောင်းအိမ်နဲ့စအိုဝရောဂါလက္ခဏာခံစားရတဲ့လူနာများ၊ ရောဂါဖြစ်ရခြင်းရဲ့အကြောင်းရင်းသိဖို့ စစ်ဆေးရမယ်။ အတွင်းလိပ်ခေါင်းလူနာများဟာ စအိုတစ်ဝိုက်၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ လုံလောက်တဲ့အမျှင်ဓာတ်ပါတဲ့ အစာစားခြင်း၊ ရေများများသောက်ခြင်း၊ ဝမ်းညှစ်တာရှောင်ခြင်းနဲ့ ဝမ်းပျော့ဆေးသုံးခြင်းတို့ လုပ်နိုင်တယ်။

## ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ တားမြစ်ဓာတုပစ္စည်းများ ပါဝင်သဖြင့် Online Platform မှာ ရောင်းချနေတဲ့ အလှကုန်ပစ္စည်းသုံးမျိုးအား သုံးစွဲရန် မသင့်ကြောင်းကြေညာ




ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက Online Platform မှာ ရောင်းချနေတဲ့ အလှကုန်ပစ္စည်း သုံးမျိုးဖြစ်တဲ့ SB Facial Fuel Toner Mezzo, SB UV Pro Day Cream Mezzo နဲ့ SB Rejuvenating Night Cream Mezzo တို့ဟာ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း သိရှိရတဲ့အတွက် သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်ထားပါတယ်။

အဲဒီအလှကုန်တွေမှာ တားမြစ်ထားတဲ့ ဓာတုပစ္စည်းတွေဖြစ်တဲ့ Hydroquinone(+) နဲ့ Mercury (+) တို့ ပါဝင်နေတယ်လို့ ဆိုပါတယ်။

အဆိုပါပစ္စည်း သုံးမျိုးစလုံးမှာ ထုတ်လုပ်တဲ့ ကုမ္ပဏီကိုဖော်ပြထားခြင်း မရှိဘူးလို့ သိရပါတယ်။

Online ပေါ်မှာ အထူးသဖြင့် Facebook Page တွေမှာရောင်းချနေသော အလှကုန်ပစ္စည်းများနဲ့ စပ်လျဉ်းပြီး ရောင်းချသူရဲ့ တည်နေရာ၊ ထုတ်လုပ်တဲ့ပင်ရင်းနေရာ၊ ထုတ်လုပ်ပုံနဲ့ သိုလှောင်တဲ့ အခြေအနေအချက်အလက်များကို သေချာစွာ ဖော်ပြထားခြင်းမရှိဘဲ အာနိသင်ပြင်းထန်တဲ့ ဓာတုပစ္စည်းကုန်ကြမ်းများနဲ့ ရောနှောထားခြင်းသော်လည်းကောင်း၊ အတုအပများသော်လည်းကောင်း ဖြစ်နိုင်တယ်လို့ သိရပါတယ်။

အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချခွင့်ပြုထားပြီး ပြည်ပမှ တင်သွင်းလာတဲ့ အလှကုန်ပစ္စည်းများကို ကိုယ်စားလှယ်ယူရောင်းချရာတွင် ကုန်ပစ္စည်းတစ်မျိုးတည်းကိုပင် လူဦးရေ အကန့်အသတ်မရှိ တင်သွင်းရောင်းချနိုင်ကြောင်း၊ အမှန်ကယ် အာမခံချက်ရှိသည့် အလှကုန်ပစ္စည်းများဆိုပါက သက်ဆိုင်ရာ ကုမ္ပဏီမှ လာရာက်စစ်ဆေးမှု ပြုလုပ်လေ့ရှိသော်လည်း အများစုမှာ စစ်ဆေးမှု မပြုလုပ်ကြကြောင်းနှင့် နယ်စပ်များမှ ဝင်ရောက်လာသည့် အလှကုန်ပစ္စည်းများ မြောက်မြားစွာရှိနေသော်လည်း ယင်းပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေး အာမခံချက်မပေးနိုင်ကြောင်း သိရှိရပါတယ်။

"အခါအားလျော်စွာ ဈေးတွေမှာ ရောင်းနေတဲ့ အလှကုန်တွေကို နမူနာယူစစ်တယ်။ တရားဝင်အရောင်း ကိုယ်စားလှယ် (Sale Agent)ပေးထားတာမရှိတော့ အလှကုန်ပစ္စည်း တစ်မျိုးတည်းကိုပဲ ကြိုက်သလို သွင်းလို့ရတယ်။ တစ်ဦးတည်း ကိုယ်စားလှယ်ယူသွင်းတဲ့ ပစ္စည်းဆိုရင်တောင် နယ်စပ်မှာ ဒီကုန်ပစ္စည်းကိုပဲ နောက်တစ်ဦးက နောက်တစ်ခါသွင်းတာပဲ။ နောက်ပစ္စည်းကို စစ်လို့တွေ့ရင်တောင် အဓိကဘယ်သူက သွင်းလာမှန်းမသိတော့ ဘယ်သူ့ကို အရေးယူရမှန်းမသိဘူး၊ တချို့ကုမ္ပဏီတွေဆို သူတို့ထုတ်တာ မဟုတ်ပါဘူး မှောင်ခိုပါလို့ငြင်းတယ်။ ဒီတော့တွေ့လာရင် သတင်းစာမှာ ကြော်ငြာပြီး မသုံးဖို့ပြောတာအပြင် ရောင်းနေတဲ့သူဆီက ပစ္စည်းသိမ်း ဖျက်ဆီးတာပဲ လုပ်ကြတာများပါတယ်"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

FDA အနေဖြင့် အလှကုန်သုံးစွဲသူများကို မိမိနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသော နေရာများ(ဥပမာ-မသိ၊ မကြားဖူးသော အင်တာနက်ဝက်ဘ်ဆိုက်များ) မှ အလှကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းမပြုရန်၊ အလွန်အမင်း ထူးကဲကောင်းမွန်ကြောင်း ကြော်ငြာထားသည့် အလှကုန်များကို သတိပြုရန်၊ ယုံကြည်စိတ်ချရသော၊ လူသိများသောဆိုင် နေရာများမှသာ အလှကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုရန် ဩဂုတ်လ ၃၀ နှင့် ၃၁ ရက်များမှာ ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ညွှန်ကြားရေးမှူး ဒေါ်သဇင်နီလှိုင်က ဆွေးနွေးပြောကြားခဲ့ပါတယ်။

**မယ်စားသုံး**

## ၂၀၄၀ ပြည့်နှစ်တွင် အမေရိကန်၌ သက်တမ်းမစေ့မီသေဆုံးမှုကို ၂၅ ရာခိုင်နှုန်းထိ လျှော့ချသွားရန် စီမံချက်ချမှတ်

အမေရိကန် နယူးယောက်ရှိစားသောက်ဆိုင်များတွင် ရောင်းချသော အစားအစာများ၌ နေ့စဉ်လိုအပ်သောပမာဏထက်ပိုမိုတဲ့ ဆိုဒီယမ်(ဆား)ပမာဏပါဝင်မှုကို သတိပေးသော သင်္ကေတများ၊ လေဘယ်များတွင် ဖော်ပြသွားရန် ကျန်းမာရေးဌာနမှ အရာရှိများက အဆိုပြုခဲ့ကြပါတယ်။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်အရ မီနူးမှာ ဖော်ပြထားတဲ့စားဖွယ်များရဲ့ဘေးမှာ တစ်နေ့တာ လိုအပ်ချက်ထက် ပိုမိုပါဝင်တဲ့ဆိုဒီယမ်ပမာဏကို ဖော်ပြပေးရမှာဖြစ်ပြီး ယခုလုပ်ငန်းစဉ်ဟာ နယူးယောက်ရှိ စားသောက်ဆိုင်များအနေနဲ့ လိုက်နာရမယ့် ပထမဆုံး စည်းမျဉ်းစည်းကမ်းဖြစ်ပါတယ်။

တစ်နေ့တာလိုအပ်တဲ့ဆားပမာဏမှာ ၂၃၀၀ မီလီဂရမ်ဖြစ်ပါတယ်။ ထိုကဲ့သို့ဆားပါဝင်မှု ဖော်ပြခြင်းကို ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး ကျင့်သုံးရမှာဖြစ်ပါတယ်။အမေရိကန်လူမျိုးများရဲ့တစ်နေ့တာ ဆိုဒီယမ်စားသုံးမှုဟာ ပျမ်းမျှ ၃၄၀၀ မီလီဂရမ်အထိ ရှိတယ်လို့ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနက ထုတ်ပြန်ထားပါတယ်။

မီနူးမှာ ဆားပါဝင်မှုပမာဏကို ဖော်ပြစေခြင်းဟာ နယူးယောက် မြို့သူမြို့သားများရဲ့ ကျန်းမာရေး ကောင်းမွန်တိုးတက်စေရန်နဲ့ သက်တမ်းမစေ့မီသေဆုံးမှုအား ၂၀၄၀ ပြည့်နှစ်မှာ ၂၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေးအတွက် ဖြစ်တယ်လို့နယူးယောက်မြို့တော်ကျန်းမာရေးဌာနက ဆိုပါတယ်။

ဒီစည်းမျဉ်းကို အမေရိကန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒေသပေါင်း ၁၅ ခုမှာရှိတဲ့ စားသောက်ဆိုင်အားလုံးက လိုက်နာကြရမှာဖြစ်သလို Mc Donald's, Yum Brands တို့လို အမှတ်တံဆိပ်နဲ့ရောင်းချတဲ့ Pizza Hut, Taca Bell နဲ့ KFC စတဲ့ စားသောက်ဆိုင်များလည်း လိုက်နာကြရမှာဖြစ်ပါတယ်။

စားသောက်ဆိုင်များတွင် ရောင်းချတဲ့ အစားအသောက်များမှာ ဆားသုံးစွဲမှု လျှော့ချရေးအတွက် လုပ်ဆောင်နေတာဟာ မလိုအပ်ဘဲလုပ်ဆောင်နေတာဖြစ်တယ်လို့ ဆားရောင်းဝယ်သူများအသင်းက ကန့်ကွက်ပြောကြားခဲ့ပါတယ်။ စားသောက်ဆိုင်များ၏ ဆိုဒီယမ်ပါဝင်မှု ကြေညာရန် ညွှန်ကြားချက်အပေါ် ပြန်လည်သုံးသပ်သွားမယ်လို့ Burger King မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သော်လည်း အခြားစားသောက်ဆိုင်များကတော့ တုံ့ပြန်မှုတစ်စုံတစ်ရာမရှိသလို ဘာမှတ်ချက်မှလည်း မပေးကြဘူးလို့ သိရပါတယ်။

**မယ်စားသုံး**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၁-၉-၂၀၁၅ မှ ၂၇-၉-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများမှ ဆုံးရှုံးနစ်နာမှုများရှိနေတတ်သည်။ ရသမျှငွေများအလေအလွင့်ရှိနေတတ်ပါသည်။ လယ်ယာဥယျာဥ်နှင့်ပတ်သက်သောလုပ်ငန်းမြေ အဆောက်အအုံများနှင့် ပတ်သက်သောစီးပွားရေးလုပ်ငန်းများ တန့်နေတတ်ပါသည်။ လောကဓါတ်စာပေများလိုက်စားခြင်းဖြင့် အကျိုးရှိနေမည်။ ကျန်းမာရေးတွင် တေဇောများသောအပူရှိန်မြင့်သည့် အဖျားရောဂါများဖြစ်တတ်ပါသည်။ အချစ်ရေးတွင် အပေါင်း အသင်းများနှင့် အပျော်အပါးကြိုက်နေမည်။ အိမ်ထောင်ရေးတွင် တူညီလက်တွဲစီးပွားဖြစ်ထွန်းနေလိမ့်မည်။

**ယတြာ။ ဘုရားတွင် မီမီမွှေးနေ့ထောင့်မှာ ထီးနီလှူပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ရောလူပါပင်ပန်းနေမည့်ကာလ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် ဆက်သွယ်မှု၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် အောင်မြင်မှုများရရှိနေမည်။ ရေလမ်းဆက်သွယ်မှု သင်္ဘောကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ ပညာရေးဆိုင်ရာတွင် စိတ်ပညာနှင့်ပတ်သက်၍ အကျိုးပေးနိုင်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်မှုများနှင့်သာ ကြုံဆုံနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်လေထိုး၊ လေအောင့်ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ သာကူအုန်းနို့လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ဆုံးဖြတ်ချက်မှန်ကန်စွာ စိစစ်တတ်သူဖြစ်နေမည်။ ကြိုးစားအားထုတ်မှုလုပ်ကိုင်ဆောင်ရွက်မှုတို့ကြောင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်။ ဆန်စပါးနှင့် ဆီထွက်သီးနှံများ မီးဖိုချောင်သုံးပစ္စည်းများ အကျိုးပေးကောင်းနေမည်။ တည်ကြည်ဖြောင့်မတ်မှု စိတ်ကောင်းစေတနာထားတတ်မှုတို့ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးမှုရှိနေမည်။ ကျန်းမာရေးတွင် ဦးခေါင်းကိုက်၊ ဇာက်ကြောထိုးဝေဒနာခံစားရမှု ရှိနေတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ရောင်တော်ဖွင့်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အစုရှယ်ယာများနှင့် အခြေခိုင်ခန့်လာပြီး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေကောင်း၍ ဥစ္စာဓနတိုးတက်ချမ်းသာရလိမ့်မည်။ ခရီးသွား ခြင်းလုပ်ငန်း၊ စက်ပစ္စည်းများ လျှပ်စစ်ပစ္စည်းများ အကျိုးပေးကောင်းနေလိမ့်မည်။ အပေါင်းအသင်းဖြစ်ပြီး အနေဝေးမှပြန်လည်ဆုံတွေ့သည့်အခါ ချစ်သူကြင်ဘက်ဖြစ်လာသည့်သဘောရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရေချိုးမှားခြင်းကြောင့် ရောဂါရတတ်သည်။ အပင်ပန်းမခံနိုင်ဘဲ သက်သက်သာသာနေထိုင် လိုသောစိတ်ဖြစ်ပေါ်နေတတ်ပါသည်။

**ယတြာ။ ဘုရားတွင် ဆွမ်းရေချမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်စေတနာထားတတ်မှု ဘာသာတရားလေးစားမှုတို့ကြောင့် ဆန္ဒသဘောထားနှင့် တိုက်ဆိုင်သူကိုတွေ့ရတတ်သည်။ ဆရာသမားများလုပ်ဖော်ကိုင်ဘက် များအပေါင်းအသင်းများ ရှယ်ယာဝင်များထံမှ ခင်မင်လေးစားမှု ရရှိတတ်ပါသည်။ နိုင်ငံခြားငွေကြေးလုပ်ငန်း၊ မြေတွင်းထွက်ပစ္စည်းများနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများအကျိုးပေးဖြစ်ထွန်းအောင်မြင်မှုရရှိလိမ့်မည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်ကောင်းမွန်နေမည်။ ကျန်းမာရေးတွင် အားကစားလိုက်စားမှုကြောင့် ကျန်းမာနေမည်။

**ယတြာ။ ငွေလှူပါ။**



**သောကြာသားသမီးများအတွက်** အပြိုင်အဆိုင် ပြောဆိုလုပ်ကိုင်ရခြင်းမျိုးရှိတတ်သည်။ ငွေကြေးပြဿနာကိစ္စများလည်း ရှင်းရတတ်သည်။ လုပ်ငန်းအဆက်အသွယ်များ ကောင်းနေမည်။ လောဘ၊ ဒေါသ မကြီးသင့်ပါ။ လုပ်ငန်းလုပ်ကိုင်တိုးချဲ့မှုမပြုသင့်သေးပါ။ အပြောင်းအလွဲကာလဖြစ်သည်။ အကျဉ်းအကျပ်ကျသည့် သဘောဖြစ်နေမည်။ အချစ်ရေးတွင် တစ်ယောက်ထက်မကချစ်နေသောသူရှိနေမည်။ အဝေးမှ ချစ်သူ အနီးရောက်လာတတ်သည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင် မိသားစုအရေး အားသွန်ခွန်စိုက် ကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေးတွင် စိတ်နှင့်ပတ်သက်သောစိတ်ဖိစီးမှုရောဂါရတတ်သည်။ စိုးရိမ်စရာမရှိပါ ကုသလျှင် ပျောက်ကင်းနိုင်ပါသည်။

**ယတြာ။ ဘုရားတွင် ယပ်လှူခြင်း၊ သက်ကြီးရွယ်အိုတို့အား ငွေကြေးလှူဒါန်းခြင်းပြုပါ။**



**စနေသားသမီးများအတွက်** အထွေထွေသဘောတရားနှင့် ပတ်သက်၍ လိုက်ဖက်အဆင်ပြေအောင် ပြောဆိုနေထိုင်တတ်ပါသည်။ စီးပွားရေးရောင်းဝယ်ကုန်သွယ်မှုပညာ အထူးကျွမ်းကျင်နေလိမ့်မည်။ ဓာတုပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအောင်မြင်မည်။ ကျန်းမာရေးဂရုမစိုက်နေတတ်မှုကြောင့် ရောဂါရလွယ်နေတတ်သည်။ အဆုတ်အအေးမိခြင်း၊ နမိုးရီးယားတိုက်ဖွိုက်ဖြစ်တတ်သောကြောင့် ကျန်းမာရေး ဂရုစိုက်သင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အေးအေးဆေးဆေး အိန္ဒြေရှိသူကို နှစ်သက်နေလိမ့်မည်။ ကလက်တက်တက်ပြာယာခပ်သူကို မနှစ်သက်တတ်ပါ။

**ယတြာ။ ဘုရားရဟန္တာနှင့် သံဃာတော်များကို သက်သတ်လွတ်လှူဒါန်းပါ။**

# ထိုင်းနိုင်ငံမှ တင်သွင်းတဲ့ သစ်သီးများဈေးမြင့်တက်ကာ အရောင်းအဝယ်အေး

မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုနဲ့ သယ်ယူပို့ဆောင်တဲ့ စရိတ်တွေ မြင့်တက်လာတာကြောင့် ထိုင်းနိုင်ငံမှ တင်သွင်းတဲ့ သစ်သီးများဈေးမြင့်တက်လာပြီး အရောင်းအဝယ်လည်းအေးလာကြောင်း သီရိမင်္ဂလာဈေးရှိ သစ်သီးပွဲရုံများမှ သတင်းရရှိပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၁ ရက်မှ ၁၀ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၇၀၀၆၆ တန်ဖိုးရှိ ပန်းသီး၊ စပျစ်သီး၊ သရက်သီး၊ နာနတ်သီး၊ လိမ္မော်သီး၊ ဒူးရင်းသီး၊ သစ်တော်သီး၊ နဂါးမောက်သီး၊ ရေငန်းသီး၊ နန်းမြားသီး၊ ကြက်မောက်သီး၊ မန်ကျည်းချိုသီးနဲ့ အစေ့လွတ်မာလကာသီးများကို တန်ချိန်အားဖြင့် ၃၃၉ တန် တင်သွင်းလာခဲ့ပါတယ်။

"သစ်သီးတွေကို ပြည်ပက တင်သွင်းလျှင် နိုင်ငံခြားငွေနဲ့ပဲ တင်သွင်းရတာကြောင့် နိုင်ငံခြားငွေဈေးမြင့် နေလို့ပေးချေရတဲ့ မြန်မာငွေကလည်း များလာပြီး ပြည်တွင်းကိုလည်း ရောက်ရော သစ်သီးဈေးတွေလည်း မြင့်သွားခဲ့တာပေါ့" ဟု သီရိမင်္ဂလာဈေးရှိ သစ်သီးပွဲရုံတစ်ရုံမှပြောပါတယ်။

**မော်မော်အောင်**

# ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှ ငါးရှဉ့်ကုန်များ ရန်ကုန်ဈေးကွက်သို့ နေ့စဉ်တင်ပို့



ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှ ငါးရှဉ့်ကုန်များ ရန်ကုန်ဈေးကွက်သို့ တစ်မြို့နယ်လျှင် ပိဿာချိန် ၃၀၀ မှ ၅၀၀ ထိ တင်ပို့မှုရှိပြီး ဖျာပုံခရိုင်အနေဖြင့် ပိဿာချိန် ပျမ်းမျှ ၁၅၀၀ ကျော်ခန့်ရှိကြောင်း ငါးရှဉ့်ဈေးကွက်မှ သိရပါတယ်။

"အခုချိန်က ငါးရှဉ့်ပေါတဲ့ ရာသီချိန်လို့ ပြောလို့ရပါတယ်။ ဇွန်လကနေ အောက်တိုဘာလအထိကတော့ ငါးရှဉ့်လှိုင်လှိုင်ပေါတဲ့ အချိန်ပါပဲ၊ အဲဒီနောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ကုန်အတက်နှေးလာပါတယ်။ အခု နေ့စဉ်တင်ပို့မှုမှာ ပိဿာ ချိန် ၄၀၀ ကျော် ၅၀၀ ပို့နေရပါတယ်။ ဝယ်ယူထားတဲ့ ငါးရှဉ့်တွေကို ကော်စည်ပိုင်း၊ ဂါလန်ပုံး၊ သစ်သားပုံးရိုက်ပြီး အတွင်းမှာ တာလပါတ်ရိုက်ကာ ရေထည့်သိုလှောင်ထားပါတယ်။ ဈေးကွက်ကို တင်ပို့တဲ့အခါကျတော့ ဖော့ပုံးကို ရေခဲထည့်ကာ ပါကင်ပိတ်ပြီးပို့ပါတယ်။

ကုန်တက်များရင် ကိုယ်ပိုင်ကားနဲ့ ပို့ပါတယ်။ ကုန်နည်းရင်တော့ အငှားကားနဲ့ပို့ပါတယ်။ ကားတန်ဆာခကတော့ ၁၀ ဂါလန်ဝင်တစ်ပုံးကို ၁၅၀၀ ကျပ်၊ ၂၅ ပိဿာဝင်ဖော့ပုံးတစ်ပုံးကို ၃၀၀၀ ကျပ်ပေးရပါတယ်။ ကုန်ရရှိဖို့အတွက် ကျွန်တော့်မှာ အဝယ်ဒိုင် ငါးဒိုင်ဖွင့်ထားပါတယ်။ ငါးရှဉ့်လာသွင်းတဲ့ ဖောက်သည်တွေကို ကြိုတင်ငွေထုတ်ပေးထားတာမရှိပါဘူး။ လာရောင်းမှသာ ငွေပေးချေပါတယ်။ ဝယ်ယူတဲ့အခါမှာ အကောင်အကြီးအသေး ခွဲခြားမှုမရှိဘဲ သောင်းပြောင်း ဈေးတစ်ပိဿာကို ၃၆၀၀ ကျပ်၊ ငါးရှဉ့်ချောချော အကောင်ညီညီ တစ်ပိဿာကို ၄၀၀၀ ကျပ်ဈေးနဲ့ဝယ်ယူပါတယ်။ မူဆယ်ကို တိုက်ရိုက်တင်ပို့မှုတော့မရှိပါဘူး။ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်နဲ့ အင်းစိန်မြို့နယ်မှာရှိတဲ့ အဝယ်ဒိုင်တွေကို တင်ပို့ရောင်းချပါတယ်။ ကုန်အတက်ဆုံး ကျေးရွာတွေကတော့ ပင်လယ်ပိုင်းကျေးရွာတွေက များပြီး အခြားကျေးရွာ တော်တော်များများကလည်း ကုန်အနည်းနဲ့အများလာကြပါတယ်။ သူ့မြို့နယ်အပိုင်နှင့် နီးစပ်ရာဒိုင်မှာ ရောင်းချတာပါပဲ။ ကုန်တက်အနည်းဆုံးလကတော့ ဖေဖော်ဝါရီလကနေ ဧပြီလအထိ ဖြစ်ကြောင်း" ဖျာပုံမြို့ အောင်ကမ္ဘာငါးရှဉ့်ရောင်းဝယ်ရေးမှ လုပ်ငန်းရှင် ဦးအောင်ကျော်မိုးက ပြောပါတယ်။

ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ ငါးရှဉ့်ရောင်းဝယ်မှု ဝယ်ဈေး နှုန်းနှင့် ကုန်တက်မှုတို့မှာ တစ်မြို့နယ်နှင့် တစ်မြို့နယ် ကွာခြားမှု မပြောပလောက်သော်လည်း တန်ဆာခအနေနဲ့ အနည်းငယ်ကွာခြားမှုရှိကြောင်း၊ ကုန်းလမ်းရေလမ်း နှစ်သွယ်ဖြင့် ဈေးကွက်သို့ တင်ပို့လျှက်ရှိကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

➲ စာမျက်နှာ ၁၄ သုတရသ . . . မှ အဆက်

အဲဒီကျောင်းမှာတွေ့ရတာက ကျောင်းသူကလေးများဟာ ဆံရစ်ဝိုင်း၊ ဆံထောက်နောက်ကောက်ကလေးတွေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းနေတာတွေ့ရသလို သင်္ကန်းဝတ်နဲ့ ဘုန်းကြီး ကျောင်းစာလည်းသင်၊ အတန်းကျောင်းချိန်ကြတော့ အတန်းကျောင်း ပညာလည်းသင်ပေါ့။ ချစ်စရာရိုးရာဓလေ့တွေမဟုတ်ပါလား၊ ကျောက်ဆောင် တွဲဖက်အထကကျောင်း ဟောပြောပွဲအပြီး ပခုက္ကူ ကိုပြန်ကြပါတယ်။ လာချိန်က နံနက်စောစောနေတက်ချိန် ပြန်ချိန်က ညနေခင်းနေညိုချိန် ရွှေအိုရောင် နေရောင်ခြည်အောက်ပါ၊ လမ်းတစ်လျှောက် လယ်ယာလုပ်ငန်းခွင်တွေမှာ အလုပ်ဆင်းနေကြတုန်းပါ။ နွားတွေအသုံးပြုတဲ့အပြင် တိုးတက်နေပြီ ဖြစ်တဲ့ စက်မှုလယ်ယာအနေနဲ့ နိုင်ငံခြားကလာတဲ့ ထွန်စက်ပြာပြာတွေလည်း တွေ့ရပါတယ်။ တစ်နေရာမှာ တောင်သူတစ်ဦး၊ နွားတစ်ရှဉ်းနဲ့ ထွန်နေတာတွေ့လို့ ဆိုင်ကယ်ရပ်ပြီး ဆင်းမေးမိပါတယ်။ "ခုမှ ထွန်နေတာလား" "မဟုတ်ဘူး ဆရာတို့ရေ နှမ်းကြဲထားလို့ ထစိပ် (ထွန်စိပ်) မှုန်းနေတာ" "ကျွန်တော်တို့ နားလည်အောင် ရှင်းပြပေးပါဗျာ" "ဒီလို ဆရာရေ နှမ်းက ကြဲပြီးသား ခုမိုးကလေးရွာလို့ မြေကြပ်မှာဆိုးလို့ ထွန်သွား (၆/၇) သွားနဲ့ ထွန်နေတာကို တောင်သူအခေါ် မှုန်းတယ်ပြောရတာပါ" "ဒါဆိုရင် နှမ်းရဖို့သေချာပြီပေါ့" "ဆရာရေ- တစ်မိုးလောက် တော့ လိုသေးသဗျ" "ကျွန်တောတို့ သတင်းစာထဲမှာ ဖတ်ရ တာ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနဲ့ရပ်ဝန်းဖြစ်နေ တယ်လို့ သိရတယ်" "လေဖိအားနည်းရပ်ဝန်းဖြစ်ရင် မိုးရွာမှာ လား" "များသောအားဖြင့် အဲဒီလိုဖြစ်ရင် ကျွန်တော်တို့ အညာမှာ မိုးရွာတတ်တယ်ဗျ" "ကောင်းဗျ ဝမ်းသာစရာ သတင်းပေါ့ဆရာ' 'အညာမှာ မိုးရွာဖို့ ကမ်းရိုးတမ်းဒေသတွေ ဒုက္ခရောက်ပေးရမလိုပါ။ ဒါလည်း တရားရစရာ ရသတစ်မျိုးပါ။

ပြန်ခဲ့ပါပြီ။ ရွှေအိုရောင် နေညိုညိုအောက်မှာ အိပ်တန်းပြန်ကြတဲ့ ငှက်ပေါင်းစုံရဲ့ ရှုခင်းတွေ စိုက်ဆဲ နှမ်းခင်း အောင်မြင်နေတဲ့ မြေပဲခင်း၊ ပဲစင်းငုံခင်း၊ ပဲတီစိမ်းခင်း၊ ဝါခင်းတွေရဲ့ အရစ်လိုက် အကွက်လိုက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ခင်းတွေရဲ့လှပမှု စိုက်ခင်းကွင်းပြင်တွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေနုအေးရဲ့ ကလူ၏သို့မြူ၏သို့ အရသာ၊ ဒေသတွေရဲ့ ဒေသန္တရဗဟုသုတဆိုတာတွေဟာ သုတ၊ ရသများနဲ့ ခရီးသွားခြင်းတွေ မဟုတ်ပါလား။

လေးစားအပ်ပါသော စာရှုသူများ ယခုခရီးစဉ် သုတ၊ ရသများနဲ့ ခရီးစဉ်မှာ တစ်နေ့ထဲ တစ်မြို့နယ်ထဲမှာ ဟောပြောပွဲ ဆွေးနွေးပွဲလေးကြိမ်ပြုလုပ်ရင်း ခရိုင်ဦးစီးမှူးနဲ့ ဝန်ထမ်းများ နေ့လယ်စာ ထမင်းငတ်ခဲ့တာလည်း ရသတစ်မျိုးပါလို့ တင်ပြရင်း . . .

# မြို့ကြီးများ၏ ၂၁-၉-၂၀၁၅ မှ ၂၅-၉-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၁-၉-၂၀၁၅) | အင်္ဂါ(၂၂-၉-၂၀၁၅) | ဗုဒ္ဓဟူး(၂၃-၉-၂၀၁၅) | ကြာသပတေး(၂၄-၉-၂၀၁၅) | သောကြာ(၂၅-၉-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၄၀% ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်ထူထပ် ၃၅°C/၉၅°F | ၃၀% ၃၅°C/၉၅°F |
| မြစ်ကြီးနား | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| လားရှိုး | ၅၀% ၂၉°C/၈၅°F | ၅၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | တိမ်ထူထပ် ၃၁°C/၈၈°F | ၅၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F |
| လွိုင်ကော် | ၄၀% ၂၉°C/၈၅°F | ၃၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၅၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၃°F |
| တောင်ကြီး | ၅၀% ၂၄°C/၇၆°F | ၇၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F | ၅၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F |
| ဘားအံ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| တောင်ငူ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| မုံရွာ | ၄၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်ထူထပ် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်ထူထပ် ၃၄°C/၉၄°F |
| ပုသိမ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၄°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၃၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဖလမ်း | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၅၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F |

## သြရိသပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်းသုံးသောင်းနီးပါး ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရ

အိန္ဒိယနိုင်ငံ၊ သြရိသပြည်နယ်တွင် မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူသုံးသောင်းနီးပါးရေလွှမ်းမိုးမှုဒဏ်ကိုခံစားနေရကြောင်း အိန္ဒိယအိတ်စ်ပရက်စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ရေလွှမ်းမိုးမှုသည်သြရိသပြည်နယ်အတွင်းရှိ ခရိုင်ပေါင်းသုံးခုတွင် အဆိုးရွားဆုံးဖြစ်ခဲ့ပြီး အဆိုပါခရိုင်သုံးခုကို ဖြတ်သန်းစီးဆင်းနေသည့် ဟောတီမြစ်ရေလျှံတက်မှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

သြရိသပြည်နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ရေလွှမ်းမိုးမှုဖြစ်ပေါ်လျက်ရှိသည့် ဒေသများသို့သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူများလည်းရှိခဲ့ရာ စက်တင်ဘာလ ၁၉ ရက်နေ့ အထိ သေဆုံးသူဦးရေမှာ နှစ်ဦးသာ ရှိနေသေးသော်လည်း ယခုထက်မကများပြားနိုင်ကြောင်း၊ မြေပြိုကျမှုများလည်းရှိနေသဖြင့် သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်းဖြင့် ဒေသခံတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

မိုးရွာသွန်းနေသည်မှာ သုံးရက်ခန့် ရှိနေပြီဖြစ်ပြီး ထပ်မံ၍ ဆက်လက်ရွာသွန်းနေမည်ဆိုပါက ရေလွှမ်းမိုးခံရမည့်ဒေသများ ပိုမိုများပြားလာနိုင်ပြီး ရေဘေးဒုက္ခသည်ဦးရေလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်းဖြင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုသည် စက်တင်ဘာလ ၁၆ ရက်ကတည်းက ရွာသွန်းနေခြင်းဖြစ်ပြီး စက်တင်ဘာလ ၁၈ရက်နေ့အထိ ရွာသွန်းနေဆဲဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

၂၄နာရီအတွင်း မိုးရေချိန်သည် မီလီမီတာ ၂၀၀ အထိရှိနေသဖြင့် မိုးဆက်လက်ရွာသွန်းမည်ကို စိုးရိမ်နေရကြောင်း သြရိသပြည်နယ်မိုးလေဝသဌာနမှ ပြောကြားခဲ့သည်။

**မယ်သီတာ**



## ချီလီနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာတစ်သန်းကျော်ရှိလာ

ချီလီနိုင်ငံတွင် စက်တင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းက အင်အားအလွန်ပြင်းထန်သည့်ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ အဆိုပါငလျင်သည် အင်အားရစ်ချ်တာစကေး ၈ ဒသမ ၃အဆင့်ရှိပြီး ကမ္ဘာပေါ်တွင် အင်အားအပြင်းထန်ဆုံးသော ငလျင်တစ်ခုပင်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါငလျင်ကြောင့် ချီလီနိုင်ငံတွင် လူပေါင်း ၁၂ ဦးသေဆုံးခဲ့ပြီး နေအိမ်များ၊ လမ်းများပျက်စီးဆုံးရှုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်အားအလွန်ပြင်းထန်သည့် အဆိုပါငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးချက်များ ထုတ်ပြန်ထားခဲ့ရာ အဆိုပါဆူနာမီလှိုင်းများသည် ပစိဖိတ်သမုဒ္ဒရာကမ်းခြေနှင့် ထိစပ်နေသည့်နိုင်ငံများသို့ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

ကယ်လီဖိုးနီယားပြည်နယ် ကမ်းခြေဒေသများ၊ ဟာဝိုင်အီကျွန်းစု၊ ဂျပန်နိုင်ငံ အီဝါတာစီရင်စုကမ်းခြေဒေသများအထိ ဆူနာမီလှိုင်းများရိုက်ခတ်ခဲ့သည်ဟုဆိုသည်။

အဆိုပါငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့်ဆူနာမီလှိုင်းသည် ဂျပန်နိုင်ငံတွင် နှစ်ပေခွဲခန့်ဖြစ်ပေါ်ခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ်နှင့် ဟာဝိုင်အီကျွန်းတို့တွင် ဆူနာမီလှိုင်းများသည် နှစ်ပေမှ လေးပေအထိ ရိုက်ခတ်ခဲ့သည်ဟုဆိုသည်။

ဆူနာမီလှိုင်းသည် ချီလီနိုင်ငံ ကိုကွင်ဘိုမြို့ကမ်းခြေဒေသတွင် ၁၅ ပေအထိ ရိုက်ခတ်ခဲ့ရာ ဆူနာမီလှိုင်းများကြောင့် အဆိုပါကမ်းခြေဒေသရှိ နေအိမ်များ အများအပြားပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီသတိပေးချက်များ ထွက်ပေါ်ခဲ့သဖြင့် ကိုကွင်ဘိုမြို့သူမြို့သားပေါင်း တစ်သန်းကျော်တို့ နေအိမ်များ၏ အပြင်ဘက်သို့ ပြေးထွက်ခဲ့ကြသဖြင့် လူ အသေအပျောက်နည်းပါးရခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်မိုးလေဝသဌာန၏ တိုင်းထွာချက်များအရ အဆိုပါငလျင်သည် လူပေါင်း ၆ ဒသမ ၆သန်းနေထိုင်သည့် ဆန်တီယေဂိုမြို့၏ မြောက်ဘက် ၂၂၈ ကီလိုမီတာ(မိုင်၁၄၀)အကွာ ပင်လယ်ပြင်ကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများနှင့်ကြုံတွေ့နေရပြီး အဆိုပါငလျင်လှုပ်ခတ်မှုဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရသည့်ကိုကွင်ဘိုဒေသအား အရေးပေါ်အခြေအနေ ကျရောက်နေသည့်ဒေသအဖြစ် ကြေညာချက် ထုတ်ပြန်ထားသည်။

Domestic Sport News
Vol: 15, No.36 Monday September 21 2015

## ပထမအကြိမ်အာရှရှီးယွမ်ပြိုင်ပွဲနှင့် ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ရှီးယွမ်ပြိုင်ပွဲတို့ကို ရန်ကုန်မြို့တွင် ကျင်းပမည်

ပထမအကြိမ်အာရှရှီးယွမ်ပြိုင်ပွဲနှင့် ပဥ္စမအကြိမ်မြောက်ကမ္ဘာ့ရှီးယွမ်ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)တွင် စက်တင်ဘာလ ၂၀ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါရှီးယွမ်အားကစားနည်းသည် မြန်မာလူမျိုးတို့၏ ရခိုင်ရိုးရာကျင်အားကစားနည်းနှင့် ဆင်တူသည့် အားကစားနည်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာ့ရှီးယွမ်အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ယင်းအားကစားသမားများအား တောင်ကိုရီးယားနိုင်ငံရှီးယွမ်အဖွဲ့ချုပ်မှ အမေရိကန်ဒေါ်လာသုံးသောင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေသည် မြန်မာရှီးယွမ်အဖွဲ့ချုပ်မှ အားကစားသမားများ၏လေ့ကျင့်ပြင်ဆင်စရိတ်အဖြစ် ကစားသမားများအတွက် တစ်ပတ်လျှင် ကျပ်နှစ်သောင်းငါးထောင်၊နည်းပြများအတွက် တစ်လလျှင်ကျပ်နှစ်သိန်း ထောက်ပံ့ပေးထားကြောင်းမြန်မာနိုင်ငံရှီးယွမ်အဖွဲ့ချုပ် မှ သိရသည်။

စက်တင်ဘာ ၂၀ ရက်မှစတင်ကျင်းပမည့် အာရှရှီးယွမ်ပြိုင်ပွဲနှင့် ကမ္ဘာ့ရှီးယွမ်ပြိုင်ပွဲတို့တွင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ အားကစားသမားပေါင်း ၃၀၀ ကျော် တို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်က ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာရှီးယွမ်အားကစားအဖွဲ့ချုပ်ကို ရခိုင်ကျင်၊ နပန်း၊ ဂျူဒိုအားကစားနည်းတို့မှ ကစားသမား ၄၀ ကျော်တို့ဖြင့် ဧပြီလကုန်ပိုင်းကတည်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပ မည့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်ပြင်ဆင်ချိန် ငါးလခန့်သာရရှိခဲ့သော်လည်း ဆုတံဆိပ်များရယူနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာ့ရှီးယွမ်လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သူ ဇော်မိုးအောင်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ရိုးရာနပန်းကစားနည်းဖြစ်သည့် ရှီးယွမ်ကစားနည်းကို မြန်မာနိုင်ငံတွင် ကျယ်ပြန့်လာစေရန် ကမ္ဘာ့ရှီးယွမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံအားကစားဝန်ကြီး ဌာနသို့ ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရှီးယွမ်အဖွဲ့ချုပ်နှင့် အားကစားဝန်ကြီးဌာနတို့သည် ဧပြီလမှစတင်ကာ မြန်မာ့ရှီးယွမ်အားကစားအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရေးနှင့် ကစားသမားများရွေးချယ်၍ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

## ဘာရာဇီးအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ၏အာရှဇုန်ခြေစစ်ပွဲ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း ရှုံးပွဲနှစ်ပွဲနှင့်အတူ အုပ်စုမှထွက်



မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ ဘရာဇီးအိုလံပစ်ပြိုင်ပွဲ၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏အာရှဇုန်ခြေစစ်ပွဲပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ရှုံးပွဲ နှစ်ပွဲ ကြုံတွေ့ရသဖြင့် အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် တရုတ်(တိုင်ပေ)နှင့် လက်ကျန်တစ်ပွဲ ကစားရန် ရှိနေသေးသော်လည်း အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲစဉ်တွင် အုပ်စုအဖွင့်ပွဲစဉ်၌ ဂျော်ဒန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အဆိုပါအုပ်စုအဆင့် ပြိုင်ပွဲတွင် အမှတ်အများဆုံးအသင်းတစ်သင်းသာ နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့တက်ရောက်ခွင့်ရရှိမည်ဖြစ်ရာ မြန်မာအမျိုးသမီးအသင်းအနေဖြင့် နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ခဲ့ရသဖြင့် အုပ်စုတက်ရောက်ရေးမျှော်လင့်ချက်မှာ မှေးမှိန်သွားခဲ့ရပြီဖြစ်သည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အဘက်ဘက်မှ နောက်ကျကျန်နေခဲ့ပြီ ဖြစ်သည်ကို ယခုပွဲစဉ်များက သက်သေပြနေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင်အုပ်စုတွင်း၌ အုပ်စုဗိုလ်အဖြစ်ဖြင့် အုပ်စုတွင်းပြိုင်ဘက်အသင်းများကို ဂိုးပြတ်သွင်းနိုင်ခဲ့သဖြင့် ဒုတိယအဆင့်ခြေစစ်ပွဲကိုလည်း အလွယ်တကူပင် အောင်မြင်လိမ့်မည်ဟု ထင်ထားခဲ့ကြသည်။

သို့သော်ပြိုင်ဘက် အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အပြင် ဂိုးပြတ်သွင်းခြင်းကိုပါ ခံခဲ့ရသဖြင့်မြန်မာအမျိုးသမီးအသင်းတွင် လိုအပ်ချက်များရှိနေပြီကို အသင်းအုပ်ချုပ်သူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့ သတိပြုကြလိမ့်မည်ထင်ပါသည်။

စိတ်ဓာတ်တစ်ခုတည်းသာ ကြံ့ခိုင်မှုရှိသည့် မြန်မာအမျိုးသမီးအသင်းသည် လေ့ကျင့်မှုနည်းစနစ်နှင့် ကြံ့ခိုင်မှုပိုင်းတို့တွင် အားနည်းမှုများ ရှိနေမည်ကို ယခုမန္တလေးမြို့တွင် ကျင်းပခဲ့သည့် အိုလံပစ်ခြေစစ်ပြိုင်ပွဲက သက်သေထူနေလိမ့်မည်ထင်ပါသည်။

မျိုးဆက်သစ် ရှားပါးနေသည့် မြန်မာအမျိုးသမီး ဘောလုံးလောကအတွက်မျိုးဆက်သစ်ရရှိရေးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ကြရမည်သာဖြစ်သည်။

**ပွဲရလဒ်များ**

| | | |
|---|---|---|
| တရုတ်(တိုင်ပေ) | ၁ - ၀ | ဗီယက်နမ် |
| ဂျော်ဒန် | ၀ - ၂ | မြန်မာ |
| ဂျော်ဒန် | ၀ - ၃ | တရုတ်(တိုင်ပေ) |
| မြန်မာ | ၁ - ၂ | ထိုင်း |
| ထိုင်း | ၁ - ၀ | ဂျော်ဒန် |
| ဗီယက်နမ် | ၄ - ၂ | မြန်မာ |

## မကွေးအသင်းနှင့် ရတနာပုံအသင်းတို့၏ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒိုင်လူကြီး၏ မှားယွင်းဆုံးဖြတ်ခဲ့မှုများအား အဖွဲ့ချုပ်သို့ ရတနာပုံအသင်းတင်ပြ

ပြီးခဲ့သည့် စက်တင်ဘာ၁၃ရက်ကယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် မကွေးအသင်းတို့၏ပွဲစဉ်တွင် ဖြစ်ပေါ်ခဲ့သည့်ကိစ္စရပ်များအတွက် ရတနာပုံအသင်းမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ တင်ပြ၍ အယူခံဝင်သွားမည်ဖြစ်ကြောင်း ရတနာပုံအသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါပွဲတွင် ရတနာပုံအသင်းနှင့် မကွေးအသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။ ယင်းပွဲတွင် ရတနာပုံအသင်းအနေဖြင့် ကွင်းလယ်ဒိုင်လူကြီး၏ မှားယွင်းဆုံးဖြတ်မှုကြောင့် နစ်နာခဲ့ရမှုများအား အယူခံဝင်၍ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ စည်းကမ်းထိန်းသိမ်းရေးကော်မတီကို အယူခံလွှာတင်သွင်းသွားမှာပါ။ စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေနဲ့ကျွန်တော်တို့ တင်ပြတဲ့အယူခံလွှာကို ဖြေရှင်းပေးမှာ ကို ဆက်လက်စောင့်ကြည့်သွားမှာပါ" ဟုရတနာပုံအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါပွဲ၏ ပွဲချိန် မိနစ် ၅၀ တွင် ရတနာပုံအသင်းမှ ကွင်းလယ်ကစားသမားနံပါတ်(၇) မက်ဆီမန်အား ကွင်းလယ်ဒိုင်ဖြစ်သူ ဦးသန့်ဇင်ဦးက အဝါကတ်ပြား ပြ၍ သတိပေးမှုပြုလုပ်ခဲ့ကြောင်း၊ ထို့နောက်၈၄မိနစ်တွင်နံပါတ် ၂၄ မွန်ကီးအား အဝါကတ်ပြားတစ်ကြိမ်ပြ၍ အနီကတ်ထပ်မံပြကာကွင်းအတွင်းမှ ထုတ်ပယ်ခဲ့ကြောင်း၊ အဆိုပါ ၈၄ မိနစ်ရောက်သည်အထိ မွန်ကီးမှာ အဝါကတ်တစ်ကြိမ်မှ အပြမခံရသေးကြောင်း၊ ယင်းဖြစ်ရပ်အား မြင်တွေ့ခဲ့သည့် Fourth Official ဖြစ်သူ ဦးအောင်သူက ကွင်းလယ်ဒိုင်လူကြီးအား မှားယွင်းနေကြောင်း အသိပေးမှုပြုလုပ် ခဲ့သော်လည်း လက်ခံခြင်းမရှိခဲ့ဘဲ မွန်ကီးအား ထုတ်ပယ်ခဲ့ကြောင်း၊ ထို့ကြောင့် ရတနာပုံအသင်းမှာ တစ်ယောက်လျော့ အနေအထားဖြင့် မကွေးအသင်းကိုယှဉ် ပြိုင်ခဲ့ရကြောင်း၊ ကွင်းလယ်ဒိုင်လူကြီး ၏ မှားယွင်းသည့် ဆုံးဖြတ်ချက်များကြောင့် ရတနာပုံအသင်းအနေဖြင့် များစွာနစ်နာခဲ့ရကြောင်း၊ ရတနာပုံအသင်းသည် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊ ဒိုင်ကော်မတီနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေး ကော်မတီထံ တို့သို့ အယူခံလွှာတင်ပြသွား မည်ဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက် တွင် ဖော်ပြထားသည်။



## မြန်မာယူ-၁၆လက်ရွေးစင်အသင်း အာရှယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စုအဆင့်မှထွက်

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှချန်ပီယံရှစ် ယူ-၁၆ အဖွင့်ပွဲစဉ်တွင် မြန်မာ ယူ-၁၆ လက်ရွေးစင်အသင်းသည် အိမ်ရှင် ဗီယက်နမ် ယူ-၁၆အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ပွဲဦးထွက် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရသည်။

ဗီယက်နမ်အသင်းသည် အိမ်ရှင်အားသာချက်ဖြင့် မြန်မာယူ-၁၆အသင်းကို ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၂၆၊ ၃၀၊ ၃၃၊ ၆၉နှင့် ၇၆မိနစ်တို့တွင် အနိုင်ဂိုးများပေးခဲ့ရသည်။

မြန်မာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၁မိနစ်တွင် အောင်ချစ်ဦးက သွင်းယူပေးခဲ့သည်။ မြန်မာယူ-၁၆အသင်းသည် ပွဲဦးထွက်တွင် အိမ်ရှင်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသဖြင့် လက်ကျန်နှစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း အုပ်စုမှတက်ရန် အခွင့်အလမ်းနည်းပါးသွားပြီဖြစ်သည်။

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့၏ ပွဲစဉ်မတိုင်မီယှဉ်ပြိုင်ခဲ့သည့် အုပ်စုပြိုင်ဘက်အသင်းဖြစ်သည့် ဩစတြေးလျအသင်းက ဂူအမ်အသင်းကို ၁၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာယူ-၁၆အသင်းသည် လက်ကျန်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၈ ရက်နေ့တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အဆိုပါပွဲတွင် ထပ်မံ၍ရှုံးနိမ့်ခဲ့သဖြင့် မြန်မာ ယူ-၁၆အသင်းသည် လက်ကျန်ပွဲတစ်ပွဲကစားရန် ကျန်နေသေးသော်လည်း အုပ်စုအဆင့်မှပင် ထွက်ခဲ့ရပြီဖြစ်သည်။

ယင်းခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး အုပ်စုပထမရသည့် ၁၁ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယငါးသင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအောင်မြင်မည့်အသင်းများသည် အိန္ဒိယနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင်ကျင်းပမည့် အာရှချန်ပီယံရှစ် ယူ-၁၆ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

International Sport News
Vol: 15, No.36 Monday September 21 2015



# ဖီဖာအထွေထွေအတွင်းရေးမှူး ဂျာရိုမီဗယ်လာကီကို လက်မှတ်မှောင်ခိုရောင်းချမှုတွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ ရာထူးမှရပ်စဲ

ဖီဖာ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဖီဖာ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဂျာရိုမီဗယ်လာကီ ကိုလက်မှတ်မှောင်ခို ရောင်းချမှုတွင် ပါဝင်ပတ်သက်နေ သည်ဟုဆိုကာ ရာထူးမှ ရပ်စဲလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။



ဗယ်လာကီသည် ဖီဖာဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာ၏ အဓိကအားထားရသည့် ညာလက်ရုံးတစ်ဦးဖြစ်ရာ ယခုကဲ့သို့လက်မှတ်မှောင်ခိုရောင်းချမှုတွင် ပါဝင်ပတ်သက်နေသည့်အတွက် များစွာအံ့သြမိသည်ဟု သတင်းများတွင် ရေးသားထားသည်။

ဗယ်လာကီသည် ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၄ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လက်မှတ်များကို မှောင်ခိုရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ယခုကဲ့သို့ ရာထူးမှ ထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဗယ်လာကီသည် အားကစားဈေးကွက်ရှာဖွေမှုဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်သည့် JBSM ကုမ္ပဏီမှအကြံပေး တစ်ဦးဖြစ်သူ ဘန်နီအာလွန်နှင့်ရင်းနှီးသူ တစ်ဦးဖြစ်ပြီး ၎င်းနှင့်ချိတ်ဆက်၍ ဘောလုံးပွဲလက်မှတ်များကို မှောင်ခိုဈေးကွက်တွင် ရောင်းချခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အာလွန်သည် ၂၀၁၀ခုနှစ်ဧပြီလအတွင်းက ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ပေါင်း ၈၇၅၀ ကို ဝယ်ယူရန် ဖီဖာနှင့်လက်မှတ်ရေးထိုးခဲ့သည်။

ဗယ်လာကီနှင့် အာလွန်တို့သည် ၂၀၁၃ ခုနှစ်မတ်လတွင် ၎င်း၏ရုံးခန်း၌ တွေ့ဆုံခဲ့ပြီး ၂၀၁၄ခုနှစ်တွင်လက်မှတ်များရောင်းချရေးကိစ္စများနှင့်ပတ်သက်၍ သဘောတူညီချက်များ ပြုလုပ်ခဲ့သည် ဟု ဆိုသည်။

အာလွန်က “ကျွန်တော် သူ့ကို ပြောပါတယ်။ ဂျာမနီပါ သုံးပွဲစလုံးက လက်မှတ်တွေကို လိုချင်တယ်။ဘရာဇီး ပါဝင်တဲ့ပွဲအားလုံးရဲ့ လက်မှတ်တွေကို လိုချင်တယ်လို့ ပြောခဲ့တယ်”ဟု စပို့တ်မေးလ်သို့ ပြောကြားခဲ့သည်။

# ဖီဖာခြစားမှုအရှုပ်တော်ပုံမှ အဓိကတာဝန်ရှိသူ ဖီဂူရီဒိုအား အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးမည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အတွင်း ဖြစ်ပေါ်ခဲ့သည့် ခြစားမှုအရှုပ်တော်ပုံမှ အဓိကတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဥရုဂွေးနိုင်ငံသား ဖီဂူရီဒိုအား အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဆွစ်ဇာလန်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

တောင်အမေရိကဘောလုံးအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်ပြီး ဖီဖာ၏ဒုတိယဥက္ကဋ္ဌတစ်ဦးလည်းဖြစ်သူ ဖီဂူရီဒိုသည် ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲများ ကျင်းပရန်အတွက် လာဘ်ယူခဲ့သည်ဟူသော အထောက်အထားများကို ဆွစ်ဇာလန်ရဲတပ်ဖွဲ့နှင့် အမေရိကန်ထောက်လှမ်းရေးအဖွဲ့က စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖီဂူရီဒိုအပါအဝင် ဖီဖာမှအမှုဆောင်ခုနစ်ဦးကိုပါ ပြီးခဲ့သည့်မေလ ၂၇ ရက်က ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဇူးရစ်မြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကိုပါအမေရိကဘောလုံးပြိုင်ပွဲများကျင်းပရာတွင် ရုပ်သံထုတ်လွှင့်ခွင့်နှင့် ကြော်ငြာများထည့်သွင်းခွင့်တို့တွင် အမေရိကန်ဒေါ်လာ ၁၀သန်းတန်ကြေးရှိသည့် လာဘ်ငွေများကို ရယူခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သဖြင့် ဆွစ်ဇာလန်ရဲတပ်ဖွဲ့က စုံစမ်းခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင်ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးလျက်ရှိသည့် ဖီဂူရီဒိုအား အမေရိကန်သို့လွှဲပြောင်းပေးမည်ဖြစ်ရာ ဖီဂူရီဒိုအနေဖြင့် ဆွစ်တရားရုံး ၏ဆုံးဖြတ်ချက်ကို မနာခံလိုပါက ရက်ပေါင်း ၃၀အတွင်း အယူခံဝင်နိုင် ကြောင်း တရားရုံး၏ကြေညာချက်တွင် ဖော်ပြထားသည်။

အသက် ၈၃နှစ်ရှိပြီဖြစ်သည့် ဖီဂူရီဒိုသည် နယူးယောက်မြို့ရှိတရားရုံးတွင် ဆက်လက်စစ်ဆေးခံရမည်ဆိုပါက နေ အိမ်အကျယ်ချုပ်ဖြင့် ထားရှိရမည်ဖြစ်ပြီး အာမခံကြေးအဖြစ် အမေရိကန် ဒေါ်လာ ၁၀ သန်း ပေးသွင်းရမည်ဖြစ်သည်ဟု ဆိုသည်။

# နယူးဇီလန်ဂေါက်သီးချန်ပီယံ လိုင်ဒီယာကို

## မေဂျာဖလားပြိုင်ပွဲများ၏ အသက်အငယ်ဆုံးချန်ပီယံဖြစ်လာ



နယူးဇီလန်နိုင်ငံမှ ဂေါက်သီးချန်ပီယံ လိုင်ဒီယာကိုသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၃ ရက်က ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် Evian Championshipပြိုင်ပွဲတွင်စုစုပေါင်းရိုက်ချက်ထက် ၁၆ချက်လျှော့ရိုက်ကာ ဆုဖလားကို ရယူနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင်အနိုင်ရရှိခဲ့သည့် လိုင်ဒီယာကိုသည် မေဂျာဖလားပြိုင်ပွဲများတွင် အသက်အငယ်ဆုံးချန်ပီယံအဖြစ် ရပ်တည်လျက်ရှိကြောင်း သတင်း များတွင် ဖော်ပြထားသည်။

မေဂျာဖလားပြိုင်ပွဲများတွင် အသက်အငယ်ဆုံးချန်ပီယံအဖြစ် ယခင်က စံချိန်တင်ထားခဲ့သည့် အမေရိကန်နိုင်ငံမှ ဂေါက်သီးချန်ပီယံမော်ဂန်ပရက်ဆဲလ်သည် အသက် ၁၈ နှစ်နှင့် ၁၀ လရှိခဲ့ပြီး လိုင်ဒီယာကိုမှာမူ အသက် ၁၈နှစ်၊ လေးလနှင့် ရက် ၂၀သာရှိသေးသဖြင့်မေဂျာ ဖလားပြိုင်ပွဲများ၏အသက်အငယ်ဆုံးချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်နံပါတ် ဂေါက်သီးချန်ပီယံ လိုင်ဒီယာကိုသည် ယခုပွဲစဉ်၏ နောက်ဆုံးနေ့ပြိုင်ပွဲတွင် ဘာဒီရှစ်ကြိမ်ရရှိခဲ့ပြီး စုစုပေါင်းရိုက်ချက်၏ ၁၆ ချက်လျှော့ရိုက်ကာ Evian Championship ဖလားကို ရရှိခဲ့ခြင်းဖြစ်သည်။

“ကျွန်မရဲ့ အတွေ့အကြုံတွေကတော့ မယုံကြည်နိုင်လောက်အောင်ပါပဲ။ ကျွန်မ အခုမေဂျာဖလားကိုရရှိခဲ့တဲ့အတွက် အရင်တုန်းက လူတွေ မေးနေကြတဲ့ မေးခွန်းတွေ မမေးကြတော့ပါဘူး”ဟု လိုင်ဒီယာကိုက စကိုင်းစပေ့ါသို့ ပြောကြားခဲ့သည်။

# မေဝဲသားနေရာတွင် ဆက်ခံရန်ကြိုးစားမည်ဟု ဖယ်သာဝိတ်တန်းချန်ပီယံ လီဆယ်လ်ဘီ ပြောကြား

ဝေလနိုင်ငံသား ဖယ်သာဝိတ်တန်း ချန်ပီယံလီဆယ်ဘီသည် ကမ္ဘာ့အကောင်းဆုံး လက်ဝှေ့ကျော်အဖြစ် သတ်မှတ်ခံထားရသည့် ဖလွိုက်မေဝဲသားနေရာတွင် ဆက်ခံနိုင်ရန် ဆန္ဒပြင်းပြလျက်ရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။



အမေရိကန်နိုင်ငံသား ဟဲဗီးဝိတ်ချန်ပီယံ ဂျင်မီဖလွိုက်မေဝဲသားသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဘာတိုနှင့် ၄၉ ပွဲမြောက်အဖြစ် ထိုးသတ်ခဲ့ပြီး ရှုံးပွဲမရှိစံချိန်ကို ရယူကာ လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ အနားယူသွားခဲ့သည်။

မစ္စတာမန်းနီးဟု နာမည်ပြောင်ပေးထားခံရသည့် မေဝဲသားသည် ကမ္ဘာ့အချမ်းသာဆုံး ကစားသမားစာရင်းတွင် နံပါတ်တစ်နေရာတွင်ရှိနေခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးလက်ဝှေ့ကျော်အဖြစ် မှတ်တမ်းရေးထိုးကာ အနားယူသွားခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်မှ ကျင်းပသည့် ဖယ်သာဝိတ်တန်းချန်ပီယံဖြစ်သူ လီဆယ်လ်ဘီသည် ဖယ်သာဝိတ်တန်းသရဖူကို ၂၀၁၁ခုနှစ်မှစတင်ကာ ရယူနိုင်ခဲ့ပြီး ယခုအချိန်အထိ ထိန်းသိမ်းထားနိုင်ခဲ့သည်။

အသက် ၂၈နှစ်အရွယ်သာရှိသေးသည့် လီသည် ဖယ်သာဝိတ်တန်းသရဖူကာကွယ်ပွဲအဖြစ် လာမည့်အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံမှ ဖာနန်ဒိုမွန်တေးလ်နှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ သရဖူကာကွယ်ပွဲကို အမေရိကန်နိုင်ငံ၊ အရီဇိုးနားပြည်နယ်ရှိ ဂလန်းဒေးလ်၊ ဂျီလာရေးဗားအေရီယာနာတွင် ကျင်းပသွားမည်ဖြစ်သည်။

ဝီလ်လစ်ရှ်မေဝဲသားဟု လူသိများလျက်ရှိသည့် လီက မေဝဲသားအား အကောင်းဆုံး လက်ဝှေ့သမားအဖြစ် သတ်မှတ်ခဲ့ခြင်းမှာ မှန်ကန်ပါကြောင်း၊ ၎င်းအနေဖြင့်မေဝဲသား၏အကောင်းဆုံး လက်ဝှေ့သမားနေရာတွင်ဆက်ခံနိုင်ရန် အကောင်းဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဝီလ်လစ်ရှ်သည် ၎င်း၏ကြေးစားလက်ဝှေ့သမားဘဝတစ်လျှောက် ၂၂ပွဲထိုးသတ်ခဲ့ရာ ၂၀ ပွဲ အနိုင်ရရှိခဲ့ပြီး တစ်ပွဲသာ ရှုံးနိမ့်ထားသည်။ နိုင်ပွဲ ၂၀ ပွဲအနက် အလဲထိုးပွဲမှာ ကိုးပွဲရှိကြောင်း သိရသည်။

“မေဝဲသားဆီက ဟဲဗီးဝိတ်သရဖူဒါမှမဟုတ် ကမ္ဘာ့အကောင်းဆုံးဆိုတဲ့ ဂုဏ်ပုဒ်ကို ဘယ်သူလွှဲယူမလဲ။ မစ္စတာမန်းနီးဆိုတဲ့ဘွဲ့ကိုရော ဘယ်သူတွေရယူမလဲ။ ကျွန်တော်ကတော့ အဲဒါကို ရယူချင်တယ်။ မေဝဲသားက ပြောဖူးတယ်။ ဆုဆိုတာ ပိုက်ဆံပဲ။ ဆုရအောင်လုပ်မယ်၊ အဲဒါက ပိုက်ဆံရအောင်လုပ်တာပဲ၊ ငွေဆိုတာ သူရဲကောင်းတွေအတွက် တကယ့်ကို ကြီးမားတဲ့ကဏ္ဍတစ်ရပ်ပဲတဲ့။ ဒါကြောင့် ကျွန်တော် သူ့နေရာကိုရယူဖို့ ဆန္ဒပြင်းပြနေတာပါ”ဟု ဝီလ်လစ်ရှ်ကပြောကြားခဲ့သည်။

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်မှ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖယ်သာဝိတ်တန်းတွင် ချန်ပီယံများအဖြစ် လီယိုဆန်တာခရုဇ်၊ ဂီးဆပ်စ်ကူလာ၊ ဂရေးရပ်ဆဲလ်တို့ရှိနေပြီး ၎င်းတို့နှင့်ထိုးသတ်နိုင်ရန် ကြိုးစားသွားမည်ဟု လီက ပြောကြားခဲ့သည်။

# မြို့ဇေယျာရွှေမြေရဲ့ တရုတ်ဆီးသီးကိုလူကြိုက်များ

ကျွန်တော် စစ်ကိုင်းမြို့တွင် တာဝန်ကျတာ နှစ်လပြည့်တော့ပါမယ်။ စတင်တာဝန်ကျတဲ့နေ့ကစပြီး ယနေ့အထိ အရောင်းအဝယ်ဖြစ်နေတာက စစ်ကိုင်းမြို့အိမ်ခြံဝင်းမြေအတွင်း စိုက်ပျိုးကြတဲ့ တရုတ်ဆီးသီးတွေဖြစ်ပါတယ်။ စစ်ကိုင်းမြို့ကထွက်တဲ့ တရုတ်ဆီးသီးက လူကြိုက်များပြီး နာမည်ကြီးလှပါတယ်။ စစ်ကိုင်းဒေသထွက် တရုတ်ဆီးသီးက နှစ်မျိုးရှိပါတယ်။ အသားထူနဲ့ အသားပါးဖြစ်ပါတယ်။ စစ်ကိုင်းဒေသတွင် ကဆုန်လမှာ အပွင့်များပွင့်ပြီး စတင်သီးပါတယ်။ နယုန်လပြည့်ကျော်မှာ စတင်ပေါ်ပြီး ဝါဆိုလပြည့်ကျော်မှာ အသီးကုန်တယ်လို့ သိရပါတယ်။

ပြင်ဦးလွင်မြို့ ထုံးဘိုရွာအနီး အုန်းချောရွာကထွက်တဲ့ အုန်းပန်းသီးလို့ခေါ်တဲ့တရုတ်ဆီးသီးက စစ်ကိုင်းသီးပေါ်ပြီး ကုန်သွားတဲ့အချိန်မှာ စတင်ထွက်ရှိပါတယ်။ နောင်ချိုဒေသနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မှာလည်း ဝါဆိုလမှ ဝါခေါင်လပြည့်ကျော်အထိ ထွက်ရှိကြောင်း စစ်ကိုင်းမြို့ တရုတ်ဆီးသီးဝယ်ရောင်းပြုလုပ်နေ တဲ့ မနန်းမြင့်ကပြောပါတယ်။ မြဝတီတွင်တစ်နှစ်ပတ်လုံးသီးပြီး အလုံးကြီးကြောင်း အအေးခေတ်ဝင်ချိန်သီတင်းကျွတ်လတွင် အသီးပါးကြောင်း သိရှိရပါတယ်။

စစ်ကိုင်းသီးမှာ အသားကို ဝါးစားလိုက်ရင် အရည်ပျော်သွားပြီး၊ အခြားဒေသထွက်အသီးများမှာ ပီကေဝါးသလို အဖတ်ကျန်ခဲ့ကြောင်း စစ်ကိုင်းဒေသတွင် ဝယ်ရောင်းလုပ်ကိုင်သူများမှပြောပြ၍ သိရှိရပါတယ်။ တရုတ်ဆီးသီးရဲ့ သဘာဝမှာအပင်မှ ဆွတ်ခူးပြီး တစ်ရက်နှစ်ရက်သာ အထားခံပါတယ်။ အအေးခန်းတွင် ထည့်ထားပါက နှစ်ရက်သုံးရက်ပိုခံကြောင်း အသီးများမှာ အခိုင်မပြုတ်ထွက်မှုများခြင်းကြောင့် နိုင်ငံခြားတင်ပို့မှုမရှိဘဲ ပြည်တွင်းသာရောင်းချလျက်ရှိကြောင်း ယခုနှစ်စစ်ကိုင်းမြို့တွင် အပွင့်ဖူးသောအချိန်လေတိုက်ပြီး မိုးခါးရေမိတဲ့အတွက် အထွက်နှုန်းနည်းကြောင်း ယခင်နှစ်များတွင် အထွက်နှုန်းကောင်းခဲ့ကြောင်း စစ်ကိုင်းမြို့ တရုတ်ဆီးသီးပင်စိုက်ပျိုးထားတဲ့ ဦးထွန်းဌေးမှပြောပါတယ်။

ဈေးနှုန်းအနေဖြင့် စစ်ကိုင်းသီးတစ်ပိဿာ ယခင်နှစ်က ၂၅၀၀ ကျပ်မှ ၃၀၀၀ ကျပ် ဖြစ်ပြီး ယခုနှစ် ၄၀၀၀ ကျပ်မှ ၅၀၀၀ ကျပ် ဈေးရရှိကြောင်း၊ နောင်ချိုသီးမှာ ယခင်နှစ်က တစ်ပိဿာလျှင် ၂၅၀၀ ကျပ် မှ ၃၀၀၀ ကျပ်ထိရပြီး ယခုနှစ် ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်အထိရရှိပြီး၊ မြဝတီအသီးမှာ ယခင်နှစ်က ၃၅၀၀ ကျပ် မှ ၄၀၀၀ ကျပ်ဖြစ်ပြီး ယခုနှစ်တွင် ၄၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ဈေးရရှိကြောင်း သိရှိရပါတယ်။ တရုတ်ဆီးသီး ပေါ်ချိန်နှင့် ပတ်သက်၍ ပေ ၁၀၀၀ ကွာခြားတိုင်း ပန်းပွင့်တစ်လနောက်ကျတယ်လို့ စိုက်ပျိုးပညာရှင်များ ပြောကြားချက် အရသိရှိရပါတယ်။

စစ်ကိုင်းမြို့ ခြံရှင်များအနေဖြင့် တရုတ်ဆီးသီးကို အပင်ပြတ်ရောင်းဝယ်မှုပြုကြကြောင်း၊ ယခုနှစ်တွင် တစ်ပင်လျှင် ၃၀၀၀၀ ကျပ် မှ ၈၀၀၀၀ ကျပ် အထိရရှိကြပြီး ယခုနှစ်တွင် အသီးသီးနှုန်းနည်းသော်လည်း တစ်ပင်လျှင် ၄၀၀၀၀ ကျပ်မှ ၁၀၀၀၀၀ ကျပ် အထိရရှိကြောင်း နောင်ချိုသီးကို ချင်းအလိုက်ဝယ်ရပြီး တစ်ချင်းလျှင် ၁၇၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ် ဝယ်ရကြောင်း တစ်ရက်လျှင် အနည်းဆုံး သုံးခြင်းမှ ငါးခြင်းအထိ ရောင်းချရ၍ ရောင်းဝယ်သူများ အနေဖြင့် တစ်ရက်လျှင် ၅၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အထိ ဝင်ငွေရရှိကြောင်း မြို့ဇေယျာရွှေမြေရဲ့ ဈေးကွက်ဖြစ်ပေါ် နေကြောင်း တင်ပြလိုက်ပါတယ်။ **စိုးအောင်-စစ်ကိုင်း**

# စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမြင့်တင်ရေး ဆွေးနွေးပွဲပြုလုပ်

အသေးစားနှင့်တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ကိုင်သူများကို စွန့်ဦးစီးပွားရေးနည်းပညာ ဗဟုသုတနှင့် မိမိတို့၏ လုပ်ငန်းအား ထိရောက်စွာစီမံခန့်ခွဲကာ လုပ်ငန်းမြှင့်တင်နိုင်စေရန်အတွက် အာရှစွန့်ဦးတီထွင် စီးပွားရေး စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ရက် (EDNA Myanmar) မှအလုပ်အကိုင်မပျက်စေဘဲ သင်တန်းတက်ရန် ပို့ချပေးလျက်ရှိသောသင်တန်း တစ်လခွဲကြာလျှင် တစ်ကြိမ် လုပ်ငန်းမြှင့်တင်ရေး ပံ့ပိုးမှုအစီအစဉ်ပြုလုပ်၍ စီးပွားရေးနှင့် သက်ဆိုင်သော ကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ အောင်မြင်ပြီးလုပ်ငန်းရှင်များ၏ လုပ်ငန်းအတွေ့အကြုံများကို ဝေမျှဆွေးနွေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဩဂုတ်လ ၃၀ ရက်နေ့က စစ်ကိုင်းမြို့နှင့်မုံရွာမြို့တို့မှာ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့် တင်ရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ EDNA မှ နည်းပြများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သင်တန်းသားသင်တန်းသူများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။ မုံရွာမြို့ ပေါ်ဦးခန်းမမှာ ကျင်းပပြုလုပ်တဲ့ဆွေးနွေးပွဲမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးသူရေးရာ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ တစ်ဦးချင်းထက် စုပေါင်းအားဖြင့်ဆောင်ရွက်ခြင်းကြောင့် ဈေးကွက်နည်းပညာ အရင်းအနှီး အကျိုးပိုမိုဖြစ်ထွန်းသဖြင့် အစုအဖွဲ့အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးမှု၊ ပြည်တွင်းပြည်ပကုန်စည်ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခြင်း၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ အခြေခံအချက်များနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည့်ကဏ္ဍအထိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှု အခြေအနေများကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်မှူး ဦးကျော်ဝင်းက ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ရွှေအိမ်စည် ရွှေချည်ထိုး၊ ရှင်လောင်း၊ နားသနှင့် တိုင်းရင်းသားဝတ်စုံဆိုင်လုပ်ငန်းရှင်က လုပ်ငန်းစတင်တည်ထောင်ဖြစ်ခဲ့ပုံမှစတင်၍၊ မြို့နယ် သုံးမြို့နယ်တွင် လုပ်ငန်းခွဲ သုံးခုကို တိုးချဲ့နိုင်ခဲ့ရာတွင် အောင်မြင်ပြီးမှ ဆိုင်ခွဲလိုက်ခြင်းမဟုတ်ဘဲ ဆိုင်များခွဲလိုက်ပြီးနောက်မှ ပိုမိုအောင်မြင်လာခြင်းဖြစ်ကြောင်း၊ မိမိလုပ်ငန်းနှင့် ပတ်သက်၍ အစဉ်လေ့လာကာ တီထွင်ကြံဆနေရမည်ဖြစ်ကြောင်း၊ အတွေ့အကြုံဗဟုသုတများကို မျှဝေဆွေးနွေးခဲ့ပါတယ်။ မုံရွာစက်မှုဇုန်မှာ မင်းသစ္စာဆီစက်လုပ်ငန်းရှင်က လုပ်ငန်းအရင်းအနှီးအတွက် ငွေကြေးစုဆောင်းသည်မှစတင်၍ လုပ်ငန်းလည်ပတ်ရာတွင် ကုန်ကြမ်းဝယ်ယူရမှုနှင့်ကုန်ချောဖြန့်ချိရာတွင် ဈေးကွက်ရှာဖွေရပုံ၊ လုပ်ငန်းတူအချင်းချင်း ယှဉ်ပြိုင်ရပုံ၊ လုပ်ငန်းခွင်တွင် တာဝန်ခွဲဝေဆောင်ရွက်မှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့်စဉ်ဆက်မပြတ် ပညာလေ့လာရမှု၊ အခက်အခဲများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပုံများကို မျှဝေဆွေးနွေးကာ သင်တန်းသားများအနေနဲ့လည်း မိမိတို့၏ လုပ်ငန်းစီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ပြောကြားပြီး တက်ရောက်လာသူများကလည်း သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်းသိရှိရပါတယ်။

**ရီလင်းထွဋ်-မုံရွာ**

# ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ခရိုင်ဦးစီးဌာနမှူးရုံးတွင် စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်နေ့ထိ ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေး သင်တန်းဖွင့်လှစ်ခဲ့ပါတယ်။

အဆိုပါသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၀၉း၃၀ နာရီတွင် ဆောင်ရွက်ခဲ့ပြီး၊ ရှေးဦးစွာစစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

အဖွင့် အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် တတိယစပါးကျီ ဒုတိယဆီအိုးဟု တင်စားပြောဆိုခြင်းခံရသော တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာစသည်များကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။ ဒေသတွင်းမှ စိုက်ပျိုးထွက်ရှိသော ဆီထွက်သီးနှံများကို ဒေသတွင်းရှိ သမားရိုးကျဆီစက်ငယ်များဖြင့် စားဆီအဖြစ်ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုအဖြစ် ရောင်းချဖြန့်ဖြူးလျက်ရှိသည်ကို တွေ့ရကြောင်းပြောကြားသည်။

ဒီလိုသင်တန်းမျိုးကို ဖွင့်လှစ်ပို့ချခြင်းဟာ ဒီသင်တန်းနဲ့ပါဆိုရင် နှစ်ကြိမ်ရှိပြီဖြစ်ပါတယ်၊ ပထမအကြိမ်သင်တန်းကို ယခင်နှစ်က မုံရွာမြို့ စက်မှုဇုန်တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ သင်တန်းဖွင့်လှစ်ပို့ချပေးတဲ့ ရည်ရွယ်ချက်ကတော့ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ခေတ်မီသိပ္ပံနည်းကျနည်းစနစ်များကို လေ့လာသိရှိရပြီး လိုက်နာကျင့်သုံးဆောင်ရွက်ကြခြင်းဖြင့် တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အလားတူ စားသုံးဆီကြိတ်ခွဲထုတ်လုပ်သူများအနေဖြင့် ယနေ့အသုံးပြုနေသော သမားရိုးကျဆီစက်ငယ်များမှသည် ခေတ်မီဆီထွက်နှုန်းကောင်းမွန်သော ဆီစက်များကို လေ့လာသိရှိပြီး ဆီထွက်နှုန်းကောင်း၊ အရည်အသွေးမီဈေးကွက်ဝင် စားသုံးဆီများထုတ်လုပ်နိုင်ရေး ရည်ရွယ်ချက်လည်း ပါဝင်ပါတယ်။

ဖော်ပြပါရည်ရွယ်ချက်များ သင်တန်းသားများလေ့လာသိရှိနိုင်ရန်အတွက် ရန်ကုန်၊ နေပြည်တော်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာရှင်ဝန်ထမ်းများ အရည်အသွေးထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းအတွက် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးဝါးနှင့်စားသောက်ကုန်စစ်ဆေးရေး ဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၊ တောင်သူများလိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်သည့်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် SMIDB မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဗဟိုမှ ဆီစက်လုပ်ငန်းရှင်ကြီးများကို သင်တန်းဆရာများအဖြစ် ပို့ချပေးမှာဖြစ်ပါတယ်။

ယခုသင်တန်းသို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူ ၅၀ ဦးတက်ရောက်ကြောင်း သိရှိရပါတယ်။ တက်ရောက်လာကြသော သင်တန်းသားများအနေဖြင့် သင်တန်းဆရာများ၏ ပို့ချချက်များပေါ် စိတ်ဝင်တစားလေ့လာပြီး မိမိဒေသအတွင်း လက်ရှိဖြစ်ပေါ်နေသော ပဲ၊ ဆီထွက်သီးနှံများ၊ စိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ ဖြန့်ဖြူးလုပ်ငန်းအဆင့်ဆင့်တွင် တွေ့ကြုံနေရသော အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး စားသုံးဆီ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် အဖြေရှာဖော်ထုတ်ဆောင်ရွက်သင့်ပါကြောင်း အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ပါတယ်။

**စောမောင်- ကန့်ဘလူ**

## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ARCCI အသင်း၊ ခရိုင် CCI အသင်း၊ ညီနောင်အသင်းများ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဧရာဝတီကုန်သည်စက်မှုအသင်းချုပ်(ARCCI)၊ ခရိုင်ကုန်သည်စက်မှုအသင်း (CCI) နဲ့ ညီနောင်အသင်းအဖွဲ့များ တိုင်းအတွင်းရှိ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်များတွေ့ဆုံပွဲကို စက်တင်ဘာ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ တိုင်းရုံးမှ ဌာနမန်နေဂျာများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်မန်နေဂျာနှင့် မြို့နယ်ဦးစီးမှူးများ တိုင်းရုံးမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းအတွင်း ကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဧရာဝတီတိုင်းမှာ ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းများ တိုးတက်လာတဲ့ မြို့ပြအိမ်ယာ စီမံကိန်းများနဲ့ အထည်ချုပ်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ရေတို၊ ရေရှည်စီမံကိန်းများအပြင် ဧရာဝတီရဲ့ အဓိကထွက်ကုန်များဖြစ်သော ဆန်စပါးလုပ်ငန်း၊ ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ရေထွက်ပစ္စည်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း၊ ပီလောပီနံလုပ်ငန်းများနဲ့ ခရီးသွားလုပ်ငန်းများ၏ကဏ္ဍတစ်ခုစီကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများအပြင် နိုင်ငံတကာလုပ်ငန်းရှင်များမှ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နေမှုများကို ရှင်းလင်း၍ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ARCCI အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ EC/ CEC များနဲ့ တိုင်းအတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့ဆောင်ရွက်နေတဲ့ လုပ်ငန်းများမှ အားသာချက်၊ အားနည်းချက်များ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတိုင်းအဆင့် ဌာနဆိုင်ရာများဖြစ်သော စက်မှုကြီးကြပ်ဌာနမှ SME လုပ်ငန်းများအကြောင်းနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှ မြေယာနှင့်ပတ်သက်သည်များကို ပြန်လည်ဆွေးနွေးပြောကြားပေးခဲ့ကြောင်း သိရပါတယ်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးသိန်းအောင်က မိမိတို့အစိုးရလက်ထက်တွင် ဆောင်ရွက်ပေးခဲ့သော ပြုပြင်ပြောင်းလဲမှုများ၊ တိုးတက်မှုများနဲ့ ဆောင်ရွက်ရန်ကျန်ရှိသည်များကို သက်တမ်းမကုန်မီ ပြုလုပ်ပေးရန်နဲ့ ပြုလုပ်ပေးနိုင်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလိုသည့်အတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဒေသခံလုပ်ငန်းရှင်၊ အာဏာပိုင်၊ ဌာနဆိုင်ရာများ၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်၍လည်း မိမိတို့တိုင်း စီးပွားရေးကဏ္ဍများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်း ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံရုံး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စု ကော်မတီရဲ့ ထောက်ပံ့မှုနဲ့ ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို စက်တင်ဘာလ ၁၈ရက်မှ ၂၂ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဟု သတင်းရရှိပါတယ်။

ဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်မှာ မြို့နယ်အသီးသီးမှ ဆီစက်လုပ်ငန်းရှင်များ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်သော ဆီထွက်သီးနှံများရဲ့ အခြေအနေများကိုသိရှိပြီး ဆီစက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ကြံဆ နိုင်စေရန် ဖြစ်ကြောင်းသိရပါတယ်။ သင်တန်းတွင် ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်း၊ ကျရောက်တတ်သောပိုးမွှားရောဂါများကာကွယ်ခြင်း၊ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများစနစ်တကျသုံးစွဲရေးနှင့် ဥပဒေများ၊ ပဲမျိုးစုံမျိုးသန့်မျိုးစေ့များ ပွားများထိန်းသိမ်းခြင်း၊ ပဲမျိုးစုံမျိုးစေ့ဘဏ်တည်ထောင်ခြင်း၊ သမားရိုးကျဆီစက်များနှင့် ခေတ်မီဆီစက်များ၏ အားသာချက်/အားနည်းချက်များ၊ ခေတ်မီဆီစက်များအကြောင်း သိကောင်းစရာနဲ့လက်တွေ့သရုပ်ပြကြိတ်ခွဲခြင်း၊ စားသုံးဆီထုပ်ပိုးမှုနည်းစနစ်နဲ့ အရည်အသွေးထိန်းသိမ်းခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှု/ပိုလျှံမှုနဲ့ စားအုန်းဆီတင်သွင်းမှုအခြေအနေ၊ ပို့ကုန်သွင်း ကုန်လုပ်ထုံးလုပ်နည်းများ၊ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများစသည့် ဘာသာရပ်များကို သင်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရပါတယ်။ အဆိုပါသင်တန်းသို့ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည်မြို့နယ်များမှ ဆီစက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စုစုပေါင်း ၅၀ တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ကျိုက်လတ်မြို့နယ်နှင့်ဒေးဒရဲမြို့နယ်ရှိ လယ်ယာသုံးပိုးသတ်ဆေးဆိုင်နှင့် ဓာတ်မြေသြဇာအရောင်းဆိုင်များ၊ စတိုးဆိုင်များ ၊ အိမ်သုံးဆေးဆိုင်များအား အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ရှိ မြို့မဈေးအတွင်း လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေတဲ့ လယ်ယာသုံး ပိုးသတ်ဆေးနဲ့ ဓာတ်မြေသြဇာ အရောင်းဆိုင်များအား မှတ်ပုံတင်လက်မှတ် ရှိ/မရှိ စစ်ဆေးခြင်းကို သြဂုတ်လနောက်ဆုံးပတ်မှာ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနဲ့ ဝန်ထမ်းများ၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနဲ့ ဝန်ထမ်းများပူးပေါင်း၍လည်းကောင်း၊ ဒေးဒရဲမြို့နယ်ရှိ အလှကုန်ပစ္စည်းစတိုးဆိုင်များနဲ့ အိမ်သုံးဆေးဆိုင်များအား စက်တင်ဘာလပထမပတ်က မြို့နယ်ဆရာဝန်ကြီးနဲ့ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူးနဲ့ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူးနဲ့ ဈေးတာဝန်ခံများ၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများပါဝင်တဲ့ ပူးပေါင်းအဖွဲ့တို့ ကွင်းဆင်းစစ်ဆေးခြင်းနဲ့ အရောင်းဆိုင်များအား အသိပညာပေး ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

ကျိုက်လတ်မြို့နယ်ရှိ ပိုးသတ်ဆေး လက်လီလက်ကား အရောင်းဆိုင် ၁၃ ဆိုင်အား စစ်ဆေးရာမှာ ရောင်းချသူရဲ့(CPA)လက်မှတ်နဲ့ ထုတ်ပေးသည့်ရက်စွဲ၊ လိုင်စင်အမှတ်၊ လိုင်စင် ကုန်ဆုံးရက်စွဲ၊ လိုင်စင်စည်းကမ်းနှင့် ညီညွတ်မှုရှိ/မရှိ၊ တရားမဝင်ဆေးရောင်းချမှုရှိ/မရှိ တို့အားစစ်ဆေးပြီး ဓာတ်မြေသြဇာ အရောင်းဆိုင် ၁၂ ဆိုင်မှာ ရောင်းချနေတဲ့ မြေသြဇာအမျိုးအမည်၊ ပါဝင်သည့်အချိုး၊ မှတ်ပုံတင်အမှတ်၊ ကုမ္ပဏီအမည်၊ ထုပ်ပိုးသည့်အရွယ်အစား၊အရေအတွက်၊အညွှန်းပါ/မပါနဲ့ အလေးချိန်ပြည့်ဝမှုရှိ/ မရှိ တို့အား စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပြီး သီးနှံကာကွယ်မှု၊ မြေအသုံးချမှု၊ ပိုးမွှားကာကွယ်မှု၊ မျိုးစေ့ထားသိုမှု စနစ်များ၊ ပိုးသတ်ဆေးနှင့်မြေသြဇာအချိုးကျသုံးစွဲပုံနည်းလမ်းများ၊မှတ်ပုံတင်ထားခြင်းမရှိသည့် မြေသြဇာများကို ဥပဒေပုဒ်မ(၃၁၊၃၂၊၃၃၊၃၄)အရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ကြောင်း၊ တရားမဝင် ပိုးသတ်ဆေးနဲ့ ဓါတ်မြေသြဇာများ၊ အရည်အသွေး အလေးချိန်မှန်ကန်မှုမရှိတဲ့ ပစ္စည်းများမရောင်းချရန် အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဒေးဒရဲမြို့နယ်တွင် အလှကုန်ပစ္စည်း စတိုးဆိုင်သုံးဆိုင်နှင့် အိမ်သုံးဆေးအရောင်းဆိုင်ငါးဆိုင်တို့တွင် ရက်လွန်ပစ္စည်းနှင့်ဆေးဝါး၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ပစ္စည်းနှင့်ဆေးဝါးများ၊တားမြစ်ထားသည့် ပစ္စည်းနဲ့ ဆေးဝါးများ၊စပ်ဆေးများရောင်းချမှုရှိ/မရှိနဲ့ (FDA)နှင့်ခွင့်မပြုဆေးဝါးများ၊ ရောင်းချခွင့်လိုင်စင်ရှိ/မရှိ၊ ဆရာဝန်များ၏ ဆေးလက်မှတ်များ စစ်ဆေးကာ ဆရာဝန်၏ညွှန်ကြားမှုပါမှသာ ဆေးရောင်းချရန် အသိပညာပေး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**မင်းဇော်မွန်(ဖျာပုံ)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.36 Monday September 21 2015

# အာဆီယံပေါင်းစည်းရေးသတ်မှတ်ရက်နီးလာချိန်မှာ သံသယပွားစရာများပြား

တစ်ခုတည်းသော အာဆီယံဈေးကွက် ဖော်ဆောင်ရန်သတ်မှတ်ရက် နီးကပ်လာတာနဲ့အမျှ ဒေသတွင်းပေါင်းစည်းရေး ရည်မှန်းချက်များကို စိတ်ကျေနပ်စရာဖြစ်အောင် ဆောင်ရွက်နိုင်ပါမည်လားဆိုတဲ့ သံသယများက တည်ရှိနေဆဲဖြစ်ကြောင်း ဂျီတီရီဗျူး ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

“အရှေ့ဖျားရဲ့အီးယူ” (EU of The East) လို့ တချို့ကတင်စားခေါ်နေကြတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) မှာ အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်ပြီး ပေါင်းစည်းရေးအတွက် အသေးစိတ်အချက်အလက်တွေရေးဆွဲနိုင်ဖို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားပါတယ်။ အာဆီယံပေါင်းစည်းရေး အစီအစဉ်အရ ကုန်သွယ်မှုအတားအဆီးနဲ့ နယ်မြေကန့်သတ်ချက်အမြောက်အမြားကို ဖယ်ရှားပေးမှာဖြစ်သလို ကုန်သွယ်မှုမဟုတ်တဲ့ အတားအဆီးတွေကိုလည်း ဖယ်ရှားပေးမှာ ဖြစ်ပါတယ်။

အေအီးစီအောင်မြင်စွာ ဖွဲ့စည်းပြီးချိန်မှာ အသိုက်အဝန်းအတွင်း ပါဝင်သူအားလုံး အကျိုးကျေးဇူးတွေ အများအပြား ရရှိနိုင်မှာဖြစ်ပြီး ပို့ကုန်လုပ်ငန်းရှင်များရော သွင်းကုန်လုပ်ငန်းရှင်များပါ ဈေးနှုန်းသက်သာစွာနဲ့ ကုန်သွယ်မှု ပြုနိုင်မှာဖြစ်သလို နောက်ဆုံးမှာ အမှန်တကယ်စားသုံးသူများ လက်ဝယ်သို့ ဈေးနှုန်းသက်သာတဲ့ကုန်ပစ္စည်းတွေကို အရောက်ပို့ပေးနိုင်မှာဖြစ်ပါတယ်။

တစ်ခုတည်းသော အသိုက်အဝန်းကြီးအဖြစ် ပေါင်းစည်းနိုင်မယ်ဆိုပါက ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ထရီလီယံရှိပြီး၊ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိမယ့် ဒေသကြီးအဖြစ် တည်ရှိလာမှာ ဖြစ်ပါတယ်။

အေအီးစီထူထောင်ရေးက လမ်းကြောင်းအမှန်ပေါ်သို့ ရောက်ရှိနေပြီး ထိပ်တန်းဦးစားပေးလည်းဖြစ်နေတယ်လို့ ဆိုရပေမယ့် သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးဖို့ နိုင်ငံရေးအရဆန္ဒရှိမရှိဆိုတဲ့ အချက်ကို သံသယရှိနေကြောင်း နိုင်ငံအချို့ကပြသလျက်ရှိနေသလို ဒေသတွင်းစီးပွားရေးကလည်း အကျဘက်ကို ဦးတည်နေပါတယ်။

အာဆီယံတစ်ခုလုံးအနေနဲ့ဖြစ်စေ၊ အဖွဲ့ဝင်မှတစ်နိုင်ငံချင်းအနေဖြင့်ဖြစ်စေ တရုတ်နိုင်ငံက အကြီးမားဆုံးကုန်သွယ်မှုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေ မြင့်တက်နေတဲ့အတွက် အေအီးစီ အကောင်အထည်ဖော်ရေးအတွက် မေးခွန်းထုတ်စရာများ တိုးပွားလျက်ရှိပါတယ်။

# အေအီးစီဖွဲ့စည်းမှု အကြောင်းအရာများကို ဗီယက်နမ် စီးပွားရေးလုပ်ငန်းတို့ ကောင်းစွာနားမလည်



အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ထူထောင်ရန်လေးလမျှသာ လိုတော့သော်လည်း တစ်ခုတည်းသောဈေးကွက်ရဲ့ အရေးပါမှုကို ဗီယက်နမ် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) အများစုက ထဲထဲဝင်ဝင် နားလည်မှုမရှိကြောင်း ဗီယက်နမ်သတင်းမှာ ဖော်ပြထားပါတယ်။

အသေးစား စီးပွားရေးလုပ်ငန်းများရဲ့ သုံးပုံနှစ်ပုံက အေအီးစီနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတလုံးဝမရှိကြောင်း မကြာသေးမီက ဗီယက်နမ်ကုန်သည်ကြီးများအသင်း (ဗွီစီစီအိုင်) ကပြုလုပ်တဲ့ စစ်တမ်းအရသိရပါတယ်။ ဒေသတွင်းကုန်သွယ်ရေး ဖြေလျော့မှုတွေကြောင့် သူတို့ကုမ္ပဏီတွေအတွက် ဖြစ်ပေါ်လာမယ့် အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို စီးပွားရေးလုပ်ငန်းသုံးခုအနက် တစ်ခုက သဘောပေါက်နားလည်မှုရှိပါတယ်။

အကျိုးရလဒ်အားဖြင့် အေအီးစီဈေးကွက်ပေါင်းစည်းမှုကြောင့် ဖြစ်ပေါ်လာမယ့်အခွင့်အလမ်းများကို လက်လွတ် ဆုံးရှုံးမှုရှိနိုင်ပြီး အေအီးစီကြောင့်ဖြစ်ပေါ်လာမယ့် ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေကို မိသားစုအသေးစားစီးပွားရေးလုပ်ငန်းတွေနဲ့ တောင်သူလယ်သမားအများဆုံး ထိခိုက်ခံစားမှုရှိနိုင်ပါတယ်။ အလားတူ ဗီယက်နမ် ပါဝင်ချုပ်ဆိုထားတဲ့ လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ် (အက်ဖ်တီအေ) များနဲ့ ပတ်သက်ပြီး သိရှိ နားလည်ခြင်းမရှိကြောင်း ဗီယက်နမ်အမျိုးသားစီးပွားရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာငုယင်ဟောင်ဆန်ကပြောပါတယ်။

လယ်ယာကဏ္ဍမှာလုပ်ကိုင်နေသူတွေက ထိခိုက်မှု အများဆုံးရှိနိုင်မယ်လို့ ခန့်မှန်းရပြီး သူတို့အားလုံးက ဒေသတွင်းပေါင်းစည်းရေးနဲ့ပတ်သက်ပြီးနားလည်မှုအနည်းဆုံးဖြစ်ကြောင်း လယ်ယာ၊ စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွင် ကောက်ယူထားသော စီးပွားရေးစစ်တမ်းများအရ သိရ ကြောင်း ပါမောက္ခဆန်က ပြောပါတယ်။ အေအီးစီနဲ့ အက်ဖ်တီအေများရဲ့ ကျေးဇူးကြောင့် လယ်ယာစိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများအတွက် ပို့ကုန်ချဲ့ထွင်နိုင်မယ့် အခွင့်အလမ်းများကိုရရှိနိုင်ပြီး လက်လီနဲ့ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းတွေမှာ စီးပွားရေးမဟာမိတ်တွေ တိုးချဲ့နိုင်မယ့် အလားအလာတွေရှိနိုင်ပါတယ်။

# ဒဗလျူတီအိုအဖွဲ့ဝင်တို့ အဆင့်မြင့်နည်းပညာသုံးပစ္စည်း ကုန်သွယ်မှုအတွက် သဘောတူညီမှုရ

အဆင့်မြင့်နည်းပညာထုတ်ကုန် ၂၀၁ မျိုးအတွက် ကောက်ခံတဲ့ အကောက်ခွန်တွေကို ဖျက်သိမ်းပေးဖို့ ဥရောပသမဂ္ဂ (အီးယူ)၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ အချို့သော အဖွဲ့ဝင်နိုင်ငံတွေက ဇူလိုင်လ ၂၄ ရက်နေ့မှာ သဘောတူထားပြီးဖြစ်ကြောင်း Lexology ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုသဘောတူစာချုပ်မှာ ပါဝင်တဲ့ထုတ်ကုန်ပစ္စည်းတွေက ကမ္ဘာ့ကုန်သွယ်မှုမှာ ရောင်းဝယ်ဖောက်ကားလျက်ရှိတဲ့ သက်ဆိုင်ရာထုတ်ကုန်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ အဓိက ရည်မှန်းထားတဲ့ ထုတ်ကုန်သစ်တွေက မာလ်တီမီဒီယာ ထုတ်ကုန်တွေဖြစ်ပြီး အဓိကအားဖြင့် ဂျီပီအက်စ်၊ ဒီဗွီဒီပလေယာ၊ တီဗွီကင်မရာ၊ ဗီဒီယိုဂိမ်းနဲ့ ဂိမ်းခုံ၊ ဆေးဝါးကိရိယာများ၊ တယ်လီကွန်ဆက်သွယ်ရေး၊ အိုင်တီထုတ်ကုန် အစိတ်အပိုင်းတွေ ပါဝင်တဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒီ့အပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ အာကာသသွားလာရေး ကိရိယာတန်ဆာပလာတွေနဲ့ လေကြောင်းထိန်းသိမ်းရေးပစ္စည်းတွေ ပါဝင်ပါတယ်။

ဒီသဘောတူညီချက်က ၁၉၆၆ ခုနှစ် သတင်းအချက်အလက် နည်းပညာ သဘောတူစာချုပ် (TIA) ကို သုံးသပ်ပြီး တိုးချဲ့ထားတဲ့ သမိုင်းဝင် သဘောတူ စာချုပ်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်း အခွန်များကိုလျှော့ချပေးခဲ့ရာ ဒဗလျူတီအို သမိုင်းမှာ အများဆုံးဖြစ်ပါတယ်။ ဒီလို အခွန်တွေ လျှော့ချပေးတဲ့အတွက် ထုတ်ကုန်သစ်တွေ ပိုမိုတိုးတက်လာတဲ့အတွက် အခွန်ကောက်ခံမှုစာရင်းက ပယ်ဖျက်ပေးရမယ့် အရေအတွက် ပိုမိုလာခဲ့ပါတယ်။ ဒါကြောင့် TIA ကို တိုးချဲ့ပေးဖို့အတွက် ဆွေးနွေးညှိနှိုင်းမှုတွေကို သက်ဆိုင်ရာ နိုင်ငံတွေက ၂၀၁၂ ခုနှစ်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အကောက်ခွန်တွေကို အချိန်တိုအတွင်းမှာပယ်ဖျက်ပေးဖို့ရှိပါတယ်။ ယခုသဘောတူညီချက်ကို လာမည့်နှစ် ဇူလိုင်မှာ အပြီးသတ်ချုပ်ဆိုဖို့ စီစဉ်ထားပါတယ်။ ဒီသဘောတူညီချက်ကို စတင်အတည်ပြုပြီး သုံးနှစ်အတွင်း အကောင်အထည်ဖော်သွားမှာ ဖြစ်ပေမယ့်အရေးကြီးစာရင်းပါ ထုတ်ကုန်တွေ (Sensitive Product) ကို တော့အချိန်ယူပြီး ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။

# အာဆီယံနဲ့ ဟောင်ကောင်တို့ စီးပွားရေး ပူးပေါင်းမှု ပိုမိုနီးကပ်စွာ ဆောင်ရွက်ဖို့ နည်းလမ်းရှာ

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)နဲ့ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမယ့် စီးပွားရေးပူးပေါင်းမှုပြုလုပ်ဖို့ ဟောင်ကောင်ဒေသက စိတ်ဝင်စားမှုရှိကြောင်း စက်တင်ဘာ ၁၇ ရက်က အာဆီယံအထွေထွေအတွင်းရေးမှူး လေလျောင်မင်းနဲ့ တွေ့ဆုံစဉ်က ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ (Hong Kong Special Administrative Region-HKSAR) ဆိုင်ရာ တရုတ်နိုင်ငံရဲ့ အမှုဆောင်ချုပ် လျောင်ချွန်ယင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာဖော်ပြပါတယ်။

အာဆီယံဒေသရဲ့ စီးပွားရေးစွမ်းအား တိုးတက်ကောင်းမွန်မှုကြောင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ဝန်ဆောင်မှု ဆက်သွယ်ဆောင်ရွက်ဖို့အတွက် နှစ်ဖက်စလုံးမှာ ကြီးမားတဲ့ အခွင့်အလမ်းတွေ ဖြစ်ပေါ်စေနိုင်ကြောင်း လျောင်က ပြောပါတယ်။

One-China Policy မူဘောင်အတွင်းမှ နှစ်ဖက်အပြန်အလှန်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားဖို့ ဟောင်ကောင်ဒေသရဲ့ စိတ်ဝင်စားမှုကိုလည်း အာဆီယံအထွေထွေအတွင်းရေးမှူးက အလေးအနက်ထားခဲ့ပါတယ်။ မကြာသေးမီနှစ်များအတွင်းက အာဆီယံနဲ့ ဟောင်ကောင်တို့ရဲ့ စီးပွားရေးဆက်ဆံမှုက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၄ ဘီလီယံအထိရှိခဲ့ပြီး နှစ်ဖက်အပြန်အလှန်ဆက်ဆံမှုကို ဆက်လက်တိုးချဲ့သွားဖို့ နှစ်ဖက်စလုံးက ဆုံးဖြတ်ခဲ့ကြပါတယ်။

အဖွဲ့လိုက်အနေအထားနဲ့ကြည့်မယ်ဆိုပါက ဟောင်ကောင်ဒေသက ဒုတိယအကြီးဆုံးကုန်သွယ်ဖက်တစ်ခုဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း အာဆီယံဒေသတွင်းသို့ အရင်းအနှီးစီးဝင်မှုက အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံအထိရှိခဲ့ပြီး စံချိန်တင်မြင့်တက်ခဲ့တဲ့ ပမာဏဖြစ်ပါတယ်။

အာဆီယံနဲ့ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်ချုပ်ဆိုရေး ဆွေးနွေးညှိနှိုင်းမှုတွေ တိုးတက်မှုရရှိလာတာကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ပြီး ဆွေးနွေးညှိနှိုင်းမှုတွေကို ၂၀၁၆ ခုနှစ်မှာ အပြီးသတ်ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ကြပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ဖိလစ်ပိုင်နိုင်ငံရဲ့ ဝင်ငွေခွန်ပြုပြင်ပြောင်းလဲမှုကို နိုင်ငံခြားစီးပွားရေးလုပ်ငန်းများက ထောက်ခံ

ဖိလစ်ပိုင်နိုင်ငံမှာ တစ်ဦးချင်း ဝင်ငွေခွန်နဲ့ကုမ္ပဏီဝင်ငွေခွန်လျှော့ချရန်အဆိုပြုချက်ကို ထောက်ခံကြောင်း၊ ဒီလိုလျှော့ချလိုက်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ တိုးတက်လာပြီး စုစုပေါင်းဝင်ငွေပိုမိုမြင့်တက်လာနိုင်တဲ့အတွက် ဒီအဆိုပြုချက်ကို ဖိလစ်ပိုင်နိုင်ငံရဲ့ နိုင်ငံခြားကုန်သည်ကြီးများအသင်း (Joint Foreign Chambers-JFC) က ထောက်ခံကြောင်း မနီလာတိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။ ယခုပြဋ္ဌာန်းချက်က ဖိလစ်ပိုင်နဲ့ အပြည်ပြည်ဆိုင်ရာစီးပွားရေးပညာရှင်တွေနှစ်ပေါင်းများစွာ တင်ပြခဲ့တဲ့ ထောက်ခံအကြံပြုချက်တွေနဲ့ ကိုက်ညီပေမယ့် ကုမ္ပဏီနဲ့တစ်ဦးချင်း ဝင်ငွေခွန်တွေကိုလျှော့ချရင် စုစုပေါင်း ဝင်ငွေကျဆင်းပြီး ဘတ်ဂျက်လိုငွေပြလာလိမ့်မယ်ဆိုတဲ့ အမြင်ရှိသူတွေနဲ့ ဆန့်ကျင်ကွဲလွဲမှုရှိနေကြောင်း နိုင်ငံခြားစီးပွားရေးလုပ်ငန်းများအဖွဲ့က စက်တင်ဘာ ၁၄ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်တွေမှာ ဖော်ပြထားပါ တယ်။

ဒီလိုအခွန်သက်သာခွင့်တွေပေးဖို့အတွက် အစိုးရမှာငွေပိုမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ သမ္မတ ဘဲနစ်ဂနိုအာကွီနိုက ဒီအဆိုပြုချက်ကို စက်တင်ဘာ ၁၄ ရက်နေ့က တတိယအကြိမ် မြောက်ပယ်ချခဲ့ပါတယ်။

အာဆီယံ မူလ ၆ နိုင်ငံထဲမှာ ဖိလစ်ပိုင်နိုင်ငံက တစ်ဦးချင်းဝင်ငွေခွန်ကောက်ခံရာမှာ ဒုတိယအများဆုံးနဲ့ ကုမ္ပဏီဝင်ငွေခွန် ကောက်ခံရာမှာ အများဆုံးဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေခွန်က ၃၂ ရာခိုင်နှုန်းရှိပြီး ထိုင်းနိုင်ငံက ၃၅ ရာခိုင်နှုန်း (မူလ ၃၇ ရာခိုင်နှုန်းကနေ ၂၀၁၀ ပြည့်နှစ်မှာလျှော့ချ)၊ ဗီယက်နမ် ၃၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားက ၃၀ ရာခိုင်နှုန်း၊ မလေးရှားက ၂၆ ရာခိုင်နှုန်း (၂၀၁၆ ခုနှစ်မှာ ၂၅ ရာခိုင်နှုန်းသို့လျှော့မည်) နဲ့ စင်ကာပူမှာ ၂၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

ဒါပေမဲ့ ဖိလစ်ပိုင်ရဲ့ ကုမ္ပဏီဝင်ငွေခွန်က ၃၀ ရာခိုင်နှုန်းရှိပြီး အင်ဒိုနီးရှားနဲ့ မလေးရှားက ၂၅ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၂၂ ရာခိုင်နှုန်း (မူလ ၃၅ ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်မှာလျှော့ချ)၊ ထိုင်းက ၂၀ ရာခိုင်နှုန်း (မူလ ၃၅ ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်နှစ်မှာလျှော့ချ) နဲ့ စင်ကာပူမှာ ၁၇ ရာခိုင်နှုန်းရှိပါတယ်။

ယှဉ်နိုင်မှုစွမ်းရည် မြင့်တက်ဖို့အတွက် အခြားအာဆီယံနိုင်ငံတွေက ကုမ္ပဏီနဲ့ တစ်ဦးချင်းဝင်ငွေခွန်တွေကို လျှော့ချပေးခဲ့ပါတယ်။ ဒီအလားအလာလမ်းကြောင်းမှာ ဖိလစ်ပိုင်နိုင်ငံက နောက်ကျကျန်မနေသင့်ဘူးလို့ JFC က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## ပို့ကုန်မြှင့်တင်ရေးအတွက် ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မဟာဗျူဟာခြောက်ရပ် ချမှတ်

ထိုင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထိုင်းပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရေး မဟာဗျူဟာခြောက်ရပ်ကို ချမှတ်ခဲ့ပါတယ်။

ဝန်ကြီးဌာနက ချမှတ်ထားတဲ့ မဟာဗျူဟာခြောက်ရပ်မှာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းအဖွဲ့များ ဖော်ဆောင်ရေး၊ ပြပွဲများ ခင်းကျင်းပြသရေးနဲ့ ကုန်သွယ်မှုအတားအဆီးများ ဖြေရှင်းရေးအတွက် ဦးစားပေးဈေးကွက်များ ရွေးချယ်ရေး၊ လူသားအရင်းအမြစ်စွမ်းဆောင် ရည်ပြည့်ဝရေး၊ ကုန်သွယ်ရေးပြပွဲများရဲ့ အရည်အသွေး တိုးတက်ကောင်းမွန်ရေးနဲ့ အီးကောမတ်စ်ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားနိုင်ရေး စတဲ့ အချက်တွေ ပါဝင်ပါတယ်။

စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအပိရာဒီတန်ထရာပွန်နဲ့ ဒုတိယဝန်ကြီး ဆူဗစ်မာအဲဆင်စီးတို့က နိုင်ငံပေါင်း ၆၀ ကျော်မှာတာဝန်ထမ်းဆောင်လျက်ရှိတဲ့ ကုန်သွယ်ရေးအရာရှိများနဲ့ စက်တင်ဘာ ၁၄ ရက်နေ့မှာ အစည်းအဝေး ကျင်းပပြီး လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ပါ တယ်။

မဟာဗျူဟာတွေရဲ့ ရည်ရွယ်ချက်က ပို့ကုန်တွေစဉ်ဆက်မပြတ်တိုးမြှင့်ပေးနိုင်ဖို့နဲ့ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ ကမ္ဘာ့အဆင့်ထိယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်နိုင်ဖို့ဖြစ်ကြောင်း အပိရာဒီက ပြောပါတယ်။

ယခုနှစ်ရဲ့ ပို့ကုန်လုပ်ငန်း ၃ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပေမယ့် ဒီနှစ်အတွင်းကျန်တဲ့လတွေမှာ ပို့ကုန်မြှင့်တင်သွားနိုင်ဖို့ မဟာဗျူဟာတွေ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်သလို လာမယ့်နှစ်မှာ ပို့ကုန်ပိုမိုဖွံ့ဖြိုးတိုးတက် စေဖို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပို့ကုန်ရည်မှန်းချက်တွေရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရှိစေဖို့အတွက် လာမယ့်နှစ်အတွက် ပို့ကုန်ရည်မှန်းချက်တွေကို နိုဝင်ဘာမှာ ရေးဆွဲချမှတ်သွားမှာ ဖြစ်ပါတယ်။

# အင်ဒိုနီးရှားမီးခိုးမြူအခြေအနေကြောင့် စင်ကာပူနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုရှိနိုင်



အင်ဒိုနီးရှားနိုင်ငံမှာ လောင်ကျွမ်းနေဆဲဖြစ်တဲ့ တောမီးလောင်ကျွမ်းမှုများကြောင့် စင်ကာပူနိုင်ငံရဲ့ ကောင်းကင်ယံမှာ မီးခိုးမြူများ ဖုံးလွှမ်းလျက်ရှိပါတယ်။ အဲဒီမီးခိုးမြူတွေကြောင့် လေထုအရည်အသွေး ကျဆင်းလျက်ရှိရာ စင်ကာပူ စီးပွားရေးလုပ်ငန်းများကို ထိခိုက်မှုရှိနိုင်ကြောင်း စီအင်န်အေသတင်း မှာ ဖော်ပြထားပါတယ်။

စီးပွားရေးလုပ်ငန်းများမှာ ထိခိုက်မှုရှိလာပါက ဖြစ်ပေါ်လာမယ့် အခြေအနေကို ထိန်းချုပ်နိုင်စွမ်းရှိမယ့် အခြေအနေမှာရှိနေပါတယ်။ဒါပေမယ့် အန္တရာယ်တွေကို ထိန်းချုပ်နိုင်မယ့် စွန့်စားမှု အစီအစဉ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် သင့်တော်တဲ့ စီမံကိန်းတွေဆောင်ရွက်ထားဖို့ ကျွမ်းကျင်သူတွေက အကြံပြုထားပါတယ်။ မီးခိုးမြူပြဿနာတွေ ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေဦးမှာ ဖြစ်တဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်း၊ အစားအစာ၊ ယမကာ နဲ့ လက်လီလုပ်ငန်းကဏ္ဍတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ မှာလာမယ့် ရက်သတ္တပတ်အတွင်း နှေးကွေးကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ တချို့စီးပွားရေးလုပ်ငန်းတွေက ဝန်ထမ်းတွေကိုအိမ်ထဲမှာပဲ လုပ်ငန်းဆောင်ရွက်ရမယ့် အစီအမံတွေကို ချမှတ်ထားပါတယ်။

ဒါပေမဲ့ မီးခိုးမြူတွေကြောင့်စီးပွားရေးလုပ်ငန်းတွေကို ထူးထူးခြားခြား ထိခိုက်နိုင်စရာမရှိဘူးလို့ စီးပွားရေးလုပ်ငန်းတွေကို စောင့်ကြည့်လေ့လာသူတွေက ပြောပါတယ်။

“စီးပွားရေးလုပ်ငန်းတွေမှာ တစ်ခုမဟုတ်တစ်ခုကတော့ ထိခိုက်မှုရှိနိုင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံကို စင်ကာပူနိုင်ငံက အကူအညီပေးနိုင်ဖို့အတွက် နှစ်နိုင်ငံအစိုးရတွေ ဆွေးနွေးနေပါတယ်။ ဒါကြောင့် အခြေအနေပိုးဆိုးမလာအောင် လူတိုင်းသတိရှိရှိနဲ့ နေထိုင်ဖို့လိုပါတယ်”လို့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအသင်း (ASME) ဥက္ကဋ္ဌ မစ္စတာကတ်ဝီးက ပြောပါတယ်။

လတ်တလောမှာ တိုက်ရိုက်ထိခိုက်မှုတွေမဖြစ်အောင် ထိန်းထားနိုင်မယ့်အခြေအနေရှိပေမယ့် မမျှော်လင့်ဘဲကြုံတွေ့လာမယ့် အန္တရာယ်တွေအတွက် စီမံခန့်ခွဲမှုအစီအမံတွေထားရှိသင့်တယ်လို့ အကဲခတ်သမားတွေက ပြောပါတယ်။

# အင်ဒိုနီးရှားမှာ သွင်းကုန်မြင့်တက်ပြီး ပြည်သူသုံးစွဲမှုမြင့်တက်

အင်ဒိုနီးရှားနိုင်ငံမှာ ဩဂုတ်လအတွင်းက လစဉ်ကုန်သွယ်မှုကိန်းဂဏန်းများမြင့်တက်လျက်ရှိတာကို ဗဟိုစာရင်းအေဂျင်စီမှ စက်တင်ဘာ ၁၅ ရက်နေ့ကထုတ်ပြန်တဲ့ကိန်းဂဏန်းများအရတွေ့ရကြောင်း ဂျကာတာဂလုပ်သတင်းမှာ ဖော်ပြထားပါတယ်။ ထုတ်ပြန်ခဲ့တဲ့ စာရင်းများအရစက်ရုံများရဲ့ လုပ်ငန်းတွေပြန်လည်အသက်ဝင်လာတာကို တွေ့နေရကြောင်း ဘာကလေဘဏ်ရဲ့ အစီရင်ခံစာမှာလည်းဖော်ပြထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ပို့ကုန်ကဇူလိုင်မှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ဩဂုတ်လမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇ ဘီလီယံထိရောက်ခဲ့တဲ့အတွက် ၁၁ ရာခိုင်နှုန်းပိုမိုမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ သွင်းကုန်တန်ဖိုးမှာ ၂၂ ရာခိုင်နှုန်းမြင့်တက်ပြီး ၁၂ ဒသမ ၃ ဘီလီယံ ထိရှိခဲ့ပါတယ်။ ဒါကြောင့် ဩဂုတ်လတစ်လထဲမှာပင် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ သန်း ၄၃၀ ရှိခဲ့ပါတယ်။

“ဒီလိုအခြေအနေမျိုးရောက်ရှိတာကလည်းတစ်စိတ်တစ်ပိုင်းအားဖြင့် ရာသီအလိုက်ဖြစ်တတ်တဲ့ အခြေအနေကြောင့်ဖြစ်ပါတယ်။ ရာမာဒမ်ဥပုသ်လအလွန် သွင်းကုန်တွေပြန်လည်မြင့်တက်လာတာနဲ့ ကားဝယ်လိုအားမြင့်မားတာတို့ တိုက်ဆိုင်မှုရှိခဲ့ပါတယ်။ မော်တော်ဆိုင်ကယ်ရောင်းချမှုကလည်း ဇန်နဝါရီကနေ ဇူလိုင်အထိ နှစ်အလိုက်နှိုင်းယှဉ်ရင်ပျမ်းမျှ ၂၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ ဩဂုတ်လမှာတော့ နှစ်အလိုက်နှိုင်းယှဉ်ရင် ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်” လို့ စင်ကာပူအခြေစိုက် ဘာကလေဘဏ်မှ စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

စီးပွားရေးနှေးကွေးကျဆင်းမှုကြောင့် ကုမ္ပဏီတွေကထုတ်လုပ်မှုတွေလျှော့ချခဲ့ပြီးနောက်ပိုင်း စက်ရုံတွေရဲ့ ထုတ်လုပ်မှုတွေပြန်လည်မြင့်တက်လာတဲ့လက္ခဏာတွေကို တွေ့ရကြောင်း စီးပွားရေးပညာရှင်များက ပြောပါတယ်။ ကောင်းမွန်တဲ့လက္ခဏာတွေအဖြစ်တွေ့မြင်ရတဲ့အချက်တွေက လအလိုက်နှိုင်းယှဉ်ရင် မတည်ရင်းနှီးကုန် ပစ္စည်းနဲ့ စားသုံး ကုန်ပစ္စည်းတွေက ၂၃ ရာခိုင်နှုန်းနဲ့ ၅၃ ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့တာ ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဟောင်ကောင်**

အတိုးနှုန်းမြှင့်တင်မယ့် အစီအစဉ်ကို အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဆိုင်းငံ့ထားပြီးနောက် ပိုင်းဒေသတွင်းမှ ငွေသားများပြန် လည်စီးထွက်မှာကို ကြောက်ရွံ့နေတဲ့ စိုးရိမ်မှုတွေ သက်သာရာရသွားတဲ့ အတွက် ထွန်းသစ်စဈေးကွက်များမှ ငွေကြေးအများစုရဲ့ တန်ဖိုးတွေ စက်တင်ဘာ ၁၈ ရက်နေ့မှာမြင့် တက်လာတာကို တွေ့ရကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

**ဆိုးလ်**

တောင်ကိုရီးယားနိုင်ငံမှာ ရေနံ စိမ်းဈေးနှုန်းကျဆင်းလာတဲ့အတွက် ကုန်ထုတ်လုပ်သူများအညွှန်းကိန်း (Producer Price Index) က ဇူလိုင်လနဲ့ နှိုင်းယှဉ်ရင် ဩဂုတ်လ မှာ သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ၁၀၀ ဒသမ ၈၈ သို့ ရောက်ရှိခဲ့တဲ့ အတွက် အနိမ့်ဆုံးဈေးနှုန်းကို ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား ဗဟိုဘဏ် ရဲ့ စက်တင်ဘာ ၁၈ ရက် က ထုတ်ပြန်ချက်ကို ကိုးကားပြီး Xinhua သတင်းမှာ ဖော်ပြပါတယ်။

**ဂျကာတာ**

အင်ဒိုနီးရှားနိုင်ငံက အခြေခံ အဆောက်အအုံတည်ဆောက်ရေး ဦးတည်ချက်ကနေသယ်ယူပို့ဆောင် ရေးလုပ်ငန်းမှာ မတော်တဆမှု ပပျောက်ရေးဦးတည်ချက်သို့ ပြောင်း လဲကာအလေးပေးဆောင်ရွက်သွား မှာဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ဝန်ကြီးအစ်ဂနာဆီးယပ် ဟိုင်ဂျိုနန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာ တာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

**ဟနွိုင်း**

ဗီယက်နမ်အသေးစားနဲ့အလတ် စားစီးပွားရေးလုပ်ငန်းတွေ ကမ္ဘာ့ စီးပွားရေးနယ်ပယ်အတွင်း အောင် မြင်စွာ ပေါင်းစည်းနိုင်ရေးအတွက် ကမ္ဘာ့ဖြန့်ဖြူးရေးကွင်းဆက် (Global Supply Chain) မှာ ရပ်တည်နိုင် အောင် ကြိုးပမ်းကြဖို့လိုကြောင်း ဟနွိုင်းမြို့မှာကျင်းပတဲ့ ဒေသတွင်းနဲ့ ကမ္ဘာ့ဈေးကွက်များမှာ အက်စ်အမ် အီးများပိုမိုပါဝင်နိုင်ရေးအလုပ်ရုံ ဆွေးနွေးပွဲမှာ ဗီယက်နမ်အမျိုးသမီး စွန့်ဦးတီ ထွင်သူများကောင်စီ ဥက္ကဋ္ဌ ငုယင်သီတူယက်မင်းရဲ့ ပြောကြား ချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

**USA**

## အမေရိကန်ပြည်ထောင်စုမှာ အလုပ်လက်မဲ့ခံစားခွင့် တောင်းခံမှုကျဆင်း

ယခင် ရက်သတ္တပတ်အတွင်း အမေရိကန်ပြည်ထောင်စုမှာ အလုပ် လက်မဲ့အာမခံအကျိုးခံစားခွင့်အသစ် တောင်းခံတဲ့ အရေအတွက် ကျဆင်း လာခဲ့ကြောင်း စက်တင်ဘာ ၁၄ ရက် ကအစိုးရရဲ့ထုတ်ပြန်ချက်ကိန်းဂဏန်း များကို ကိုးကားပြီးအေအက်ဖ်ပီသတင်း မှာဖော်ပြထားပါတယ်။ စက်တင်ဘာ ၁၂ ရက်မှာ ကုန်ဆုံးခဲ့တဲ့ ရက်သတ္တပတ် အတွင်း ကနဦးအလုပ်လက်မဲ့ခံစားခွင့် တောင်းခံသူအရေအတွက်မှာ ၁၁၀၀၀ ဦးကျဆင်းပြီး ၂၆၄၀၀၀ ဦးထိရောက်ရှိ ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောပါတယ်။

ဒီလို ကျဆင်းခဲ့တဲ့အတွက် ရက်သတ္တပတ် လေးပတ်အတွင်း တစ်ပတ်ပျမ်းမျှ တောင်းဆိုတဲ့ အရေ အတွက်က ၃၂၅၀ဦးရှိပြီး ၂၇၂၅၀၀ ဦး အထိ ရောက်ခဲ့ပါတယ်။ ယခင်နှစ် ကာလတူက ပျမ်းမျှတောင်းခံသူဦးရေ မှာ သုံးသိန်းရှိခဲ့ပါတယ်။ ယခုနှစ် အတွက် အမေရိကန်ပြည်ထောင်စုရဲ့ ဗဟိုဘဏ်အတိုးနှုန်းကို တိုးမြှင့်ပေးဖို့ စဉ်းစားရာမှာ အလုပ် သမားဈေးကွက် တိုးတက်ကောင်းမွန်မှုကလည်း အချက် တစ်ချက်အဖြစ် ပါဝင်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်လက်မဲ့နှုန်းက ဩဂုတ်လ အတွင်းမှာ ၅ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ခြောက်နှစ်အတွင်း အနိမ့် ဆုံးကျဆင်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေ မယ့် အလုပ်ရှင်တွေက အလုပ်သမား သစ်တွေထပ်မံခန့်ထားဖို့ ဆန္ဒရှိပုံမရတဲ့ အတွက် အလုပ်အကိုင်သစ် တိုးတက်မှု နှုန်းက နှေးကွေးခဲ့ပါတယ်။

**East Asia**

## တောင်ကိုရီးယားမှာ ငွေကြေးလိမ်လည်မှုကြောင့် ဆုံးရှုံးမှုများ ပထမနှစ်ဝက်တွင် ကျဆင်း

ငွေကြေးလိမ်လည်မှုများအမြစ် ပြတ်အောင်ကြိုးပမ်းဆောင်ရွက်လျက် ရှိတဲ့အတွက် တောင်ကိုရီးယားနိုင်ငံမှာ ငွေကြေးလိမ်လည်မှုကြောင့် ဆုံးရှုံးမှု ဖြစ်ရတဲ့အမှုအခင်းအရေအတွက်မှာ ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်အတွင်း သိ သိသာသာကျဆင်းခဲ့ကြောင်း ဘဏ္ဍာရေးစောင့်ကြည့်ရေးအဖွဲ့ရဲ့ စက်တင်ဘာ ၁၄ ရက်ကထုတ်ပြန် ချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်း မှာ ဖော်ပြပါတယ်။

ယခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ကာလအတွင်း ဆုံးရှုံးတန်ဖိုးမှာ တစ်လ ပျမ်းမျှ ဝမ် ၂၆ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂ သန်း) ရှိခဲ့ ရာ ယခင်နှစ်ကရှိခဲ့တဲ့ တစ်လပျမ်းမျှ ဝမ် ၃၃ ဒသမ ၇ ဘီလီယံနဲ့နှိုင်းယှဉ်ရင် ၂၂ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ ကြောင်း ဘဏ္ဍာရေးကြီးကြပ်မှု အဖွဲ့ (FSS) ရဲ့ ထုတ်ပြန်ချက်အရ သိရပါ တယ်။ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ ဝမ် ၁၉ ဘီလီယံအထိကျဆင်းခဲ့ကြောင်း အဖွဲ့က ပြောပါတယ်။ ဒီလိုကျဆင်းခဲ့ရ တာဟာ စားသုံးသူကာကွယ်ရေးနဲ့ ဘဏ္ဍာရေးလုပ်ငန်းကို အများပြည်သူ ယုံကြည်မှု ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဘဏ္ဍာရေး ပြစ်မှုအားလုံးကျဆင်းရေးဆောင်ရွက် ခဲ့တဲ့ အစိုးရရဲ့ လှုပ်ရှားမှုကြောင့်ဖြစ် ကြောင်း FSS က ပြောပါတယ်။

ဒီအစီအစဉ်အရ အသုံးမပြုဘဲ ထားတဲ့ငွေစာရင်းတွေနဲ့ နာမည်အငှား နဲ့ဖွင့်ထားတဲ့ဘဏ်ငွေစာရင်း သို့မဟုတ် ငွေကြေးလိမ်လည်မှုပြုလုပ်ရာမှာကျယ် ကျယ်ပြန့်ပြန့်အသုံးပြုတဲ့ ငွေစာရင်း အတုတွေရဲ့ ငွေထုတ်ငွေသွင်းဆောင် ရွက်မှုတွေကို ငွေကြေး အာဏာပိုင်တွေ က ယာယီရပ်ဆိုင်းခဲ့ပါတယ်။

FSS က ငွေကြေးအလွှဲအပြောင်း အပေးအယူလုပ်ရာမှာ ထိန်းချုပ်စနစ် ကို တိုးချဲ့အသုံးပြုခဲ့ပြီး ဒီစနစ်အရ ဝမ်ငွေတစ်သန်းအထက်လွှဲရင် ဆိုင်းငံ့ ကာလအဖြစ်မိနစ် ၃၀ ထားပြီးမှ လွှဲပေး ပါတယ်။ နောင်တစ်ချိန်မှာ မျက်နှာဖုံး သို့မဟုတ် နေကာမျက်မှန်ဝတ်ဆင် ထားသူတွေအေတီအမ်စက်တွေထဲက ငွေ ထုတ်တာကိုကန့်သတ်သွားဖို့ စဉ်း စားထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

**South Asia**

## အိန္ဒိယနိုင်ငံမှာ ဈေးနှုန်းမြင့်တက်လာမယ့် အန္တရာယ်တွေကို ထိန်းချုပ်နိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးကပြော

အချိန်ရာသီအလိုက်ဖြစ်ပေါ် လာတဲ့အချို့စားသောက်ကုန်အမယ် တွေရဲ့ ဈေးနှုန်းတွေမြင့်တက်လာခဲ့ပေ မယ့် အားလုံးကိုခြုံကြည့်မယ်ဆိုရင် ငွေကြေးဖောင်းပွမှုက အသင့်အတင့် သာရှိနေပြီး ဈေးနှုန်းအခြေအနေကို ထိန်းချုပ်ထားနိုင်ကြောင်း စက်တင်ဘာ ၁၄ ရက်နေ့က ဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေရဲ့ ပြောကြားချက်ကို ကိုးကားပြီး ပီတီအိုင်သတင်းမှာ ဖော်ပြ ထားပါတယ်။



“ရာသီအပြောင်းအလဲကြောင့်ပြားမှု ကြောင့် မုတ်သုံကာလအတွင်းမှာ ကုန်ဈေးနှုန်းတွေ မြင့်တက်တတ်ပါ တယ်။ ဒါပေမယ့် အားလုံးခြုံကြည့်ရင် ငွေကြေးဖောင်းပွမှုက အနည်းငယ် မျှသာရှိပြီး ထိန်းချုပ်ထားနိုင်မယ့် အခြေအနေရှိနေပါတယ်” လို့ သူက ပြောပါတယ်။

စက်တင်ဘာ ၁၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ လက်ကားဈေးနှုန်း အညွှန်း (Wholesale Price Index-WPI) နဲ့ စားသုံးသူအညွှန်းကိန်း (Consumer Price Index-CPI) တွေနဲ့ ပတ်သက်ပြီး မေးမြန်းချက်များကို ဖြေကြားရာမှာ ဝန်ကြီးက ယခုလို သုံး သပ်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

လောင်စာဆီနဲ့ ကုန်စည်ဈေးနှုန်း တွေတစ်ဟုန်ထိုးကျဆင်းခဲ့တဲ့အတွက် WPI က ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ အနုတ် ၄ ဒသမ ၀၅ ရာခိုင်နှုန်းရှိခဲ့ရာမှာ ဩဂုတ်လမှာ ၄ ဒသမ ၉၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဒါပေမဲ့ CPI ကိုအခြေခံတွက် ချက်တဲ့ငွေကြေးဖောင်းပွမှုက ၂၀၁၅ ခုနှစ်ဇူလိုင်လမှာ ၃ ဒသမ ၆၉ ရာခိုင် နှုန်းကျဆင်းခဲ့ရာမှ ဩဂုတ်လမှာ ၃ ဒသမ ၆၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ပဲမျိုးစုံအပါအဝင် တချို့ အမယ်တွေရဲ့ ဈေးနှုန်းတွေမြင့်တက် ခဲ့ပါတယ်။

စားသောက်ကုန်နဲ့ ပတ်သက် တဲ့အညွှန်းကိန်းတွေက ဇူလိုင်လ မှာ ၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိရာမှ ဩဂုတ် လမှာ ၂ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့တဲ့ အတွက် အနည်းငယ်သာ မြင့်တက်ခဲ့ပါ တယ်။

**East Asia**

## ဂျပန်အက်စ်အမ်အီးများ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်ဖို့ ခြေလှမ်းပြင်

ဂျပန်နိုင်ငံ အဲဟီမဲစီရင်စုရှိ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ (အက်စ်အမ်အီး)မှ ကိုယ် စားလှယ်များက နိုဝင်ဘာလဆန်းမှာ ဗီယက်နမ်နိုင်ငံသို့ သွားရောက်လည် ပတ်ပြီး ဈေးကွက်နဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှာဖွေမှာဖြစ် ကြောင်း ဗီယက်နမ်အွန်လိုင်းသတင်း မှာ ဖော်ပြပါတယ်။

လိုက်ပါမယ့် စီးပွားရေးလုပ်ငန်း များမှာ ဗီယက်နမ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံ ဖို့စိတ်ဝင်စားတဲ့စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပြီး အထူးသဖြင့်ကုန်ထုတ်လုပ်ငန်း များအတွက် သွင်းအားစုပစ္စည်းများကို ပေးသွင်းလိုတဲ့ ကုမ္ပဏီတွေဖြစ်ပါတယ်။ ကုမ္ပဏီများက အလှကုန်ပစ္စည်း၊ တစ် သျှူးနဲ့ မီးဖိုချောင်သုံး အစွန်းချွတ် ပစ္စည်းစတဲ့ ပစ္စည်းတွေကိုထုတ်လုပ် ဖြန့်ဖြူးဖို့ဆန္ဒရှိကြောင်း ဂျပန်နိုင်ငံ အက်စ်အမ်အီး ကိုယ်စားလှယ်အဖွဲ့ ကို ဦးဆောင်မယ့် Business Innovation Partners Co.,Ltd. မှ ကိုယ်စားလှယ် ယာနာဂါဝါက ပြောပါတယ်။

အများစုက ပင်လယ်ရေကို ရေချိုအဖြစ်ထုတ်လုပ်ရေး၊ လောင်စာ ဆီ၊ နေစွမ်းအင်နဲ့ လျှပ်စစ်ကိရိယာများ ကို ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းကြ ပါတယ်။

ဂျပန်နိုင်ငံသုံး ယန်းငွေကြေးတန် ဖိုးကျဆင်းတဲ့အတွက် ဂျပန်နိုင်ငံမှာ ကုန်ကြမ်းပစ္စည်းဈေးနှုန်းနဲ့ လုပ်သားခ တွေမြင့်တက်လာတဲ့ ရလဒ်အဖြစ် အက်စ်အမ်အီးများရဲ့ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကျဆင်းပြီး ဈေးကွက်သစ်တွေ မဖြစ်မနေရှာဖွေရမယ့် အခြေအနေမျိုး ကို ဆိုက်ရောက်စေခဲ့ကြောင်း ဗီယက် နမ်ပို့ကုန်သွင်းကုန်ဘဏ် (Eximbank) ရဲ့ ဒုတိယညွှန်ကြားရေးမှူး မာဆာရှီမို ချီဇူကီက ပြောပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးနေတာကြောင့် ဖြစ်ရတဲ့စိုးရိမ်မှုတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အလားအလာကို မှေးမှိန်စေခဲ့ပေမယ့် အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ကအတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထိန်းထားဖို့ ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း စက်တင်ဘာ ၁၈ ရက်နေ့မှာ ထွန်းသစ်စအာရှငွေကြေးများတန်ဖိုးမြင့်တက်လာတာကို တွေ့ရပါတယ်။ ငွေကြေးများရဲ့ အခြေအနေက ရက်သတ္တပတ်အလိုက်နှိုင်းယှဉ်မယ်ဆိုရင်လည်း တိုးတက်မှုရှိနိုင်ပါတယ်။

ကမ္ဘာ့စီးပွားရေး၊ ဘဏ္ဍာရေး မတည်ငြိမ်မှုနဲ့ ပြည်တွင်းမှာငွေကြေးဖောင်းပွမှု ကျဆင်းခြင်းစတဲ့ အခြေအနေတွေကြောင့်ဖြစ်ရတဲ့ စိုးရိမ်ပူပန်မှုတွေကြောင့် ဆယ်စုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းတွေကို မြှင့်ပေးမယ့်အစီအစဉ်ကို အကောင်အထည်မဖော်သေးဘဲထားဖို့ စက်တင်ဘာ ၁၇ ရက်မှာ အမေရိကန် ဗဟိုဘဏ်ကဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီလို ဆုံးဖြတ်ခဲ့တဲ့အတွက် အဓိက ငွေကြေးခြောက်ခုနဲ့ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာရဲ့ တန်ဖိုးက ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးအခြေအနေကို ရောက်ရှိခဲ့ပါတယ်။

ဒါပေမယ့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှေးကွေးမှုက ဒေသတွင်းစီးပွားရေးတွေကို ထိခိုက်မှုရှိခဲ့တဲ့အတွက် ထွန်းသစ်စငွေကြေးတွေ အပြည့်အဝ မြင့်တက်မှု မရှိခဲ့တာကို တွေ့ရပါတယ်။

**တရုတ်ယွမ်**

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အခြေခံစံထားအတိုးနှုန်းကို မပြောင်းဘဲထားရှိဖို့ စက်တင်ဘာ ၁၇ ရက်နေ့က ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း တရုတ်ယွမ်ငွေကြေးတန်ဖိုးခိုင်မာလာတာကိုတွေ့ရပါတယ်။ တရုတ်နိုင်ငံ ငွေကြေးရောင်းဝယ်ရေးဌာနမှာ ယွမ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာတို့ရဲ့ ဖလှယ်နှုန်းက စက်တင်ဘာ ၁၈ ရက်နေ့က သုည ဒသမ ၆၃ ရာခိုင်နှုန်းမြင့်တက်ပြီးတစ်ဒေါ်လာကို ၆ ဒသမ ၃၆၀၇ ယွမ်နှုန်းထိရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ဗဟိုဘဏ်အတိုးနှုန်းကို တိုးမြှင့်မပေးဘဲဆက်လက်ထားရှိဖို့ အမေရိကန်ဗဟိုဘဏ်က ဆုံးဖြတ်တဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ စက်တင်ဘာ ၁၈ ရက်က ရူပီးငွေကြေးရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ သုည ဒသမ ၃၂ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၁၄ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ပို့ကုန်လုပ်ငန်းတွေနဲ့ဘဏ်တွေမှာ ဒေါ်လာရောင်းချမှုများပြားလာခြင်းနဲ့ ပြည်တွင်းရှယ်ယာဈေးတွေမြင့်တက်မှုတို့ကလည်း ရူပီးငွေကြေးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

**ဂျပန်ယန်း**

တရုတ်နိုင်ငံ စီးပွားရေးတိုးတက်နှုန်းနှေးကွေးမှုနဲ့ ကမ္ဘာ့စီးပွားရေးမခိုင်မာမှုကို အကြောင်းပြုပြီး အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းကိုမြှင့်တင်မပေးဘဲထားခဲ့ပြီးနောက် ယန်းငွေနဲ့ဖလှယ်ရာမှာ စက်တင်ဘာ ၁၈ ရက်နေ့က ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။

စက်တင်ဘာ ၁၇ ရက်မှာ အမေရိကန်တစ်ဒေါ်လာကိုနယူးယောက်မှာ ၁၂၀ ဒသမ ၀၁ ယန်းနဲ့ တိုကျိုမှာတစ်ဒေါ်လာကို ၁၂၀ ဒသမ ၉၀ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တိုကျိုဈေးကွက်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၁၉ ဒသမ ၇၆ ယန်း နှုန်းထိရောက်ပြီး ယန်းတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ယူရိုငွေကြေးတန်ဖိုးက စက်တင်ဘာ ၁၇ ရက်နေ့ နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၄၃၆ ဒေါ်လာနဲ့ တိုကျိုမှာ ၁ ဒသမ ၁၃၀၂ ဒေါ်လာနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၄၀၅ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ ယူရိုနဲ့ ယန်းငွေဖလှယ်နှုန်းက နယူးယောက်ဈေးကွက်မှာစက်တင်ဘာ ၁၇ ရက်က တစ်ယူရိုကို ၁၃၇ ဒသမ ၂၅ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁၃၆ ဒသမ ၅၈ ယန်းနှုန်း ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိတ်ဝင်စားမှုက ရင်းဂစ်ငွေကြေးအပါအဝင် ထွန်းသစ်စငွေကြေးတွေဘက်ကို ပိုမိုကူးပြောင်းလာတဲ့အတွက် စက်တင်ဘာ ၁၈ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်ငွေကြေးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ငွေကြေးဖလှယ်နှုန်းမှာ စက်တင်ဘာ ၁၇ ရက်နေ့ က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၅၀၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၄၀ မိနစ်မှာ တစ်ဒေါ်လာ ကို ၄ ဒသမ ၂၃၈၀ နှုန်းထိရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ဒါပေမယ့် တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အများအားဖြင့် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အတိုးနှုန်းတွေ တိုးမပေးသေးဘူးဆိုတဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ဆုံးဖြတ်ချက်ကြောင့် ရင်းနှီးမြှုပ်နှံသူတွေ စိတ်သက်သာရာရစေတဲ့အတွက် စက်တင်ဘာ ၁၈ ရက်နေ့မှာ တောင်ကိုရီးယားစတော့ရှယ်ယာဈေးတွေမြင့်တက်ခဲ့ပါတယ်။ ပြည်တွင်းဝမ်ငွေကြေးတန်ဖိုးကလည်း အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ စက်တင်ဘာ ၁၇ ရက်ကထက် ၃ ဒသမ ၁ ဝမ်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၆၂ ဒသမ ၈ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

အမေရိကန်နဲ့ ထိုင်းဗဟိုဘဏ်များက အတိုးနှုန်းကိုမပြောင်းဘဲဆက်လက်ထားရှိခြင်းကြောင့်လည်းကောင်း၊ ထိုင်းဘွန်းစာချုပ်များ၏ အတိုးနှုန်းများမူလအတိုင်း ဆက်လက်ပေးထားခြင်းကြောင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူတွေက ထိုင်းရရန်ပိုင်ခွင့် စာချုပ်စာတမ်းများ (Assets) ကို ဝယ်ယူကြတဲ့အတွက်ကြောင့်လည်းကောင်း ရက်သတ္တပတ်ကြာတန်ဖိုး ကျဆင်းခဲ့တဲ့ ဘတ်ငွေတန်ဖိုးကျဆင်းမှုရပ်တန့် ခဲ့ပါတယ်။

ဘတ်ငွေတန်ဖိုးက ရက်သတ္တပတ်အတွင်းတိုးတက်မှုနှုန်း သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၇၈၉ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



## အမေရိကန်ဗဟိုဘဏ်ကအတိုးနှုန်းကိုမြှင့်တင်ပေးလိုက်ပါက ထွန်းသစ်စဈေးကွက်တွေမတည်မငြိမ် ဖြစ်စေနိုင်

အမေရိကန် ပြည်ထောင်စုအနေနဲ့ မူဝါဒကိုပုံမှန်အနေအထားဖြစ်အောင်ပြန်ထိန်းနိုင်ဖို့အတွက် ဗဟိုဘဏ်အတိုးနှုန်းကိုမြှင့်တင်ပေးမယ်ဆိုရင် ထွန်းသစ်စနိုင်ငံတွေကို စီးဝင်နေတဲ့အရင်းအနှီးငွေကြေးတွေက ၄၅ ရာခိုင်နှုန်းအထိ လျော့ကျသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်စီးပွားရေးပညာရှင်တွေရဲ့ စက်တင်ဘာ ၁၅ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

အတိုးနှုန်းကို လတ်တလောမြှင့်တင်ပေးမယ်။ ဒါမှမဟုတ် ယခုနှစ်အကုန်မှာမြှင့်တင်ပေးမယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး စီးပွားရေးပညာရှင်တွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေက အမျိုးမျိုးယူဆကြပေမယ့် စက်တင်ဘာ ၁၇ ရက်နေ့ အစည်းအဝေးမှာ အတိုးနှုန်းအနည်းငယ်မြှင့်တင်ပေးဖို့အတွက် အမေရိကန်ဗဟိုဘဏ်က ဆွေးနွေးနေဆဲဖြစ်ပါတယ်။

အမေရိကန်ဗဟိုဘဏ်က မူဝါဒအပြောင်းအလဲကို ချောချောမွေ့မွေ့ပြုလုပ်သွားမယ်လို့ ယူဆကြပါတယ်။ အတိုးနှုန်းကို ပိုမိုမြှင့်တင်ပေးဦးမယ် ဒါမှမဟုတ် ဘွန်းစာချုပ်တွေရဲ့အတိုးနှုန်းကို မြှင့်တင်ပေးလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည် နေဦးမယ်ဆိုရင် ငွေကြေးစီးဆင်းမှုတွေ ကြီးကြီးမားမားပြောင်းလဲနိုင်မယ်လို့ ယူဆထားကြပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ယူရိုဇုန်၊ ယူကေနဲ့ ဂျပန်ဘွန်းစာချုပ်အတိုးတွေ တစ်ရာခိုင်နှုန်းတက်ရင် ထွန်းသစ်စဈေးကွက်တွေထဲကို စီးဝင်နေတဲ့ ငွေကြေးအရင်းအနှီးတွေက တစ်နှစ်အတွင်း ၄၅ ရာခိုင်နှုန်းကျဆင်းသွားနိုင်ပြီး ဒီနိုင်ငံတွေရဲ့ ထုတ်လုပ်မှုက ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားနိုင်ပါတယ်။

## အတိုးနှုန်းကို ဆက်လက်ထိန်းထားရန် ထိုင်းဗဟိုဘဏ်သဘောတူ

ဘတ်ငွေတန်ဖိုးနဲ့ ဗဟိုဘဏ်အတိုးနှုန်းတွေက ပြည်တွင်း ပြည်ပစီးပွားရေး အခြေအနေတွေနဲ့ သင့်တော်တဲ့ အနေအထားမှာရှိနေတဲ့အတွက် ဗဟိုဘဏ်ရဲ့ ချေးငွေအခြေခံစံထားအတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းအတိုင်းဆက်လက်ထားရှိဖို့ ဗဟိုဘဏ်ကဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ကို စက်တင်ဘာ ၁၆ ရက်က ပုဂ္ဂလိက ကဏ္ဍမှာလည်း ထောက်ခံခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

“ဒေသတွင်းမှာရှိတဲ့ တခြားငွေကြေးတွေနဲ့နှိုင်းယှဉ်ရင် ထိုင်းဘတ်ငွေရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်က မှန်ကန်တဲ့အဆင့်ကိုရောက်ရှိနေပါပြီ။ သွင်းကုန်တန်ဖိုးတွေက သိသိသာသာမြင့်တက်နေပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးဖြတ်ချက်ချရတဲ့အချိန်မှာ ဒီကိစ္စက ပုဂ္ဂလိကကဏ္ဍအတွက် အဓိကစိုးရိမ်ရမယ့်ကိစ္စမဟုတ်ပါဘူး”လို့ ထိုင်း စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူပန်မောင်ကူးသရီးက ပြောပါတယ်။

တစ်ဒေါ်လာကို ၃၆ ဘတ်နှုန်းရှိနေတဲ့ ငွေလဲနှုန်းက ပို့ကုန်ကိုမြှင့်တင်ပေးနိုင်တဲ့နှုန်းဖြစ်ပြီး ငွေကြေးတန်ဖိုး အတိုးနှုန်းတွေက ရင်းနှီးမြှုပ်နှံမှုအတွက် အဟန့်အတားမဖြစ်စေနိုင်ပါဘူးလို့ သူကပြောပါတယ်။

“အခုလောလောဆယ်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးပြဿနာက ယုံကြည်မှုကင်းမဲ့နေတာက ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေပါတယ်။ ဒါပေမယ့် အစိုးရရဲ့ စီးပွားရေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်တွေ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့အချိန်နဲ့ အကြီးစားစီမံကိန်းတွေကို စီမံထားတဲ့အတိုင်း စတင်ဆောင်ရွက်နိုင်တာနဲ့ တစ်ပြိုင်နက် ယုံကြည်မှုအဆင့်မြင့်တက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်”လို့ သူက ပြောပါတယ်။

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ တွေ့ခဲ့တဲ့ အိန်ဂျလီနာဂျိုလီ



ဟောလိဝုဒ်ရဲ့စူပါတန်းဝင်မင်းသမီးလည်းဖြစ် ဒါရိုက်တာတစ်ဦးလည်းဖြစ်တဲ့ အိန်ဂျလီနာဂျိုလီဟာ ကမ္ဘောဒီးယားနိုင်ငံကို စက်တင်ဘာလ ၁၇ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့ကို သွားရောက်ပြီး ဝန်ကြီးချုပ်ဟွန်ဆန်နဲ့တွေ့ဆုံခဲ့ပါတယ်။ သူဟာ ဝန်ကြီးချုပ်ဟွန်ဆန်နဲ့တွေ့ဆုံပြီး သူရိုက်ကူးမယ့် ဇာတ်ကားအတွက် ဆွေးနွေးခဲ့တယ်လို့ ဆိုပါတယ်။

ဂျိုလီဟာ ကမ္ဘောဒီးယားနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ယခင်ကာလများက အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဖြစ်ရပ်မှန် သမိုင်းဝင်ဇာတ်ကားတစ်ကားကို ရိုက်ကူးဖို့အတွက် ဝန်ကြီးချုပ်နဲ့သွားရောက် တွေ့ဆုံခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ သူဟာ ကမ္ဘောဒီးယားနိုင်ငံမှာ နေထိုင်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံသားခံယူထားသူတစ်ဦးလည်းဖြစ်တဲ့အတွက် ခမာလူမျိုးတွေရဲ့သမိုင်းကို စိတ်ဝင်စားခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် သူငယ်စဉ်ဘဝ ကမ္ဘောဒီးယားနိုင်ငံမှာနေထိုင်စဉ် ၁၉၇၀ပြည့်နှစ်လောက်က ကွန်မြူနစ်ခမာနီတွေရဲ့ ရက်စက်မှုကြောင့် ခမာလူမျိုး ၁ ဒသမ ၇သန်းလောက် သေဆုံးခဲ့ရတာကို သိရှိခဲ့ရတာကြောင့် ခုလို သမိုင်းကြောင်းကို ဖော်ထုတ်ချင်တာဖြစ်တယ်လို့ ဆိုပါတယ်။ ကွန်မြူနစ်ခမာနီအစိုးရဟာ ကမ်ပူချားပြည်သူတွေဖြစ်တဲ့ခမာလူမျိုးတွေအပေါ် ရက်စက်ကြမ်းကြုတ်ခဲ့တာကို ကမ္ဘာကို ဖော်ထုတ်ပြသချင်တာကြောင့် ခုလို ဝန်ကြီးချုပ်ဟွန်ဆန်နဲ့ တွေ့ဆုံခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ကမ္ဘောဒီးယားနိုင်ငံသားခံယူထား တဲ့ဂျိုလီရဲ့သားသမီးခြောက်ဦးအနက် မားဒေါ့ချီဗန်ဟာ ကမ္ဘောဒီးယားနိုင်ငံက မိဘမဲ့ကလေးငယ်တစ်ဦးလည်းဖြစ်ပါတယ်။



# လူမှုရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ လက်ထပ်လက်စွပ်ကို ရောင်းချလိုက်တဲ့ ပင်မလာအန်ဒါဆင်

ကနေဒါ-အမေရိကန်ရုပ်ရှင်မင်း သမီး ပင်မလာ အန်ဒါဆင်ဟာ သူ့ရဲ့ လက်ထပ်လက်စွပ်ကို လူမှုရေးလုပ်ငန်းတွေမှာ အသုံးချဖို့ လေလံတင်ရောင်း ချလိုက်ပြီလို့ ဆိုပါတယ်။

သူနဲ့သူ့ရဲ့ခင်ပွန်းဟောင်း ရစ်ချ် ဆော်လမွန်တို့ဟာ ၂၀၀၇ ခုနှစ်က တွေ့ဆုံချစ်ကြိုက်ခဲ့ကြပြီး လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူတို့နှစ် ဦးဟာ စိတ်သဘောထားချင်းမတိုက် ဆိုင်မှုတွေကြောင့် လက်ထပ်ပြီးနှစ်လအကြာမှာ လမ်းခွဲခဲ့ကြပါတယ်။

သူတို့နှစ်ဦးဟာ ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြပေမယ့် ၂၀၁၃ခုနှစ်မှာတော့ သူတို့နှစ်ဦးရဲ့ ကြင်နာမှုတွေပြန်လည် ပေါင်းစည်းခဲ့ကြပြီး ၂၀၁၄ခုနှစ် ဇန်နဝါရီလအတွင်းမှာ လက်ထပ်ပွဲကြီးကို ခမ်း ခမ်းနားနားကျင်းပခဲ့ပါတယ်။

ဒါပေမယ့်လည်း အသွင်မတူတဲ့သူ တို့နှစ်ဦးရဲ့အခြေအနေကြောင့် ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ လမ်းခွဲခဲ့ကြပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူတို့ရဲ့လမ်းခွဲမှုတွေဟာ အဆုံးသတ်သွားခဲ့ပြီလို့ ပင်မလာအန်ဒါဆင်က ပီးပဲလ်မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ တရားရုံးမှာ အပြီးပြတ်စဲခဲ့ကြတာဖြစ်လို့ သူ့ရဲ့လက်ထပ် လက်စွပ်ကို ခုလို လေလံတင်ရောင်းချ ဖို့စီစဉ်ခဲ့ရတာဖြစ်တယ်လို့ ပြောကြားခဲ့ ပါသေးတယ်။

၃ ဒသမ ၂၄ကာရက်ရှိတဲ့စိန်တွေနဲ့ စီခြယ်ထားတဲ့ သူ့ရဲ့လက်စွပ်ကို ကြမ်းခင်းဈေးအဖြစ် အမေရိကန်ဒေါ်လာ တစ်သိန်းသတ်မှတ်ထားတယ်လို့ ဆိုပါ တယ်။

"ကျွန်မ အဲဒီလက်စွပ်ကို ရောင်းချ လို့ရတဲ့ငွေတွေထဲက လေလံတင်လို့ ကုန်ကျစရိတ်တွေကို နှုတ်ပြီးကျန်တဲ့ငွေ အားလုံးကို လူမှုရေးလုပ်ငန်းတွေ အထူးသဖြင့် လူ့အခွင့်အရေး ဆုံးရှုံးနေတဲ့နေရာတွေ၊ ညှင်းပန်းနှိပ်စက်ခံနေရတဲ့ တိရစ္ဆာန်တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွေမှာ အသုံးပြုစေချင်ပါ တယ်"လို့ ပြောကြားခဲ့ပါတယ်။



# ယူကေမှာအောင်မြင်မှုရခဲ့တဲ့ ဂျပ်စတင်ဘီဘာရဲ့ WHAT DO YOU MEAN?

ကနေဒီယန်အဆိုတော် ဂျပ် စတင်ဘီဘာရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ What Do You Mean? အယ်လ်ဘမ်ဟာ ယူနိုက်တက်ကင်းဒမ်းတစ်ခွင်မှာတော့ အောင်မြင်မှုတွေရရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီတေးအယ်လ်ဘမ်ဟာ ယူကေတစ်ခွင်မှာရောင်းအားအကောင်းဆုံးနံပါတ်တစ်အဖြစ် ရပ်တည်နေခဲ့တာ ဖြစ်ပါတယ်။ အဲဒီတေးအယ်လ်ဘမ်ကို စက်တင်ဘာလ ၁၅ရက်နေ့ က ယူကေမှာ စတင်ဖြန့်ချိခဲ့တာဖြစ်ပါတယ်။

ဂျပ်စတင်ရဲ့ What Do You Mean? အယ်လ်ဘမ်ကို စတင်ဖြန့်ချိ စဉ်က ဆီဂါလာရဲ့ Easy Love အယ်လ်ဘမ်က နံပါတ်တစ်နေရာမှာရှိ နေပေမယ့် ဘီဘာရဲ့ အယ်လ်ဘမ်ထွက် ရှိလာတဲ့အချိန်မှာတော့ နံပါတ်နှစ်နေရာကို ဆင်းပေးခဲ့ရပါတယ်။ အဲဒီအချိန်က နံပါတ်နှစ်နေရာမှာရှိနေတဲ့ ကယ်လ်ဗင်ဟားရစ်နဲ့ ဒက်စီပယ်လ်တို့ရဲ့ How Deep Is Your Love? အယ်လ်ဘမ်က နံပါတ်သုံးနေရာကို ဆင်းပေးခဲ့ရပါတယ်။

သူ့ရဲ့အဲဒီသီချင်းကို လက်တင် အမေရိကတစ်ဝန်းစတင်ဖြန့်ချိခဲ့ရာမှာ စတင်ဖြန့်ချိတဲ့နေ့မှာပဲ အွန်လိုင်းကနေ ဒေါင်းလုပ်ချဝယ်ယူခဲ့သူပေါင်း ၂၁သန်းအထိရှိခဲ့တယ်လို့ ဆိုပါတယ်။ ဂျပ်စတင်ရဲ့ What Do You Mean? သီချင်းဟာ One Direction အဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့တဲ့ ဇန်မာလစ်ရဲ့ Dug Me Down သီချင်းလိုပဲ သန်းပေါင်း ၂၀ ကို ကျော်လွန်သွားခဲ့ တယ်လို့ ဆိုပါတယ်။



# Fifty Shade of Greyကို ဘယ်တော့မှ မကြည့်ဘူးလို့ ဆိုလိုက်တဲ့ ဒါကိုတာဂျွန်ဆင်ရဲ့မိဘနှစ်ပါး

ပြီးခဲ့တဲ့ချစ်သူများနေ့က ကမ္ဘာတစ်ဝန်းလုံးမှာ ရုံတင်ပြသခဲ့တဲ့ Fifty Shade of Grey ရုပ်ရှင်ဇာတ်ကားဟာ တစ်ကမ္ဘာလုံးမှာလူကြိုက်များသလောက် ဝေဖန်မှုတွေ များပြားခဲ့တဲ့ဇာတ်ကား တစ်ကားလည်းဖြစ်ခဲ့ပါတယ်။ လိင်အသားပေးဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့တဲ့အတွက် အဲဒီဇာတ်ကားဟာ မောင်နှမသားနဲ့အမိမဆိုထားနဲ့ ချစ်သူ ချင်းတောင် ကြည့်ဖို့ အဆင်မပြေဘူး လို့ ဝေဖန်ခဲ့ကြပါတယ်။ ဝေဖန်မှုတွေများပြားနေပေမယ့် လည်း ဟောလိဝုဒ်တစ်ခွင်မှာတော့ အောင်မြင်မှုသရဖူကို ဆောင်းခဲ့ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၅၆၉ ဒသမ ၇ သန်းအထိရရှိခဲ့ပါတယ်။ အဲဒီကားကို ရိုက်ကူးခဲ့စဉ်က အမေရိကန်ဒေါ် လာသန်း ၄၀ သာ ကုန်ကျခဲ့တာမို့ အမြတ်ငွေစံချိန်တင်ရရှိခဲ့တဲ့ဇာတ်ကားတစ်ကားဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီလိုအောင်မြင်မှုတွေသရဖူ ဆောင်းနေတဲ့ Fifty Shades of Grey ဇာတ်ကားကို ဒါကိုတာဂျွန်ဆင်ရဲ့မိဘနှစ်ပါးက ဘယ်တော့မှ မကြည့်ဘူးလို့ မီဒီယာတွေက တစ်ဆင့်ပြောကြားလိုက်ပါတယ်။ အဲဒီဇာတ်ကားမှာ သူတို့ရဲ့သမီးဖြစ်တဲ့ ဒါကိုတာဂျွန်ဆင်ဟာ ခရစ္စတင်းဂရေးနဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ပြီး ဇာတ် ကားတစ်ကားလုံးမှာ လိင်အသားပေး ဇာတ်လမ်းတွေကိုချည်းဖော်ပြထားတာကြောင့် ခုလိုပြောကြားခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်ကားကို ရုံတင်ပြသပြီး မကြာမီမှာပဲ ဒါကိုတာဂျွန်ဆင်ဟာ သူ့ရဲ့ချစ်သူ မက်သယူးဟစ်တ်နဲ့ လမ်းခွဲခဲ့ကြပါတယ်။ "သူတို့အားလုံးက ကျွန်မကို ကြောက်နေကြတယ်"လို့ ဒါကိုတာက ချစ်သူနဲ့လမ်းခွဲအပြီးမှာ ပြောကြားခဲ့ပါတယ်။

# The Commerce Journal

## တွင်

## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာခနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅" × ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) - ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် - ၀၁- ၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

COMMERCE INTERNATIONAL




# ၂၀၁၄ ခုနှစ်အတွင်း အမေရိကန်အော်ဂဲနစ် လယ်ယာများမှ ဒေါ်လာ ၅ ဘီလီယံကျော် ရောင်းချ

ယခင်နှစ်အတွင်း အမေရိကန် အော်ဂဲနစ်လယ်ယာများမှ ရောင်းချငွေ စုစုပေါင်းက အမေရိကန် ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိရောက်ရှိခဲ့ရာ ၂၀၀၈ ခုနှစ်ကအခြေအနေနဲ့ နှိုင်း ယှဉ်ပါက ၇၂ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း စက်တင်ဘာ ၁၇ရက်ကထုတ်ပြန်ခဲ့တဲ့ အမေရိကန် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန အစီရင်ခံစာကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

စားသုံးသူများရဲ့ ဦးတည်ချက်က အော်ဂဲနစ်ထုတ်ကုန်များဘက်သို့ ဦးတည်လျက်ရှိကြောင်းကို အစီရင်ခံစာက မီးမောင်းထိုးပြသလျက် ရှိပါတယ်။ လယ်သမားများအား စစ်တမ်းကောက်ယူစုစည်းထားတဲ့ အမေရိကန် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနရဲ့ ကိန်းဂဏန်းများအရ ၂၀၁၄ ခုနှစ်မှာ နို့က ထိပ်တန်းဦးစားပေးအော်ဂဲနစ် ထုတ်ကုန်အဖြစ် တည်ရှိနေပြီး ရောင်းချငွေပမာဏက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံရှိခဲ့ပါတယ်။ လှောင်အိမ်ထဲမှာ မထည့်ဘဲ မွေးမြူထားတဲ့ကြက်မတွေက ဥတဲ့အော်ဂဲနစ်ကြက်ဥတွေရဲ့ ရောင်းရငွေက အမေရိကန်ဒေါ်လာ သန်း ၄၂၀ ရှိပါတယ်။

မျိုးရိုးဗီဇပြုပြင်ထားတဲ့ ထုတ်ကုန်တွေကြောင့် လည်းကောင်း၊ အစားအစာပြုပြင်ရာမှာ ဓာတုဗေဒပစ္စည်းများ သုံးစွဲထားတဲ့အတွက်ကြောင့် လည်းကောင်း ဈေးဆိုင်များက မိမိတို့တင်ရောင်းတဲ့ ပစ္စည်းတွေအတွက် စိုးရိမ်မှုတွေရှိနေရာ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်မှအစပြုကာ အသားနဲ့ သီးနှံများအထိပါဝင်သော အော်ဂဲနစ် အစားအစာများရဲ့ ဝယ်လိုအားက လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း တစ်စတစ်စ မြင့်တက်လာခဲ့ပါတယ်။

"ဝယ်လိုအား ပြည့်မီအောင် ဖြည့်ဆည်းပေးဖို့အတွက် တိုးတက်ဖွံ့ဖြိုးမှုနှုန်းကို ပိုမိုမြင့်တက်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးရပါမယ်" လို့ ရောင်းချရတဲ့ကိန်းဂဏန်းတွေကို လေ့လာသုံးသပ်ပြီးနောက် အော်ဂဲနစ်ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌ လော်ရာ ဘက်ချာက ပြောပါတယ်။

အော်ဂဲနစ် လယ်ယာစိုက်ပျိုးရေးမှာ ပိုးသတ်ဆေးနဲ့ ပဋိဇီဝဆေးစတဲ့ ဓာတုဆေးဝါးတွေကို အသုံးမပြုတဲ့ စိုက်ပျိုးမှုနည်းလမ်းတွေကို အသုံးပြုပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ အော်ဂဲနစ်အဖြစ်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားတဲ့ အကြီးစား လယ်ယာလုပ်ငန်းအရေအတွက်က ၂၀၀၈ ခုနှစ်ကထက် ၁၅ ရာခိုင်နှုန်း တိုးတက်လာပြီး ၁၂၆၃၄ ခုထိရှိကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောပါတယ်။

# ထိုင်းကျေးလက်စားသုံးသူတို့ရဲ့ ဝယ်ယူမှုအလေ့အကျင့်ပြောင်းလဲ

လက်လီရောင်းချရေးလုပ်ငန်းများ ပြည်နယ်များအတွင်းသို့ နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်လာတဲ့အတွက် ပြည်နယ်များနဲ့ နယ်စပ်ဒေသတစ်လျှောက်ရှိ စားသုံးသူတို့ရဲ့ဈေးဝယ် ယူတဲ့ အလေ့အကျင့်တွေပြောင်းလဲလာခဲ့ကြောင်းနဲ့ ဝယ်ယူသူများအတွက်လည်း ကုန်အမှတ်တံဆိပ်ရွေးချယ်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိလာစေခဲ့ကြောင်း၊ မီဒီယာအေဂျင်စီတစ်ခုဖြစ်တဲ့ Kinetic ရဲ့ ပြောကြားချက်ကို ကိုးကား ပြီး နေးရှင်းသတင်းမှာ ဖော်ပြထားပါ တယ်။

စားသုံးသူတွေက နေထိုင်ရာဒေသ အမျိုးမျိုးကွဲပြားခြားနားမှုရှိသလိုဝယ်ယူမှုပုံစံတွေကလည်း အမျိုးမျိုးကွဲပြားခြားနားမှုရှိကြောင်း Kinetic ရဲ့ ဌာနေကိုယ်စားလှယ် ဆူရာချက်ဘန် ရောင်က နေးရှင်းသတင်းကို ပြောပါတယ်။ ဥပမာအားဖြင့် ဈေးဝယ်ယူမှုအတွက် အဆင်ပြေညီညွတ်မှုက ဗန်ကောက်မြို့လယ်ပိုင်းဒေသအတွက် ထိပ်တန်းဦးစားပေးဖြစ်ပါတယ်။ ထိုင်းနိုင်ငံအလယ်ပိုင်းဒေသမှာရှိတဲ့ မြို့တွေနဲ့ ကျေးလက်ဒေသတွေအတွက် ဒီအချက်က အရေးမပါတာ တွေ့ရပါတယ်။ ဒါပေမယ့် ဈေးဝယ်သူတွေအားလုံးစိတ်ဝင်စားတဲ့ အချက်က စတိုးဆိုင်ရဲ့ တည်နေရာအနေအထားဖြစ်ပါတယ်။

ယခုနှစ် ပထမသုံးလပတ်က ကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုအရ ထိုင်းနိုင်ငံအလယ်ပိုင်းဒေသမှာ နေထိုင်တဲ့ မြို့နေလူထုက ဈေးနှုန်းသင့်တော်တာနဲ့ ထုတ်ကုန်အမျိုးအစားစုံတာကို အဓိကအချက်အဖြစ် သဘောထားကြတာကို တွေ့ရကြောင်းနဲ့ ကျေးလက်ဒေသနေပြည်သူတွေကတော့ အဆင်ပြေညီညွတ်မှုနဲ့ ထုတ်ကုန်မျိုးစုံတာကို သဘောကျကြောင်း သိရပါတယ်။ ဗန်ကောက်မြို့နေသူတွေက တစ်ကြိမ်ဈေးသွားရင် ၇၀၄ ဘတ်သုံးသူများပြီး ဈေးဝယ်တစ်ခါထွက်ရင် အမယ် ၁၀ မျိုးလောက်ဝယ်ပါတယ်။

အဝယ်များတဲ့ အမယ်တွေထဲမှာ ဟင်းသီးဟင်းရွက်၊ အဖျော်ယမကာနဲ့ဖြည့်စွက်စာတွေပါဝင်ကြောင်း ယူကေအခြေစိုက်ကုမ္ပဏီတစ်ခုက ဇွန်လအတွင်းမှာ ပြုလုပ်ခဲ့တဲ့ စစ်တမ်း အရသိရပါတယ်။

ချင်းမိုင်နဲ့ နာခွန်ဆာဝန်အပါ အဝင်မြောက်ပိုင်းဒေသရှိ ဈေးဝယ်သူတွေက ဈေးတစ်ကြိမ်သွားရင် ၆၄၅ ဘတ် သုံးပြီး ပစ္စည်းအမယ် ကိုးမျိုးဝယ်ပါတယ်။ အူဗွန်သာနီ၊ နာချွန်ရက်ချာဆီမာ အပါအဝင် အရှေ့မြောက်ဒေသဈေးဝယ်သူတွေက ဈေးတစ်ကြိမ်သွားရင် ၅၆၉ ဘတ်သုံးပြီး ပစ္စည်းကိုးမျိုးဝယ်ပါတယ်။ ဖူးခက်၊ ဆောင်းကလာနဲ့ နာခွန်ဆရီသမ္မာရက် အပါအဝင်တောင်ပိုင်းဒေသဈေးဝယ်သူတွေက တစ်ကြိမ်ဈေးသွားရင် ၆၇၅ ဘတ်သုံးပြီး ပစ္စည်းကိုးမျိုးဝယ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE: 21st September 2015

<< August And September Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
glelld.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။